www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# Quality Publishing House မှ ထုတ်ဝေ

ညောင်ဦးဒေါက်တာဦးသော်ကောင်း၊ မောင်ခင်မင်(ဓနဖြူ)၊ မကြွယ်ကြွယ်၊ တက္ကသိုလ်စိန်တင်၊ ခင်စောတင့်၊ အောင်ချိန်ဘွား၊ ဦးသန်းထွတ်(ပါမောက္ခ - ငြိမ်း)၊ သုရဇော်၊ အောင်ဇင်မင်း၊ ညွန့်ဟန်(ကြူစော)၊ ဦးကြိုင်မြင့်(ဆူးလေ)၊ မြင့်ဆွေဦး၊ ခင်နှင်းဦး၊ မြင့်ကြိုင်(အောင်မိုးဆောင်း)၊ မောင်ခေတ်ထွန်း၊ အောင်ကြည်ညွန့်(တက္ကသိုလ်)၊ စိုးသော်တာ၊ ဂျူလှသင်၊ သုလင်းဝေ၊ သားတက်တိုး၊ ခင်မျိုးဟန်၊ ခင်အေးကြည်၊ ခင်နှံ့မှု(အင်းစိန်)၊ ဝင်းဝင်းဝင်း၊ နီလာချစ်ဆိုင် တို့ ပါဝင်ရေးသားထားသည့်

## သူတို့ဆုံတွေ့ခဲ့ဖူးသော သမ္မတကြီးဦးထင်ကျော်

သူတို့ဆုံတွေ့ခဲ့ဖူးသော

**သမ္မတကြီးဦးထင်ကျော်**



| | | | | |
|---|---|---|---|---|
| ညောင်ဦးဒေါက်တာဦးသော်ကောင်း | အောင်ချိန်ဘွား | ဦးကြိုင်မြင့်(ဆူးလေ) | အောင်ကြည်ညွန့်(တက္ကသိုလ်) | ခင်မျိုးဟန် |
| မောင်ခင်မင်(ဓနဖြူ) | ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း) | မြင့်ဆွေဦး | စိုးသော်တာ | ခင်အေးကြည် |
| မကြွယ်ကြွယ် | သုရဇော် | ခင်နှင်းဦး | ဂျူလှသင် | ခင်နှံ့မှု(အင်းစိန်) |
| တက္ကသိုလ်စိန်တင် | အောင်ဇင်မင်း | မြင့်ကြိုင်(အောင်မိုးဆောင်း) | သုလင်းဝေ | ဝင်းဝင်းဝင်း |
| ခင်စောတင့် | ညွန့်ဟန်(ကြူစော) | မောင်ခေတ်ထွန်း | သားတက်တိုး | နီလာချစ်ဆိုင် |

တန်ဖိုး - ၁၀၀၀ ကျပ်

အမှတ်-၅၀၈/၅၁၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၆၆၄၊ ၃၈၆၈၃၃

သို့ ..............................

မှ ..............................

Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com



...်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ဝေထားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

...ity Publishing House
...ပြည့်စုံထွန်းစာပေ
...မှတ် – ၅၁၈/၅၁၂ (၂–ခ)
...ထပ်၊ ကုန်သည်လမ်း
(...ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃
quality.ph@gmail

မထပဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာ...




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၂၀၀၀ ကျပ်




ဗိုလ်ချုပ်ဦးအောင်...
တန်ဖိုး – ၂၀၀၀ ကျ...




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး – ၂၀၀၀ ကျပ်




စစ်သားကြီးဗိုလ်တေဇ
Quality စာပေ...
တန်ဖိုး – ၈၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ...
Quality ...
တန်ဖိုး – ၆၀...



ဘာကနည်းခေါင်းဆောင်ကြီးများ လုပ်ကြံမှု
စီအိုင်ဒီ အခန်းကဏ္ဍ
တန်ဖိုး – ၁၀၀၀ ကျပ်




အောင်ဆန်း၏ အောင်ဆန်း
တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်း...
တန်ဖိုး – ...





Quality Publishing House
အမှတ် ၅၁၈/၅၁၂ (၂–ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


၆ အရှုပ်အထွေး — ဒဂုန်ရွှေမျှား

၃၄ အားဆေး — တောင်မှုပ့ကြီး သိန်းဝင်း

၄၁ ဆင်သေချောင်း — မိုးကျော့

၆၀ အထွက် နှင့် အဝင် — ဘသက်ဆွေ

၇၉ ရန်ကုန်သား နှင့် မန္တလေးသူ — မြေပြန့် သက်နိုင်

၈၀ စုံထောက် ဗီလီသိန်းနှင့် ခွေးကလေးပေးတဲ့သဲလွန်စ — ကျော်အေးရှေ

၁၁၁ သေဘေး — တြူးနွယ်

၁၂၀ လွတ်မြောက်ရန်လမ်းစ ဆိုသည်မှာ — ဆွေမြင့်

၁၃၃ ဝိန်း — နေမနနိုင်

၁၄၄ ပေါက်ပင် ဘာကြောင့်ကိုင်း — ရဲမြတ်တင်

၁၇၁ မုဆိုး နှင့် ဒေါင်းချောင်း — မြဝတီ

၁၈၄ နရသိန်စံသူရဲကောင်း၏ သစ္စာ — မင်းရွှေသိန်း (ဇင်းကျိုက်)

၂၀၀ အိုင်အိုကျော်စိန်ဝင်းနဲ့တက်တူးစိန်မောင် — ကျော်မြင့်ကျော်

၂၁၄ ခွေးတူဝက်တူ — တွင်းကြီးသား တင်ဝင်းဦး


BURMESE CLASSIC

NO.139, AUGUST, 2016
PREVIEW

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
တေဇာမြင့်အောင် [illegible]

အုပ်ချုပ်အယ်ဒီတာ
ခင်ခင်ချို

အယ်ဒီတာအဖွဲ့
ဥက္ကာလင်းထက်

ရုံးအဖွဲ့
ကိုမိုးသိန်း၊ ထွန်းထွန်းလှိုင်၊ နေဇင်လတ်၊ ဝေလင်း၊ သန်းထက်ခင်
သီရိမယ်၊ မြမြသင်း၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊ အိဖြူ၊ မိမိ။

ပုံနှိပ်သူ
မြို့တော်ပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၆၆၄၊ ၃၈၆၇၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၀၅၆၂) Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဥက္ကာလင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်။

ကွန်ပျူတာနှင့် ဖလင်
Quality




**NEXT**

ကြောက်စရာရက်ချိန်း
ဒဂုန်ရွှေမျှား




**MONTH**

သီချင်းလေးနဲ့ပဲ လွမ်းတော့မယ်
တောင်မှုန်မယ်



**PREVIEW**

ပန်းရည်ဘဏ်တိုက်
ဧရာမြင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com

**အောက်တွင်** ရေးသားအံ့သော အဖြစ်အပျက်ကလေးနှင့် တွေ့ကြုံစဉ်က ကျွန်တော်သည် ရန်ကုန် မန္တလေးသွား "စီလုံ" (Ceylon) ခေါ် ရက် မှန်သင်္ဘောတွင် ဒုတိယမာလိန်အဖြစ် လုပ်ကိုင်လျက်ရှိ၏။ ပထမဦးစွာ ကျွန်တော်၏အကြောင်းကို အနည်းငယ်မျှ ရေးသားဖော်ပြရန် လိုပေရာ ကျွန်တော်၏အမည်မှာ မစ္စတာ ဘာတင် ဟုခေါ်၏။ ထို့ကြောင့်ပင် မြန်မာမိတ်ဆွေက ဘာတင်၏အစား "ဘတင်" ဟုပြောင်းကာ ဦးဘတင်ဟု ကင်ပွန်းတပ်ကြလေသည်။ ဤကဲ့သို့ ခေါ်ဝေါ်သည်ကိုပင် ကျွန်တော်မှာ အလွန်ကျေနပ်မိတော့၏။ ကျွန်တော်၏ဖခင်မှာ အင်္ဂလိပ်ကပြား၊ မိခင်မှာ ရှမ်းလူမျိုးဖြ ငယ်စဉ်ကပင် ဖခင်ဘက်ထက် မိခင်ဘက်သို့ အယူဝါဒအားဖြင့်လည်းကောင်း၊ စိတ်နေသဘောထားအားဖြင့်လည်းကောင်း လိုက်တတ်သူဖြစ်၏။ ဖခင်ဖြစ်သူမှာ မေရုပ်မြို့ ဘီဘီလိုင်း သင်္ဘောကုမ္ပဏီတွင် အရာရှိကြီးတစ်ဦး ဖြစ်၍ ထိုမြို့တွင် ကျွန်တော် ငယ်စဉ်က (၆) နှစ်မျှ ပညာသင်ကြားခဲ့ရပြီးနောက် ကျွန်တော်၏ဖခင်မှာ ကာလကတ္တားသို့ ပြောင်းရွှေ့လာခဲ့ရလေရာ ကျွန်တော်လည်း ကာလကတ္တား၌ လန်ဒန်မက်ထရစ် စာမေးပွဲအောင်သည်အထိ ဆက်လက်သင်ကြားခဲ့ရလေသည်။ ထိုအခါ ကျွန်တော်၏ဖခင်ကြီးသည် သူနှင့် ပိုမို နီးစပ်စေလိုသောရည်ရွယ်ချက်ဖြင့် ကျွန်တော့်အား ရေကြောင်းဘက်ဆိုင်ရာတက္ကသိုလ်တွင် ဆက်လက်သင်ကြားစေ၏။

သင်္ဘောဝန်ထမ်းတစ်ယောက်
အနေနှင့် အခြားပြင်ပမှ ဝန်ထမ်း
လူ တစ်ယောက်ကို သင်္ဘောပေါ်
ထိတ်တဆိတ် တင်ဆောင်လာရာမှ
ဖြစ်ပေါ်လာသော ထူးဆန်းလှသည့်
ဇာတ်လမ်း ..



www.burmeseclassic.com

ထိုတက္ကသိုလ်မှ ရေကြောင်းဘက်ဆိုင်ရာစာမေးပွဲကိုဒုတိယအဆင့်အောင်မြင်ပြီးနောက် နောက်တစ်နှစ်မျှသာ ဆက်လက်သင်ကြားရန်လိုသောအချိန်တွင်ကျွန်တော့်ခင်ကြီးမှာ ရုတ်တရက်ကွယ်လွန်အနိစ္စရောက်သွားလေ၏။ သို့နှင့်ကျွန်တော်တို့သားအမိမှာခင်ကြီး၏ ရသင့်ရထိုက်သော အသက်ပေါ်ငွေများ၊ တုဒ္ဓကိမှ ရရန်ရှိသော အိုနာစာရန်ပုံငွေများ၊ စုငွေများ စသည်တို့ကို ထုတ်ယူပြီးနောက် မြန်မာပြည်သို့ ဝမ်းနည်းစွာ ဆက်လက် ပြန်ခဲ့ကြရ၏။

မြန်မာပြည်သို့ ရောက်သောအခါ မိခင်ကြီးမှာ သူ၏ညီမတစ်ဝမ်းကွဲတော်စပ်သူနှင့်ဆွေမျိုးညာတိများရှိရာ မန္တလေးမြို့တွင် အခြေတကျ နေထိုင်ခဲ့၏။ ကျွန်တော့်မှာမူ ရန်ကုန်ရေဝန်ရုံးတွင်ရှိသော ကျွန်တော့်ခင်၏ မိတ်ဆွေ ဒုတိယမန်နေဂျာ၏ ထောက်ခံချက်အရ ဘီအိုင်ပိုင် ရေနံသင်္ဘောတစ်စီးတွင် တတိယ မာလိန်အလုပ်ကို ရရှိခဲ့ပြီးနောက် (၂) နှစ်မျှကြာသောအခါ ရာထူးတိုးတက်ပြီးလျှင် ဒုတိယမာလိန်ရာထူးကို ရရှိခဲ့၏။ ထိုသင်္ဘောတွင် (၃)နှစ်မျှ အမှုထမ်းပြီးနောက် ရေဝတီသင်္ဘောကုမ္ပဏီသို့ ပြောင်းရွှေ့ခဲ့ရလေရာ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း "စီလုံ" ခေါ် ရက်မှန်သင်္ဘောတွင် ဒုတိယမာလိန်အဖြစ် လိုက်ပါခဲ့ရလေသည်။

ထိုအခါက ရက်မှန်သင်္ဘောကြီးများမှာ ရန်ကုန်နှင့်မန္တလေးကြားတွင် အနည်းဆုံး (၆)ညည့်၊ (၇)ညဉ့်မျှ ညအိပ်၍ လမ်းတွင်ရှိသော ဆိပ်ကမ်းမြို့များမှ ကုန်များကို တင်ဆောင်ခြင်း၊ အထက်မြို့များမှ အောက်မြို့များသို့ အခြားသင်္ဘောများအတွက်ပါထင်းများကိုသယ်ဆောင်ခြင်း စသောအလုပ်များကို လုပ်လေ့ရှိ၏။ ရက်မှန်သင်္ဘောများမှာ အထူးသဖြင့် ထင်းများကို နံဘေးမှ သမ္ဗန်ကြီးနှစ်စင်းတွဲပြီးလျှင် သယ်ဆောင်လေ့ရှိကြ၏။ ကုန်တင်ခန္နန်းများမှာလည်း စာပို့သင်္ဘောများထက် နည်းသောကြောင့် အရင်မလိုသောကုန်များကို ရက်မှန်သင်္ဘောများဖြင့် တင်ပို့လေ့ရှိကြ၏။ တစ်ခါတစ်ရံ ပထမတန်း ခရီးသည်တစ်ယောက် နှစ်ယောက်သာ ပါတတ်၍ အလွန်ဆိတ်ငြိမ်စွာ ခရီးသွားလိုသူများသာ ရက်မှန်သင်္ဘောဖြင့် စီးနင်းလိုက်ပါတတ်လေသည်။

ကျွန်တော် လိုက်ပါရသော စီလုံသင်္ဘော၌ ကပ္ပိတန်မှာ အင်္ဂလိပ်လူမျိုး "မစ္စတာစမစ်" ဆိုသူဖြစ်၏။ အသက် (၅၀)ကျော်ကျော်မျှ ရှိပြီးလျှင် အလွန်သဘောကောင်းသောလူအေးလူရိုးတစ်ယောက် ဖြစ်၏။ ပထမမာလိန်မှာ "မက်ဖွန်ဆင်" ဆိုသူဖြစ်၍ အသက်(၄၀)ခန့်ရှိသော စကော့လူမျိုးတစ်ယောက် ဖြစ်၏။ အရပ်ထောင်ထောင်မောင်းမောင်းရှိပြီးလျှင် စိတ်အနည်းငယ် ခက်ထန်သော်လည်း အလွန်ရိုးသားသောသူတစ်ယောက် ဖြစ်၏။ ကျွန်တော့်၏အောက် တတိယ မာလိန် မစ္စတာရောဘတ်မှာ ကျွန်တော်ကဲ့သို့ပင် ကပြားတစ်ယောက်ဖြစ်၍ ကျွန်တော့်ထက် အသက်ငယ်ပြီးလျှင် အသက် (၂၅)နှစ်မျှသာ ရှိသေး၏။ ကျွန်တော့်အား အလွန်ခင်မင်ပြီးလျှင် အားတစားသမားတစ်ယောက်လည်း ဖြစ်သည့်အတိုင်း အလွန်သွက်လက်ဖျတ်လတ်သောအမူအရာ ရှိလေသည်။

ထိုအခါက်အစုန်ခရီး၌ကျွန်တော်တို့သည် မြင်းခြံ၊ ညောင်ဦး၊ ပုဂံ၊ ချောက်၊ ... ဆင်ဖြူကျွန်း၊ မကွေး၊ မင်းဘူးမြို့များတွင်အနည်းနှင့်အများကုန်တစ်ကုန်များရှိခဲ့၍ပြည်မြို့မှတစ်ဖန် အောက်သို့ ဆင်းလာရာတွင် ညောင်တုန်းနှင့် ... သာကုန်များအတင်အချများ၍ အခြားမြို့များတွင် တစ်နာရီစီသာ အချိန်ပေး၍ ဆိုက်ကပ်ခဲ့၏။

သို့နှင့် (၈)ရက်မြောက်နေ့ ညနေစောင်း(၅)နာရီခန့်အချိန်တွင် ရန်ကုန်သို့ ဆိုက်ရောက်ခဲ့၍ မော်တင်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ရ၏။ ထိုအခါတွင် ရန်ကုန်ဆိပ်ကမ်းတွင် ရန်ကုန်စည်များအများဆုံးဖြစ်သည့်ပြင် အထက်အညာသို့ တင်ပို့ရန် ကုန်များလည်း အများအပြားရှိနေသဖြင့် အနည်းဆုံးသုံးညဉ့်မျှ အိပ်ရမည်ဖြစ်၏။ ပထမဆိုက်ရောက်သောနေ့မှာမူ နေဝင်လုနီးပြီဖြစ်၍ တက်တင်ကုန်ချ မပြုလုပ်နိုင်ချေ။

သင်္ဘောဆိုက်ကပ်ပြီးနောက် တစ်နာရီခန့်အကြာ၌ ကျွန်တော်တို့သင်္ဘောတွင် အစုန်ခေါက်အတွက် ရရှိသောငွေနှင့် သက်ဆိုင်ရာစာရင်းအင်းများကို ကြိုး ကိုယ်စားလှယ်အား ပေးအပ်ပြီးနောက် ကျွန်တော်တို့မှာ ထိုနေ့အဖို့ အလုပ်ဝတ္တရားမှ လွတ်လပ်ပြီဖြစ်၍ ကျွန်တော်နှင့် ရောဘတ်တို့သည် ကုန်းပေါ်သို့ တက်ခဲ့ကြ၏။

ကျွန်တော် နှင့် ရောဘတ်တို့မှာ ရန်ကုန်အစားအသောက်များသို့ တင်းကွာနေခဲ့သည်မှာ နှစ်ပတ်ကျော်ကျော်မျှ

www.burmeseclassic.com

ပြီးခဲ့ကြ၍ အနောက်ပိုင်းရှိ ထရွတ်တိုလယ်တစ်ခုတွင် ညစာစားသောက်ကြ၏။ ထို့နောက် ဆူးလေဘုရားအနီး တစ်ဝိုက် ဖရေဇာလမ်း (အနော်ရထာလမ်း)သို့ တစ်နာရီခန့် လျှောက်၍လည်ပတ်ကြပြီးနောက် ပြန်ခဲ့ကြရာ သင်္ဘောသို့ ရောက်သောအခါ (၁၀)နာရီ ကျော်တော့မှပင် ရှိခဲ့လေပြီ။

ထိုည၌(၁၀)နာရီခွဲအချိန်လောက်၌ မစ္စတာရောဘတ်သည် ကျွန်တော်၏ ကိုယ်တိုလှုပ်၍နှိုးနေသဖြင့် အိပ်ရာမှနိုးလာ၏။ ကျွန်တော်သည် အိပ်ရာပေါ်တွင် အိပ်မှုန်စုံမွှားဖြင့် ထ၍ထိုင်လိုက်ပြီးနောက်–

"ဘာလဲ – ရောဘတ် – ဘာဖြစ်လို့လဲ"

"အပေါ်ထပ်က ဒုတိယခန်းထဲမှာ သူခိုးဝင်နေတယ်ထင်တယ်။ အသံကြားတယ်ဗျ"

"ဟုတ်လား – ငါလိုက်မယ် – နေဦး၊ အင်္ကျီဝတ်လိုက်ပါရစေဦး"

နောက် (၂)မိနစ်၊ (၃)မိနစ်ခန့်ကြာသောအခါ ကျွန်တော်တို့နှစ်ယောက်လည်း ကုန်းပတ်မှ ဒုတိယအခန်းသို့ဝင်သောလမ်းအတိုင်း လာခဲ့ကြပြီးလျှင် အထဲသို့ရုတ်တရက်မဝင်သေးဘဲအပြင်မှနားထောင်လျှက်ရှိကြလေ၏။ သို့ရှိစဉ် အခန်းထဲမှအသံတစ်သံကိုကြားလိုက်ရသဖြင့် ရောဘတ် ထင်သည့်အတိုင်း အခန်းထဲ၌တစ်စုံတစ်ယောက်ရှိနေမည်ဟု ထင်မိ၏။ ကျွန်တော်တို့ကြားလိုက်ရသောအသံမှာ စားပွဲအံဆွဲတစ်ခုကို ဆွဲလိုက်သံနှင့်ပြန်ပိတ်သောအသံဖြစ်လေသည်။

သို့နှင့် ကျွန်တော်သည် စေ့ရုံသာ စေ့၍ထားသော အပြင်တံခါးမှ ဝင်ခဲ့ပြီးလျှင် အတွင်းတံခါးဆီသို့ လာခဲ့ရာ ရောဘတ်လည်း ကျွန်တော့်နောက်မှ ကပ်၍ပါလာသည်၊ မှောင်ထဲတွင် အတွင်းတံခါးမှ တံခါးရွက်ကို လက်ဖြင့် စမ်းသပ်ဖွင့်ပြီးနောက် အတွင်းသို့လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏၊ ထိုခဏ၌တစ်စုံတစ်ရာလေးလံသောအရာဝတ္ထုတစ်ခုသည် ကျွန်တော်၏လက်ဆီသို့ ထိမှန်ပြီးနောက် လက်ထဲမှ ဓာတ်မီးလွတ်ကျသွား၏၊ ပစ်လိုက်သောအရာမှာအလယ်စားပွဲပေါ်တွင်တင်ထားသည့် ပန်းများစိုက်သော ကြွေပန်းအိုးကလေးဖြစ်ကြောင်း နောင်အခါမှ တွေ့ရှိရလေသည်။ ထိုအခါ၌ကျွန်တော်တို့နှစ်ယောက်မှာရှေ့သို့မတိုးဝံ့ဘဲမှောင်ကြီးမည်းမည်းထဲ၌ ရှိနေကြလေပြီ။



ကျွန်တော်သည် လက်ထဲမှ လွတ်ကျသွားသောဓာတ်မီးကိုစမ်းသပ်ရှာဖွေလျက်ရှိစဉ် အတော်အတန် လေးလံသော ကိုယ်ကြီးတစ်ခုသည် ကျွန်တော့်အား မျက်နှာချင်းဆိုင်ဘက်မှတိုက်ခိုက်သဖြင့် ကျွန်တော့်လည်း နောက်သို့ပက်လက်လန်၍ လဲကျသွားရာ ကျွန်တော့်နောက်မှာ ကပ်၍နေသော ရောဘတ်သည်လည်း နံဘေးသို့ စောင်းလဲသွားသဖြင့် သူ၏ကိုယ်ပေါ်သို့ ကျွန်တော်သတ်ထောက်လိုက်မိသည်ကိုသိလိုက်ရ၏။ ကျွန်တော်၏ ဦးခေါင်းမှာလည်း တံခါးတိုင်ရိုက်မိသဖြင့် တစ်ခဏမျှမိုက်နေ့ပင် ဖြစ်၍သွားလေသည်၊ သို့သော် ရောဘတ်မှာသတိကောင်းသောသူငယ်တစ်ယောက်ဖြစ်သဖြင့် ထိုမမြင်ရသော ကိုယ်ကြီးကိုပင် လက်နှစ်ဖက်ဖြင့် သိုင်းဖက်ရန် ကြိုးစားသေး၏၊ သို့သော် ထိုသူသည် ရောဘတ်လက်ထဲမှ ကျင်လည်စွာ လျှောထွက်သွားပြီးလျှင် လှေကားပေါ်မှ အောက်ထပ်သို့ ဆင်းပြီး ပျောက်ကွယ်သွားလေ၏။

ကျွန်တော်တို့(၂)ယောက်စလုံးပင် အရာမှ လူးလဲထ၍ ကျွန်တော်လည်း ဓာတ်မီးကိုမှောင်ထဲတွင်စမ်းသပ်ရှာဖွေ တွေ့တော့သာဘက် လက်တစ်ကမ်းလောက်တွင် တစ်စုံတစ်ရာ မပျက်စီးဘဲ ပြန်၍တွေ့ရ၏။ ထို့နောက် ကျွန်တော်တို့သည် အောက်ထပ်သို့ လျင်မြန်စွာ ပြေးဆင်းခဲ့ကြပြီးလျှင် သင်္ဘောဦးပိုင်း တဖွတိန်အခန်းရှိရာမှ သင်္ဘောဝဲ့ပိုင်း သင်္ဘောသားများနေသော အခန်းအထိ အနံ့အပြား လိုက်လံရှာဖွေကြသော်လည်း သူခိုးအား အစအနမျှ မတွေ့ရတော့ချေ။

ထိုအကြောင်းကို ကျွန်တော်တို့သည် ကပ္ပတိန်အား ပြောကြားရလေရာ နောက်တစ်နေ့နံနက်၌ ကပ္ပတိန်သည် အဖြစ်အပျက်ကိုဆိပ်ကမ်းဘက်ဆိုင်ရာ ရဲဌာနသို့ တိုင်ကြားရ၏။ သို့နှင့် နံနက် (၁၀)နာရီလောက်တွင် ဆိပ်ကမ်းဘက် ဆိုင်ရာ ရဲမှူးတစ်ယောက်၊ ရဲအုပ်တစ်ယောက်နှင့် ရဲသားနှစ်ယောက်တို့သည် ကျွန်တော်တို့ သင်္ဘောသို့ လာရောက်စစ်ဆေးရာ တတိယမာလိန်ရောဘတ်မှာပထမသက်သေအဖြစ်လည်းကောင်း ကျွန်တော်က ဒုတိယသက်သေအဖြစ်ဖြင့်လည်းကောင်း အစစ်ခံရ၏။

ရဲအရာရှိများသည် သင်္ဘောအပေါ်ထပ်ရှိ ဒုတိယတန်းအခန်းများနှင့်တကွ အခြားနေရာများကိုပါ လျှောက်၍ စစ်ဆေးကြည့်ရှု၏။ ဒုတိယအခန်းများမှာ

www.burmeseclassic.com

ခရီးသည်များ တစ်ခါတစ်ရံ ပါရှိတတ်၍ သူခိုးသည်ထိုဒုတိယတန်းခရီးသည်များ၏ပစ္စည်းများကိုအလွယ်တကူ ခိုးယူရန် လာရောက်ခြင်းဖြစ်ဟန်တူကြောင်း၊ ဆိပ်တမ်းစောင့် ရဲသားအား စစ်ဆေးကြည့်ရှုရာ၌ ယမန်နေ့ည မိမိတာဝန်ကျချိန်တွင် သင်္ဘောသို့ အဆင်းအတက်လုံးဝမရှိဟုဆိုကြောင်း သိရှိကြရ၏။

သို့နှင့် ရဲမှူးက ပထမမာလိန်အား သင်္ဘောသားများကိုယ်တိုင် ယခင်ကထက် နိုးနိုးကြားကြား နေထိုင်ရန် နှိုးဆော်သင့်ကြောင်း၊ ရန်ကုန်အနောက်ပိုင်းမှာ အခြားရပ်ကွက်များထက် လူဆိုးများ ကျက်စားရာဌာနဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိ၏ ထင်မြင်ချက်မှာ သူခိုးသည် လှေဖြင့် သင်္ဘောကို အခြားဘက်မှ ချဉ်းကပ်သောသင်္ဘောပေါ်သို့ တက်ရောက်သည်ဟု ယူဆရန်မှတစ်ပါး အခြားနည်းလမ်းမရှိကြောင်းဖြင့် ပြောဆိုပြီးနောက် ရဲအရာရှိများ ပြန်သွားကြလေ၏။ သို့သော် ထိုအချိန်က ကျွန်တော်တို့သည် သင်္ဘောအောက်ထပ်သို့ဆင်းနိုင်ခဲ့သည်မှာ (၂)မိနစ်ခန့်မျှကြာသဖြင့် အကယ်၍ သူခိုးသည် တမ်းခြေဘက် မဟုတ်သော အခြားဘက်မှ လှေပေါ်သို့ ဆင်း၍ လွတ်မြောက်သွားလျှင်လည်း ကျွန်တော်တို့ မြင်လိုက်ရသည်သာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူခိုးမှာ လွတ်မြောက်သွားပြီဖြစ်၍ ကျွန်တော်လည်း ထိုအချက်ကို နောက်ထပ်အငြင်းမပွားလိုတော့သဖြင့် ဆိတ်ဆိတ်သာ နေလိုက်၏။

ရောဘတ်ကမူလူငယ်တစ်ယောက်ပီပီ မခံချင်စိတ်ရှိသဖြင့် "မဖြစ်နိုင်တာ အစ်ကိုရယ်၊ ကျွန်တော်တို့တစ်တွေက အကန်းမှမဟုတ်ဘဲ၊ အောက်ဆင်းလာတော့ ချက်ချင်းလိုပဲမြစ်ဘက်ကိုတောင် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သေးတယ် မဟုတ်လား" ဟု စောဒကတက်သဖြင့် ကျွန်တော်က "အေးပါကွယ်၊ သူတို့လဲ အစိုးရလခစားဆိုတော့ သူတို့အပေါ်မှာ တာဝန်ကျေအောင်၊ ပြီးတော့ ကာယကံရှင်လဲ နစ်သိမ့်အောင် ပြောရတာပေါ့။ မင်းက နောက်ထပ် စကားမရှည်ချင်ပါနဲ့တော့ကွယ်။ ပြီးတာ ပြီးပါစေတော့။ သင်္ဘောကပစ္စည်းလဲ ဘာတစ်ခုမှ ပါတာမှမဟုတ်ဘဲ" ဟု ပြောထားရ၏။ သို့နှင့် သူခိုးတက်သောကိစ္စမှာ ဤမျှနှင့် ပြီးသွားလေသည်။

⅄ ⅄ ⅄

နောက်တစ်နေ့ နံနက်၌ အောက်ပါအခြင်းအရာတစ်ခုဖြစ်ပျက်လေသည်။

နံနက်(၁၀)နာရီ၊ မိနစ်(၂၀)အချိန်၌ ဗာန်သည် ဦးသာဝင်းဆို သူသည် "အာယာ" ဘဏ်တိုက်မှငွေ(၃၅၀၀/-) ထုတ်ယူပြီးနောက် ကုန်သည်လမ်းဘက်မှ ထွက်ခဲ့ရာ လူတစ်ယောက်သည် ယောင်မလည် နောက်မှ လိုက်လာပြီး ဗာတ် ဦးသာဝင်းအနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ဦးသာဝင်းလက်မှ သားရေအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် တမ်းနားဘက်သို့ ပြေးသွားလေ၏။ ဦးသာဝင်းသည် စက္ကန့်အနည်းငယ်မျှ အံ့အားသင့်ကာ ကြက်သေသေ၍နေပြီးနောက် -

"သူခိုး - သူခိုး - ကျုပ်ငွေတွေ လုသွားတယ်၊ လိုက်ကြပါဗျို့ လိုက်ကြပါ" ဟု ပါးစပ်မှ မပီတပီ ဟစ်အော်နိုင်လေသည်။

ထိုအခါမှ အနီးမှာရှိသောလူများသည် ဦးသာဝင်းလက်ညှိုးညွှန်ပြသောဘက်သို့ လိုက်ကြရာ ပြေးသွားသောလူတစ်ယောက်၏နောက်ကျောကိုသာ မြင်လိုက်ရတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုသူသည်ဖြတ်လမ်းလမ်းကြားမှ ကမ်းနားလမ်းဘက်သို့ တွေ့၍ပြေးသွားသောကြောင့် ဖြစ်လေသည်။ ထိုအချိန်၌ ကမ်းနားလမ်းဘက်တွင် အလုပ်ဝတ္တရားကျနေသော ရဲသား ကိုမြသီးဆိုသူသည် အချိန်စေ့၍ ဗန္ဓုလပန်းခြံဘက်သို့ ဆက်လက်စောင့်ရန် ထိုလမ်းကြားမှ ကွေ့၍လာလေ၏။ သို့သော် အတွေ့သို့ မရောက်မီ(၄-၅)ပေလောက်တွင်သား လမ်းဘက်မှကွေ့၍ ပြေးလာသောလူတစ်ယောက်နှင့် ရင်ဆိုင်တိုက်မိလေသည်။

ပထမတွင် (၂)ယောက်စလုံး အံ့အားသင့်လျက်ရှိနေကြပြီးနောက်သတိရကြသည်နှင့်တစ်ပြိုင်နက် ရဲသားသည် မိမိအား ဝင်တိုက်သူကို ဖမ်းဆီးရန်ကြိုးစားလေ၏။ သို့သော် ဝင်တိုက်သောသူမှာ ခွန်အားဗလနှင့် ပြည့်စုံသည့်ပြင် ဤအလုပ်မျိုးတွင်ကျင်လည်သူတစ်ယောက်ဖြစ်သည့်အတိုင်း ရဲသားအား တွန်းလှဲခဲ့ပြီးလျှင် ဇင်းလက်ထဲမှ ရုန်းထွက်ကာ ဆိုက်ကားများ လန်ချားများနှင့် တစီစီမောင်းနှင်လျက်ရှိသော မော်တော်ကားများကို ကျော်ဖြတ်ကာ လွတ်မြောက်သွားလေ၏။ အချိန်မှာ ရုံးချိန်ဖြစ်သဖြင့် အခင်းဖြစ်ပွားသောနေရာတစ်ဝိုက်မှာ

www.burmeseclassic.com

ယာဉ်အမျိုးမျိုးနှင့်တကွ လူများပါ ရုတ်ရုတ်သဲသဲ စည်ကားနေသောအချိန် ဖြစ်လေသည်၊ ဦးသာဝင်းက ဟစ်အော်သဖြင့် လိုက်လာကြသော လူ (၃၊ ၄) ယောက်တို့မှာ ရဲသားအားဝိုင်း၍ကြည့်ရှုနေခြင်းနေသည့်အချိန်၌ပင် သူခိုးသည် မြေလွှာမောင်းနှင်လျက်ရှိသော ယာဉ်များကို ကွေ့ကောက်ဖြတ်ကျော်ကာ လမ်း၏ အခြားဘက်ရှိ လူအုပ်ကြီးနှင့် ရောနှောပြီးနောက် လွတ်မြောက်သွားခြင်းဖြစ်လေသည်၊

သို့သော် ရဲသား ကိုဖြူသီးသည် သူခိုးနှင့် ထွေးလုံးရစ်ပတ်ဖြစ်ကာ ၎င်းအားဖမ်းဆီးရန်ကြိုးစားရာတွင် မျက်နှာကို အသေအချာ မမှတ်မိလိုက်သော်လည်း အသွင်အပြင်ဟန်ပန်ကိုမူ မှတ်မိလိုက်ကြောင်း၊ ထိုသူသည် စစ်တကောင်း ကုလားလူမျိုးတစ်ယောက်နှင့် ခပ်ဆင်ဆင်တူကြောင်း၊ ကိုယ်လုံးကိုယ်ဖန် တောင်းပြီးလျှင် အထူးသဖြင့် ၎င်း၏ လက်ဝဲဘက်လက်မောင်းအတွင်းဘက်တွင် ဆေးအနီအပြာဖြင့် "သင်္ဘောကျောက်ဆူးနှင့်သံကြိုးကိုမြွေနစ်ကောင်ရစ်ပတ်နေပုံ"အရုပ်ကို မင်ကြောင်ထိုးထားသည်ကို အသေအချာ မြင်လိုက်ရကြောင်းဖြင့် ကျောက်တံတားဌာနာတွင် တိုင်ချက်ပေးလေသည်၊

အထက်ပါ သတင်းပါရှိသော "ရန်ကုန်ဂေဇက်" သတင်းစာကို နောက်တစ်နေ့တွင် ကျွန်တော် ဖတ်ရ၏။

⅄ ⅄ ⅄

ထိုနေ့နံနက်(၈)နာရီခွဲလောက်တွင် ကျွန်တော်သည် နံနက်ခင်း "ချိုတားတာဖရီ" မနက်လက်ဖက်ရည်စားသောက်ပြီးနောက် အခန်းထဲ၌ရှိစဉ် တစ်စုံတစ်ယောက်သည် အခန်းတံခါးကိုခေါက်နေသဖြင့် ကျွန်တော်က "ဝင်ခဲ့လေ" ဟုပြောလိုက်ရာ ယူနီဖောင်းအပြည့်အစုံ ဝတ်ထားသည့် ရဲအရာရှိ(၃)ယောက်နှင့် နောက်မှရဲသားကလေးတစ်ယောက်ကို တွေ့မြင်ရလေသည်၊ ၎င်းတို့အနက် ခေါင်းဆောင်ဖြစ်သူ ရဲမှူးက အင်္ဂလိပ်ဘာသာဖြင့် –

"ဒုတိယမာလိန်မှူး မစ္စတာ ... မှတ်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် မစ္စတာ ... ဘာတင်ပါပဲ၊ ထိုင်ကြလေ၊ ထိုင်ကြ ... မနေ့က ကျွန်တော်တို့သင်္ဘောက ... ချက်ပေးထားတဲ့ကိစ္စများလား ခင်ဗျာ"

"ဟာ – မဟုတ်ဘူး၊ ဒီထက်ဆိုးသေး ... ယ်၊ ဒီနေ့မနက် သတင်းစာများ မဖတ် ... သေးဘူးမှတ်တယ်"

"ဟုတ်ကဲ့ – မဖတ်ရသေးပါဘူး။ ... သင်္ဘောတို့ ဆင်းရောင်းတဲ့ကုလားက ... နည်းနောက်ကျပါတယ် ခင်ဗျာ။ ... တ် – အခုလာတာက ဘယ်လိုကိစ္စ ... ပါလဲ"

ထိုအခါ ရဲမှူးသည် သူ၏တပည့် ... ရဲသားကလေးလက်ထဲတွင် ခေါက်၍ ... ထားသော အင်္ဂလိပ်သတင်းစာတစ် ... စောင်ကို ယူပြီးလျှင် ကျွန်တော့်အားနေ ... တစ်နေရာကိုလက်ဖြင့်ထောက်ပြရာ ... သတင်းမှာ ယမန်နေ့နံနက်က ... "... တာ" ဘဏ်မှ ငွေထုတ်သွားသော ... သည်ကြီးတစ်ဦးထံမှ ငွေကိုလုသွား ... သည့် အထက်ပါသတင်းပင် ဖြစ်လေ ... သည်၊ ကျွန်တော်သည် သတင်းကို ... အကြမ်းဖျင်း တစ်ခေါက်ဖတ်လိုက်ပြီး ... နောက် –

"... ဒီသတင်းနဲ့ အခု ကျွန်တော် ... လာတဲ့ကိစ္စနဲ့ ဘယ်လိုသက်ဆိုင် ... လဲ – အင်စပိတ်တော်မင်း"

"ဟာ – သက်ဆိုင်တာပေါ့၊ သက် ... လို့ ကျုပ်တို့ လာရတာပေါ့။ ဒီလိုဗျ၊ ... ငွေလုပြီးထွက်ပြေးတဲ့အမှုမှာ တရားခံနဲ့ ပက်ပင်းဝင်တိုးမိတဲ့ ရဲသားတိုင်ချက်ကဒီလူဟာ စစ်တကောင်းကုလားဖြစ်ပြီး ခွန်အားဗလကောင်းတဲ့အကြောင်း၊ သူနဲ့ထွေးလုံးနေစဉ်က တရားခံရဲ့ လက်ဝဲဘက် လက်မောင်းအတွင်းဘက်မှာ သင်္ဘောကျောက်ဆူးနဲ့ သံကြိုးကို မြွေနစ်ကောင်ပတ်နေတဲ့ပုံ ဆေးအနီအပြာနဲ့ မင်ကြောင်ထိုးထားတဲ့အကြောင်း အစစ်ခံတယ်ဗျ၊ ဒီတော့ ကျုပ်တို့လည်း မနေ့က တစ်နေ့လုံး အရှေ့ပိုင်းမှာ အစုန်အန်သင်္ဘောကြီး၊ သင်္ဘောကလေး မကျန် သင်္ဘောပေါ်မှာ အလုပ်လုပ်တဲ့ စစ်တကောင်းကုလားတွေ မှန်သမျှ ဒီအမှတ်အသားမျိုး တွေ့မလားလို့ လိုက်ရှာရတာပဲ၊ ကျွန်တော်က ကျောက်တံတားဌာနတရဲမှူး ဦးစိန်ပွင့်ပါ၊ ဟောဒါက လမ်းမတော်ဌာနက ရဲအုပ်ကိုဘလွင်တဲ့၊ ဟိုဘက်တထိုင်နေတာက ရေကြောင်းတ အရန်ရဲအုပ်ကိုထွန်းမြင့်တဲ့"

ကျောက်တံတားဌာနာမှ ရဲမှူး ဦးစိန်ပွင့်က ကျွန်တော့်အား သူနှင့်အတူပါလာသော ရဲအရာရှိများနှင့် မိတ်ဆက်ပေးပါသည်။ ကျွန်တော်ကလည်း ရဲအရာရှိများအား လက်ဖက်ရည်များ စီးကရက်များ တည်ခင်းပြီး အိမ်ရှင်တို့

www.burmeseclassic.com

ဝတ္ထုရားအတိုင်း လောကဝတ်ကျေပြွန်စွာ ဧည့်ခံပါသည်။ လက်ဖက်ရည်များသောက်ပြီးနောက် ဦးစိန်ပွင့်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ရင်း -

"ဒီတော့ - ဒီအနောက်ပိုင်းမှာ ရက်မှန်သင်္ဘောကြီးထဲကဆိုရင် မရှာရသေးတာ ခင်ဗျားတို့ သင်္ဘောတစ်စင်းပဲ ကျန်တော့တယ်။ ဒီတော့ - ခင်ဗျာ့သင်္ဘောကလူတာနီဆလင်ကစပြီး အားလုံးထမင်းချက်တဲ့မြက်သိမ်းမကျန် စစ်တကောင်းတဲ့လား သင်္ဘောသားမှန်သမျှကို ကျုပ်တို့ ကြည့်ရှုခွင့် ပေးစေချင်တယ်။ ဒါပါပဲ၊ မစ္စတာဘာတင်"

❝သင်္ဘောသားတစ်ယောက်၏ လက်မောင်းနှင့်မျက်နှာကို တစ်ချက်နှစ်ချက်မျှ လှမ်းကြည့်ပြီးနောက် "ရှာမနေနဲ့တော့ဆရာ။ ဒီမှာ တွေ့ပြီ၊ သူပဲ" ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့ အားလုံးပင် အံ့အားသင့်လျက် ရှိကြကုန်၏။ ကျွန်တော်ကား အခြားသူများထက် ပို၍အံ့ဩမိတော့၏။ အဘယ်ကြောင့်ဆိုသော် ရဲသားကလေး ညွှန်ပြသော သင်္ဘောသားမှာ အခြားသူမဟုတ်၊



ကြည့်နိုင်ပါတယ်လေ။ ပုလိပ်ရဲ့ ...ဝတ္ထုရားကို ကျွန်တော်တို့က ကူ ...သင့်ပါပဲ။ နို့ပေမဲ့ - လက်မောင်းမှာ ...မှတ်အသားမျိုး ထိုးတယ်ဆိုတာ ...တော့ ဥရောပတိုက်သား မျက်နှာဖြူ ...တွေ ကျုပ်တို့လို အသားဖြူတဲ့ ...လိပ်တပြားသင်္ဘောသားတွေ ...တ်သာ အများအားဖြင့် ထိုးလေ့ ...ရှိကြတာကျွန်တော်တွေ့ဖူးတယ်။ ...ကောင်းကုလားထဲကတော့ - ...လေ။ ရှိချင်လဲ ရှိမှာပဲ မပြောနိုင်ဘူး"

"ခင်ဗျားပြောတာ ကျုပ်သဘောတူ ...တယ်။ နို့ပေမဲ့ - တချို့စစ်တကောင်း ...တွေက အသားလတ်တယ်ဗျ။ ...တော့ - သူတို့လဲ သင်္ဘောမှာ အလုပ် ...နေတော့ သူတို့အထက်က မျက်နှာ ...သင်္ဘောသားတွေ သင်္ဘောအရာရှိ ...တွေ့ပြီး ထိုးချင်လဲ ထိုးကြတာပါပဲ၊ ...ဘာတင်"

"ခင်ဗျားပြောတာလဲ ဟုတ်ပါလိမ့် ...ကျွန်တော်တို့သင်္ဘောကအကောင် ...တော့ ကျွန်တော် ဂရုစိုက်မကြည့်မိ ...သူတို့နဲ့ စကားအပြောအဆို မရှိလှ ...တော့ - ဒီလူတွေက ကျွန်တော်နဲ့ ...ဘူး ခင်ဗျ။ ကျွန်တော့်အောက် တတိယမာလိန်က အုပ်ချုပ်ရတယ်။ ကောင်းပါပြီလေ၊ သင်္ဘောပေါ်ကလူအားလုံးကို တန်းစီပြပေးဖို့ တတိယမာလိန် မစ္စတာရောဘတ်ကို ပြောပေးပါ့မယ်။ သူတို့ကိုတစ်ယောက်စီကြည့်ရှုစစ်ဆေးဖို့အခွင့်ကိုလဲ ကပ္ပတိန်ဆီကို ကျွန်တော်ကိုယ်တိုင် သွားတောင်းပေးပါမယ်"

"ဒီလိုဆိုရင် ကျေးဇူးပါပဲ - မစ္စတာဘာတင်၊ ခင်ဗျားက အခုလိုကူညီမယ်ဆိုရင် ကျုပ်တို့ကိစ္စ မြန်မြန်ပြီးမှာပါပဲ"

ထို့နောက် ကျွန်တော်သည် တတိယမာလိန် မစ္စတာရောဘတ်အား ခေါ်စေပြီးလျှင် သင်္ဘောပေါ်ရှိအလုပ်လုပ်သော သင်္ဘောသားအားလုံးတို့ ပုလိပ်အရာရှိများရှေ့တွင် စီတန်းပြနိုင်ရန် စီစဉ်ပေးပါမည့်အကြောင်း ပြောကြားလိုက်၏။ ထိုအချိန်မှာ အလုပ်ဝင်စအချိန်ဖြစ်သဖြင့် သင်္ဘောသားအားလုံး သင်္ဘောကုန်းပတ်ပေါ်တွင် တတ်စုံလတ်စုံ ရှိနေသောအချိန်ဖြစ်သဖြင့် မစ္စတာရောဘတ်လည်း ကျွန်တော် ပြောသည့်အတိုင်း စီစဉ်လျက်ရှိလေရာ ကျွန်တော်ကိုယ်တိုင်မှာမူ ကပ္ပတိန် မစ္စတာစမစ်ထံသို့ သွားရောက်ပြီးလျှင် အကျိုးအကြောင်းပြော၍ ပထမမာလိန်မှူးထံမှာလည်းသင်္ဘော





www.burmeseclassic.com

www.burmeseclassic.com

...ညီစာရင်းကိုတောင်းသွားခဲ့...သည်။

ကျွန်တော် ပြန်ရောက်လာသော အခါ သင်္ဘောသားများသည် ပွဲပိုင်းရှိနေရာလွတ်တစ်ခုတွင် တထိုယမာလိန်မှူးတာရေဘတ်က အုပ်ချုပ်ကာ တန်းစီလျက်ရှိကြ၏။ ထိုအခါကျွန်တော်လည်း ...လိန်မှူးထံမှ ရရှိခဲ့သော သင်္ဘောသားစာရင်းကို မစ္စတာရောဘတ်လက်သို့ ...အပ်လိုက်လေသည်။ ထိုအခါ မစ္စတာရောဘတ်သည် စာရင်းစာအုပ်တွင် ...ရှိသည့်အတိုင်း သင်္ဘောသားများ၏ ...အမည်တို့ တစ်ယောက်စီ ခေါ်ပြီးလျှင် ...စီအစဉ်အတိုင်း နေရာကို ယူစေ၏။ သင်္ဘောသားအားလုံးပင် စစ်တကောင်း ...လာလူမျိုးများ ဖြစ်လေသည်။

ရဲမှူး ဦးစိန်ပွင့်သည် ပထမတိပ်ဆုံးတွင် ရပ်နေသော သင်္ဘောသားတစ်ယောက်နှစ်ယောက်ကို စေ့ကြည့်ရှုလျက်ရှိရာ အခြားအရာရှိနှစ်ယောက်တို့မှာ အလယ်လောက်တွင် ရပ်လျက်ရှိကြ...။ ထိုအချိန်၌ ရဲသားကလေးသည် ...နောက်ဆုံးလူသို့မရောက်မီ (၃) ယောက်ခြား၌ ရှိနေသော သင်္ဘောသားတစ်ယောက်၏ လက်မောင်းနှင့်မျက်နှာကို တစ်ချက်နှစ်ချက်မျှ လှမ်းကြည့်ပြီးနောက် "ရှာမနေနဲ့တော့ - ဆရာ၊ ဒီမှာ တွေ့ပြီ၊ သူပဲ" ဟုပြောလိုက်သဖြင့် ကျွန်တော်တို့အားလုံးပင် အံ့အားသင့်လျက် ရှိကြကုန်၏။ ကျွန်တော်ကား အခြားသူများထက် ပို၍အံ့ဩမိတော့၏။ အဘယ်ကြောင့်ဆိုသော် ရဲသားကလေး ညွှန်ပြသော သင်္ဘောသားမှာ အခြားသူမဟုတ်၊ ကျွန်တော်တို့ သင်္ဘောတစ်စင်းလုံးကပင် အားကိုးအားထားပြုရသော ဆလင် "ဘာဆာမြား" ဖြစ်သောကြောင့် ပေတည်း။ ဘာဆာမြားကိုယ်တိုင်ကလည်း ကျီးကြည့်ကြောင်ကြည့်ဖြစ်ကာ ကျွန်တော်တို့ကဲ့သို့ပင် အံ့ဩနေဟန် လက္ခဏာရှိလေသည်။

ရဲမှူး ဦးစိန်ပွင့်သည် ဘာဆာမြား၏ လက်မောင်းတွင်ရှိသော မင်ကြောင် အမှတ်အသားကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် ၎င်း၏လက်ကို ဆုပ်ကိုင်လိုက်ပြီးလျှင် "မင်းကို ငါ ဖမ်းတယ်။ အမှုက ဘဏ်တိုက်ရှေ့မှာ ဦးသာဝင်းဆိုတဲ့လူဆီက ငွေကိုလုတဲ့အမှု" ဟု ကျွန်တော်တို့အားလုံးကြားအောင် ရေရွတ်လိုက်လေသည်။ ထို့နောက် ကျွန်...တော်တို့ဘက်သို့ မျက်နှာလှည့်လိုက်...လေသည်။

"ကဲ - မစ္စတာရောဘတ်၊ ခင်ဗျား ...လူတွေကိုပြန်လွှတ်လိုက်နိုင်ပါပြီ။ ဒီမယ် ...မစ္စတာဘာဘတင်၊ ဒီလူဟာ ကျွန်တော်တို့ အလိုရှိနေတဲ့လူပဲဗျ"

"ဟုတ်ပါ့မလား - အင်စပိတ်တော်...ခင်း။ ဒီလူဟာ ကျုပ်တို့ သင်္ဘောက ...ဆလင်ဗျ။ သူ့နာမည်က ဘာဆာမြားတဲ့။ ...ကျုပ်တို့နဲ့ အလုပ်လုပ်လာတာ တစ်နှစ်...တော့်ကျော်ရှိပြီ။ အကျင့်စာရိတ္တနဲ့ပတ်...သက်လို့ ဘာအပြစ်မှ မရှိခဲ့ဘူး။ ပြီးတော့ ...မနေ့က တစ်နေ့လုံး ကျုပ်တို့ သင်္ဘော ...ပွဲပိုင်းရေဆေးကြောနေလို့ သူ့တာဝန်...အတိုင်း စောင့်ကြည့်နေရတယ်။ ဒီတော့ ခင်ဗျားတို့ပြောတဲ့ အခင်းဖြစ်ပွားတဲ့ အချိန်မှာ သူ ဒီမှာရှိနေတယ်ဆိုတာ ...ကျုပ်ကိုယ်တိုင် သိပါတယ်ဗျာ"

"ဒီဟာကတော့ ခင်ဗျားတို့လူဘက်...က သက်သေပြဖို့ အလုပ်ပဲဗျ။ ခင်ဗျား ...ကိုယ်တိုင် သက်သေခံချင် ခံနိုင်ပါတယ်။ ...ငွေလုသွားတဲ့တရားခံဟာ သင်္ဘောသား ...တစ်ယောက်နဲ့ တူတယ်ဆိုတဲ့အချက် ...ရယ်၊ ပြီးတော့ - သူ့ကို ဆီးဖမ်းတဲ့ရဲသား ...က သူ့ရဲ့လက်ဝဲဘက် လက်မောင်း အတွင်းဘက်မှာ သင်္ဘောကျောက်ဆူးကို မြွေနှစ်ကောင်လိမ်နေတဲ့ မင်ကြောင်ထိုးထားတယ်ဆိုတဲ့အချက်ရယ်။ အဲဒီ အချက်နှစ်ချက်က ကောင်းကောင်းထင်ရှားနေလို့ ဖမ်းဖို့လုံလောက်နေပြီ မစ္စတာ ဘာဘတင်"

"ဒါပေမဲ့ ..."

သို့သော် ကျွန်တော် စကားဆုံးအောင် မပြောနိုင်မီပင် ရဲမှူး ဦးစိန်ပွင့်သည် ဘာဆာမြားအား သင်္ဘောတဲ့တိန်ဆီသို့ ခေါ်သွားလေရာ ကျွန်တော်လည်း ၎င်းတို့နောက်မှ လိုက်ပါသွားရလေ၏။ ကပ္ပတိန်ဆီသို့ ရောက်သောအခါ ဦးစိန်ပွင့်လည်း ယမန်နေ့က ဘဏ်တိုက်ရှေ့တွင်ဖြစ်ပွားသော လုယက်မှုတရားခံအဖြစ်ဖြင့် ဘာဆာမြားအား ဖမ်းဆီးကြောင်း၊ ဤကဲ့သို့ သင်္ဘောပေါ်၌ အလုပ်လုပ်နေစဉ် ဖမ်းဆီးရသည့်အတွက် များစွာဝမ်းနည်းကြောင်း၊ သို့သော် ယင်းကဲ့သို့ပြုလုပ်ရခြင်းမှာ မိမိတို့အလုပ်ဝတ္တရားဖြစ်သည့်အတွက် မလွှဲမရှောင်သာသဖြင့်သာ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အမှုကို ယနေ့ပင် ရုံးတော်သို့တင်ပို့၍ မနက်ဖြန်နံနက် (၁၀) နာရီ...တွင် စစ်ဆေးကြားနာမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ အလျင်အမြန် စစ်ခြင်းမှာ





www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောသားတစ်ယောက်ဖြစ်သဖြင့် သင်္ဘောအသွားအလာကို မနှောင့်နှေးစေလိုသဖြင့်အမှုအခွင့်အရေးပေးခြင်းဖြစ်ကြောင်းခြင်းပြောဆိုပြီးလျှင်တပ္ပတိန်အားနောက်ဆုံးအရှိအသေပေးပြီးနောက် ဘာဆာများအား ခေါ်ဆောင်သွားလေတော့၏။

သို့နှင့်တပ္ပတိန်နှင့်တကွကျွန်တော်တို့ အရာရှိပိုင်းသာမက သင်္ဘောသားအားလုံး၏ ဘာဆာများအတွက် ဝမ်းနည်းစိတ်လက်ဖြစ်၍ကျန်ရစ်ခဲ့ကြရလေသည်။

▲▲▲

နောက်တစ်နေ့နံနက် (၁၀)နာရီ၌ပင် အနောက်ပိုင်းတရားသူကြီးရုံး၌ ဘာဆာများအမှုကို စတင်စစ်ဆေးလေရာ ကျွန်တော်တို့သင်္ဘောမှ လူအတော်များများပင် သွားရောက်နားထောင်ကြ၏။ ကျွန်တော်ကိုယ်တိုင်မှာ တရားခံဘက်မှခေါင်းဆောင်တစ်ယောက်ကဲ့သို့ဖြစ်နေတော့၏။ ဘာဆာများကိုယ်တိုင်ပင် ကျွန်တော့်အား နောက်တစ်နေ့နံနက်ရုံးချိန်းမတိုင်မီ လာရောက်ပါမည့်အကြောင်း တောင်းပန်ပြောဆိုသွားရာ အမှုမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မိမိတို့လူဘက်မှ လူတစ်ယောက်အတွက်မားမားမတ်မတ်ရပ်ရန်နှင့်ကျွန်တော့်မှာ ဝတ္တရားရှိသည်ဟု ယူဆမိ၏။ သို့နှင့် ကျွန်တော်လည်း အမှုမခေါ်မီပင် ရုံးသို့ ရောက်ရှိခဲ့လေသည်။

(၁၀)နာရီခွဲစန့်တွင် ဘာဆာများ၏အမှု စ၍ခေါ်ရာ ပထမ ဦးသာဝင်းကို စစ်ဆေး၏။ ဦးသာဝင်းမှာ လူကို မမှတ်မိသဖြင့် ငွေအိတ် လုသွားကြောင်းသာ အစစ်ခံနိုင်၏။

ဒုတိယသက်သေအဖြစ် ရဲသားကိုဖြူသီးကိုစစ်ဆေး၏။ ကိုဖြူသီးကမိမိသည် ကမ်းနားဘက်မှ ကုန်သည်လမ်းသို့သွားရန် ဘားလမ်းထောင့်မှ ချိုးဝင်မည်ပြုစဉ်လူတစ်ယောက်သည်မိမိအားမျက်နှာချင်းဆိုင် ဝင်၍တိုက်ကြောင်း၊ ၎င်းနောက်မှ ဟစ်အော်လိုက်လာသံများလည်းကြားရသဖြင့် မသင်္ကာသောကြောင့်မိမိသည်၎င်းအားဖမ်းဆီးရာ ထိုသူသည် မိမိလက်တွင်းမှ အတင်းရုန်းထွက်ကာ မိမိအားတအားတွန်း၍ပစ်ပြီးနောက်ကမ်းနားလမ်းဘက်သို့ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ သို့သော်မိမိနှင့် ထွေးလုံးရစ်ပတ်ဖြစ်နေစဉ်အတွင်း ၎င်း၏ လက်ဝဲဘက်လက်မောင်းတွင် ထိုးထားသော သင်္ဘောကျောက်ဆူးနှင့်ခြေရှုပ်ကိုကောင်းစွာမြင်လိုက်ရကြောင်း အစစ်ခံ၏။

(ဤနေရာတွင် တရားသူကြီးက တရားခံ၏ လက်ဝဲဘက်လက်မောင်းမှ အရုပ်ကိုသက်သေကိုဖြူသီးအားကြည့်စေရာ ကိုဖြူသီးက အမှန်ပင် ထိုအရုပ်ဖြစ်ကြောင်းဖြင့် အစစ်ခံ၏။)

တရားသူကြီးက သက်သေအား တရားခံ၏မျက်နှာကို မှတ်မိပါသလောဟုမေးရာ သက်သေက ထိုမျက်နှာပင်ဖြစ်ကြောင်း၊ မျက်နှာထက် လက်မောင်းအရုပ်ကိုပို၍မှတ်မိကြောင်းဖြင့် အစစ်ခံလေသည်။

ထို့နောက်ငွေလု၍ထွက်ပြေးသည်ဟု ဦးသာဝင်း၏အော်သံကြောင့် သူနိုးနောက်သို့လိုက်သောသူငယ်နှစ်ယောက်ကို စစ်ဆေး၏။ ၎င်းတို့ကမူ လူတစ်ယောက် ထွက်ပြေးသွားသည်ကို မြင်ကြောင်း၊ ထိုသူသည် ရဲသားတစ်ဦးနှင့် ရင်ဆိုင်တိုး၍ ရဲသားက ဖမ်းဆီးရန်ကြိုးစားစဉ်ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ မည်သူမျှ ဆက်၍မလိုက်ကြောင်း၊ ၎င်းတို့မှာနောက်မှနေ၍လိုက်သဖြင့် တရားခံ၏မျက်နှာကို မမြင်လိုက်ရကြောင်းဖြင့် ထွက်ဆို၏။

တရားလိုဘက်မှ သက်သေများအား စစ်ဆေးပြီးသောအခါ တရားခံကို စစ်ဆေး၏။ တရားခံ ဘာဆာများက ထိုနေ့တစ်နေ့လုံး သင်္ဘောတွင် မိမိအလုပ်ဝတ္တရားများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်းပေါ်သို့ တစ်မိနစ်မျှပင် မတက်ရောက်ဘဲ သင်္ဘောဝဲပိုင်း၌ သင်္ဘောသားများဆေးကြောသုတ်သင်နေသည်ကို မိမိက စောင့်ကြပ်ကြည့်ရှုနေရကြောင်း၊ သို့နှင့် မိမိမှာ ဒုတိယမာလိန်နှင့် တတိယမာလိန်တို့ မျက်စိအောက်တွင် ရှိနေကြောင်းဖြင့် အစစ်ခံ၏။ ထို့နောက် ကျွန်တော်တို့နှင့် ဓာတ္တာရောဘတ်အား စစ်ဆေးလေသည်။

ကျွန်တော့်အားစစ်ဆေးသည်တွင် ကျွန်တော်က ဘာဆာများသည် ထိုနေ့က သင်္ဘောသားများ သင်္ဘောဝိုင်းတို ဆေးကြောသုတ်သင်နေကြရာတွင် စောင့်ကြည့် ကြည့်ရှုနေသည်ကို ထိုနေ့က မြင်ရကြောင်း၊ အချိန်မှာ (၁၀)နာရီ (၁၁)နာရီခန့်ဖြစ်ကြောင်း၊ ၎င်းတို့ သိသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ အလုပ်ကို ရိုးသားစွာ လုပ်သူဖြစ်၍ မှတ်တမ်းအရ၎င်းအပေါ်တွင်အလုပ်ဝတ္တရားအရလည်းကောင်း၊ အကျင့်စာရိတ္တနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍လည်းကောင်း အမည်းစက် တစ်စုံတစ်ရာ မရှိကြောင်း၊ ထိုနေ့က သူ့အား (၂)ကြိမ်၊ (၃)ကြိမ်မျှ တွေ့မြင်မိကြောင်းဖြင့် ထွက်ဆို၏။

တတိယမာလိန်မစ္စတာရောဘတ်တလည်း ကျွန်တော့်အား ထောက်ခံထွက်ဆိုသွားသည့်ပြင် ဆလင်ဘာဆာမြားသည် ထိုနေ့ ထိုအချိန်က သူ၏မျက်စိအောက်လိုလို၌ပင် ရှိနေကြောင်း၊ သင်္ဘောသားများကို မိမိအုပ်ချုပ်ရကြောင်း၊ မည်သည့်သင်္ဘောသားမဆို အလုပ်ဝတ္တရား၌ ရှိနေစဉ်သော်လည်းကောင်း၊ မရှိလျှင်သော်လည်း ကုန်းပေါ်သို့ တတ်ရောက်လိုက မိမိအား ပထမ ခွင့်ကြားပြီးမှသာ သွားလာခွင့်ရှိကြောင်း၊ ထိုနေ့က မည်သူတစ်ဦးတစ်ယောက်မျှ ခွင့်တိုင်ခြင်းမရှိကြောင်း စသည်ဖြင့် ထွက်ဆိုလေသည်။

တရားခံဘက်မှနောက်ဆုံးပြသော သက်သေ(၂)ယောက်မှာ ထိုနေ့က ၎င်းနှင့်အတူ အလုပ်လုပ်နေသော သင်္ဘောသား(၂)ယောက်ဖြစ်၍ ၎င်းတို့ကလည်း တရားခံမှာ ထိုနေ့က မိမိတို့နှင့်အတူ ရှိနေကြောင်းဖြင့် ထွက်ဆိုလေသည်။

နှစ်ဖက်သောသက်သေများကို စစ်ဆေးပြီးနောက် ထိုအမှု၌ တရားခံမှ ဆိပ်ကမ်းတွင် ယခုဆိုက်ကပ်လျက်ရှိသော သင်္ဘောတစ်စင်းမှ သင်္ဘောသားတစ်ယောက်ဖြစ်သဖြင့် ချက်ချင်းပင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် နေ့လယ်စာ စားသောက်ရန် ရုံးဆင်းပြီးနောက်ပြန်၍ရုံးတက်သောအခါ အောက်ပါအမိန့် ချမှတ်လေသည်၊

စီရင်ချက်၏အတိုချုပ်တွင် ဤအမှု၌မျက်မြင်သက်သေ ရဲသားမောင်ဖြူသီး၏ သက်သေထွက်ချက်ကို မိမိယုံကြည်ကြောင်း၊ တရားလိုဦးသာဝင်းကိုယ်တိုင် တရားခံ၏မျက်နှာကို မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ ယခုအမှုတွင် အကြောင်းမထူးကြောင်း၊ သို့သော် ရဲသား မောင်ဖြူသီး၏ ထွက်ချက်အရ သူသည် တရားခံ၏မျက်နှာကို ထင်ထင်ရှားရှား မှတ်မိဟန်မတူဘဲ ထွက်ခြေသောသူ၏ လက်ဝဲဘက်လက်မောင်းရှိ အမှတ်အသားကို ယုံမှားခြင်းကင်းစွာဖြင့် ပို၍မှတ်မိသည်ဆိုခြင်းကို မိမိယုံကြည်ကြောင်း၊

သို့သော် တရားခံသည် အခင်းဖြစ်ပွားသောနေ့အခင်းဖြစ်ပွားသောအချိန်၌ "စီလုံ" သင်္ဘောပေါ်တွင် တတိယမာလိန်က အုပ်ချုပ်လျက် အလုပ်လုပ်နေသည်ကို တတိယမာလိန်မစ္စတာရောဘတ်က ...ချက်ဆိုသည့်အပြင် ၎င်း၏ထွက်ချက် ...နှင့်ဒုတိယ မာလိန် မစ္စတာဘာတင်က ...လုံးလျားလျား ထောက်ခံကြောင်း ...အခြားအရေးကြီးသောအချက်တစ်ခုမှာ ယခုရုံးရှေ့ရှိ တရားခံ ဘာဆာမြားဖြူ၏ ...လက်ဝဲဘက်လက်မောင်းအတွင်းဘက် ...တွင် ကျောက်ဆူးကို မြွေနှစ်ကောင် ရစ် ...ပတ်ထားသည့် မင်ကြောင်ရုပ်နှင့်ပတ် ...သက်၍ ရုံးတော်က စဉ်းစားရှိကြောင်း၊ ...ဤအရုပ်မျိုးမှာ ဥရောပတိုက်သား မျက် ...နှာဖြူများ၊ ဂေါရာစစ်သားများ၊ သင်္ဘော ...သားများနှင့်အင်္ဂလိပ်ကပြားများထိုးလေ့ ...ထရှိသောအရုပ်မျိုးဖြစ်၍ အထူး ...သဖြင့် နိုင်ငံခြားသင်္ဘောများမှ သင်္ဘော ...သားများလက်တွင် အများအားဖြင့် တွေ့ ...မြင်ရကြောင်း၊ ၎င်းတို့ကို အတုခိုးပြီး ...လျှင် သင်္ဘောတွင် အလုပ်လုပ်နေသည့် ...ဆိပ်ကမ်းကုလားလူမျိုးများသည် ...မျက်နှာဖြူများကို အတုယူပြီးလျှင် ...ထိုးလေ့ထိုးထရှိလာသဖြင့် ယခုအခါ ထို ...လူမျိုးများ၏ လက်တွင်သာမက ...လူမျိုး လူလတ်ပိုင်းနှင့် လူငယ်လူ ...များလက်တွင်ပင် အများအပြားထိုး ...သည်တို့တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ ...ကြောင်ရုပ်များမှာ ယခုအခါ လူမျိုး ...ခြားနှင့်အတန်းမရွေး မည်သူ့လက် ၌မဆိုရှိနိုင်၍အများသုံးအဝတ်အစားလို ရှိနေကြောင်း၊ ထိုအမှတ်အသားတလေး တစ်ခု တွေ့ရှိမှုနှင့် ယခုရုံးတော်ရှေ့ရှိ တရားခံသည် ထိုနေ့က ငွေလုသွားသော သူ အစစ်အမှန်ဖြစ်သည်ဟု ကျွန်ုပ် မယုံကြည်နိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြပြီးလျှင် ဆလင်ဘာဆာမြားအား တရားသေ လွှတ်ပေးလိုက်လေသည်။

သင်္ဘောသို့ ညနေတွင် ပြန်ရောက်ကြသောအခါ ဆလင်ဘာဆာမြား၏ တပည့်များသည် မိမိတို့ ဆရာကောင်း ပုံကိုအသီးသီးဝိုင်းဖွဲ့ကာ ဆူညံစွာစကား ပြောဆိုလျက် ရှိကြလေ၏။ တပွတိန်သည် လည်း ဤအကြောင်းတို့ ဝင်မာလိန်မှူးနှင့် ပြောဆိုလျက်ရှိကြရာ ကျွန်တော်နှင့် ရောဘတ်မှာမူ ရဲအရာရှိများ၏ လုပ်ကိုင်ပုံကိုလည်းကောင်း၊ လက်ရဖမ်းရန် ကြိုးစားသော ရဲသား ဖြူသီး၏ မှားယွင်းမှုကိုလည်းကောင်း၊ ဖတ်ပြသော စီရင်ချက်တွင်ပါသည့် တရားသူကြီး၏ ထင်မြင်ယူဆချက်များကိုလည်းကောင်း ဆွေးနွေးဝေဖန်လျက် ရှိကြလေ၏။

ဤသို့ဖြင့် ထိုနေ့ညနေစောင်းမှာ ကျွန်တော်တို့ သင်္ဘောတွင် ပျော်ရွှင်စွာ အချိန်ကို ကုန်လွန်ခဲ့လေသည်။

⅄ ⅄ ⅄



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာအင်္ဂလိပ်လဆန်း တစ်ရက်နေ့ဖြစ်သဖြင့် ကျွန်တော်တို့ အရာရှိများနှင့်တကွ သင်္ဘော အလုပ်သမားပါ နံနက်ခင်း၌ပင် လစာများ ရရှိကြ၏။ ကျွန်တော်တို့ သင်္ဘောထုံးတမ်းစဉ်လာအရ သင်္ဘောသည် ဆိပ်ကမ်းမြို့တမြို့၌ ဆိုက်တစ်နေစဉ်အချိန်တွင် လစာထုတ်သောနေ့နှင့် ကြုံကြိုက်က ထိုနေ့တွင်သင်္ဘောသားများအား(အစောင့်တာဝန်ကျသောသင်္ဘောသားမှတစ်ပါး) ကုန်းပေါ်သို့တက်၍ညနေ (၆)နာရီအထိ လည်ပတ်နိုင်ရန် ခွင့်ပြုထား၏။

သို့နှင့် သင်္ဘောသားအများအပြားပင်ကုန်းပေါ်သို့တက်သွားကြလေသည်။ ထိုနေ့ညနေစောင်း၌ ကျွန်တော်သည် ပျင်းပျင်းရှိသည်နှင့် အခန်းထဲတွင် စာအုပ်တစ်အုပ်ကိုဖတ်လျက်ရှိစဉ်တတိယမာလိန် မစ္စတာရောဘတ်သည် ကျွန်တော်၏အခန်းတံခါးကိုခေါက်၍အတွင်းသို့ခေါင်းပြူကြည့်ကာ -

"ဒီမယ် အစ်ကို - ပုလိပ်အင်စပိတ်တော်တစ်ယောက်ကအစ်ကိုနဲ့တွေ့ချင်လို့တဲ့"

"ဘာကွယ့် - ရောဘတ်၊ ပုလိပ်အင်စပိတ်တော် - ဟုတ်စ"

"မနေ့က လူတွေပဲ လားကွယ်။ ဘယ်နှယ်ကွယ် - ပုလိပ်နဲ့ ခုထက်ထိ မကင်းနိုင်သေးဘူးလား"

"တစ်ယောက်ကတော့ဟုတ်တယ် အစ်ကိုရဲ့၊ ကျန်တဲ့လူနှစ်ယောက်ကတော့မဟုတ်ဘူး၊ တစ်ယောက်ကယူနီဖောင်းအပြည့်နဲ့ - အစ်ကိုရဲ့"

"ကဲကွယ် - ခေါ်သာ ခေါ်ခဲ့ပါ၊ ဘာများ လာရှုပ်ကြပြန်သလဲ မပြောတတ်ဘူး၊ ခေါ်ခဲ့ဟေ့ - မြန်မြန်"

သို့နှင့် ရောဘတ်သည် ရဲအရာရှိတစ်စုကို ကျွန်တော့်ထံသို့ ခေါ်လာလေ၏။ ပထမလူမှာ ယမန်နေ့ကလာသော အင်စပိတ်တော် ဦးစိန်ပွင့်ဆိုသူပင် ဖြစ်၍အခြားအရာရှိများနှင့် ကျွန်တော့်အား ဦးစိန်ပွင့်ကမိတ်ဆက်ပေး၏။ ယူနီဖောင်းအပြည့်ဝတ်ထားသူမှာ သရက်မြို့အကျဉ်းထောင်မှ ထောင်မှူးဦးဘဟန် ဆိုသူဖြစ်ကြောင်း၊ ဒုတိယလူရွယ်အရာရှိမှာ လမ်းမတော်ရဲဌာနမှ ရဲအုပ်ကလေးတစ်ယောက်ဖြစ်ကြောင်း ပြောပြပြီးနောက် ဦးစိန်ပွင့်က ဆက်လက်၍ -

"ကဲ - ကျုပ်အချိန်ဖြုန်းမနေပါရစေနဲ့တော့ - မစ္စတာဘာတင်၊ လိုချင်တဲ့ကိစ္စကို တည့်တိုးပဲ ပြောပါရစေတော့ဗျာ"

"ခင်ဗျားတို့သင်္ဘောက ဆလင်ကို တွေ့ချင်တယ်၊ ခဏခေါ်နိုင်ရင် ခေါ်ပေးစမ်းပါ"

"ဟုတ်ကဲ့ - ခေါ်ပေးပါ့မယ်၊ နို့ပေမဲ့ ဒီကနေ့ လစာထုတ်တဲ့နေ့မို့သင်္ဘောသားတွေ ကုန်းပေါ်တက်နေကြတယ်ထင်တယ်၊ ဒီတော့ သူရှိချင်မှရှိမယ်၊ ကဲလေ ခေါ်ပေးပါ့မယ်"

ထို့နောက် ကျွန်တော်လည်း မစ္စတာရောဘတ်ကိုပင် ဘာဆာမြားအား သွား၍ခေါ်ခဲ့ရန် ပြောလိုက်ရာ မကြာမီ မစ္စတာရောဘတ်သည် ဘာဆာမြားကို ခေါ်၍ ရဲအရာရှိများရှိရာ ကျွန်တော်၏ အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုအခါ ကျွန်တော်လည်း ဘာဆာမြားအား ကြည့်လိုက်ရာ အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်နေသည့် သင်္ဘောသားနှင့် ဆလင်များဝတ်သော နက်ပြာရောင်ယူနီဖောင်းကိုဝတ်လျက် မျက်နှာကျင်လည်း အရက်ကြောင့် နီမြန်းနေပြီး ကျင် ဆောက်တည်ရာ မရသကဲ့သို့ အသိမ်းအပိုင်ဖြစ်နေသည့် ဘာဆာမြားကို တွေ့မြင်ရ၏။ ဤကဲ့သို့ မူးမူးရူးရူးနှင့် စုတ်ပျက်ဆင်းပျက် ဖြစ်နေသော ကျွန်တော်တို့၏ဆလင်ကိုမည်သည့်အခါကမျှ ကျွန်တော်မမြင်ဖူးခဲ့ပေ။ ဘာဆာမြားသည် ကျွန်တော်နှင့်တကွ ပုလိပ်အရာရှိများအား အနိုင်နိုင် ဆလံပေး၍ပြီးနောက် ကြမ်းပေါ်သို့ထိုင်ချလိုက်လေသည်။ ရဲ ထိုင်ချလိုက်သောနေရာမှာ ခွင့်၍ထားသော အခန်းတံခါးကို ကျောပေးလျက်ရှိ၏။

ထိုအခါ ယူနီဖောင်းအပြည့်ဝတ်ထားသော ထောင်မှူးကလေး ဦးဘဟန်က "ဟေ့ - လာလာမြား - ဒီမှာ ငါ့ကိုကြည့်စမ်း၊ ဘယ်သူလဲလို့" ဟုပြောလိုက်သည်တွင် ဘာဆာမြားသည် မျက်ခနဲ လန့်သွားသကဲ့သို့ အမူအရာဖြင့် ဦးဘဟန်အား တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးနောက် မျက်လွှာကိုအောက်သို့ချလိုက်၏။ ထိုအခါ ထောင်မှူးဦးဘဟန်က ကျွန်တော်တို့ဘက်သို့ လှည့်ပြီးလျှင် -

"ကျွန်တော်တို့ သရက်မြို့ထောင်က ထွက်ပြေးနေတဲ့ လာလာမြားဆိုတဲ့ အကောင်ဟာ သူပဲ ခင်ဗျ၊ သူနဲ့အတူတူ လုယက်မှုနဲ့ ကျနေတဲ့ အီစွတ်ဆိုတဲ့ ကုလားတစ်ယောက်နဲ့အတူ ထောင်နံရံကို ဖောက်ပြီး လွတ်သွားတယ်၊ လက်စသတ်တော့ ကိုယ်တော်ချောက ဒီသင်္ဘောပေါ်ရောက်နေမှကိုး" ဟုပြောဆိုလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကျွန်တော်လည်းသေနတ် ဓာတ်လိုက်ဘိသကဲ့သို့ အံ့အားသင့်၍ သွားမိ၏။ အဘယ်ကြောင့်ဆိုသော် ဘဏ်တော်ကြီးမှာ ယမန်နေ့က ဝင်လုယက်မှုဖြင့် တရားစွပ်စွဲခြင်းခံခဲ့ရရာမှ လွတ်မြောက်လာခဲ့ရာ ယနေ့တစ်ဖန် သရက်မြို့ထောင်မှလွတ်မြောက်သောအကျဉ်းသား တစ်ယောက်အဖြစ် စွပ်စွဲခြင်းခံရပြန်လေပြီ။ အလွန်အံ့ဩစရာကောင်းသည့်အပြင် ရယ်စရာလည်း ကောင်းလှပေ၏။

"ခင်ဗျားတို့ညာ ဟုတ်မှလဲ လုပ်ကြပါ ခင်ဗျာ။ သူ့ခရာ ... သင်္ဘောပေါ်က ဘယ်မှမသွားဘဲနဲ့ ဘဏ်တိုက်က ထုတ်ယူလာတဲ့ငွေကို လုပြေးတယ်ဆိုတဲ့အမှုနဲ့အချုပ်ခံရပြီး မနေ့ညနေကမှလွတ်လာတယ်ဗျ။ ဟောဒီက အင်စပိတ်တော်မင်း ပဲလာဖမ်းတာပဲ၊ အခုတစ်ခါ ထောင်ပြေးဆိုပြီး လာဖမ်းပြန်ပြီ။ သေသေချာချာလဲ လုပ်ကြပါဗျာ။ ဒီလူဟာ ကျုပ်တို့ လက်အောက်မှာ ဆလင်အလုပ်နဲ့နေလာတာ ကျွန်တော်သိသလောက် တစ်နှစ်ကျော်ကျော် ရှိသွားပြီဗျ။ ဘာအမှုမှလဲ မဖြစ်ဖူးဘူး။ ဘယ်ထောင်မှလဲ မကျဖူးဘူး။ ဒါနဲ့..."

ကျွန်တော်၏စကားမဆုံးမီ ထောင်မှူး ဦးဘဟန်က ကြားဖြတ်၍ "ဒီမယ် မာလိန်ကြီးရဲ့ ဒီလာလာများဆိုတဲ့လူဟာ သရက်မြို့ထောင်ရောက်နေတာ (၆)လ ကျော်ကျော်လောက် ရှိပြီခင်ဗျ။ သူမှာသူ အစစ်ပါဗျာ။ သူ့လက်က ကျောက်ဆူးနဲ့ မြွေရုပ်ကို မှတ်မိရုံသာမကဘူး၊ သူ့မျက်နှာကိုလဲ ကျွန်တော် နေ့စဉ်မြင်တွေ့နေရလို့မှတ်မိနေပါတယ်။ ဒီ့ပြင်လဲ ကျွန်တော်မှာ သူ့ဓာတ်ပုံ ကိုယ်အတိုင်းအထွာ မြင်လောက်တဲ့ အမှတ်အသားအားလုံးကို ရေးမှတ်ထားတဲ့ မှတ်တမ်းစာအုပ် ပါပါတယ်။ မာလိန်ကြီးရဲ့လူ ငြင်းနိုင်ရင် ငြင်းပါစေ"

ဤသို့ ကျွန်တော်နှင့် ထောင်မှူး ဦးဘဟန်တို့ အငြင်းအခုံဖြစ်လျက်ရှိစဉ် အခန်းပြင်မှတစ်စုံတစ်ယောက်က "ဒီလူဟာ ကျွန်တော်တို့ဆလင် ဘာဆာမြား မဟုတ်ဘူး ဆဝ်" ဟု ဟိန္ဒူစတန်နီဘာသာဖြင့် အော်လိုက်သံကို ကြားရသဖြင့် ကျွန်တော်တို့နှင့်တကွအခန်းပေါက်တွင် ရပ်နေသော သင်္ဘောသားများပါ နောက်မှ အသံကြားရာသို့ လှမ်း၍ကြည့်လိုက်ကြ၏။ အော်လိုက်သူမှာ အခြားသူ မဟုတ်၊ သင်္ဘောမှ ထမင်းချက်သမား၏ ဘတ်တိုလက်တောင်းခိုင်းသော ဂေါ်ရင် ဒီကုလားကလေး အပ္ပနားပင် ဖြစ်လေသည်။

ကုလားလေးသည် ကျွန်တော့်အား သိတ်ရိုက်မပြောဝံ့သဖြင့် အခန်းဝတွင် ရပ်နေသော မစ္စတာရောဘတ်ကြားအောင် လှမ်း၍ပြောလိုက်ခြင်းဖြစ်၏။ သို့နှင့် မစ္စတာရောဘတ်က တစ်ဆင့် ကျွန်တော့်အား လှမ်း၍ပြောလိုက်လေသည်။

"ဘယ်သူလဲဟေ့ - ရောဘတ်။ ဘာပြောတာလဲကွ"

"အစ - ကျွန်တော် ခေါ်လာတဲ့လူဟာ ကျွန်တော်တို့ ဆလင်ဘာဆာမြား မဟုတ်ဘူးလို့ ပြောနေတယ် - အစ်ကို"

"ဘာကွ - ဘာဆာမြားမဟုတ်ဘူး၊ ဟုတ်လား"

"ဘယ်သူက ပြောနေတာလဲဟေ့"

"အပ္ပနားရယ် အစ်ကို၊ ထမင်းချက် ကောင်လေးလေ"

"ဒီကောင်လေး - ဒီကိုခေါ်ခဲ့စမ်း"

မစ္စတာရောဘတ်သည် သင်္ဘောထမင်းချက်လုလင် အပ္ပနားအား အခန်းထဲသို့ ခေါ်ဆောင်ရာ အပေါက်ဝတွင်ရပ်နေသော သင်္ဘောသားများက နံဘေးသို့ ဖယ်၍ ပေးလိုက်ကြလေသည်။

"မင်း ဘာပြောတာလဲ - အပ္ပနား"

"ဒီလူဟာ ကျွန်တော်တို့ ဆလင် ဘာဆာမြား မဟုတ်ဘူး - ဆဝ်"

"ဘာဆာမြားမဟုတ်ဘူး - တင် - ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ထိုအခါ အပ္ပနားသည် ကြမ်းပေါ်တွင် ခေါင်းငုံ့လျက် ခြေပစ်လက်ပစ်ထိုင်နေသော ဘာဆာမြား၏ လက်ဝဲဘက် နားရွက်ကို လက်ညှိုးထိုးလျက် -

"ဟောဒီနားရွက်ကိုမြင်လို့ ကျွန်တော်သိတယ် - ဆဝ်၊ ဒီနားရွက်က ပန်းကော်ဖီနဲ့တူတယ် - ဆဝ်၊ ကျွန်တော်တို့ ဆလင်ဘာဆာမြားမှာ ဒီလိုနားရွက်မျိုး မရှိဘူး"

ထိုအခါ ကျွန်တော်တို့လည်း အပ္ပနားညွှန်ပြသည့်အတိုင်း ဘာဆာမြား၏ လက်ဝဲဘက်နားရွက်ကို နီးကပ်စွာ ကြည့်ရှုကြရာ အပ္ပနားပုံနှိုင်းသကဲ့သို့ ၎င်း၏လက်ဝဲဘက်နားရွက်မှာ ပန်းကော်ဖီထုပ်ကဲ့သို့ အထွတ်အထွတ်ဖြစ်ကာ ဖုယောင်းယောင်းဖြစ်နေသည်ကို တွေ့ကြရလေ၏။ ဘာဆာမြားကား သူ့အား ပြောနေသည်ကို မကြားသကဲ့သို့ မျက်နှာကို ငုံ့ကာ တွေဝေငေးမှိုင်လျက် ရှိနေလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ အပြင်မှ "ဘာဆာများ၊ ဘာဆာများ" ဟု အော်လိုက်သံများနှင့် အတူ အခြားရှုတ်ရှက်သဲသဲ အသံများကို ကြားရသဖြင့် ရဲအရာရှိများနှင့်တကွ ကျွန်တော်တို့အားလုံးပါ အသံကို နားစွင့်လျက် ရှိကြတုန်၏။ ရောဘတ် သည် အပြင်သို့ပြေးထွက်သွားပြီးနောက် ကမ်းပေါ်မှပြန်ရောက်လာသော ဘာဆာများ တို့ အခန်းတွင်းသို့ သွင်းလာလေ၏။ ထို အခါမှ အခန်းထဲတွင် ဘာဆာများနှစ် ယောက်ဖြစ်နေသဖြင့် တစ်ယောက်နှင့် တစ်ယောက် ချွတ်စွပ်ထားသကဲ့သို့တူ သော လူနှစ်ယောက်ကို ကျွန်တော်တို့ အားလုံးဝင်အံ့အားသင့်စွာ ကြည့်နေကြ တုန်၏။ အဝွနားညွှန်ပြသော ထူပျစ်ပျစ် နားရွက်တစ်ဖက်မှလွဲလျှင် လူနှစ် ယောက် တို့မှာ ခွဲခြား၍မရအောင် ကျညီ လှပေ၏။

ထိုအခါ နောက်ရောက်လာသော ကျွန်တော်တို့၏ ဆလင်ဘာဆာများ သည်မိမိအပြစ်ကို ဆက်လက်မဖုံးကွယ် နိုင်တော့သဖြင့် အောက်ပါအတိုင်း ရှင်း လင်းပြောပြရာ ကျွန်တော်တို့နှင့်တကွ ရဲအရာရှိများသည် လှိုင်းပုတ်သဖြင့် တညိတ်ညိတ် လှုပ်ရှားနေသော ကျွန် တော်၏ သင်္ဘောခန်းထဲတွင် ဆလင် ဘာဆာများ၏ ပြောပြချက်များကို စိတ် ဝင်စားစွာ နားထောင်လျက် ရှိကြလေ သည်။

ဆလင်ဘာဆာများနှင့် နားရွက် တစ်ဖက်ထူသော လာလာများတို့သည် အမြွှာပူးညီအစ်ကိုများ ဖြစ်ကြ၏။ သို့ သော်ညီအစ်ကိုတို့မှာ ရုပ်တူသလောက် စိတ်သဘောထား မတူကြချေ။ အစ်ကို ဘာဆာများသည် ရိုးဖြောင့်၍ ဉာဏ် ပညာကောင်းသလောက် ညီဖြစ်သူ လာလာများက တောက်ကျစ်စဉ်းလဲ၍ ဆိုးနိုးလိုသောစိတ် ရှိ၏။ ငယ်စဉ်ကပင် ရေကြောင်းဘက်၌ဝင်ရောက်အမှုထမ်း ကာ သင်္ဘောတစ်စင်းတည်းတွင် အလုပ် လုပ်ခဲ့ကြ၏။

သူတို့အလုပ်လုပ်ခဲ့သော သင်္ဘော မှာ မာလိန်သုံးယောက်စလုံးပင် လက်ဖဲ ဘက် လက်မောင်း၌ သင်္ဘောကျောက် ဆူးတွင် မြွေနှစ်ကောင် ရစ်ပတ်ထား သော အရုပ်ကိုယ်စီ ထိုးထားကြရာ ၎င်း ကို အားကျပြီးလျှင် ရန်ကုန်သို့ သင်္ဘော ဆိုက်၍ရက်အားရသောနေ့တစ်နေ့တွင် ကမ်းပေါ်သို့တက်၍မင်ကြောင်ထိုးသော တစ်ဦးထံတွင် ထိုအရုပ်မျိုးကို ညီအစ်ကို နှစ်ယောက်စလုံး ထိုးနှံကြလေသည်။

နောက်တစ်နှစ်ခန့်ကြာသောအခါ ညီအစ်ကိုနှစ်ယောက်တို့မှာ သင်္ဘော တစ်စင်းတည်းတွင် မလုပ်ကြရတော့ဘဲ လူချင်းခွဲကြရလေ၏။ ဘာဆာများသည် ရန်ကုန်သင်္ဘောမှ တစ်ဆင့်ကူးတို့သင်္ဘော တစ်စင်းတွင် လိုက်ပါရပြီးနောက် တစ် နှစ်ခန့်အကြာတွင် ရက်မှန်သင်္ဘောသို့ ပြောင်းကာ ၎င်း၏ ပညာဉာဏ်စွမ်းရည် သတ္တိအတွက် ဆလင်ရာထူးကို တိုး တက်ချီးမြှင့်ခြင်းခံရပြီးနောက် ယခုတိုင် အလုပ်လုပ်ကိုင်လျက် ရှိနေခဲ့၏။

လာလာများမှာမူ ရေနံသင်္ဘောတွင် အခန့် သဘော်သားတစ်ယောက် အဖြစ်ဖြင့် အလုပ်လုပ်စဉ်ကပင် ရေနံများ ကို အပြင်သို့ ခိုးထုတ်သဖြင့် တစ်ကြိမ် အပြစ်ခံခဲ့ရဖူး၏။ ထို့နောက် ပြည်မြို့နှင့် ရန်ကုန်အောင်သွားကူးတို့သင်္ဘောကလေး တစ်စင်းပေါ်၌ အလုပ်ပြန်၍ရသောအခါ ခရီးသည်တစ်ဦးထံမှ ငွေ များကိုနှိုက်ယူဖူး၏။ သို့သော် လက်ပူး လက်ကြပ်မမိသဖြင့် လွတ်မြောက်သွား ကာ ထိုသင်္ဘောမှ ထွက်ခဲ့ပြီးလျှင် ပြည်မြို့နှင့်သရက်မြို့သွားကူးတို့သင်္ဘော တစ်စီး၌ အလုပ်ရပြီးနောက် (၆)လခန့် အကြာတွင် သရက်မြို့ဆိပ်ကမ်းရှိ ဆိပ်ခံ သမ္ဗန်ပေါ်၌ ညဉ့်အိပ်ရထားသော ဆန် အိတ်များ၊ ပဲအိတ်များစသည့်ကုန်ပစ္စည်း များကို တဖြည်းဖြည်း ဖောက်ထွင်းခိုးယူ မှုများပေါ်ပေါက်လာသောအခါ ယခင်က လည်း ပြစ်မှုဟောင်းရှိသည့်အတိုင်း သရက်မြို့ထောင်တွင် တစ်နှစ်မျှ အကျဉ်း ခံရလေသည်။

အကျဉ်းခံရပြီးနောက် (၆)လမျှ ကြာရှိသောအခါ လာလာများသည် အီစွပ်ဆိုသူ ကုလားလူဆိုးကလေးတစ် ယောက်နှင့် ပေါင်းကာ အကျဉ်းထောင် ကိုဖောက်၍ထွက်ပြေးခဲ့၏။ ထိုညဉ့်တွင် လာလာများသည် ညဉ့် သန်းခေါင် လောက်၌ သင်္ဘောဆိပ်သို့ ရှပ်ရောက် ဆင်းခဲ့ရာ ထိုညဉ့်၌ စီလုံရက်မှန်သင်္ဘော သည် ကံအားလျော်စွာ သရက်မြို့ဆိပ် ကမ်း၌ ဆိုက်ကပ်လျက်ရှိနေ၏။ ထို သင်္ဘောပေါ်၌ မိမိ၏အစ်ကို ဆလင်ဘာ ဆာများရှိနေသည်ကို သိရှိပြီးဖြစ်သဖြင့် လာလာများသည် သင်္ဘောပေါ်သို့တိတ် တဆိတ်တက်ရောက်ကာ ၎င်း၏အစ်ကို နှင့်တွေ့ဆုံ၍ မိမိသည် ထိုနေ့၌ပင်ထောင် ကိုဖောက်၍ ထွက်ပြေးလာခဲ့ကြောင်း မိမိအား ရန်ကုန်သို့ လျှို့ဝှက်စွာ ခေါ် ဆောင်သွားက ရန်ကုန်တွင် တောင်း





www.burmeseclassic.com

www.burmeseclassic.com

ဆောင်တောင်းပယ်ခြင်း အသတ်ခွေးမြူ နေထိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်က မိမိတချွေးလွှန်ခဲ့သည့်အပြစ်များကိုလည်း ယခုအခါ တောင်းပန်နောင်တရပြီဖြစ်ကြောင်း၊ ယခုအခါမိမိအစ်ကိုရင်းမှလွဲ၍ တစ္ဆာခေါ်တွင်မည်သူ့ကိုမျှအားထားရန် မရှိကြောင်းဖြင့် တောင်းပန်ပြောဆိုလေ၏။

ဝေထဲ၌အစ်ကိုဖြစ်သူ ဘာဆာများသည်အတန်တန်ငြင်းပယ်ခဲ့၏။ သို့သော် နှုတ်တဝင်ငြင်းပယ်သော်လည်းစိတ်ထဲတွင်မူ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုဖြစ်သည့်သွေးသား၏ တိုက်တွန်းမှုကြောင့် နောက်ဆုံးတွင် မလွဲမရှောင်သာ လက်ခံလိုက်ရလေသည်။

ဤသို့ဖြင့် ဘာဆာများသည် အတော်အတန် ကျယ်ဝန်းသော မိမိအခန်းထဲတွင် ညီဖြစ်သူ လာလာများအား တိတ်တဆိတ် သိုဝှက်ခေါ်ဆောင်လာခဲ့၏၊ သို့သော် စိုးရိမ်ရန်မရှိသောအချက်တစ်ခုရှိ၏၊ နေ့လယ်နေ့ခင်းအချိန်များတွင် လာလာများအားအခန်းတွင်း၌ အောင်း၍နေစေပြီးလျှင် ညဉ့်အချိန်များ၌သာ အပြင်သို့ ထွက်စေကမည်သူမျှသိနိုင်ပါမည်နည်း၊ အကယ်၍ တစ်စုံတစ်ယောက်က မြင်သွားစေကာမူ မိမိ၏ ဆလင်အဝတ်အစားကို ဝတ်၍ အမှတ်မဲ့သွားလာစေကမိမိပင်ဖြစ်သည်ဟု ထင်ကြမည်မဟုတ်ပါလော။

ဤသို့ဖြင့် ဘာဆာများသည် ထောင်မှထွက်ပြေးလာသောမိမိ၏အမွှာပူးညီဖြစ်သူလာလာများအားအခန်းထဲ၌ သိုဝှက်ကာရန်ကုန်အထိခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။ သို့သော်ရန်ကုန်သို့ရောက်သောအခါ လာလာများသည်လက်ထဲ၌ ငွေကြေးတစ်စုံတစ်ရာမပါဘဲ မသွားလိုပေ၊ ဘာဆာများကလည်း သူ အလိုရှိသည့်အတိုင်း မပေးနိုင်ရှာချေ။ သို့နှင့် လာလာများသည်အစ်ကိုဖြစ်သူဘာဆာများအလစ်တွင် သဘော်အပေါ်ထပ် ဒုတိယအခန်းအတွင်း၌ပစ္စည်းများတစ်စုံတစ်ရာ ရလိုရငြား ဝင်ရောက်ခဲ့ခြင်းဖြစ်၏၊ သို့သော် မအောင်မြင်ခဲ့ချေ၊ နောက်တစ်နေ့တွင် လာလာများသည် ကမ်းခြေသို့ ရုပ်ဖျောက်တက်ကာ ဘဏ်တိုက်မှ ဦးသာဝင်းငွေ ထုတ်လာသည်ကို အခန့်သင့်တွေ့ရသဖြင့် လုယူခြင်း ဖြစ်လေသည်၊ လာလာများ လုယူလာသော ငွေ



“ ကဲ–လာလာများ၊ ထောင်က ထွက်ပြေးတဲ့အမှုနဲ့ မင်းကိုဖမ်းဖို့ ထောဒီက ရဲမှူး ဦးစိန်ပွင့်ကို ငါ အပ်ရလိမ့်မယ်ဟု ပြောဆိုကာ ဦးစိန်ပွင့်လက်သို့ ပေးအပ်လေ၏။ ထိုအခါ ဦးစိန်ပွင့်လည်း လာလာများအား ဖမ်းဆီးလိုက်၏။ ၎င်းပြင် ဘာဆာများကိုလည်း ထောင်ပြေးရာဇဝတ်ကောင်တစ်ယောက်အား သိုဝှက်လက်ခံ၍ လွတ်မြောက်အောင် ကြံစည်အားပေးမှုဖြင့် ဖမ်းဆီးလိုက်လေသည်။

များအကြောင်းနှင့် ပတ်သတ်၍မူ တစ်စုံတစ်ရာ ဝန်ခံပြောဆိုခြင်း မပြုပေ။

အထက်ပါရှုပ်ထွေးသောပြဿနာကြီးကို ဖြေရှင်းပြောဆိုပြီးနောက် ဘာဆာများသည် ကျွန်တော်နှင့်တကွ ရဲဘက်ထောင်ဘက်အရာရှိများအား အကြိမ်ကြိမ် ဆလံပေးလျက် –

“ဒါပါပဲ – ဆပ်၊ ကျွန်တော့်ညီဟာ လူဆိုးတစ်ယောက်ဖြစ်ပြီး ထောင်က ထွက်ပြေးလာတာ သိရက်နဲ့ ကျွန်တော် တိတ်တိတ် သဘော်ပေါ်တင်ပြီး ခေါ်လာခဲ့မိတာဟာ ကျွန်တော့်အပြစ်ပါပဲ – ဆပ်၊ ဆပ်တို့ သဘောအတိုင်းသာ ပြုပါတော့”

www.burmeseclassic.com

ထိုအခါကျွန်တော်နှင့်အတူရဲအရာရှိများသည် တစ်စုံတစ်ရာမပြောဘဲ ငြိမ်ဆိတ်ဆိတ်ရှိနေကြ၏။ သို့သော် ထောင်မှူး ဦးသာတန်သည် နေရာမှထကာ လာလာများ၏လက်ကို ဆုပ်ကိုင်လျက် "တဲ-လာလာများ၊ထောင်ကထွက်ပြေးတဲ့အမှုနဲ့ မင်းတို့ဖမ်းဖို့ ဟောဒီက ရဲမှူး ဦးစိန်ပွင့်ကို ငါ အပ်ရလိမ့်မယ်" ဟု ပြောဆိုကာ ဦးစိန်ပွင့်လက်သို့ ပေးအပ်လေ၏။ ထိုအခါဦးစိန်ပွင့်လည်း လာလာများအား ဖမ်းဆီးလိုက်၏။ ၎င်းပြင် ဘာဆာများကိုလည်း ထောင်ပြေးရာဇဝတ်ကောင်တစ်ယောက်အား သိလျက်လက်ခံ၍ လွတ်မြောက်အောင် ကြံစည်အားပေးမှုဖြင့် ဖမ်းဆီးလိုက်လေသည်။ သို့သော် ကျွန်တော်က အာမခံသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းမခံရဘဲ အလွတ်ထားရန် အခွင့်ရရှိခဲ့၏။

နောက်တစ်နေ့၌ ကျွန်တော်တို့ အဆောင်မှ ဆလင်ဘာဆာများသည် ဒုတိယအကြိမ်တရားရုံးတော်သို့ရောက်ရှိကြ၏။ ထိုအကြိမ်၌မူ ၎င်း၏ညီဖြစ်သူ ထောင်ပြေး လာလာများအား တိတ်တဆိတ် လက်ခံ၍လွတ်မြောက်အောင် အားပေးကူညီမှုဖြစ်လေသည်။ ထိုအမှု၌ ဘာဆာများက မိမိသည် တရားဥပဒေကို နားမလည်သဖြင့်တစ်ကြောင်း၊ ညီအရင်းဖြစ်သဖြင့်တစ်ကြောင်း ကူညီခဲ့မိပါသည်ဟု ဖြောင့်ချက်ပေး၏။ သို့သော် တရားဥပဒေကို နားမလည်သဖြင့် ပြုလုပ်မိသည်ဟူသောအချက်မှာ ရုံးကမည်သည့်အခါမျှ လက်ခံစဉ်းစားသည့်အချက် မဟုတ်ပေ၊ လူတိုင်းလူတိုင်းသည်တရားဥပဒေကိုနားလည်သည်ဟု ယူဆရမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေဘာဆာများသည် ထောင်မှထွက်ပြေးသူတစ်ယောက်အား လျို့ဝှက်ထိန်းသိမ်းထားမှုဖြင့် အပြစ်ရှိလေသည်။ သို့သော် ရိုးသားဖြောင့်မတ်၍ယခင်က တစ်ကြိမ်တစ်ခါမျှ ရာဇဝတ်ပြစ်မှု မကျူးလွန်ဘူးသော သူတစ်ယောက်အား ညှာတာသည့်အနေဖြင့် ဒဏ်ငွေ(၁၀၀/-)ထမ်းဆောင်စေရန် အကယ်၍ ဒဏ်ငွေမဆောင်နိုင်ခဲ့သော် အလုပ်ကြမ်းဖြင့်ထောင်ဒဏ်(၃)လကျခံစေရန် အမိန့်ချမှတ်ခြင်းကို ခံရ၏။ ကျွန်တော်ကပင်ဒဏ်ငွေကိုရင်းအတွက် စိုက်၍ပေးဆောင်လိုက်ပါသည်။



အထက်ပါထူးဆန်းသော အဖြစ်အပျက်ကလေးနှင့် တွေ့ကြုံခဲ့ပြီးနောက် နှစ်ပေါင်းများစွာပင် ကြာရှိခဲ့ပြီဖြစ်သော်လည်း ယခုအခါ ရုပ်ရှင်အလွန်တူသော အမွှာညီအစ်ကိုများကိုတွေ့တိုင်း ကျွန်တော်လည်း ဘာဆာများနှင့်လာလာများ ညီအစ်ကိုကို အမှတ်မိရပါ၏။

⇨ [illegible]

## ဆေးမြီးတိုများ

➢ **ဆင်ခြေထောက်ရောဂါ**

ဖြူကြီးမြစ်ကို ဆန်ပုံးရည်ဖြင့် သွေး၍ပါးပါးလိမ်းပါ။

➢ **ညောင်းညာကိုက်ခဲ**

မြင်းခွာရွက်ကို ဆီးဖြူခေါက်နှင့် ရော၍ ဆားအတန်ထည့်။ မြေအိုးသစ်နှင့် သုံးခွက်တစ်ခွက် တင်ကျို၍ နံနက်တိုင်း သောက်ပါ။

➢ **ဒူလာမီးယပ်ဆေး**

သက်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ်တို့ကို ဆတူ ရော၍ ငါးခွက်တစ်ခွက် တင်ကျို၍ ထန်းလျက်ဖြင့် စိမ်သောက်ပါ။

➢ **ဒူလာမြင်းသရိုက်**

ဆီးဖြူသီး စားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ
ဝေမွန်လင်း

အမျိုးသားများ ကျန်းမာ
သန့်စွမ်းရေးအတွက် မြန်မာနည်း
မြန်မာ့ဟန်ဖြင့် ဖော်စပ်ထားသည့်
ဆေးနည်းပဒေသာအကြောင်း ..

ဖယောင်မှုကြီး
# ဘိန်းဂင်း ဘားဂါး

တင်နွေဦး

ကျွန်တော်တို့ စိတ်ကူးသစ်အဖွဲ့များ စာအုပ်တိုက်တွင် ချိန်းမထားဘဲ လူစုံတက်စုံ ဆုံကြသည်။ လဆန်းရက် စနေနေ့ဖြစ်သောကြောင့် လစဉ်မဂ္ဂဇင်းများ ထွက်ရှိရာတွင် စာမူထုတ်ရန်အတွက် ဆုံကြခြင်းဖြစ်သည်။

နေ့စဉ်မြို့ထဲ လာတတ်သော မောင်ညိုမှိုင်း(သန်လျင်)ကတော့စာအုပ်တိုက်တွင် ရှိနေကျ။ သူကစိတ်ကူးသစ်စာအုပ်တိုက်ကို စားအိမ်၊ သောက်အိမ်။ ယနေ့တော့ မုဆိုးကြီး ဦးလေးမောင်၊ ပန်းချီဆရာမြတ်မင်းဟန်၊ စာတာလေးစိုးသိန်းဓါတ်စာရေးဆရာ မိုးဝေ၊ ဝင်းနိုင်(ရွှေခြည်သာ)၊ ကျွန်တော်နှင့် ညီ့သည် စာရေးဆရာ၊ သုဝဏ္ဏကျော်စိန်တို့လည်းရောက်ရှိနေကြသည်။

စိတ်ကူးသစ်စာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်းကတော့ ထုံးစံအတိုင်း ကျွန်တော်တို့အဖွဲ့အား လက်ဖက်ရည်ဖြင့် ဧည့်ခံနေပါသည်။ ကိုညိုမှိုင်းက ကျွန်တော့်ကိုမြင်သည်နှင့် –



www.burmeseclassic.com

www.burmeseclassic.com

"ဆောင်မှူးကြီး – ဘာစာတွေ ရေးနေသလဲ"

"ကိုထင်ထွန်းနဲ့ စာချုပ်ချုပ်ရေဖြတ်သွားတော့ လွတ်လွတ်လပ်လပ်ပေါ့ဗျား။ ဝတ္ထုတိုတလေးတွေ ရေးနေတယ်"

"ဘာအကြောင်းအရာလဲဗျ"

"အဲ – ကျွန်တော် တောတွင်းမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ကြုံခဲ့ရတဲ့ "တောဆေး တောင်ဆေး၊ မှဆိုးဆေး" အကြောင်းလေးတွေပေါ့ဗျာ"

"သောက်စားအားဆေးအကြောင်း ရေးပါလားဗျ"

"အေးဗျ – ဆေးပင်ဆေးဝါးတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့် သီးသန့်ရေးရင် မှိုင်းမှာစိုးလို့ မရေးပါဘူးဗျာ"

"ခင်ဗျားတလည်း ပွင့်လင်းမြင်သာတဲ့ခေတ်ကြီးမှာ ကျန်းမာရေးကိစ္စ ခေါင်းစဉ်တပ်ပြီး ဆရာဝန်တွေ၊ ဆရာမတွေ တောင်ရေးနေကြပြီပဲ။ ဒီနေ့စာအုပ်တိုက်မှာ စာရေးမကလေးတွေ မရှိတုန်း ဆွေးနွေးကြရအောင်ဗျာ။ လူစုံတက်စုံတော့ အတွေးအမြင်ချင်း ဖလှယ်ကြတာပေါ့"

"ဟုတ်ပါ့ – အလွန်ကောင်းတဲ့အစီအစဉ်ပဲဗျို့"

အားလုံးက ဝိုင်းဝန်းထောက်ခံကြသောကြောင့် မောင်ညိုမှိုင်းက ဝါသနာပါသူပီပီ ဦးဆောင်၍ ဆွေးနွေးတော့သည်။

"ကျွန်တော် စာရေးဆရာ ဦးမောင်ချစ်စိန်လွင် ရေးတဲ့ "ဆောင်ကြာမြိုင်မှတ်တမ်း" ဆိုတဲ့စာအုပ်ကို (မဆလ) ခေတ်က ရှားရှားပါးပါး ဖတ်ဖူးလိုက်တယ်ဗျ။ ဒါပေမဲ့ – အဲဒီစာအုပ်ကိုတစ်နေ့က ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်မှာပြန်တွေ့လို့ဝယ်လိုက်ရသဗျ။ စာအုပ်အထဲမှာ ကုန်းဘောင်ခေတ်က မင်းညီမင်းသားတွေ အပြိုင်အဆိုင် လိုက်စားခဲ့တဲ့အကြောင်းအရာတွေ၊ ဆေးကျမ်းနဲ့ ပုရပိုက်ပုံတွေအကြောင်းကို ဝတ္ထုဖွဲ့ပြီး အထောက်အထားတွေနဲ့ ရေးထားတာ ဖတ်လို့ အလွန်ကောင်းသဗျ"

ထိုစဉ် ဝင်းနိုင်(ရွှေပြည်သာ)က –

"ဟုတ်ပါ့ – ဆရာမှိုင်းရယ်၊ ကျွန်တော်လည်း ဖတ်ဖူးပါတယ်၊ မင်းတုန်းမင်းကြီးနဲ့ ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားကြီးတို့ အပြိုင်အဆိုင် ပေါ်ကြပုံကို ရေးထားတာ ကွက်ကွက်ကွင်းကွင်းပဲ၊ အဓိက,ကတော့ သမားတော်ကြီး



ဆရာစဲ အားဆေးပဲဗျ – နော်၊ ကျွန်တော်တို့ မြန်မာသမားတော်တွေက အစွမ်းထက်တဲ့ဆေးနည်းတွေကို ဆရာစားချန်ပြီး သိုဝှက်လွန်းကြလို့ ဆေးမြီးတိုတွေ ပျောက်ကုန်တာဗျ။ အဲ့ဒီစာအုပ်မှာလည်း ဆေးနည်းအတိအကျမပါဘဲ ယေဘုယျ ထောက်သာ ပါပေမယ့် စာရေးသူက သူ့ဆီမှာအမွေဆက်ခံသိမ်းဆည်းစုဆောင်းထားတဲ့ ပုရပိုက်ပေစာတွေနဲ့ ရုပ်ပုံတွေကြောင်းလေ့လာလိုသူတွေလာရောက်ကြည့်ရှုနိုင်ကြောင်းလည်း ဖိတ်ခေါ်ထားတယ်ဗျ"

"ဟုတ်ပါ့ – ကိုဝင်းနိုင်ရယ်၊ ပရွှေဝါ၊ ဒေါင်းလွှာ၊ စာတလေး သွေးနဲ့ကြိတ်" ဆိုတာ မှတ်မိသေးတယ်၊ အသေးစိတ်တော့ မမှတ်မိတော့ဘူးဗျာ၊ စာအုပ်ပြန်ဖတ်ဦးမယ်" ကျွန်တော်က ထောက်ခံပြောတော့ –

"ရွှေတော်သည်ပါတဲ့ ဘုရား၊ မဝပ်ကြည့်တို့တော့ ကျွန်တော်မှတ်မိပါသေးတယ်ဗျာ၊ တစ်ခါလောက်တော့ အဲဒီဆရာကြီးဆီသွားပြီး ပုရပိုဒ်ပုံတွေကို တစ်ချက်ကြည့်ချင်ပါရဲ့ဗျာ" ကိုဝင်းနိုင်က

နှာခေါင်းကြီး နီရဲပြီး မျက်လုံးကြီးပြူး၍ နှာရည်တွေတောင် ကျလာသဖြင့် လတ်စုံနှင့် သုတ်လိုက်ရသေးသည်။

ကျွန်တော်ကတော့ ဖျံ(၅)ကောင် သောက်ဆေးနဲ့ ဆရာမိုလိမ်းဆေးတို့ တောင်ထားသဗျ။ ဆရာမိုလိမ်းဆေးတ စားလို့လည်းရတယ်၊ လိမ်းလို့လဲရတယ်။ ဘက်စုံသုံးပေါ့" ကိုညိုမှိုင်းက ဝင်ပြောသည်။

ထိုအချိန်တွင် တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော မုဆိုးကြီး ဦးလေးမောင်က – "ဆရာထောင်မှူးကြီး တောတွေတောင်တွေထဲ အနှံ့ရောက်ခဲ့တာ၊ ဖျံသိုတွေ၊ ဘာတွေ မရခဲ့ဘူးလား"

"အေးဗျာ – ကော့သောင်းဆီအုန်းစခန်းမှာ နေတုန်းကတော့ ဖျံတွေ အုပ်လိုက်တွေ့ပေမယ့် အထီးတကောင်တည်းဆိုတော့ ရှာနေရတာနဲ့ မပစ်လိုက်ရဘူး။ အဲ – ဆွမ်ပရာဘွန် (ဒဂုရ)စခန်းမှာနေတုန်းကတော့ ကြောင်နံ့သာတစ်ကောင် ရဖူးတယ်ဗျ၊ ကျွန်တော်လည်း တပည့်တွေနဲ့ အပေါင်းအသင်းတွေတို့ နောက်ပြောင်ချင်တာနဲ့ ကြောင်နံ့သာဆို

www.burmeseclassic.com

တိုကိုကြီးအရက်နဲ့စိမ်ထားတာ။အတော် ညှီသဗျ။ အဲ့ဒါကြီးကို သိတဲ့လူတွေက ဆေးခြစ်ဝါးခြစ်ဆိုပြီး လာတောင်း သောက်ကြတယ်၊ ကျွန်တော့်မှာ သူတို့ ရှေ့ရှုယ်ဖြစ်အောင်နည်းအောင့်ထား ရတယ်၊ သောက်တဲ့သူတွေကတော့ အတော်စွမ်းဆိုပဲ၊ စိတ်ပေါ့ဗျာ၊ တကယ် အစစ်အမှန်ထင်ပြီး ယုံယုံကြည်ကြည် သောက်ကြတော့ ဆေးစွမ်းတယ်ထင် တာပေါ့ဗျာ - ဟား - ဟား - ဟား"

အားလုံး ဟဟားဟား တဝါးဝါးဖြင့် ရယ်မောကြသည်။

ထိုအချိန်တွင်တောတွင်းအမဲလိုက် အတွေ့အကြုံများသော မုဆိုးကြီး ဦးလေးမောင်က - "တကယ်စွမ်းတဲ့အား ဆေးတို့ ကျွန်တော် လက်တွေ့ကြုံခဲ့ဖူး တယ်ဗျ။ အဲ့ဒါက ပြာသိုလမှာရတဲ့ သင်း ခွေချပ်သွေးနဲ့ ပျားရည်ပဲ၊ နှစ်မျိုးရောပြီး သောက်ရင် အလွန်စွမ်းတဲ့ ယောကျ်ား အားဆေးပေါ့ဗျာ၊ ဒါပေမဲ့ - သင်းခွေချပ် တ အလွန်ရှားပါး တိရစ္ဆာန်ပဲဗျို့"

"ကျွန်တော် သင်းခွေချပ်နဲ့ ဆုံဖူး တယ် - ဆရာကြီး၊ သူတို့က ဂန္ဓီရသတ္တဝါ တွေပဲ၊ မြွေလို လျှာနှစ်ခွနဲ့ဆိုပေမယ့် သူ တို့အသံတုလုပ်ပြီး လူနာမည်တွေကိုပီပီ သသ ခေါ်တတ်တယ်၊ နာမည်အခေါ်ခံရ လို့ ထူးမိရင် သေတတ်တယ်လို့ တောနဲ့ ဆက်သွယ်လုပ်ကိုင်နေသူတွေ အယုံ အကြည် အစွဲအလမ်း ထားကြတယ်၊ ကျွန်တော်တို့ရဖူးတဲ့ သင်းခွေချပ်က တော့ (၁)ပိဿာလောက် အလေးချိန် စီးတယ်၊ ကျွန်တော်တို့ဆရာတပည့်တွေ မအူပင်ဆိပ်စခန်းကပြန်လာတုန်း လမ်း ပေါ်မှာဖုန်တက်လူးနေတုန်းရခဲ့တာ၊ လူ အုပ်မြင်တာနဲ့ သင်းခွေချပ်က သူ့ခန္ဓာ ကိုယ်ကိုလိပ်ပြီးအလုံးကြီးလုပ်ပစ်လိုက် တာ၊ နားလည်တဲ့မုဆိုးတပည့်က အပြီး ကဆွဲပြီးစခန်းယူလာခဲ့တာ၊စခန်းရောက် တော့ ချက်စားကြတာပေါ့၊ အတော်ညှီ တယ်၊ သူ့အသားက အရိုးနုကလေး တွေနဲ့ ဖွဲ့စည်းထားတာမို့ စားလို့ အလွန် ကောင်းတယ်၊မဆလာကောင်းကောင်း တော့ လိုတာပေါ့ဗျာ၊ ဆေးစွမ်းတယ်၊ မစွမ်းတယ်တော့ မမှတ်မိတော့ပါဘူး ဗျာ"

"နောက်တစ်ခု ကျွန်တော် ကြားဖူး တာကတော့ မျောက်သွေးဗျ။ အရက်နဲ့ ရောပြီး သောက်ရတယ်"

"လုပ်စမ်းပါဦး ထောင်မှူးကြီးရယ်။ ကျွန်တော်က အဲဒီလို ဆေးစွမ်းကောင်း ... တွေကို စုဆောင်းနေတာဗျ။ "ကာမ ... ရ" ကျမ်းပြုစုမလို့"

တိုက်မှိုင်းက ဝါသနာကြီးသူဖြစ်၍ဝင် ... ထောက်ခံသည်။

"တရုတ်လူမျိုး ချမ်းသာသူတွေက ... မျောက်အရှင်ကို မလှုပ်နိုင်အောင် ကြိမ် ... နဲ့ချုပ်ချုပ်ထားပြီး ဦးနှောက်ကို ဖောက် ... စားတာ ကြားဖူးမှာပေါ့၊ အလွန်ရက်စက် ... တဲ့လုပ်ရပ်ပါပဲ၊ မလုပ်ကောင်းပါဘူးဗျာ၊ ကျွန်တော် ကြုံဖူးတာကတော့ ရန်ကုန် ... လေး အမြန်လမ်းစီမံကိန်း၊ သုံးတန် ... ခန်းမှာ တာဝန်ကျတုန်းက ကြုံဖူး ... ပေါ့"

... ခုနစ် - "ကျွန်တော် သုံးတန် ... ခန်းကြီး တည်ဆောက်ပြီးတော့ ... ဆောက်လုပ်ရေးအဖွဲ့ (ဆလက) ... ရောက်လာကြတယ်ဗျ၊ အဲ့ဒီမှာ ... E) ခေါ်တဲ့ အင်ဂျင်နီယာလေးတစ် ... တ် ပါလာတယ်၊ သူ့နာမည်က ... မြင့်တဲ့၊ကုလား - မြန်မာကပြား ... သူက တိုညှိမှိုင်းနဲ့ ဝါသနာတူ ... စ်နေ့မှာကျွန်တော့်တပည့်တွေ ... စည်မယ်ဆိုတော့ သူပါလိုက်ဖို့ ... ကောင်းတယ်၊ ကျွန်တော်တို့က ... အပျော်တမ်းမုဆိုးတွေဖြစ်တာမို့ ကြုံရင်တောပစ်ပြီးမရရင်သစ်ခွပန်းပင်နဲ့ အသီးအရွက်တွေ ရှာကြတာ၊ဒါကြောင့် အဲ့ဒီ(JE)ကလေးကိုပါ ခေါ်ခဲ့တယ်၊ စခန်းကထွက်စမှာပဲတောစပ်မှာမျောက် အုပ်နဲ့တိုးတယ်၊ မျောက်ခေါင်းဆောင် ကြီးကအလျင်ပြေးတယ်၊ဒါပေမဲ့ - သူတာ အဝေးကိုပြေးတာမဟုတ်ဘူး၊ လမ်းခု လတ်က ခွဆုံအပင်ကြီးတစ်ပင်မှာ ဝင် ကပ်ပြီး ပုန်းနေတာ၊ အဲဒီ့အထာတို့ကျွန် တော်က တောအတွေ့အကြုံအရ သိနေ တယ်၊ ဒါကြောင့် သူ့ကို လွှတ်ထားလိုက် ပြီး ကျန်နေခဲ့တဲ့ မျောက်အုပ်ကြီးထဲက အကောင်ကြီးတွေကို ချိန်နေတယ်၊ အဲ့ဒီ အခါမှာမျောက်မည်းကလေးတစ်ကောင် က မျောက်အုပ်ကြီးအရှေ့ဘက်နေ တာဆီး ကာဆီး လုပ်နေတယ်"

⅄⅄⅄

"မျောက်အမျိုးအစားတွေအထဲမှာ မျောက်မည်းက အလွန်ရှားတယ်၊ အဲ့ဒီ အကောင်ကလေးက ခြေတံ၊ လက်တံ ရှည်ရှည်နဲ့ မျောက်ပင့်ကူအမျိုးအစား ရှားပါးပြီးဆေးဘက်ဝင်တယ်၊အကောင် အရွယ်အစားက မျောက်ညီးပုဝ္ဂ တစ်






www.burmeseclassic.com

www.burmeseclassic.com

[illegible] ခါးကြောင့် ကျွန် [illegible] မျက်နှာတလေး [illegible] လိုက်တယ်"

"ဒိန်း" ဆိုတဲ့ (၃၀၃)၊ အဝေးရိုက်နှိုင်ဖယ်ကြီး ဝီခွင့်သွားတာနဲ့ မျောက်ညည်းတလေး၊ ခြေလွတ်လက်လွတ်ဖြစ်တာလာတယ်။ မျောက်အုပ်ကြီးကတော့ ပြေးတာပေါ့။ ကျွန်တော့် အတွေ့အကြုံ အရ ကျည်တစ်တောင့် ထပ်ထိုးပြီး အစောတ ပုန်းနေတဲ့ မျောက်ခေါင်းဆောင်ကြီးရှိတဲ့ သစ်ပင်ခွကြားကို

❝ဆေးကောင်းရှင် သန်းခေါင်းတဲ့ ဆရာမှိုင်းရဲ့ အစွမ်းထက်တဲ့ဆေးဆိုတာကတော့ ရှားပါးတာပေါ့။ ရှာရင်လည်း ရနိုင်ပါတယ်။ နောက်ဆေးနည်းတွေကတော့ တောကြက်ဥနဲ့ ပျားရည်၊ ငါးကြီးတွေ ခေါင်းထဲမှာရှိတဲ့ ပီကျူထရီကလင်း၊ ဆိတ်အရိုးထဲမှာရှိတဲ့ ရိုးတွင်းချဉ်ဆီ စတာတွေပေါ့ဗျာ။ ဒါတွေကတော့ အလွယ်ရနိုင်ပါတယ်။ တောကြက်ဥဆိုတာကလည်း မြန်မာကြက်ဥ ဆိုရင်လည်း ဖြစ်ပါတယ်။



အသင့် ချိန်ထားတယ်၊ မကြာပါဘူး၊ မျောက်အုပ်ကြီးအဝေးရောက်သွားတာနဲ့ မျောက်ခေါင်းဆောင်ကြီး ပုန်းနေရာ သစ်ပင်ခွကြားက ထွက်အလာ ကျွန်တော် အပိုင်ပစ်ချလိုက်တယ်"

"ဒိန်း" ဆိုတဲ့ ဒုတိယသေနတ်သံ ထွက်ပေါ်လာပြီး မျောက်ခေါင်းဆောင်ကြီး ချုံထဲ ပြုတ်ကျသွားသလို (JE) ခင်မောင်မြင့်ကလည်း ဒိုင်ဝင်ထိုးပြီး ရှုံ့ဆဲဝင်တယ်၊ မျောက်သေကြီးရတာနဲ့ ညည်လိုးပြီး သူခါးထိုးလာတဲ့ အရက်ပုလင်းထဲ သွေးတွေ ညှစ်ထည့်တယ်၊ သူတာ ဘာသာခြားကို၊၊ အဲဒါကြောင့် ကျွန်တော်က မျောက်ညှိသွေးလိုချင်ရင် အမျိုးအရင်းကိုဖြတ်ပြီး သွေးစံရကြောင်း ပြောပြတော့မှ သူ့ဓားမြှောင်ကလေးနဲ့ အမြီးဖြတ်ပြီး သွေးစံလို့ မျောက်သွေး အတော်ရလိုက်တယ်၊ စခန်းပြန်ရောက်တော့ ကျွန်တော်က မျောက်ညှိသား အသဲ မျောက်မည်းကလေးရဲ့အသားနဲ့ ဦးနှောက်ကိုပဲ စားတယ်၊ (JE) ခင်မောင် ဘာထူးသလဲ မသိပေမဲ့ ကျွန်တော် ကတော့ မျောက်မည်းကလေးဦးနှောက်နဲ့ အသားတော့ အတော်ထူးသဗျ"

"ဘယ်လိုထူးတာလဲ - ထောင်မှူးကြီး၊ လုပ်စမ်းပါဦးဗျ"

ကိုညိုမှိုင်းက အလျင်စလို အားတက်သရောမေးတော့သည်၊ ကျွန်တော်က အားရပါးရပြုံးပြီး -

"အဲ့ဒီညက အိပ်လို့အလွန်ကောင်းတယ်ဗျာ၊ မိုးလင်းမှ တစ်ရေးနိုးတော့တယ်"

"ဝါး - ဟား - ဟား - ဝါး"

နားထောင်နေသူအားလုံးဝိုင်းရယ်ကြသည်၊

ကိုမှိုင်းက - "တကယ်လားလို့ ထောင်မှူးကြီးရယ်၊ ခင်ဗျားဟာတဆန်းတင့်ငုံ့ကြီးဗျာ၊ ဒါနဲ့ - ဟို (JE) တုလားလေးလည်း ဘာဖြစ်သွားသလဲ"

"သူလည်းမျောက်သားစားမျောက်သွေးသောက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာပေါ့ဗျာ၊ အားဆေးပဲဥစ္စာ"

"တကယ်မှတ်လို့ နားထောင်နေတာ၊ ခင်ဗျားတို့ဟာ မဟုတ်သေးပါဘူးဗျာ"

"ဝါး - ဟား - ဟား - ဝါး"

နားထောင်နေသူအားလုံးဝိုင်းရယ်ကြပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com

"အော် - တို့ခိုင်ရယ်၊ အားဆေးဆိုမှတော့ အိမ်ဖျော်တာပေါ့ဗျာ၊ အိမ်ဖျော်မှ အားရှိတာပေါ့ဟုတ်လား"

"တော်ပါတော့ဗျာ၊ ကျွန်တော်က ထားတယ်စွမ်းတဲ့အားဆေးမှတ်လို့ နားထောင်နေတာ"

"ဝါး - ဟား - ဟား - ဝါး"

▲ ▲ ▲

"တဲ - ဆရာမှိုင်း - ကျွန်တော်က တော့ ထောင်မှူးကြီးလို မဟုတ်ဘူး၊ ထားတယ်စွမ်းတဲ့အားဆေးအကြောင်းကို ဆရာစားချန်ဘဲ ပြောပြမယ်"

"လုပ်စမ်းပါဦး - မုဆိုးကြီးရယ်"

"ဖြူကောင်ကို သိသလား။ ဆူးတောင်ကြီးတွေနဲ့လေ၊ သူတို့က သစ်မြစ်ခေါင်းစုံစားတော့ သူ့အသားက ဆေးဖက်အလွန်ဝင်တယ်၊ ဖြူသားနဲ့ သခွားသီးအစိမ်းကို ချက်စားရင် လေဆန်၊ ရေဆန်တောင် အန်တုနိုင်သတဲ့၊ ဖြူအစာအိမ်ကို ရရင်လည်း အခြောက်လှန်း၊ အမှုန့်ထောင်းပြီး ပျားရည်နဲ့ ရောစားရင် နှစ်ရှည်လများ ပန်းနာရောင်းဆိုးရောဂါ လွှပစ်သလို ပျောက်တယ်ဗျ၊ နောက် တစ်ခုကတော့ ရွှေလေးယားသီးအနက် အသည်းပင်ကိုရှာ၊ အခေါက်ကိုအမှုန့်ထောင်း၊ ပျားရည်နဲ့ ရောစားရင် ယောကျ်ား ကောင်း မောင်းမတစ်ထောင်းဆိုသလို အလွန် သန်မာတယ်ဆိုပဲဗျ"

"မုဆိုးကြီးရယ် - အဲ့ဒီဟာတွေက ရှားပါးပစ္စည်းတွေပဲ၊ ဘယ်လိုရှာရမလဲ"

"ကျွန်တော် ရှာပေးပါ့မယ်၊ ဖောင်ကြီးဘက်က ကျွန်တော့်တပည့်တွေကို မှာထားရင် ရပါတယ်ဗျာ"

"လုပ်စမ်းပါဦးဗျာ၊ ကျွန်တော်လမ်းစရိတ်ပေးပါ့မယ်"

"ရတယ် - ဆရာမှိုင်း၊ ကျွန်တော် ရှာပေးပါ့မယ်"

"နောက် ဆေးနည်းတွေကကော ဗျာ၊ လွယ်လွယ်ကူကူရနိုင်တဲ့ဆေးနည်း တို့တွေပေါ့"

"ဆေးကောင်းရင် သန်းခေါင်းတဲ့ ဆရာမှိုင်းရဲ့ အစွမ်းထက်တဲ့ဆေးဆိုတာ ကတော့ ရှားပါးတာပေါ့၊ ရှာရင်လည်း ရနိုင်ပါတယ်၊ နောက်ဆေးနည်းတွေက တော့ တောကြက်ဥနဲ့ ပျားရည်၊ ငါးကြီး တွေ ခေါင်းထဲမှာရှိတဲ့ ပီကျူထရီဂလင်း ဆိတ်အရိုးထဲမှာရှိတဲ့ ရိုးတွင်းချဥ်ဆီ စတာတွေ ပေါ့ဗျာ၊ ဒါတွေကတော့ အလွယ်ရနိုင်ပါတယ်၊ တောကြက်ဥဆို တာကလည်း မြန်မာကြက်ဥဆိုရင်လည်း ဖြစ်ပါတယ်"

"ကောင်းပါ့ဗျာ၊ မုဆိုးကြီးပြောတာ တွေက ကျွန်တော်တို့ သန်လျင်ဈေးမှာ ပေါပါတယ်၊ ကျေးဇူးပဲဗျာ"

"ဆေးလည်း အစာ၊ အစာလည်း ဆေးဆိုသလို လတ်ဆတ်တဲ့အသားငါး နဲ့ သစ်သီးဟင်းရွက်တွေကိုမျှတအောင် စားပြီး ကျန်းမာရေးကို ဂရုစိုက်ရင် ယောကျ်ားပီသတာပါပဲဗျာ၊ အထူး အထွေ ဆေးဝါးတွေ ရှာစားစရာမလိုဘူး ထင်ပါတယ်" ကျွန်တော်က ဝင်၍ မှတ် ချက်ပြုတော့ ဝင်းနိုင်(ရွှေပြည်သာ)က -

"ဟုတ်သေးဘူး ထောင်မှူးကြီးရဲ့၊ ကျွန်တော်တို့သက်တမ်းတွေက (၅၀) ကျော် (၆၀)အတွင်း ရောက်လာတော့ သာမန်စားသောက်ရုံနဲ့ မလုံလောက် တော့ဘူး၊ သီးသန့်အားဆေးတွေလိုလာ ပြီဗျ အခုခေတ်ပေါ်တဲ့ ဂျင်ဆင်းအား ဆေးတွေနဲ့ မြန်မာဆေးရည်တွေလည်း ကိုးတာပေါ့၊ ကျွန်တော်တို့ရွာက ဘကြီး ဦးလှမောင်ကတော့ ငယ်စဥ်ကတည်းက ဝက်သားအစိမ်း (အဆီ)ကို မျိုပြီး တိုင် ချက်တဲ့ ဆန်အရက်ကို သောက်တာ၊ အသက်(၇၀)ကျော်တဲ့အထိ သန် တုန်းမြန်တုန်းပဲဗျ၊ သားသမီးတွေက တစ်ကျိပ်ကျော်လောက်မွေးပြီးကျန်းမာ ရေးကောင်းကြသဗျာ၊ အဲဒီဆေးနည်းက အလွယ်ကူဆုံးဆိုပေမယ့် ငယ်စဥ် ကတည်းက ပုံမှန်လုပ်မှဖြစ်မယ် ထင် တယ်"

"ဟုတ်ပါ့ဗျာ - ကျွန်တော့်မိတ်ဆွေ စာရေးဆရာ စိုးလှသင် (ကွမ်းခြံကုန်း) လည်း ပြောဖူးတာ အမှတ်ရသဗျ၊ အဲဒီ ဆရာ သေသွားတာတောင် သန်တုန်း မြန်တုန်းဆိုပဲဗျ" ကျွန်တော်က ဝင်၍ မှတ်ချက်ချရာကိုမှိုင်းက သူ့အိတ်ဆောင် မှတ်စုစာအုပ်ကလေးထဲ၌ လိုက်၍ရေး နေသည်၊ ဝါသနာကြီးသော မောင်ညို မှိုင်း(သန်လျင်)က မကြာမတင်ဝယ် ကာမ သျှတ္တရကျမ်းကို ဖန်တီးရေးသား တော့မည် ထင်ပါတော့သတည်း။

⇨ ထောင်မှူးကြီး သိန်းဝင်း

www.burmeseclassic.com






www.burmeseclassic.com

**၆**

**သစ်ဆွဲဆင်တစ်ကောင် မှန်ယိုနေရာမှ နောက်ဆုံး ချောင်းကူးရာတွင် ရုတ်တရက် ထူးဆန်းသော အကောင်တစ်ကောင်ကြောင့် ရုတ်တရက် သေဆုံးသွားရပုံ ..**

ဦးလှကျော်သာတို့ အဖွဲ့အနေနှင့် စခန်းထစ်ရ ထပ်ပြောင်းကြရမည့်ရက်ကို ရောက်လာသည်။ ထို့ကြောင့် သစ်တောကြိုးဝိုင်းတစ်ခုလုံးတွင် ပြောင်းရွှေ့ကြရမည့်အလုပ်သမားတွေနှင့် ရှုပ်နေ၏။

အလုပ်သမားများမှာ မိမိတို့၏ ပစ္စည်းပစ္စယများကို ထုပ်သူထုပ်၊ ပိုးသူပိုးနှင့် အလုပ်ရှုပ်နေကြသလို တချို့ကလည်း အေးအေးဆေးဆေး စားသောက်ပြီးမှ စခန်းရွှေ့ကြရမည်ဖြစ်သဖြင့် စခန်းရွှေ့ပြောင်းရာတွင် ဆင်မပါလျှင် ဘယ်လိုမှ မပြောင်းမရွှေ့နိုင် ဖြစ်လေသည်။

ထို့ကြောင့် စခန်းပြောင်းမည့်ဤနေ့တွင် ဝန်စည်စလယ်များအားလုံးကို အဆင်သင့် ထုပ်ပိုးပြီးစီးခါမှ ဆင်နှစ်ကောင်မှတစ်ကောင်မှာ စခန်းရွှေ့ပြောင်းရာသို့ လိုက်ပါနိုင်ခြင်းမရှိဟု ဘမောင်နှင့် တျော်စံ ဆင်ဦးစီးနှစ်ယောက်စလုံးက လာပြီးသတင်းပို့ကြသဖြင့် ဦးလှကျော်သာမှာ အရမ်းဒေါသထွက်သွားသည်။



"အေး - အေး - ကောင်းကြပေါ့ကွာ။ သိပ်ကောင်း၊ သိပ်ကောင်း၊ မင်းတို့နှစ်ယောက် ငါ့အလုပ်မှာ ဒီထက်ပိုပြီး အနှောင့်အယှက်ပေးဖို့တော နောက်ထပ်မရှိကြတော့ဘူးလား ဟင်"

သစ်ထုတ်လုပ်ရေးမန်နေဂျာက ဒေါသတကြီး အော်လိုက်သောအခါ ဘမောင်မှာ ခေါင်းငိုက်စိုက်ကျသွားပြီး တျော်စံကမူ အရှိအတိုင်း အမှုအရာနှင့် မန်နေဂျာရှေ့မြေပြင်မှာ စိတ်ပျက်လက်ပျက်ပုံနှင့် ဖင်ထိုင်ချလိုက်သည်။

မန်နေဂျာစိတ်ဆိုးမည်ဆိုကလည်း ဆိုးရာပင်။ စခန်းပြောင်းရာတွင် စိတ်အချရဆုံးဖြစ်သော ဤဆင်ဦးစီးနှစ်ယောက်ကို အားကိုး၍ မန်နေဂျာက သူကိုယ်တိုင် ရွေးချယ်ထားသူနှစ်ဦးဖြစ်သည်။ တခြားဆင်များနှင့် ဆင်ဦးစီးများမှာ ...သော သုံးလေးရက်ကပင်စခန်းပြောင်းသွားကြပြီးဖြစ်ရာ မန်နေဂျာ...ကျော်သာမှာလက်ရှိဆင်သမားနှစ်...တို့သာ အရမ်းဒေါသဖြစ်သွား...

"တဲ - ဆိုစမ်းပါဦးကွ - ဘမောင်တို့...ဆင်က ဘာဖြစ်လို့စခန်းပြောင်း...လိုက်နိုင်ဖြစ်ရတာလဲ"

ဦးလှကျော်သာက သတင်းလာပို့သူနှစ်ယောက်ထဲက ဘမောင်ကို အရင်မေး၏။

"ကျွန် - ကျွန်တော့် ဆင်မှန်တွေ ရုတ်တရက်ကျလာပြီး အနားကို တပ်မရ လောက်အောင် ဆိုးနေလို့ပါ ဝန်ထောက်မင်း"

"နို့ - ဒီနေ့ ဒီရက်မှာ စခန်းရွှေ့ရမယ်ဆိုတာ ဟိုသုံးလေးရက်ကတည်းက ငါ ကြိုပြောထားလျက်နဲ့ မင်းတြွပ်တြွပ်မတ်မတ် မကြည့်ဘူးလားကွ။ ဒါမှမဟုတ်ရင်လည်း တစ်ရက်နှစ်ရက်အလိုက မှန်စမှန်းနမြင်ရင် မင်း ငါ့ကို လာပြောပါလား။ စခန်းပြောင်းမယ့်ရက် ရွှေ့တန်ရွှေ့ရမယ်။ ခုတော့ - ဒီမနက်ကျမှ ငါက ဘယ်လိုလုပ်ရတော့မှာလဲ၊ ဒါမှမဟုတ် မင်းတို့စရိုက်ဝန်ကို မင်းတို့ကိုယ်တိုင် သံတော်ဦးသွားတင်ကြမှာလား"

"ကျွန်တော်လည်း အထူးဂရုစိုက်ပါတယ် - ဝန်ထောက်မင်း။ မနေ့ညက ဒီကောင့်ကို စခန်းမှာ ထားသိပ်ပြီး သေသေချာချာ ကြည့်တုန်းကလည်း ဘာမှန်ရိပ်မှန်သွေးမှ မရှိဘဲနဲ့ ခုမနက်ကျမှ မှန်တွေ ယိုလာပြီး အရက်နဲ့ကလည်း တထောင်းထောင်းနဲ့ ဘယ်လိုမှ ထိန်းမရလောက်အောင် သောင်းကျန်းနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေး - သိပ်ကောင်းပေါ့ကွာ"

မန်နေဂျာဦးလှကျော်သာက သက်ပြင်းတစ်ချက်ကို ပင်ပန်းကြီးစွာချပြီး ညည်းလိုက်၏။

"ကျွန်တော့်အထင် စခန်းပြောင်းကြရတော့မယ်ဆိုတော့ အရက်ဝိုင်းတွေတလည်း တစ်ညလုံးလိုလို ဆိုတော့ ဒီတောင်ကြီးကို ဟိုလူတစ်ခွက်၊ ဒီလူတစ်ခွက် အရက်တွေ ဝိုင်းတိုက်ကြလို့ ခုလိုမှန်ဝင်လာ..."

"တော် - တော် - မင်း စောစောကပြောတော့ စခန်းနားတောင်ခေါ်ပြီးကြပ်ကြပ်မတ်မတ် ဂရုစိုက်ပါတယ်ဆိုကွ၊ ဘာလို့ အရက်ဝိုင်းတိုက်ကြတာ မဟန့်တားလဲ၊ ဒီဆင်က မင်းဦးစီးပဲမဟုတ်လား။ ငါ-တယ်-တောက်"

ဦးလှကျော်သာကဘမောင်၏မျက်နှာကို လုံးဝမကြည့်ချင်လောက်အောင် စိတ်ပျက်ဒေါသထွက်ကာ အော်ငေါက်ဝင်လိုက်၏။

အမှန်က စခန်းနားခေါ်သိပ်မိသည်တဝင် သူ့အမှားဖြစ်သွား၏။ အရက်ဝိုင်းတလှုများနှင့် သူ့ဆင်ထားရာက နီးနီးလေး။ သို့သော် မန်နေဂျာက သူ့ကို မအော်စဖူး ဒေါသနှင့် အော်သဖြင့် သူပြန်မပြောဝံ့တော့။ ကြက်ကြီးလည်လိမ်ထားသလိုသာ မန်နေဂျာရှေ့မှာ ငုတ်တုတ်ထိုင်နေ၏။

"ကဲ - ကျော်စံ - မင်းဆင် မိုးကြိုးအခြေအနေကကော"

"ကျွန် - ကျွန်တော့် ဆင်ကလဲ ခုတော့ ဒီလို"

ဘမောင်ကိုမန်နေဂျာအော်ငေါက်ထားသောအရှိန်ကြောင့် ဆင်ဦးစီးကျော်စံမှာလည်း အယောင်ယောင်အမှားမှားဖြစ်သွားရာသည်။

"ဘာကွ - မင်းဆင်ကလဲ မှန်ကျနေပြန်ပလား"

"မ - မဟုတ်ပါဘူးဝန်ထောက်မင်း။ ကျွန်တော့်ဆင်က ဖြောင့်စူးထားတာပါ။ ဟိုတစ်နေ့ကတောင် ဝန်ထောက်မင်းသစ်တဲရုံးထဲ ကျွန်တော် မဲနယ်လာရာသေးလို့ ဝန်ထောက်မင်းက မေးပါသေးတယ်၊ ကြခတ်ဆူးစူးနေတယ်ဆိုတာဝန်ထောက်မင်းကိုကျွန်တော် အစီရင်ခံထားဖူးပါတယ် ခင်ဗျာ"

ကျော်စံပြောသည်မှာ အမှန်ပင်ဖြစ်၏၊ ယခင်နှစ်ရက်လောက်က သူ့ဆင်မိုးကြိုးကို စခန်းနား၌ လွှတ်ထားစဉ် ကြခတ်ရုံတောထဲ သွားတိုးလာသဖြင့် ခြေထောက်တစ်ဖက်မှာ ကြခတ်ဆူးစူးလာ၍ အနာဖြစ်နေသည်ဟု ပြောပြီး မဲနယ်လာတောင်းသွားသေးသည်။

ဤသည်တို့ကြောင့် လည်း ယခုတိစ္စမှာ ကျော်စံ၌ လုံးဝအပြစ်မရှိဟု မန်နေဂျာက ယူဆသည်၊ သို့သော် ဖြစ်နိုင်လို ဖြစ်နိုင်ငြား ကျော်စံကိုလည်း မန်နေဂျာက ခေါ်မေးကြည့်ရခြင်းဖြစ်၏။

"ကြခတ်ဆူးလေးစူးတာနဲ့မင်းဆင်ကိုလည်း ဝန်တင်လို့တောင် မရပြန်ဘူးပေါ့ ဟုတ်လား"

ဆင်ဦးစီးတို့မှာ သူတို့ဆင်များကို အားသမီးများလို ညှာတာတတ်မှန်းတော့ သစ်တောမန်နေဂျာ ဦးလှကျော်သာသိ၏၊ သို့သော် ရလိုရငြား မေးရခြင်းသာ၊

"ကြခတ်ဆူးစူးတာ အနာပြည်တည်နေလို့ မနေ့ကမှ ညှပ်သွင်းပြီး ခွဲထားရတာ ခင်ဗျာ၊ မိုး - မိုးကြိုးက ဘယ်လိုမှ လမ်းမလျှောက်နိုင်သေးပါဘူး"

"တော်ပါပြီကွာ"

ယခု ပြောင်းကြရမည့်စခန်းမှာ ဝန်စည်စလယ်များကို ဆင်နှင့်မတင်လျှင် ဘယ်လိုမှမဖြစ်သလို စခန်းပြောင်းလာကြသည့်ဤနေ့ဤရက်ကိုလည်း ခရိုင်ဝန် (ခရိုင်မန်နေဂျာကြီး)ယိ ကြိုတင်ကြေညာထားပြီးဖြစ်ရာ ကြိုးဝိုင်းဖျား အစွန်အဖျားကိုအလုပ်သမားများသည် နံနက်ဝေလီဝေလင်းအချိန်ကပင်ကိုယ့်အထုပ်ကိုယ်ထမ်း၍ စခန်းမှ အလျိုလျို ထွက်သွားကြပြီးဖြစ်သည်။ ထိုအထဲတွင် သစ်ခေါင်းကြီး ဦးဖေကြည်နှင့် တောခေါင်းချောင်းခေါင်းတို့လည်း ပါသွားကြလေပြီ။

မန်နေဂျာတို့အဖွဲ့သည် ယနေ့အထက် သပြေစခန်းသို့အချိန်မီရောက်မသွားလျှင် အားလုံးသောအလုပ်သမားတွေမှာ ဗရိဗရဲဖြစ်၍ နောက်တစ်နေ့မနက် အလုပ်ခွင် ဝင်နိုင်ကြမည်မဟုတ်ပေ၊ ပြီး - ဖြောင့်စူးနေသော ဆင်တစ်ကောင်အနေမှာ အနည်းဆုံးအလုပ်နားရက်လေးငါးရက်ဖြစ်ပြီးမှန်ကျနေသောဆင်ကိုမူ မှန်ရိုပ်မှန်သွေးမပျောက်ချင်း ဘယ်လိုမှ အလုပ်ခိုင်း၍ မရနိုင်ပေ။ ထို့ကြောင့် ထုပ်ပိုးပြီး စခန်းရှေ့တွင် ပုံထားသော ဝန်စည်စလယ်များကို အထပ်ထပ်အခါခါကြည့်ပြီး ဦးလှကျော်သာမှာ စိတ်ဆိုး၊ စိတ်အိုက် ဖြစ်နေသည်။

"ကဲ - ဒါဖြင့် - ဒီနေ့အဖို့တော့ ဒီပစ္စည်းတွေဒီနေရာက ဘယ်လိုမှရွှေ့နိုင်ကြတော့ဘူးပေါ့ကွာ - ဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com

ဆင်ဦးစီးနှစ်ယောက်ဖြစ်သော ဘမောင်နှင့် ကျော်စံတို့ကို မန်နေဂျာက ထပ်၍ မေးခွန်းထုတ်လိုက်သောအခါ နှစ်ယောက်စလုံးမှာ ဘယ်လိုမှ ပြန်မပြောနိုင်ကြတော့ဘဲငိုင်သွားကြသည်။ အတန်ကြာမှကျော်စံက မန်နေဂျာမျက်နှာကို မဝံ့မရဲ တစ်ချက်မော့ကြည့်ပြီး -

"ဒါ - ဒါကို ကျွန်တော် တစ်ခုတော့ အကြံပေးချင်ပါတယ် - ဝန်ထောက်မင်း။ ကျွန်တော့်ဆင် မိုးကြိုးက ဒဏ်ရာနဲ့မို့ ဘယ်လိုမှ လမ်းမလျှောက်နိုင်ပေမယ့် မှန်တူနေတဲ့ဆင်ကိုတော့ မှန်ကို နိုင်အောင် ထိန်းပြီး စီးမယ်ဆိုရင် ရနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ မှန်ဆိုတာ ..."

ကျော်စံ၏စကားကြောင့် ဦးလုကျော်သာ၏ မျက်နှာမှာ ရုတ်ခြည်း ဝေတတီအတိုင်း ပြန်ဖြစ်သွားသလို ဘမောင်၏မျက်နှာမှာတော့တစ်မုဟုတ်ချင်း ရှုံ့မဲ့သွားလေသည်။ ပြီး - သူ့အား ဆင်ဦးစီးအချင်းချင်း ချောက်တွန်းရပါ့ မည်လားဟု ရှုံ့ရှုံ့ရှုံ့ရှုံ့လည်း ဖြစ်သွားပြီး -

"ကျော် - ကျော်စံ၊ မင်းဟာလေ အချင်းချင်း ချောက်တွန်းတဲ့နေရာမှာ တော့ ရှာမှ ရှားပဲကွ။ ဒီလိုမှန်ပြင်းနေတဲ့ စွယ်ပြောင်ဆင်ပေါက်ကြီးတစ်ကောင်ကို ကြံဖန်စိုင်းရအောင် ဘယ်ဦးစီးက စီးပေးဝံ့မှာလဲ"

ဘမောင်က ကျော်စံ၏မျက်နှာကို စေ့စေ့ကြည့်၍ အော်ပစ်လိုက်၏။

"ဒါကတော့ ဖြစ်ပျက်နေတဲ့အခက်အခဲနဲ့ ဖြစ်နိုင်တဲ့လမ်းကို ကျုပ်က ပြောတာပါဗျ။ ခင်ဗျားဆင် ခင်ဗျား မစီးရဲတိုင်း ကျုပ်ကို ချောက်တွန်းတယ်လဲ - ဘာ - ညာ မပြောပါနဲ့"

ဘမောင်က ကျော်စံကိုမကျေမနပ်နှင့် ဖျတ်ခနဲ တစ်ချက် ဒေါသနှင့် လှမ်းကြည့်လိုက်၏၊ ထိုစဉ်မှာပင် ကျော်စံက -

"ကျုပ်ဆင်သာဆိုဒီလောက်မှန်ကို စီးပြီး ဝန်ထောက်မင်းတို့ ဆန္ဒအတိုင်း စခန်းပြောင်းပေးလိုက်မှာပဲ"

ဟုတစ်ကိုယ်တည်းညည်းသလိုလိုနှင့် ပြောလိုက်၏။

ဘအောင်ဆီကမူ ဘာစကားတစ်ခွန်းမှ ထွက်မလာတော့၊ ထိုအခါ မန်နေဂျာက -

"နေပါဦးကွ - ကျော်စံရေ့၊ ဘမောင်ဆင်ငွေမိုးကမင်းပြောသလိုအခြေအနေမျိုးကော ရှိနိုင်လို့လား"



"ဟာ - ရှိပြီလား - ဝန်ထောက်မင်း။ ထူးပြတ်ထွက်လောက်အောင် အာမံသောက် အခြေအနေဆိုးတဲ့ မှန်မျိုးမှ ဟုတ်တာ၊ အရက်ကြောင့်ယာယီခဏ မှန်မျိုးနေမှာပါ။ မှန်ယိုတာတောင်ဟုတ်ချင်မှ ဟုတ်မှာ၊ သူ့ဦးစီးစကားအရဆို အရက်မူးပြီး ကြမ်းပြနေတာကို ..."

"အေး - အေး - မင်းကဒီနေရာတင် ထိုင်ပြီး လူစွမ်းကောင်း အစွမ်းပြစကား တွေကြွပ်ကြွပ်ပြောနေ၊ ငါတို့တစ်မနက်လုံး အမျိုးမျိုး ကြံဖန်ပြီး ပုခက်ကလေး ဆင်နိုင်ဖို့ကြိုးစားခဲ့ကြတာဆယ်ခါထက် မနည်းတော့ဘူး။ အနားကို လုံးဝအကပ် ခံတော့ဘဲ လူရိပ်မြင်တာပဲ လိုက်လိုက် အောင်းနေလို့ ထူးတောင်နှစ်ထပ် ခတ်ထားရတယ်ဆိုတာ မင်းမှမသိတာ"

"ခက်ခက်ဗျာ - ဒီလိုဆင်မျိုး မှန်ကို သာ နိုင်အောင်ထိန်းနိုင်ရင် ခိုင်းလို့ရ တော်တာမှ ဟိုဘက်ကမ်းတောင် လွန် သွားမှာ ဟာကအလုပ်လုပ်ဖို့မှမဟုတ်ပဲ၊ မနည်းသယ်ရုံလောက်တင်ပဲဟာ"

အမှန်ဆိုရမူ ဤလိုအကြပ်အတည်း မျိုးတွင် ကျော်စံသည် အလွန်အားကိုး ထိုက်သော ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်သည်ကို မန်နေဂျာရှာ ကောင်းစွာသိထားသူတစ်ယောက် ဖြစ်လေသည်၊ အခြေအနေမှာလည်း ဤဆင်တစ်ကောင်နှင့် ဤဆင်သမားနှစ်ယောက်သာရှိသဖြင့်ဦးလုကျော်သာတ ဖြစ်နိုင်၏မဖြစ်နိုင်၏ဆိုသည်ကိုကျော်စံ အား ထပ်၍ မေးခွန်းထုတ်လိုက်ပြန်၏။

"ကဲ - ငါတစ်ခုမေးမယ်ကွ ကျော်စံ၊ တကယ်လို့ဘမောင်ကသာစီးခွင့်ပြုမယ်ဆိုရင် ဘမောင်ဆင် ငွေမိုးကို မင်းစီးပြီး ဆရာတို့ကို စခန်းပြောင်းပေးနိုင်မလား"

"ဒါကတော့ သူ့ဆင်မှ သူ မစီးရဲဘူးဆိုရင် ကျွန်တော်ပဲ စီးပေးရမှာပေါ့ - ဝန်ထောက်မင်း။ အခြေအနေအရတို့က ..."

"ဟား - ဟား"

"ဟေ့ကောင် - ရယ်မနေနဲ့၊ ဒီမှာငါ ပြောမယ်၊ ကျော်စံက မင်းဆင်တို့ မှန်ထိန်းပုခက်တင်ပြီး ငါတို့ကို စခန်းပြောင်း ပေးပါ့မယ်ဆိုရင် မင်းကတော မင်းဆင်ကို စီးခွင့်ပေးမယ်ဆိုပါတော့"

"စီးမယ့်လူက စီးပေးဝံ့ပါတယ်ဆိုတော့မှ ကျွန်တော်က ဘာခွင့်မပြုနိုင်စရာ ရှိပါ့မလဲ - ဝန်ထောက်မင်း။ ဒီလိုဆိုရင် စီးပါ၊ ကျွန်တော် ခွင့်ပြုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု တစ်ဆက်တည်းမှာပင် –

"ဟေ့ကောင် – မင်းသေသေချာချာ လိုက်ကြည့်ပြီးမှပြောတာ ကောင်းတယ် နော်၊ အခြေအနေမမြင်ရဘဲသောက်ရမ်း အာမခံနေတာက ဘာသဘောလဲ၊ မင်း ဆင်ဆိုးစီးရာထူးကို ဝန်ထောက်မင်းတို့ ဆီက လိုချင်လို့ အပြောမျိုးတော့ လာ မချိုးနဲ့နော်၊ ငါ့ငွေမိုးက ဆင်ဆိုးလည်း မဟုတ်ဘူး"

ဆင်ဆိုးစာရင်းပေါက် ဆင်များကို စီးသူများမှာ လခပိုရကြသည်၊

"ငွေမိုးဟာ ဆင်ဆိုးမဟုတ်လို့ပဲ ပါတာ..."

ဆင်ဦးစီးနှစ်ယောက်မှာ မန်နေဂျာ ရှေ့၌ပင် သူတင်ကိုယ်တင် ဖြစ်နေကြ သဖြင့် သခင်တလို ခင်ဗျား၊ ကျွန်တော် ဝင်မပြောကြတော့ဘဲ မင်းနှင့်ငါနှင့် ဖြစ် လာကြ၏၊ ဤသည်ကို မန်နေဂျာ ဦးလှကျော်သာက –

"ကဲ – ငါ့တပည့်တို့၊ မင်းတို့ တစ် ယောက်နဲ့တစ်ယောက်အခြေအတင်လဲ ပြောမနေကြနဲ့တော့ကွာ၊ ဖြစ်နိုင်၊ မဖြစ် နိုင် – ကျော်စံ မင်းလည်းလိုက်ကြည့်ဦး၊ ကဲ – လာကြ၊ ဆရာပါလိုက်ကြည့်မယ်"

ဟု ပြောကာ ဘမောင်နှင့် ကျော်စံ တို့ကို ဘမောင်ဆင် ငွေမိုးရှိရာသို့ ခေါ် လာလေသည်၊

⅄⅄⅄

ဘမောင်ဆင် ငွေမိုးကြီးမှာ ရှစ်ပေ ကျော်မြင့်သော စွယ်ပြောင်ဆင်ပေါက် ကြီးဖြစ်သည်၊ ဦးလှကျော်သာတို့အဖွဲ့ကို မြင်သည်နှင့် ဖူးဖူးဝါးဝါး တစ်ချက်အော် လိုက်သည်၊ ဤသည်မှာ လူများကို ရန် ရှာရန် စိန်ခေါ်ခြင်း ဖြစ်နိုင်သလို သူ့ဦးစီး ဘမောင်ကိုနှုတ်ဆက်တာလည်းဖြစ်နိုင် သည်ဟုကျော်စံကချက်ချင်းတွက်လိုက် လေသည်၊

ကျော်စံသည် ရွှန်းအစား တောသုံး ဓားမြှောင်နှစ်လက်ကို ခေါင်းပေါင်းလာ သော ပုဆိုးဟောင်းတစ်ထည်နှင့် မြဲမြဲ နိုင်နိုင် ချည်စည်းပြီး ဘမောင်ဆင် ငွေမိုး အနားကိုတစ်လှမ်းချင်းတိုးသွားလေ၏၊ ဦးလှကျော်သာ ဘမောင်နှင့် လူအားလုံး မှာ အသက်ပင် မရှူမိကြဘဲ ကျော်စံကို သာ ရင်တမမနှင့် ငေးကြည့်နေကြ၏၊

ငွေမိုးကြီးမှာ ရှိးရိုးသားသားပကတိ အချိန်အခါမျိုးတွင် အလွန်သဘော ကောင်းသော သတ္တဝါကြီးဖြစ်သော် လည်း ယခုအခါမှန်စိတ်၊ မှန်သွေးကြွနေ သဖြင့် အတော်ဆိုးသွမ်းနေကြောင်း သိ သာသည်၊ သူ့နှာမောင်းနှင့် လှမ်းမီသော အရာဝတ္ထုမှန်သမျှကို ချိုးဖဲ့နင်းချေထား သည်မှာ သူ့ပတ်ဝန်းကျင်၌ ရစရာမရှိ လောက်အောင် ကျိုးပဲ့ရှုပ်ပွနေသည်၊ ခပ်လှမ်းလှမ်းတွင် သစ်သားပုခက်တစ် ခုမှာလည်း တုံးလုံးပက်လက်နှင့် ဖောက် ထိုးမိုးမျှော် ဖြစ်နေသည်၊

အကာယ်၍သာ နောက်ခြေနှစ်ဖက် လုံးကို မျှော့ကွင်းဘူးလည်စည်းပြီး ထူး ခတ်ကာ ကြီးကြီး လေးဝါးပင်နှင့် လူတစ် ဖက်ခန့်ရှိသော သစ်ပင်ကြီးတစ်ပင်တွင် ချည်နှောင်တည်းထားခြင်းသာ မရှိပါက လူအုပ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ထိုး သတ်ရန် ပြေးချလာမည်မှာ မုချပင်၊

ကျော်စံသည် ငွေမိုး၏အရိပ်အခြေ ကို ခြေလှမ်းတုံ့၍ ကိုယ်ကိုညွတ်ကာ အကဲခတ်နေသည်၊ ငွေမိုးကလည်း "ဖူး..." ခနဲတစ်ချက်သံရှည်ဆွဲ၍ပြန်အော်လိုက် သည်၊ ပြီး – ငွေမိုးအနားကို ချက်ချင်း ကပ်သွားလိုက်၏၊

ကျော်စံ သူ့အနားကို ချဉ်းကပ်လာ သည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ငွေမိုးကြီးသည် ထူးကြီးတစ်ဆုံး ပြေး လိုက်လာပြီး နှာမောင်းကြီး တယမ်းယမ်း နှင့် ကျော်စံကို ဖမ်းဆွဲရန် စတင်လှုပ်ရှား လာတော့သည်၊ သို့သော် ကျော်စံတ လည်း ဝဲလာသော ငွေမိုး၏နှာမောင်းနှင့် သူ့ကိုယ်လုံးကို မချိတ်မိအောင် ပါးနပ် လိမ္မာစွာပင် ယိမ်းကပြပြီး ရှောင်ထိမ်း လှည့်ပြေးနေ၏၊ ထိုသို့ပြေးရှောင်နေရင်း ကလည်း "ဟေ့ကောင် – ငွေမိုး – တောင် နော်၊ ဟောင် – ဟောင် – မတ် – မတ်၊ ငွေမိုးမက်စမ်းကွာ" ဟုလည်း ပါးစပ်က တတွတ်တွတ် အော်ဟစ် အမိန့်ပေးနေ ၏၊

တစ်ဦးနှင့်တစ်ဦး ရန်သူဝဇာ စိန် ပြေးတမ်းကစားနေသလို နေကြရာမှ ကျော်စံက ဖူးဖူးရှူးရှူးအသံတစ်ခုကို ညှစ် အော်လိုက်သောအခါ ငွေမိုး၏ခြေလှမ်း နှင့် တယမ်းယမ်း လှုပ်လာသော နှာ မောင်းမှာ ရုတ်တရက် တုံ့ဆိုင်းသွားလေ သည်၊ စက္ကန့်ပိုင်းပင် မကြာလိုက် ရှေ့သို့ ပြန်ခတ်လာသော ငွေမိုး၏ နှာမောင်း များမှာ ကျော်စံက ချိတ်တွဲပါသွားလေ သည်၊

"ဟယ်" ခနဲ ဖြစ်သွားကြသော ဦးလှကျော်သာနှင့် ဘမောင်အပါအဝင်





www.burmeseclassic.com

www.burmeseclassic.com

လူတွေအားလုံးမှာ အထိတ်တလန့်ဖြစ်ထား နောက်တို့ ရုံတွတ်တုန်ကြသည်။ ထယ်ရနဲ့လူတွေလန့်အော်လိုက်ကြသံနှင့်အတူ ငွေမိုး၏အထိတ်တလန့် "ကျို" ခနဲအော်တစ်လိုက်သံကလည်း တုန်လှုပ်ချောက်ချားဖွယ်ရာ ကျယ်လောင်စွာပေါ်ထွက်လာလေသည်။ ကျော်စံသည် ခါးကြားတွင်ဝှတ်သူလာသောဓားမြှောင်တစ်လက်ကို ချက်ချင်းအသုံးချလိုက်ပြီးဖြစ်သည်။ လေထဲတွင် ယမ်းခါနေသော ငွေမိုး၏နာမောင်းပေါ်တွင် ခကာသာ ယိုးလေးခိုနေပြီး ကျော်စံ၏ ခြေနစ်ဖက်က ငွေမိုး၏ အစွယ်ရင်းနှစ်ဖက်ပေါ်သို့ ချက်ချင်းတချရောက်သွားလေသည်။ ထိုမှ တစ်ဆင့် ကျော်စံသည် မျောက်လွှဲကျော်တစ်ကောင်၏ပေါ့ပါးလျင်မြန်မှုအရှိန်နှင့် ငွေမိုး၏ ဦးကင်းထိပ်သို့ ချက်ချင်းဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။

ကျော်စံ၏ ဒုတိယဓားမြှောင်တစ်လက်က ငွေမိုး၏ ဦးကင်းထိပ်တစ်ဖက်ကို စိုက်စိုက်မတ်မတ် စူးဝင်သွားပြန်သောအခါ ငွေမိုးမှာ တစ်တောလုံးတစ်တောင်လုံး ပဲ့တင်ဟည်းသွားလောက်အောင် စူးစူးရှရှ လန့်အော်လိုက်လေသည်။ သူ့အား ကောင်းစွာ ချုပ်ကိုင်ထားပြီးဖြစ်သော သခင်ဦးစီးသည် ယခုအခါ သူ့ခေါင်းပေါ် ရောက်နေလေပြီ။ သူက ကလန်ကဆန်လုပ်နေလျှင် ပိုနာတော့မည်ကို သိသဖြင့် လုံးဝမလှုပ်ရဲတော့ပဲ ချက်ချင်း ငြိမ်ကျသွားလေ၏။

"ကဲ - ကဲ - ထူးအားလုံးဖြုတ်လိုက်ကြတော့ဗျို့"

ဆင်ငွေမိုးပေါ်က ကျော်စံ၏အောင်နိုင်သောအသံကြောင့် ရင်သပ်ရှုမောအံ့သြတကြီးဖြစ်နေကြသောဝန်ထောက်မင်းနှင့်တကွ ဘမောင်တို့ဆင်သမားများအားလုံးမှာ နောက်သို့မသိမသာ ရှဲသွားကြ၏။

"ထူးဖြုတ်ကြပါ" ဟု ကျော်စံက ဆိုသော်လည်း ရုတ်တရက် ငွေမိုးအနားကို မည်သူမျှ မကပ်ဝံ့ကြသေး။ သို့သော် ဆင်ပိုင်ရှင်ဖြစ်သော ဘမောင်ကမူ မရဲတရဲနှင့် သူ့ဆင်ငွေမိုးနှင့် ကျော်စံတို့အနားရောက်သွားပြီး "အိုက်လော၊ လာလေကွာ" ဟု နောက်လုံကိုင်တစ်ယောက်ကို အကူအညီတောင်းကာ ငွေမိုးကို ဝိုင်းဝန်းထူးဖြုတ်ပေးလိုက်ကြရသည်။



"မြင်ကွင်းမှာ ကြည့်မကောင်း၊ ရှုမကောင်း။ ငွေမိုးသည် ပုခက်တန်းလန်းနှင့် သောင်ပြင်တွင် ခြေလက်နာမောင်းတို့ တဆတ်ဆတ်တုန်ပြီး ညည်းတွားနေသည်။ ပုခက်ထဲတွင် တင်ယူလာခဲ့သော ရုံးသုံးပစ္စည်းတွေမှာလည်း ဆိုးရဲနှင့် သောင်ပြင်တစ်ခုလုံး ကြဲပြန့်နေ၏။

ထူးဖြုတ်လိုက်သည်နှင့် ကျော်စံသည် ရုံးအဖွဲ့နှင့်ရုံးပစ္စည်းတို့ရှိရာ သစ်တောသို့ ငွေမိုးကိုစီးချလာလေသည်။ ထိုအခါ ငွေမိုးပိုင်ရှင် ဘမောင်မှာ ဆင်ဦးစီးဘဝက လျောကျသွားပြီး နောက်လိုက်လုံ့ကိုင်အဖြစ်သာ ကျော်စံ စီးချသွားရာ ငွေမိုးနောက်ကို လိုက်လာရလေသည်။

ရုံးပစ္စည်းဝန်စည်စလယ်များတို့ ငွေမိုး၏ ပုခက်ပေါ် တင်ပြီးပြီးချင်း သူတို့အားလုံး စခန်းပြောင်းလာကြသည်။ ကျော်စံနှင့် ဘမောင်တို့မှာ မှန်လိုနေသော ငွေမိုးကို ကြပ်မတ်ထိန်းသိမ်း၍ ရှေ့က သွားကြသလို ကျန်လူတွေမှာလည်း နောက်တကောက်ကြပ်တွေ လိုက်ပါလာကြရသည်။ သို့သော် ကျော်စံ ထရကြမ်းစီးချသွားသော မှန်ဆင်တစ်ကောင်၏ ခြေလှမ်းကိုမူ ကျန်နေသူတို့မှာ မနေရှုံ့တစ်မည် လိုက်ပါလာကြရလေသည်။

▲ ▲ ▲

လမ်းတစ်ဝက်လောက် အရောက်တွင် ကျယ်ကျယ်လောင်လောင် ဆင်ဟည်းသံများကို ဦးလှကျော်သန်းနှင့် တကွ ရုံးအဖွဲ့သားများအားလုံး ကြား

www.burmeseclassic.com

လိုက်ကြသည်။ သို့သော် ဤလိုအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ကြရလိမ့်မည် ဟူ၍ တား မည်သူမျှ မထင်ခဲ့ကြ။ မုန်ကျနေသော ဆင်ငွေမိုးကို လူသစ်ဦးစီးကျော်စံတ ဦးကင်းပေါ် မားမြောင်နစ်လက်စိုက်တာ အတင်းအကြပ် မညှာမတာ စီးချသွားရာ သွေးအလိမ်းလိမ်းနှင့် ပါသွားသောငွေမိုးမှာ နာကျင်လွန်းသဖြင့်အော်တစ်ညည်းတွားခြင်းသာဟု ထင်ခဲ့ကြသည်။ ထို့ကြောင့်လည်း မည်သူကမျှ ဆင်ငွေမိုးနှင့်ဦးစီးသစ်ကျော်စံ၊ဘမောင်တို့ဆီ အလျင်အမြန် မလိုက်မိကြ။ ခြေလှမ်းမှန်မှန်နှင့်သာ ကညင်ချောင်းရှိရာဘက်သို့ လျှောက်လာနေကြသည်။ သို့သော် ကညင်ချောင်းနား သောင်စပ်အရောက်တွင် သူတို့အား ဆီးကြိုနေသောမြင်ကွင်းမှာ -

သောင်ပြင်တွင် ဘုန်းဘုန်းလဲ ညည်းတွားနေသော ဆင်ငွေမိုး၏အနားမှာ ဘမောင်က ငိုနေသည်။ ဓါးတစ်ဖက်ကို လက်နှင့်နှိပ်နေသော ဦးစီးသစ်ကျော်စံမှာလည်း ရှုံ့မဲ့နေသော မျက်နှာပေါ်တွင် မျက်ရည်စီးကြောင်းများနှင့်၊

ဦးလှကျော်သာသည် ရုံးအဖွဲ့သားများရှေ့က ပြေးထွက်သွားကာ ဘမောင်၊ ကျော်စံနှင့်ငွေမိုးတို့အနားကိုပြေးရောက်သွား၏။ မြင်ကွင်းမှာ ကြည့်မကောင်း၊ ရှုမကောင်း၊ငွေမိုးသည်ပုခက်တန်းလန်းနှင့် သောင်ပြင်တွင် ခြေလက်နာမောင်းတို့တဆတ်ဆတ်တုန်ပြီး ညည်းတွားနေသည်။ ပုခက်ထဲတွင်တင်ယူလာခဲ့သော ရုံးသုံးပစ္စည်းတွေမှာလည်း ဖရိုဖရဲနှင့် သောင်ပြင်တစ်ခုလုံးကြဲပြန့်နေ၏။

“ဟင် - ဘ - ဘမောင် - ဘယ်လိုဖြစ်ကုန်ကြတာလဲကွာ”

“ဟီး - ဟီး - ဟင်း - ဟင်း - မြင် - မြင်တဲ့အတိုင်းပါပဲ - ဝန်ထောက်မင်းရယ်၊ ကျွန် - ကျွန်တော့်ဆင် ငွေမိုးကို ရေဆင်ကိုက်လိုက်ပြီဗျ - ဟီး - ဟီး”

“ဟင် - မင်း ဆင်ကို ရေဆင်ကိုက်လိုက်တယ်”

“ဟုတ် - ဟုတ်ကဲ့ပါ - ဟီး - ဟီး”

ရုတ်တရက်မှု ဦးလှကျော်သာမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားသည်။ ဆင်တစ်ကောင် သေသွားလျှင် ထိုဆင်၏ သေမှုသေခင်းနှင့်ပတ်သက်၍ခရိုင်မန်နေဂျာကြီး(ယခင်သူတို့အခေါ် ခရိုင်ဝန်မင်းကြီး)ဆီကို ချက်ချင်းအစီရင်ခံစာ တင်ရမည်။ သူတင်လိုက်သော အစီရင်ခံစာကလည်း သေချာဖို့ လိုအပ်သည်။ ယောင်ဝါးဝါး တောရေး တောင်ရေး ရေးတင်၍မရ။ ခရိုင်မန်နေဂျာကြီးသည် ဆင်များနှင့်ပတ်သက်လျှင် မည်မျှအလေးအနက် ထားသည်ကိုလည်း မန်နေဂျာ ဦးလှကျော်သာ သူ့လက်အောက် ရောက်ကတည်းကပင် အသိဖြစ်သည်။

သူနှင့်တကွ သစ်တောကျောင်းဆင်း မန်နေဂျာလေးသုံးဦးသည် ဤတောင်စဉ်ခရိုင်သို့ တာဝန်ထမ်းဆောင်ရန် ရောက်လာကြတုန်းက ခရိုင်မန်နေဂျာကြီး ပြောလိုက်သောစကားကိုပြန်၍ကြားယောင်လာကာ မိုပြီး ဦးနောက်ခြောက်သွားပြန်လေသည်။

“တို့နိုင်ငံပိုင် ဆင်တွေနဲ့ပတ်သက်လို့ခင်ဗျားတို့ကို ကျုပ် အထူးမှာချင်တာတစ်ခုတော့ ငါတို့ သစ်ထုတ်လုပ်ရေးအနေနဲ့ ဆင်တွေဟာ ဘယ်လောက်အမိကကျတယ်ဆိုတာ ခင်ဗျားတို့အသိပဲ။ အဲဒီတော့ ဆင်အုပ်၊ ဆင်ခေါင်း၊ဦးစီးတွေကို ကြပ်ကြပ်မတ်မတ် ဦးဆောင်သွားနိုင်ဖို့က ခင်ဗျားတို့တာဝန်၊ ငါ့အနေနဲ့ ရှင်းရှင်းပြောရရင် ကျုပ်ခရိုင်မှာ ဆင်သေ၊ ဆင်ပျောက်တာ မကြားချင်ဘူး။ တစ်နှစ်တစ်နှစ်မှာ တစ်နိုင်ငံလုံးအတွက် သစ်ဆွဲဆင်ဆိုလို့ ဆယ်ကောင်၊ အကောင်နှစ်ဆယ်ရဖို့မလွယ်ဘူး။ ခင်ဗျားတို့ မန်နေဂျာဆိုတာတွေကတော့ သေသေပျောက်ပျောက် အရေးမကြီးဘူး၊ တစ်နှစ် တစ်နှစ်ကို သစ်တောသိပ္ပံက မန်နေဂျာလောင်းသင်တန်းသားဆိုတာ စိမ်ကိန်းအရလိုသလောက်မွေးထုတ်လို့ရတယ်။ သစ်ဆွဲဆင်တစ်ကောင်ရဖို့သာ မလွယ်တာ။ ဒါလဲ - ခင်ဗျားတို့ကို တော့ချောင်းတာ သင်ပေးလိုက်ပြီးသားမို့ ကျုပ် မပြောတော့ဘူး၊ ကဲ - ကဲ - ခင်ဗျားတို့ကို ကျုပ်ပြောချင်တာ အဲဒါပဲ၊ သွားကြတော့”

မန်နေဂျာဘယ်နှယောက် တောထဲတွင် ငှက်ဖျားမိ၍ သေသေ၊ သစ်ဆွဲဆင်တစ်ကောင် မသေစေနှင့်ဆိုသော ခရိုင်ဝန်မင်းကြီး၏စကားကို ယခု သူက ဖြေရှင်းရတော့မည်။ ထို့ကြောင့် ဆင်ဦးစီးသစ် ကျော်စံနှင့် ဘမောင်တို့ကို စိတ်မသက်မသာစွာနှင့် [illegible]ကြည့်ပြီး -

www.burmeseclassic.com

"မင်းတို့ဆင် ငွေမိုးကို ရေဆင်က ဘယ်လို ဘယ်လို ကိုက်လိုက်တယ်ဆိုတာလဲ ပြောပြကြဦးလေကွာ"

"ဖြစ်တာက ဒီလိုပါ - ဝန်ထောက်မင်း။ ဒီချောင်းနားရောက်လို့ ငွေမိုးကို ချောင်းဖြတ်ကူးခိုင်းတော့ ငွေမိုးက ချက်ချင်းမကူးဘဲ ချောင်းရေကိုနမ်းနမ်းကြည့်ပြီး ပြန်တက်ပြေးဖို့ လုပ်သေးတယ်။ အမှန်တော့ - အဲဒီကတည်းကပင် သတိထားဖို့ ကောင်းပါတယ်၊ ဒါပေမဲ့ - ဒီတောင် ခုမှ ဖောက်လာတယ် ထင်မိတာတို့။ ဒီချောင်းရေထဲမှာ ရေဆင်ရှိနေတယ်ဆိုတာ ဟိုတုန်းကလဲ ပြောသံကြားဖူးတော့ မသိပါဘူး။ ရေဆင်ရှိလို့ ကြောက်ရွံ့တကြီး ကြမ်းလာတဲ့ ငွေမိုးကို မုန်စိတ် ဖောက်လာတယ်ထင်ပြီး ဝိုင်းထိန်းကြတယ်၊ ဒီလိုနဲ့ ချောင်းရေထဲဆင်းဘဲ ပေကတ်ကတ်လုပ်နေတဲ့ ငွေမိုးကို ဘမောင်ကလည်း နောက်က လှံချက်ပေး၊ ကျွန်တော်ကလည်း ချွန်းပေးတဲ့ အပြင် တားမြောင်ပါသုံးလိုက်တော့ ငွေမိုးခမျာ မဆင်းရဲ ဆင်းရဲနဲ့ ချောင်းရေထဲ အတင်းဆင်းရတော့တာပဲ၊ လောလောဆယ် သူ အနာမခံနိုင်လို့ ရေထဲ ဆင်းသွားရတဲ့ ငွေမိုးဟာ ရေလယ်တောင် မရောခဲ့ပါဘူး။ အထိတ်တလန့်အော်ဟစ်ပြီး သောင်ပြင်ပေါ် ပြန်တက်ပြေးလာပါတယ်၊ ခြေလှမ်းဆယ်လှမ်းတောင် မပြည့်ပါဘူး။ သောင်ပြင်ပေါ်မှာ ဘုန်းဘုန်းလဲကျသွားတာပါပဲ၊ ကျွန်တော်လည်း ဆင်ပေါ်ကအကျမှာ ပုခက်စောင်းနဲ့ ရိုက်မိလို့ ခါးနာသွားပါတယ်၊ ဒါတောင် ခုန်ချတာ မြန်လို့၊ နို့မို့ဆိုရင် ဆင်ကိုယ်လုံးနဲ့ ပိပြီးသေပြီ"

ဦးစီးသစ် ကျော်စံ၏ စကားအဆုံးမှာဦးလှကျော်သာက ငွေမိုးဆီ တစ်ချက်လှမ်းကြည့်လိုက်၏။ စောစောက တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေသော ငွေမိုးမှာ သူတို့မျက်စိအောက်၌ပင် အသက်ဇီဝိန်ချုပ်သွားလေပြီး လုံးဝလှုပ်ရှားမှုကို မမြင်ရတော့။

ဆင်ဦးစီး ဘမောင်၏ ဝေါခနဲ ငိုချလိုက်သံက ဦးလှကျော်သာ၏ရင်ထဲမှာ ငလျင်လှုပ်လိုက်သလို ခံစားလိုက်ရသည်၊ ရေဆင်ကိုက်၍သေသော ဆင်များကို ယခင်က လူပြောသူပြောသာ ကြားဖူးသော ဝန်ထောက်ကလေး ဦးလှကျော်သာမှာ ယခုတော့ကိုယ်တွေ့ ကြုံနေရပြီ၊ သို့သော် ...



စခန်းအပြောင်းတွင်ကညင်ချောင်း ဖြတ်ကူးစဉ် ဆင်ငွေမိုးကို ရေဆင် တ်၍ သေသွားပါသည်ဆိုလျှင် ခရိုင် င်းကြီးက လက်ခံပါမည်လော။ သူ သစ်ထုတ်လုပ်ရေးက မန်နေဂျာများ သည်းရေဆင်ဆိုသလိုအယုံအကြည် တြသူက များ၏။ ထို့ကြောင့် ယခု င်ငွေမိုး သေသည့်ကိစ္စမှာ ဆင်ဆရာဝန်၏ အဆုံးအဖြတ်၌သာ တည်တော့သည်၊

ထို့ကြောင့် မန်နေဂျာ ဦးလှကျော်သာသည်ဆင်ဆရာဝန်ဦးကျော်သောင်းကိုသာ အပူတပြင်း အခေါ်လွှတ်လိုက်ရသည်၊ ဆင်ဆရာဝန် ဦးကျော်သောင်း ရောက်လာမှဤပြဿနာကရှင်းပေမည် မဟုတ်ပါလား။

⇨ **မိုးကျော့**

## ဆေးမြီးတိုများ

➢ **ဒူလာသရောဂါ**

ဆီးဖြူသီး၊ နနွင်းဥကြီးနှစ်ပါး အမှုန့်ကြိတ်၍စားပါ။ (ဆီးသွားရာ အခါခါ ကိုက်ပြီး အဖြူဖတ်များပါသောရောဂါ)

➢ **ဒူလာသွေးဝမ်းကျ**

ဆီးဖြူသီးခြောက်ကို ငါးရှဉ့်သားနှင့် ချက်စားပါ။

➢ **ဒူးခေါင်းကြီးရောဂါ**

ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။

➢ **နားကိုက်**

ပင်လယ်ကသစ်ပွင့်သတ္တုရည်ကို နားထဲသို့ခတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



6

ခေါင်းတုံးပေါ် ထိပ်ကွက်၊
မြွေမြွေချင်း ခြေမြင်ကြသည့်
အရိုက်သမားတို့အကြောင်း ..

လှည်းကူးမြို့အောင်

"ဥတ္တိုရဲဘာက်စခန်း" တွင်ဖြစ်သည်။ ချစ်သဲထံသို့ ဧည့်သည်တစ်ယောက် လာတွေ့သည်။

"ချစ်သဲ" ဆိုသည်က ဖောက်ထွင်းဝိဇ္ဇာ၊ သူတို့လောကတွင် "လျှပ်တစ်ပြက်ချစ်သဲ" ဟုဆိုလျှင် မသိသူမရှိ၊ သခု ဖောက်ထွင်းမှုနှင့် (၂)နှစ် အပြစ်ပေးခံရသူဖြစ်သည်၊ ဤ ဥတ္တိုရဲဘက်စခန်းသို့ ရောက်လာသည်မှာ ကိုးဝတ်မျှသာ ရှိသေးသည်၊

လာတွေ့သောဧည့်သည်က ချစ်သဲတစ်ခါမှုမတွေ့ဘူးသော လူစိမ်း၊ အမည်ကား "ထွန်းမြတ်"၊

နေ့လယ် ထမင်းစားချိန်ဖြစ်သည်၊

ခပ်လှမ်းလှမ်းရှိ ဝါးရုံရိပ်တွင် သူတို့နှစ်ယောက်ဆုံမိကြသည်၊ အတော်လှမ်းလှမ်းတွင် အကျဉ်းဝန်ထမ်းတစ်ဦး စောင့်နေသည်၊ သို့သော် သူတို့ပြောသော စကားများကို ကြားဟန်မတူ၊ ချစ်သဲ နားထောင်နေပုံလည်းမရ။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းမြတ်က စပြောသည်။

"ကိုချစ်သဲကို အမှုစစ်နေတဲ့တစ်လျှောက်လုံးရုံးမှာ ကျွန်တော်ရှိနေတယ်လေ"

"ဘာဖြစ်လို့ပါလိမ့်"

"ဒီလိုလေ - အဲဒီပြစ်မှုကို ကိုချစ်သဲကျူးလွန်တာမှ မဟုတ်ဘဲ၊ ဒါကိုသိတာတလည်းကျွန်တော်တစ်ယောက်တည်းပဲလေ"

ချစ်သဲ အံ့ဩသွားသည်။

"ဒီပြစ်မှုကို ကျုပ်မကျူးလွန်ဘူးလို့ ခင်များ ဘယ်လိုသိသလဲ"

"ခင်များကို မဆွဲခင်ကတည်းက ကျွန်တော် သိနေတာပဲ၊ ဘာ့ကြောင့်လည်းဆိုတော့ အဲဒီဖောက်ထွင်းမှုကို အမှန် ကျူးလွန်သူက ကျွန်တော်လေ"

"ဗျာ - ဘာ - ဘာ"

ချစ်သဲ အတော်တုန်လှုပ်သွားသည်။ ဘေးဘီကို လျှပ်တစ်ပြက် အကဲခတ်လိုက်သည်။ အကျဉ်းဝန်ထမ်းက သူတို့ထံတွင် အာရုံရှိဟန်မတူ။

"ကျုပ်ဆီကို ကိုထွန်းမြတ် ဘာကြောင့်ရောက်လာရတယ်ဆိုတာ မပီပြင်သေးဘူး"

ကိုထွန်းမြတ် တစ်ချက်ပြုံးလိုက်သည်။

"ဒီမှာကိုချစ်သဲ - အခု ဖောက်ထွင်းမှုက ခင်များကျူးလွန်တာလည်းမဟုတ်ဘူး။ ရုံးတော်မှာလည်း မျက်မြင်သက်သေပြနိုင်သူမရှိဘူး၊ ခန့်မှန်းခြေအထောက်အထားလေးတွေနဲ့ တရားရုံးကို တင်တယ်၊ တရားရုံးက ဆုံးဖြတ်တယ်၊ ဒါကိုလဲ ခင်များက မငြင်းဘူး။ ခင်များ မကျူးလွန်လိုက်ရတဲ့ ပြစ်မှုအတွက် ခင်များကလဲ ကန့်ကွက်ချင်ပုံမရဘူး။ ခင်များရဲ့ဥပဒေ အကျိုးတော်ဆောင်ကလည်း သိပ်ထက်ထက်မြက်မြက်မရှိလှဘူး။ ခင်များကလဲ နှုတ်ဆိတ်နေတယ်"

"ဒီတော့ ..."

"ဒီတော့ - တခြားလူတွေအတွက် အံ့ဩစရာမဟုတ်ပေမယ့်ဒီဖောက်ထွင်းမှုကို ကျူးလွန်ခဲ့တဲ့ ကျွန်တော့်အနေနဲ့တော့တွေးစရာတစ်လေ့ကြီးဖြစ်လာတယ်"

ထွန်းမြတ် ဘေးဘီသို့ တစ်ချက် အကဲခတ်ပြီး ဆက်ပြောသည်။

"တကယ်တော့ - ဖော့ကန်မှာ ဒီဖောက်ထွင်းမှုဖြစ်နေချိန် တိုက်တိုက်ဆိုင်ဆိုင်ပါရမီမှာ သိန်းသုံးရာကျော်တန် လက်ဝတ်ရတနာတွေ ဖောက်ထွင်းခံရတယ်လို့ သတင်းတွေ ရလာတယ်လေ။ ဒီတော့ဖော့ကန်ဖောက်ထွင်းမှုအတွက် သံသယနဲ့ လာဖမ်းချိန်မှာ ကိုချစ်သဲက ချောလဲရောထိုင် လုပ်ပစ်လိုက်တယ်၊ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးပစ်လိုက်တယ်၊ ဆန်ခိုးကို ဖွဲခိုးနဲ့ ချေပစ်ခဲ့တယ်"

"လိုရင်းတိုရှင်းပြောဗျာ - ကိုထွန်းမြတ်"

"ဟုတ်ကဲ့ - လိုရင်းကို ရောက်ပါပြီ၊ အဲဒီလက်ဝတ်ရတနာသိန်းသုံးရာကျော်နဲ့ တစ်သက်လုံး စံစားနေနိုင်ဖို့အတွက် အခု ခင်ဗျားက (၂)နှစ်လောက်ဒီမှာလာပြီး ဝပ်ကျင်းခို ခြေရာဖျောက်နေလိုက်တယ်ဆိုတာ သိသာလောက်ပါပြီ။ ဘာကြောင့် ကိုယ်မကျူးလွန်ရတဲ့ ပြစ်မှုအတွက် နှုတ်ဆိတ်ပြီး ဒီကိုရောက်ချင်နေရသလည်းဆိုတာကို ဆင်ခြင်ရလာနိုင်သူကလည်းကျွန်တော်တစ်ယောက်တည်းသာ ရှိလေတော့ ..."

"အချိန်စေ့ပြီ"

အကျဉ်းဝန်ထမ်း၏ လှမ်းအော်လိုက်သံကို ကြားရသည်။

"ကဲ - ကိုချစ်သဲ - ကျွန်တော်ခိုင်ခိုင်လုံလုံ ရထားတဲ့ သတင်းအရ သုံးနှစ်အတွင်း ခင်ဗျားရဲ့လုပ်ရပ်ကြီး ခြောက်ခုလောက်ကို စုစည်းထားသမျှဆိုရင် ဈေးကွက်မှာမရှိသေးတဲ့ ခုနစ်သိန်းထန် ပစ္စည်းတွေအပါအဝင် တစ်နေရာတည်းမှာ အားလုံးရှိနေရမယ်၊ လျှပ်တစ်ပြက် ချစ်သဲဆိုတာ တစ်ကိုယ်တော် ဖောက်ထွင်းပိုရှာလို့ ကျွန်တော် သိပြီးသားပါ"

"ဟုတ်ပါပြီ - ဒီတော့"

"ဒီတော့ (၂)နှစ်လုံးလုံး ရှိနေတဲ့ အခိုက် ခင်ဗျားဝှက်ထားတဲ့ပစ္စည်းတွေကို ကျွန်တော် မြေလှန်ရှာမယ်"

ချစ်သဲ အတော်ချောက်ချားသွားသည်။ မျက်နှာတွင်ရုတ်ခြည်းသွေးဆုတ်သွားသည်။ မိနစ်ဝေါင်းများစွာ ငိုင်တုံ့ရှုတုံ့ စဉ်းစားနေသည်။

ပြီးမှ -

"ကိုထွန်းမြတ်က ကျုပ်ကို ဘာဖြစ်စေချင်လို့လဲ"

"ကျွန်တော်လည်း အချိန်ကုန် လူပန်း အလုပ်ပျက် စရိတ်တတ်ဖြစ်ရအောင်ကိုချစ်သဲလည်းကိုယ်မကျူးလွန်ရတဲ့ ပြစ်ဒဏ်အတွက် ယောဒီ ရဲဘတ်စခန်းရဲ့အရသာက ကင်းဝေးလေ ထိုက်သင့်တဲ့ ဝေစုတွေနဲ့ အချိုးကျခွဲဝေပြီး..."

ချစ်သဲ အံကြိတ်လိုက်သည်။ မျက်လုံးများက အလျှံညီးညီး အရောင်တောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ – ကျုပ် သသောပေါက်ပြီး ခင်ဗျားဘက်က ကျုပ်ကို ဘယ်လိုပေါင်းစည်းမလဲ ဆိုတာပဲ"

"ခင်ဗျားကိုဒီရဲဘက်စခန်းက ထုတ်မယ်။ ကျွန်တော့်ဆီက မကြာခင် သတင်းရောက်လာရပါစေ့မယ်"

▲ ▲ ▲

ထွန်းမြတ်ထံမှ သတင်းက နှစ်ပတ်မျှအကြာတွင် ရောက်လာသည်၊ ယူဆောင်လာသူက "ပေါ်သိမ်း"။

ဥတ်ကိုရဲဘက်စခန်းသို့ အကျဉ်းသားအဖြစ် "ပေါ်သိမ်း" ရောက်လာသည်၊ ထိုနေ့လယ်တွင်ပင် ချစ်သဲထံသို့ ပေါ်သိမ်း သုတ်သုတ်ရှာရှာ ချဉ်းကပ်လာသည်။

"ကိုချစ်သဲအတွက် ကိုထွန်းမြတ်က နှုတ်ဆက်လက်ဆောင်တဲ့"

ချစ်သဲ သည်လှုပေါ်တွင်သာ စိတ်ဝင်စားသည်မဟုတ်၊ သူ့ဘဝ၏ သေရေးရှင်ရေးအဖြစ် သယ်ဆောင်လာသော သတင်းစကားပေါ်တွင် တည်နေသောကြောင့် ဖြစ်သည်၊

"ကဲ – စကားရှည်ဖို့ အချိန်မရဘူး။ တော်ကြာ – ရိပ်မိကုန်လို့အစီအစဉ်တွေချော်တုန်မယ် – ဆို – မင်းသတင့် – မြန်မြန်လေး"

❝ချစ်သဲ ချောက်ချား တိမ်းမူးသွားသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးကိုလည်း အဝိပ္ပာယ်မဲ့စွာ ငုံ့ကြည့်မိသည်။ ထွန်းမြတ်၏ လက်ဖဝါးထဲတွင်မူ ကျည်ဆန်များနှင့် ဝီစီတစ်ခု။ "တောက် ..." ချစ်သဲသည် အလွန်ခံပြင်းလှစွာဖြင့် လက်ထဲမှ သေနတ်ကို လွှင့်ပစ်လိုက်သည်။



"အရအပတ် ဗုဒ္ဓဟူးတဲ့ – စိုက်ခင်းပြင်ကြောဘက် အလုပ်ထွက်လုပ်ကြမှာ – တဲ့"

"တုတ်ပြီလေ – အချိန်က"

"တိုး – ခွဲ"

▲ ▲ ▲

ချစ်သဲအတွက် ကံကြမ္မာက မျက်နှာပေးလာသည်ဟု ဆိုရပေမည်၊ ထိုနေ့ အလုပ်လုပ်ရသည်မှာ ခါတိုင်းထက် လူစုကျဲသည်၊ ချစ်သဲ ထွက်ပြေးနိုင်မလို၊ အသာလေး နောက်ချန်ပြီး ထွက်ခဲ့ရုံမျှနှင့်ပင် ကိစ္စပြတ်၏၊ ထိုတော်က ဘာသံမျှလည်း မကြားရ။

တောင်ကြော၏ လျှိုထဲ အရောက်တွင်မှ ဆူးချုံများထဲ၌ (၂)နာရီကြာမျှ ပုန်းခဲ့ရ၏၊ တောစပ် ထိန်ပင်အောက်တွင် ပေါ်သိမ်းပြောသည့်အတိုင်း ဆူး၊ ဓားတို၊ တံစဉ်းနှင့် ကိရိယာများကို အသွယ်တကျပင် တူးဆွရရှိလိုက်သဖြင့် ကြိုးများ၊ ခြေခတ်များ၊ အနှောင်အဖွဲ့များ ဖြတ်နိုင်ခဲ့သည်၊ ထို့ကြောင့်လည်း (၂)နာရီမျှ ပြေးလွှားပြီးချိန်တွင် တစ်ဖက်တောစပ်၏ မြေပြန့်သို့ ရောက်လာခြင်းဖြစ်သည်၊

ထိုနေရာနှင့် မလှမ်းမကမ်းတွင် ကားတစ်စီး ထိုးရပ်ထားသည်ကို တွေ့ရ၏။ ကားထဲတွင် ထိုင်နေသူက "ထွန်းမြတ်"။

ထွန်းမြတ်သည် ကားထဲမှ အမြေးလေး ထွက်လာပြီး ကားနောက်ဖိုင်း ပစ္စည်းထားခန်းသော့ကိုဖွင့်လိုက်သည်၊ အဲ့ဖုံးကို မ.တင်ပြီး ခွတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

"ကဲ – ဒီပစ္စည်းခန်းထဲ မြေးခုန်ဝင်ပေတော့။ မြန်မြန်လုပ် – ကိုချစ်သဲ – မြန်မြန်"

ချစ်သဲ အထဲရောက်သောအခါ ထွန်းမြတ်သည် အဲ့ဖုံးကို ပြန်ချပြီး သော့ခတ်လိုက်သည်။ ပြီး – ဣန္ဒြေရရဝင်ထား ကို မောင်းထွက်လာသည်၊

ပစ္စည်းခန်းထဲတွင် ပေါက်တူး ပေါ်ပြား၊ ပေါက်ဆိန်၊ ဓားနှင့် ကားပြင်ပစ္စည်း စုံလှသည်။

(၂)နာရီကျော်မျှ တွေ့ပတ်ထက်ဆင်းမောင်းပြီး နောက်ကားတလေးသည် မြေပြန့်သို့ ရောက်လာသည်၊ နောက်ထပ်တစ်နာရီကျော်အကြာတွင်မှ ချစ်သဲသည် ပစ္စည်းထားခန်းထဲမှပင် လိုရာခရီးကို လမ်းညွှန်ပေးနေမိဖြစ်သည်၊





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဖြောင့်ဖြောင့်ပဲ မောင်းပါရစေနော် - ကိုချစ်သဲ၊ ကွေ့ကောက်လမ်းကို မမောင်းပါရစေနဲ့၊ ကျွန်တော့်အချိန်တွေကိုအလဟဿဖြုန်းနေသလိုဖြစ်အောင် ခင်ဗျားလုပ်ရင်တော့ ..."

"စိတ်ချပါ - ကိုထွန်းမြတ်၊ ကျုပ်လမ်းညွှန်တဲ့အတိုင်းသာ မောင်းပါ။ ဒီမှာမှန်းနေတဲ့ ကျုပ်ဒုက္ခက ပိုကြီးပါတယ်"

ဤသို့ဖြင့် ညတစ်နာရီ လရောင်မှုန်မှုန်အောက် တောစပ်သောင်ပြင်သို့ ရောက်လာကြသည်။ ခပ်လှမ်းလှမ်းတွင် မြစ်ရေစီးသံကို ကြားနေရသည်၊ ထွန်းမြတ်တစ်ယောက် ပေါက်ပြားတစ်လက်ဖြင့် မြေကို တူးဆွနေပြီပဲဖြစ်၏။

အတန်ငယ်ကြာသောအခါ ထွန်းမြတ်သည် အမောဖြေရင်း နဖူးမှ ချွေးများကိုသပ်ချလိုက်သည်။ ထို့နောက် ဂျာကင်အင်္ကျီကို ချွတ်လိုက်ပြီး ကားအရှေ့ခန်းထဲသို့ ပစ်သွင်းလိုက်သည်၊ သူ၏အင်္ကျီကား ချွေးနှင့် ရွှဲရွှဲနစ်လျက်။

ထွန်းမြတ်သည် ခါးကြားတွင် ပွိုင့် ၃၈ ပြောင်းတိုဆုံလည်ခြောက်လုံးပြူးကို အရုတ်မထင်ထုတ်ကာ ကားထဲပစ်သွင်းလိုက်သောဂျာကင်အောက်သို့ထိုးထည့်ထားလိုက်သည်၊ ပြီးမှ မြေကို တူးဆွနေသည်၊ ခပ်လှမ်းလှမ်းတွင်ကား ချစ်သဲက ထိုင်၍ အပန်းဖြေနေသည်။

ထွန်းမြတ် သိပ်မတူးလိုက်ရ၊ တစ်ပေပတ်လည်ခန့် သံမဏိသေတ္တာငယ်ကလေးကိုတွင်းထဲတွင်လရောင်မှုန်မှုန်ဖြင့် ဝိုးတဝါး တွေ့လိုက်ရသည်၊

ဤတွင် လျှပ်တစ်ပြက်ချစ်သဲသည် ထွန်းမြတ်အပါးသို့ လျှပ်တစ်ပြက်ပင် ရောက်ရှိလာသည်၊ လျင်မြန်ပေါ့ပါးသည်နှင့်အမျှ ခြေသံကလည်း လုံလှသည်၊ ထို့ကြောင့် ထွန်းမြတ် ရိပ်မိလိုက်ဟန်မတူ။

ချစ်သဲ၏ လက်ထဲတွင်ကား ထွန်းမြတ်၏ ဂျာကင်အောက်မှ ခြောက်လုံးပြူးကို အသင့်ကိုင်ထားလျက်။

ထွန်းမြတ် အံ့ဩသွားသည်၊ အမောဖြေရင်း ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"ဒါက ဘာလုပ်တာလဲ ကိုချစ်သဲ"

"မြင်တဲ့အတိုင်းပဲ၊ ကျုပ်အသက်နဲ့ရင်းပြီး နှစ်ကာလအကြာကြီး ဖောက်ထွင်းစွန့်စားထားရတဲ့ ရတနာတွေကို ဘာမဟုတ်တဲ့ပြဿနာလေးကြောင့် ဝေမျှပေးရမယ်ဆိုတော့ မရင့်လွန်းဘူးလား - ကိုထွန်းမြတ်"



"ဩော် - ဒါဖြင့် ခင်ဗျားက ကတိကို ချိုးဖောက်လိုက်ပြီပေါ့၊ ကောင်းပြီလေ"

"ကျုပ်တို့လောကမှာ ကတိဆိုတာ လေပဲ၊ မလှုပ်ပါနဲ့ - လျှပ်တစ်ပြက်ချစ်သဲဆိုတာ လူသာမြန်တတ်တာ မဟုတ်ဘူး၊ ဦးနှောက်ကပါ လျှပ်ပြက်တာထက် မြန်တတ်တယ် - ကိုထွန်းမြတ်"

"ကောင်းပြီလေ၊ ဒါပေမဲ့ - ကိုချစ်သဲကိုတော့ ကျွန်တော် ပြရဦးမယ်၊ ဟောဒီမှာ ကျွန်တော့်လက်ဝါးထဲ တစ်ဆိတ်ကြည့်လိုက်ပါဦး - ကိုချစ်သဲ"

ထွန်းမြတ်၏အသံက တောင်ပေါ်သားသံ မပေါက်တော့၊ ပီသပြတ်သားနေသည်၊

ထွန်းမြတ်က ပြောပြောဆိုဆိုကုတ်အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်သော အရာကို လက်ဝါးဖြန့်ကာ ပြလိုက်သည်၊

"ဟင်"

ချစ်သဲ ချောက်ချားတိမ်းမူးသွားသည်၊ သူ့လက်ထဲမှ ခြောက်လုံးပြူးကိုလည်း အဓိပ္ပာယ်မဲ့စွာ ငုံ့ကြည့်မိသည်၊

ထွန်းမြတ်၏ လက်ဖဝါးထဲတွင်မူ ကျည်ဆန်များနှင့် ဝီစီတစ်ခု၊

"တောက် ..."

ချစ်သဲသည် အလွန်ခံပြင်းလှစွာဖြင့်လက်ထဲမှသေနတ်ကိုလွှင့်ပစ်လိုက်သည်၊

"သေနတ်ထဲမှာ ကျည်ဖြည့်ထား
ရင် ခုလို အလွယ်တကူ ပစ်ထားခဲ့မလား
ကိုချစ်သဲရာ - ဟား - ဟား၊ ကျွန်တော်
က ကိုချစ်သဲရဲ့စိတ်ကို သိချင်လို့ စမ်း
လိုက်တာပါ"

ပြောပြောဆိုဆိုဝီစီကိုနှုတ်ခမ်းတွင်
တေ့ကာ သုံးချက်ခပ်ပြင်းပြင်းမှုတ်လိုက်
သည်၊

အမှောင်ထုကို ဖောက်၍ လက်နှိပ်
ဓာတ်မီးများ ဟိုမှသည်မှ လင်းလက်လာ
သည်၊

အကြမ်းဖက်စရာမလိုဘဲ
အနေဖြင့် ကြိုတင်ခြံဆင်ထား
သည်၊ ထွန်းမြတ်၏ တားနေ
တကောက်ကောက် လိုက်လာခဲ့
သည်၊

ရဲဝန်ထမ်းများ အနားရောက်လာ
ချိန်တွင် ရဲမှူးတစ်ယောက်က သဲပြင်တွင်
ကျနေသော သေနတ်ကိုကောက်ယူ
ထွန်းမြတ်ကို တရိုတသေ လာပေ
သည်၊

"ရော့ - ဆရာ - သေနတ်"

ချစ်သဲ အံ့ဩသွားသည်၊

"မအံ့ဩနဲ့ - ကိုချစ်သဲ၊ ကျွန်
နာမည် ထွန်းမြတ်ဆိုပေမယ့်
မှာတော့ ဒိုင်အိုချစ်ကောင်းလို့ပဲ သိ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အခုကိစ္စမှာ ပူးကပ်ပြီးလုပ်ရတဲ့ တိစ္ဆေမျိုးကိုဗျ။ ဒီလိုလုပ်မှလည်း ကျွန်တော်တို့ဘက်က အခက်အခဲတွေ ပြေလည်မှာ၊ ဖောက်ထွင်းမှုကို ခင်ဗျားကျူးလွန်ကြောင်း သံသယရှိပေမယ့် အထောက်အထားတွေမခိုင်လုံဘူးလေ၊ ဒါကြောင့်သတ်ဆိုင်ရာအဖွဲ့အစည်းတွေ ညှိပြီးလုပ်ယူရတာပဲ"

ထွန်းမြတ်အမည်ခံ အိုင်အိုချစ်တောင်းက ဆက်ပြောသည်၊ "အဲဒီအချိန်မှာပဲ တကောင်းချင်တော့ ခင်ဗျားရဲ့သတ်စခန်းရောက်တဲ့ ဒုတိယအပတ်လောက်မှာ ဖော့တန်ဖောက်ထွင်းမှု တရားခံအစစ်ကို ကျွန်တော်တို့ ဖမ်းမိခဲ့တယ်၊ ဒါကြောင့် ဖော့တန်ဖောက်ထွင်းမှုကို မကျူးလွန်ပါဘဲနဲ့ ခင်ဗျား ရေငုံပြီး အပြစ်ကျခံသွားတာက ကျွန်တော်တို့ရဲ့ သံသယလမ်းကြောင်းကိုပိုပီပြင်အောင် ဖန်တီးပေးလိုက်သလိုဖြစ်သွားတာပဲ"

ချစ်သဲ ခေါင်းငိုက်စိုက်ကျသွားသည်၊

"ဖော့ကန်ဖောက်ထွင်းမှု တရားခံအစစ်ကိုကော ခင်ဗျား သိချင်မှာပါ"

ချစ်သဲ ဆတ်ခနဲ ခေါင်းမော့လာသည်၊

"အဲဒီဖောက်ထွင်းသမားအစစ်က ဥတ္တိုရဲ့ဘက်စခန်းမှာ ခင်ဗျားတွေ့ခဲ့ရတဲ့ လူပဲဗျ"

"ဗျာ – ဘယ်သူ"

"ပေါ်သိမ်း – လေ – ပေါ်သိမ်းပေါ့"

⇨ ဘာသက်ဆွေ

**တင်းတိုင်**


➢ ဒန္တသုခရှက်စိမ်းရည်နှင့် သနပ်ခါးစပ်၍ အိပ်ရာဝင်တိုင်း လူးပါ။

➢ နနွင်းနှင့် ဖြေကြီးအစေးကို သွေး၍ လိမ်းပေးပါ။

# ရန်ကုန်သား နဲ့ မန္တလေးသူ



www.burmeseclassic.com



**၆**

မူးယစ်ဆေး ရောင်းဝယ်သူ ရန်ကုန်နေ တစ်ယောက်နှင့် မန္တလေးနေ အညာတြဆေးလိပ်သမ ကလေးတို့ ထူးဆန်းစွာ တွေ့ဆုံပုံ ကံကြမ္မာအကွေ့အကောက်ချိုးကို ဖတ်ရှုရမည့် ..

**၁၉၅၅-၅၆**

ရာသီဥတုက ပူပြင်းခြောက်သွေ့သော ဝိမ္ဗန္တ နွေဥတု၊ အထက်အညာဒေသရဲ့ ဝိမ္ဗန္တရာသီဥတုမှာ ကျွန်ုပ် မန္တလေးမြို့ ရဲသိပ္ပံ၌ အမှုစစ် အရာရှိသင်တန်းတက် ရောက်နေချိန်ဖြစ်သည်။ စနေ၊ တနင်္ဂနွေ သင်တန်းနားရက်ဖြစ်၍ (Out pass) ထင်ပြင်ထွက်ခွင့်ရသောနေ့ဖြစ်သည်။ တောထဲတွင်သာ ကြားဖူး၊ ဖတ်ဖူးခဲ့သော (မင်းခြူမှန်မှန်ပြော)ဆိုတဲ့ မင်းကွန်း ခေါင်းလောင်းကြီးကို သွားရောက်လေ့ လာလို၍သင်တန်း အတူတက်ဖက်ဖြစ် သော ကိုဝင်းအောင်နှင့် အဖော်ညှိပြီး မန္တလေးမြို့ထဲသို့ ထွက်ခဲ့ကြသည်။ မင်းကွန်းခေါင်းလောင်းဆီ သွားဖို့ လမ်း တွေ့မကျင်တော့တွေ့တဲ့လူတွေကိုမေး မြန်းသွားခဲ့ကြရာ (ဂေါဝိန်)ဆိပ်ကမ်းမှ မင်းကွန်းဆီ ထွက်တဲ့ စက်လှေတွေရှိ ကြောင်း ပြောသဖြင့် ကျွန်ုပ်တို့ သူငယ် ချင်းနှစ်ယောက် (ဂေါဝိန်)ဆိပ်ကမ်းသို့ သွားခဲ့ကြသည်။ ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်သည့်အခါမင်းကွန်းကိုသွားမည့် စက်လှေဆိပ်ကို မေးမြန်းစုံစမ်းခဲ့ကြရ ပြန်သည်။ ထိုအချိန် ကျွန်ုပ်တို့အနောက် မှ အမျိုးသမီးတစ်အုပ် စကားသံတွေ ကြားရလို့ လှည့်ကြည့်လိုက်သည့်အခါ အသက်(၃၀)နှစ်ခန့် (၁)ယောက်၊ အသက်(၂၅)နှစ်ခန့် (၁)ယောက်နှင့် ဆယ်ကျော်သက် မိန်းကလေး(၂) ယောက်၊ ပေါင်း(၄)ယောက်ကို တွေ့ လိုက်ရသည်။ ဒီလိုနှင့် ကျွန်ုပ်ကစ၍ မင်းကွန်းသွားမည့် စက်လှေဆိပ်ကို စပ် စုမေးမြန်းလိုက်ရာ အသက်အကြီးဆုံး အမျိုးသမီးက (ခင်ဗျားတို့ အဲဒီကိုသွား မလို့လား။ ကျွန်တော်တို့လည်းသွားမလို့ ဘဲ။ ကျွန်တော်တို့နှင့် လိုက်ခဲ့ပါ။) ထိုသို့ ခေါ်သဖြင့် အဆင်ပြေသွားခဲ့သည်။ ၎င်း တို့ (၄)ယောက်နှင့်အတူ ကျွန်တော်တို့ သူငယ်ချင်း(၂)ယောက် မင်းကွန်းသွား မည့် စက်လှေပေါ်သို့ အတူသွားရောက် ခဲ့ကြသည်။ ကျွန်ုပ်တို့ ရောက်ပြီး မကြာ ခင်မှာ စက်လှေကြီး မန္တလေးဂေါဝိန်ဆိပ် ကမ်းမှ ထွက်ခွာပါတော့သည်။

တစ်နာရီခန့်ကြာသောအခါ မင်း ကွန်းဆိပ်ကမ်းသို့ရောက်ရှိခဲ့ရာ ထိုဆိပ် ကမ်း၌ ထမင်းဆိုင်များ စားသောက်ဆိုင် များ ရှိနေကြပြီး အချိန်မှာလည်း နေ့ခင်း (၁၂)နာရီခန့် ရှိပြီဖြစ်သဖြင့် ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက်မနက်စာထမင်း ဝယ်စားကြပါသည်။ အမျိုးသမီး (၄) ယောက်အုပ်စုလည်း ထမင်းစားနေ သည်ကို တွေ့နေရပြီး ထိုဆိပ်ကမ်းနှင့် မနီးမဝေးပင် (မင်းကွန်းလှူဒိုရုံ) ရှိနေ သည်ကိုတွေ့ရ၍ ထမင်းစားသောက်ပြီး ကောတစ်ဖြုတ် သွားရောက်ကြည့်ရှုလေ့ လာခဲ့ကြသည်။ ကျွန်ုပ်တို့နှင့် မလှမ်း မကမ်းတွင်ရှိနေသော အမျိုးသမီးအုပ် ဆီလှမ်း၍ (ခေါင်းလောင်းကြီး ဘယ်မှာ လဲ)ဟု ကျွန်ုပ်မှ လှမ်းမေးလိုက်သည်။ ထိုအခါ အသက်(၂၅)လောက်ရှိသည့် ခပ်ချောချောအမျိုးသမီးက (ခေါင်း လောင်းကြီးက ဒီမှာမဟုတ်ဘူး။ သွားရ ဦးမယ်)ဟု သွက်လက်စွာ ပြန်ဖြေခဲ့ သည်။ ဒီလိုနဲ့ ကျွန်ုပ်တို့နှစ်ယောက် လည်း ၎င်းတို့ (၄)ယောက်နှင့်အတူ ခေါင်းလောင်းကြီးဆီသို့ခြေကျင်ခရီးဖြင့် ဖုန်တထောင်းထောင်းနေပူကျဲကျဲထဲမှာ အတူသွားခဲ့ကြသည်။ အသက်(၂၅) လောက်ရှိ အမျိုးသမီးကစပြီး စကား စပြောလာသည်။

(ခင်ဗျားတို့ကြည့်ရတာ အောက် သားတွေနဲ့တူတယ်၊ ဟုတ်တယ်မဟုတ် လား)ဟု မေးပါသည်။ အောက်သားဆို

www.burmeseclassic.com

တာ အညာသူ အညာသားတွေက ရှန်တုန်သားတွေကို ခေါ်လေ့ပြောလေ့ရှိတဲ့စကားပါပဲ။ ကျွန်ုပ်တလည်း (ဟုတ်တယ်)ဟု ပြန်ဖြေလိုက်ပါသည်။ အဲဒီအချိန်ကစပြီး ကျွန်ုပ်တို့နှစ်ယောက်နှင့် ဂုင်းတို့(၄)ယောက် ခရီးသွားဖော်မိတ်ဆွေတွေဖြစ်သွားကြသည်။ စကားတွေဖောင်အောင်ပြောဖြစ်ကြသည်။ ရန်ကုန်က အကြား မန္တလေးက စကားဆိုသည့်အတိုင်းပါပဲ ကျွန်ုပ်သူငယ်ချင်းမှာစကားအင်မတန်နည်း၍ စကားဝိုင်းထဲပါဝင်ခြင်းမရှိပါ။ (တေမိ)မင်းသားကဲ့သို့လိုက်ပါခဲ့သည်။

အမျိုးသမီး(၄)ယောက် အဖွဲ့မှ ဆယ်ကျော်သက်(၂)ယောက်က အလေးဘီဘီ တို့ဒေး ဒီဒေးနှင့် ဂုင်းတို့အချင်းချင်း စကားတွတ်ထိုးပြောနေကြသည်။ အသက်(၃၀)ခန့်အမျိုးသမီးက ကလေး(၂)ယောက်နှင့်သာစကားပြောရင်း လမ်းလျှောက်နေကြ၍ ကျွန်ုပ်နှင့် အသက်(၂၅)ခန့်အမျိုးသမီးတို့သာ စကားပြောဖြစ်နေကြသည်။ သူငယ်ချင်းက အလိုက်သိစွာ ရှေ့က ခြေနှစ်လှမ်းအကွာကသွားနေ၍ကျွန်ုပ်တို့ကသီးခြားအဖွဲ့တစ်ဖွဲ့လိုဖြစ်နေသည်။ ကျွန်ုပ်နှင့်စကားပြောသောအမျိုးသမီးမှာအသားလတ်လတ်၊ မျက်နုံးမျက်ဖန်ကောင်းကောင်း၊ နာတတ်ပေါ်ပေါ်၊ ပိတုန်းရောင်ဆံကေသာမှာတံကောက်ခွက်ကိုကျော်ပြီးခြေသလုံးထိ ရှည်လျား၏။ ကိုယ်လုံးအချိုးအစားက ပန်းပုဆရာလက်ရာကောင်းကောင်းဖြင့် ထုလုပ်ထားသကဲ့သို့ အဖုအထစ်တွေက သူ့နေရာနှင့်သူကျော့ကျော့မော့မော့လေး လုပသူဖြစ်ကြောင်း သတိထားမိသည်။

"နေပါဦး - ခင်ဗျားတို့ကကျွန်တော်တို့ကို အောက်သားတွေလား မေးပြီးတော့ခင်ဗျားတို့ကရောဘယ်အရပ်သားတွေလဲ"ဟု ကျွန်ုပ်က မေးလိုက်သည်။ အမျိုးသမီးက -

"ကျွန်တော်တို့က မန္တလေးသူစစ်စစ်တွေပါပဲ" ပြန်ဖြေသည်။ အမျိုးသမီးက ဆက်လက်ပြီး ကျွန်ုပ်အား -

"ခင်ဗျားတို့ ဘာအလုပ်လုပ်ကြသလဲ"

စပ်စပ်စုစု မေးမြန်းနေ၍လက်တစ်ကမ်းက သူငယ်ချင်းကို မသိမသာ လှမ်းကုတ်လိုက်ပြီး အမျိုးသမီးမေးခွန်းကိုပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့အလုပ်က ခင်ဗျားကိုယုံလို့ပြောရမှာဖြစ်ပေမယ့် ဥပဒေနှင့်မလွတ်ကင်းလို့ ခင်လန့်လန့်ပဲ၊ ခင်ဗျားနှုတ်လုံပါစေ၊ ကျွန်တော်တို့အလုပ်က ဆေးခြောက်နဲ့ ဘိန်းစိမ်းနယ်လှည့်အရောင်းအဝယ်လုပ်နေတာပါ၊ အခုလည်း နည်းနည်းပါလာတယ်။ ယူမယ့်လူရှိရင် တိုးတိုးတိတ်တိတ် စပ်ပေးပါလား"

အမျိုးသမီးက ကျွန်ုပ်စကားကိုကြားလိုက်တော့ ဆတ်ခနဲ ကျွန်ုပ်မျက်နှာကို သေသေချာချာ မော့ကြည့်လိုက်သည်။ ပြီးတော့ - သူ့ဘေးနားက အမျိုးသမီးကြီးဘက် လှည့်ကာ -

"ဟော့ဟော့ - ဒီအောက်သားတွေကိုကြည့်ရတာ၊ ဆေးခြောက်ရောင်းစားတဲ့လူတွေနဲ့မတူဘူး။ ကေန္တတော့ - ဆေးခြောက်ရောင်းတဲ့သူတွေကိုဖမ်းဆီးမယ့်သူတွေနဲ့တူတယ်။ သတိထားစကားပြောဖြစ်မယ်"ဟု ပြောလိုက်သည်။

ထို့နောက်ကျွန်ုပ်က -

"ခင်ဗျားတို့ကော ဘာအလုပ်လုပ်ကြသလဲ"ဟု မေးလိုက်သည်။

အမျိုးသမီးက -

"ကျွန်တော်တို့က ဆေးလိပ်ခုံကနေစားဆေးလိပ်သမတွေပါ"ဟုပြန်ဖြေသည်။ ကျွန်ုပ်က -

"ခင်ဗျားပုံက ရှိုးနဲ့မိုးနဲ့ ရုပ်ပါက ရုပ်ရှင်မင်းသမီးပုံဆိုတော့ဆေးလိပ်သမတော့မဖြစ်နိုင်ဘူး။ တမင်သက်သက်လိမ်ပြောနေတာပါ။ ဆေးလိပ်ခုံပိုင်ရှင်သူဌေးသမီးပဲဖြစ်ရမယ်"

"အင်း - ခင်ဗျားက သူများကိုတော့ပြောတယ်၊ ခင်ဗျားပုံ တရော ဆေးခြောက်ရောင်းစားတဲ့လူနဲ့မှ မတူတာပဲ"

"ဒါက ဒီလိုရှိပါတယ်။ နွမ်းနွမ်းဖတ်ဖတ်ပုံနဲ့ဆိုရင် ရဲက မသင်္ကာရိုက်မိမှာမို့လို့ရဲမသင်္ကာမဖြစ်ရအောင် အထင်ကြီးအောင် ရှိုးနဲ့စမတ်ကျကျ ဝတ်စားရတာပါဗျာ။ အလုပ်သဘောပေါ့ဗျာ"

"အင်းအင်း - ယုံရခဲလိုက်မယ်နော်"ဟု အမျိုးသမီးက ခိုးခနဲ့အပြုံးနဲ့ ခနဲ့တဲ့တဲ့ပြောရင်း ကျွန်ုပ်တို့မျက်လုံးထောင့်ကပ်ကြည့်ပြီးပြောလိုက်သည်။ ကျွန်ုပ်တို့(၂)ယောက်နဲ့တိုအမျိုးသမီးအုပ်မှာ တို့အကြောင်းတို့သိနေကြပြီး သူ ဘယ်သူလဲ၊ ကိုဘယ်သူလဲဆိုတဲ့ အစ်မြစ်အမှန်ကို မသိကြသေးဘဲ တစ်ယောက်နှင့်တစ်ယောက်အကဲခတ်ရင်း သူ့စကားကိုယ်မယုံ၊ ကိုယ့်စကား သူမယုံဖြစ်နေကြသည်။ အချိန်မှာ နေ့ခင်း(၁)နာရီခန့်နေက ပူပြင်းသလိုလျှောက်နေရတဲ့လမ်းကလည်း ဖုန်တထောင်းထောင်း ထနေပေမယ့် ဒါတွေကို သတိမထားမိကြဘဲ ကိုယ့်အတွေးနဲ့ကိုယ်

www.burmeseclassic.com

လျှောက်နေခဲ့ကြသည်။ အဲဒီလိုအတွေး ကိုယ်စီလျှောက်လိုက်စကားပြောလိုက်နဲ့ (မင်းဖြူမှန်မှန်ပြော) ဆိုတဲ့မင်းကွန်း ခေါင်းလောင်းကြီးဆီကို ရောက်ခဲ့ကြပါတော့သည်။ ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက်တည်း တစ်ကြိမ်တစ်ခါမှ မရောက်ဘူးခဲ့သော မင်းကွန်းခေါင်းလောင်းကြီးကို ဟိုပတ်ကြည့်၊ ဒီပတ်ကြည့်ခေါင်းလောင်းကြီးအောက် ဝင်ကြည့်ကြသည်။ မတော်တဆ ခေါင်းလောင်းကြီး ပြုတ်ကျခဲ့ရင် ပြန်ထွက်မရတဲ့ ဒုက္ခရောက်မှာကို စိုးရိမ်တဲ့စိတ်ကြောင့် တမန်းတတန်း ပြန်ထွက်လိုက်ပါသည်။ ခေါင်းလောင်းကြီးကို တုတ်နှင့် ထိုးကြည့်ကြသည်။ ထို့နည်းတူ အမျိုးသမီးအဖွဲ့တလည်း ခေါင်းလောင်းကြီးကို ထိုးကြည့်ကြသည်။ ထို့နောက် စကားပြောဖြစ်တော့ဝါ၊ နေပူကျဲကျဲ ဖုန်တထောင်းထောင်းလမ်းလျှောက်ခဲ့ရလို့ ခရီးပန်းပြီး ခေါင်းလောင်းကြီးဇရပ်ထဲမှာ ကိုယ့်အစုနဲ့ကို ခွေခွေထိုင် အနားယူရင်း ကိုယ်စီအတွေးနဲ့ နေခဲ့ကြသည်။ တစ်အောင့်လောက်ကြာသော် အမျိုးသမီးကြီးတ -

"အချိန်မရှိတော့ဘူး၊ စက်လှေအပြန်မီအောင်ပြန်ကြစို့"ဟု ပြောလိုက်တော့မှ အတန်ကြာ ငြိမ်နေရာမှ လှုပ်လှုပ်ရွရွဖြစ်လာပြီး အလာခရီးမှာကဲ့သို့ အပြန်ခရီးမှာလည်း အမျိုးသမီးငယ်နှင့် ကျွန်ုပ်တို့အတွဲကသာ စကားတပြောပြောနှင့် ပြန်ခဲ့ကြသည်။ အမျိုးသမီးမှ ရုတ်တရက် ကျွန်ုပ်အား -

"ခင်ဗျားတို့နာမည် ဘယ်လိုခေါ်သလဲ"

မေးလိုက်တော့ ကျွန်ုပ်လည်း အမှတ်တမဲ့ ဘာပြောရမှန်းမသိဘဲ ကျွန်ုပ်တို့နာမည်အမှန်ကို ပြောမိလိုက်သည်။ အမျိုးသမီးကလည်း သူ့နာမည်နှင့် လိပ်စာကိုပြန်ပြောသည်။

ကျွန်တော့်နာမည်က နနအောင်ဖြစ်ကြောင်း၊ မန္တလေးမြို့မျက်ပါးအရပ်မှာ နေကြောင်း အားတဲ့အခါ အလည်လာနိုင်ကြောင်း ပြောပါသည်။

ထို့နောက် အမျိုးသမီးက ကျွန်ုပ်အား - "ခင်ဗျားတို့ ပွဲကြည့်တာ ဝါသနာပါလား၊ ပွဲကြည့်မယ်ဆိုရင် မနက်ဖြန် ကျွန်တော်တို့မျက်ပါးရပ်မှာ (သိန်းတန်အငြိမ့်)ကမယ်၊ ခင်ဗျားတို့ လာပါလား၊ လာမယ်ဆိုရင် ကျွန်တော် ကုလားထိုင် (၃)လုံးလုပ်ထားလိုက်မယ်၊ ည(၈)နာရီလောက် အရောက်လာခဲ့ပေါ့၊ ဘယ်လိုလဲ-လာမှာလား"



❝ မနုနုအောင်မှာ
ရုပ်ရည်ချောမောသလောက်
အသံကလည်း ဆည်းလည်း
သံကလေးလို နားဝင်ချိုလှသည်။
မိန်းမချောကလေးက မနက်ဖြန်
ပွဲကြည့်ဖို့ ချိန်းထားခဲ့လို့ ချက်ချင်းဘဲ
မနက်ဖြန် ရောက်ချင်နေသည်။

နုနုအောင်က မေးလာတော့ ကျွန်ုပ်လည်း အနားရှိသူငယ်ချင်းတေမိအား - "ဘယ်လိုလဲမနက်ဖြန်ပွဲကြည့်မှာလား" ဟုအဖော်ညှိမေးလိုက်သည်၊ ကျွန်ုပ်ကတော့ အမှန်တကယ် ပွဲကြည့်လိုသည်၊ နုနုအောင်နှင့် အတူပွဲကြည့်ရမှာဆိုတော့ စိတ်ထဲမှာကြိတ်ပျော်နေမိသည်၊ သူငယ်ချင်းတေမိက လေကုန်မှာ စိုး၍ပါးစပ်က အသံထွက်မလာဘဲ ခေါင်းညိတ်ပြပါသည်။

"ကဲ - မနုနုအောင်ရေ - ကျွန်တော်တို့(၂)ယောက် မနက်ဖြန်ည (၈)နာရီ အရောက် ပွဲကြည့်ဖို့ လာခဲ့မယ်၊ မနုနုအောင်သာ ခုံနေရာတွေ စီစဉ်ဖြစ်အောင် စီစဉ်ထားပေးပါ"

"ကောင်းပြီလေ၊ ခင်ဗျားတို့ ဆက်ဆက်လာခဲ့ပါ၊ ခုံ(၃)လုံး စီစဉ်ထားပါ့မယ်"ဟု လမ်းလျှောက်စကားပြောရင်း ပွဲကြည့်ဖို့အစီအစဉ် အပြီးသတ် ညှိနှိုင်းပြီးသွားရော မင်းကွန်းဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်၊ မင်းကွန်းဆိပ်ကမ်းမှ မန္တလေးဘက်သို့ထွက်မည့် စက်လှေပေါ်မှာလည်း ခရီးသည်တချို့ ရောက်နေတာ တွေ့လိုက်ရသည်၊ ကျွန်တော်တို့အဖွဲ့အားလုံး မန္တလေးမြို့သို့စက်လှေနဲ့ လိုက်ပါခဲ့ကြရာ (၁)နာရီခန့်ကြာသည့်အခါ မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်၊ ကျွန်ုပ်တို့နှင့် မနုနုအောင်တို့အဖွဲ့ လမ်းခွဲခါနီးမှာ -

"မနက်ဖြန်ည (၈)နာရီမမေ့နဲ့နော်၊ ဆက်ဆက်လာဖြစ်အောင် လာခဲ့ကြပါ၊ ကျွန်တော် မျှော်နေမယ်"





www.burmeseclassic.com

www.burmeseclassic.com

မနုနုအောင်က ထိုသို့လှမ်းပြောပြီး ဘတ်စ်ကားပေါ်တက် ထွက်ခွာသွားကြပါတော့သည်။ မနုနုအောင်ပါသွားသော ကားကို မျက်စိတစ်ဆုံး ငေးကြည့်ကာ ကျွန်ုပ်ရပ်ခဲ့ရင်း- "ကျွန်တော်မျှော်နေမယ်နော်" ဆိုတဲ့ မနုနုအောင်ရဲ့ ချိုမြိန်လှတဲ့ အသံလေးကို ကြားယောင်နေမိသည်။ မနုနုအောင်မှာ ရုပ်ရည်ချောမောသလောက် အသံကလည်း ဆည်းလည်းသံတလေးလို နားဝင်ချိုလှသည်။ မိန်းမချောတလေးက မနက်ဖြန် ပွဲကြည့်ဖို့ ချိန်းထားခဲ့လို့ ချက်ချင်းဘဲ မနက်ဖြန် ရောက်ချင်နေသည်။

ကျွန်ုပ်သည် ထိုညတစ်ညလုံး အတွေးများများလည်ပြီး အိပ်ရာထဲမှ တိုလူးဒီလူးနှင့် နိုးတစ်ဝက် အိပ်တစ်ဝက်နှင့် မိုးထိန်ထိန်လင်းသွားခဲ့ရသည်။ မိုးထိန်ထိန်လင်းလာဖြန်တော့ မိုးမြန်မြန်ချုပ်စေချင်လာဖြန်သည်။ ဒါမှ မနုနုအောင်နှင့်ပွဲအတူတွဲပြီးကြည့်ရမှာ မဟုတ်လား။ ဒီလိုနဲ့ - ကျွန်ုပ် ဆန္ဒပြည့်ဝစေဖို့ အာသူရိန် နေမင်းနီနီကြီးလည်း အနောက်ဂေါယာ တွန်းကြီးပေါ် မေးတင်နေကာ အပူရှိန်များလည်း လျော့နည်းသွားနေပြီဖြစ်သည်။ ကျွန်ုပ်လည်း ရေမိုးချိုး အဝတ်အစားလဲကာ သူငယ်ချင်းနှင့်အတူ ရဲသီပွဲကျောင်းမှ ထွက်လာခဲ့ကြသည်။ ကျွန်ုပ်တို့အောက်သားတွေနယ်မကျွမ်းလေတော့ လမ်းတစ်လျှောက် တွေ့သမျှ လူတွေကိုမျက်ပါးရပ်ကိုမေးလာခဲ့ကြရသည်(၈)နာရီထိုးခါနီးမှာ မျက်ပါးရပ်ကို ရောက်ရှိခဲ့ပြီး မီးရောင်ထိန်လင်းနေတဲ့ ပွဲခင်းထဲကိုရောက်ရှိခဲ့ကြပါတော့သည်။ ချိန်းထားသည့် ဇာတ်ခုံထောင့်သို့ သွားပြီးမနုနုအောင်ကိုဟိုငေးဒီငေးရှာနေကြစဉ် အသက်ကြီးကြီး လူတစ်ယောက်က ကျွန်ုပ်လက်ကို ဖမ်းဆွဲလိုက်ပြီး -

"ဆရာတို့က မနုနုအောင် ချိန်းထားတဲ့ ဧည့်သည်တွေထင်တယ်" ဟု မေးပါသည်။ ကျွန်ုပ်ကလည်း ဟုတ်ပါကြောင်း ဝမ်းသာအားရပြန်ပြောလိုက်သည့်အခါ အဘိုးကြီးက သူ့နောက် လိုက်ခဲ့ပါဟု ခေါ်၍ ကျွန်ုပ်တို့ လိုက်သွားခဲ့ကြသည်။ ဇာတ်ခုံနဲ့ အတော်နီးကပ်သောနေရာသို့ ရောက်သောအခါ ပက်လက်ကုလားထိုင်(၃)လုံး ဇာတ်ခုံထောင့်အနီး ချထားသည်ကို တွေ့လိုက်ရတော့ မနုနုအောင် အမှန်တကယ် ကတိတည်တာပဲဆိုပြီး စိတ်ထဲ ကြိတ်ပြီးဝမ်းသာနေမိသည်။ အဖိုးကြီးက -



ဆရာတို့ဒီခုံမှာ ထိုင်နေကြပါ။ မနုနုအောင်အလုပ်ကိစ္စလေးနည်းနည်းရှိနေလို့ နောက်ကျမည်ဖြစ်ကြောင်း လာဖြစ်အောင်လာမည်ဟု မှာထားခဲ့ကြောင်း အဖိုးကြီးက ပြောပြီး ကျွန်တော်တို့အနားမှ ထွက်သွားပါသည်။ ကျွန်ုပ်လည်း မနုနုအောင် ရောက်လာမည့်အချိန်ကို သာစိတ်စောကာ ဘယ်နေရာကရောက်လာပါ့မလဲဆိုပြီး ဟိုဟိုဒီဒီ ငေးမောနေမိသည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်လာသည်နှင့်အမျှ အငြိမ့်ဆိုင်းဝိုင်းကြီးက ပွဲခေါ်သည့် စံတီးဝိုင်းကြီးက စတင်မြည်ဟည်းလာပါတော့သည်။ ခုံ(၃)လုံးကို အစွန်ခုံ၌ သူငယ်ချင်းကိုထိုင်စေ၍ ကျွန်ုပ်က အလယ်ခုံ၌ ထိုင်ခဲ့ပါသည်။ ကျန်အစွန်ကတစ်လုံးက ကျွန်ုပ်နှင့်ကပ်လျက် မနုနုအောင်ထိုင်ပြီး ပွဲကြည့်ရန် အကြံဖြင့် နေရာယူခဲ့ခြင်းဖြစ်သည်။ အငြိမ့်ပွဲစတင်ခဲ့ပါသည်။ ဇာတ်ခုံပေါ်က ရှေ့ထွက်မင်းသမီးကလည်း ကွေးနေအောင်က နေသည်။ ဆိုင်းဝိုင်းကြီးကလည်း တခြိမ့်ခြိမ့် မြည်ဟည်းလျက် ရှိနေပြီ ဖြစ်သည်။ လူပြက်တွေကလည်း ပြက်လုံးထုတ်လိုက်၊ မင်းသမီးက ကလိုက်နှင့် ည(၉) နာရီခွဲတော့မည်။ မနုနုအောင်တစ်ယောက် ပေါ်မလာသေးပါ။ ကျွန်ုပ်ရင်တွေ ဗလောင်ဆူနေပါသည်။ ပွဲကို လုံးဝစိတ်မဝင်စားတော့ပါ။ လူပြက်တစ်ဦးက ရှေ့ထွက်မင်းသမီး(၂)လက်ကပြီးသွားခဲ့တဲ့အခါပြက်လုံးထုတ်ရင်း -

"အခုအချိန်ကစပြီး ကျွန်တော်တို့ သိန်းတန်အငြိမ့်သဘင်ကြီးရဲ့နောက်ဆုံး ခေါင်းဆောင်မင်းသမီးချောလေး မနုနုအောင် ထွက်ပါတော့မည် ခင်ဗျား"

ထိုသို့ပြောသွားတာကိုကျွန်ုပ်လုံးဝ သဲသဲကွဲကွဲမကြား။ လူပြက်ပြောနေတဲ့ စကားတွေလည်းလုံးဝစိတ်မဝင်စားလှ။ အုပ်ထဲကိုသာ လှည့်ပတ်ကြည့်ရင်း မနုနုအောင်ကိုသာ မျှော်ရှာငေးမောနေမိသည်။ ကျွန်ုပ်ဘေးတွင် ထိုင်နေသော သူငယ်ချင်းက အလိုက်တန်းဆိုးသေး။ ကျွန်ုပ်ပေါင်ကို တုတ်ပြီး ခေါင်းဆောင်မင်းသမီး ထွက်တော့မည့်အကြောင်း ဆိုင်းသံတွေအကြားက အော်ပြောနေပေမယ့် ကျွန်ုပ် လုံးဝစိတ်မဝင်စားနိုင်ပါဘူး။ ထိုအခါ သူငယ်ချင်းက -

"ဟေ့လူ - ကျုပ်ပြောတာ ကြားရဲ့လား" လို့မေးတော့ "ကြားသားပဲ - ဘယ်သမီးထွက်ထွက် ကျုပ်စိတ်မဝင်စားဘူး မနုနုအောင်ကိုသာ မျှော်နေတယ်" ဟုပြန်ပြောလိုက်တော့ "ဟေ့လူ - လူပြက်ပြော



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ခေါင်းဆောင်မင်းသမီးအမည်က မနုနုအောင်လို့ ပြောနေတယ်၊ အဲဒါ ခင်ဗျားကြားလားလို့ မေးနေတာ၊ ကျုပ်တို့တို ချိန်းထားတဲ့ မနုနုအောင်များ အငြိမ့်မင်းသမီးဖြစ်နေမလားမသိဘူး၊ ဇာတ်စုံပေါ်သေသေချာချာကြည့်နေဦး"

သူငယ်ချင်းက သတိပေးစကား ပြောတော့မှ ကျွန်ုပ် သတိရလာကာ သူငယ်ချင်းပြောသလိုဇာတ်စုံပေါ်ကျွန်ုပ် မျက်လုံးတွေ ကျွတ်ထွက်မတတ် ငေးစိုက်ကြည့်နေပါသည်၊ ညွှန့်ဆိုင်းဝိုင်းကြီး တဗြိမ်းဗြိမ်း အတီးရပ်သွားချိန် ခေါင်းဆောင်မင်းသမီးကြီးက လူပြက်များ ခြံရံမျက်ထွက်လာပါတော့သည်၊ ကျွန်ုပ် ကျွန်ုပ်မျက်လုံးတွေစိုက်ကြည့်ရလွန်းလို့ ပြာဝေနေပြီး မင်းသမီးမျက်နှာကို သဲသဲကွဲကွဲ မမြင်နိုင်သေး၍ အားစိုက်ကြည့်နေမိသည်၊ ခေါင်းဆောင်မင်းသမီးမှာ ငြိမ့်နုသောအသံနှင့် လူပြက်တွေ အလယ်ကနေဝင်ဒိုးသတ်ကြိုးကိုပင့်သန္တာ စကားများပြောရင်း ဇာတ်စုံထောင့်မှာ ထိုင်နေတဲ့ကျွန်ုပ်တို့ဆီ မျက်လုံးဝေ့ဝိုက် အကြည့်နှင့် ဆုံတွေ့ပါတော့သည်၊ အဲဒီတော့မှ တစ်ချိန်လုံး ကျွန်ုပ် မျှော်နေတဲ့ နုနုအောင်ဖြစ်နေပြီး သိန်းတန်အငြိမ့် သဘင်ကြီးရဲ့ခေါင်းဆောင်မင်းသမီးဖြစ်နေတာကိုတွေ့လိုက်ရတော့အံ့ဩမှုတွေနဲ့အတူ ပီတိဖြစ်သွားခဲ့ရသည်၊ ရွှေမင်းသမီးလေးနုနုအောင်ဟာ ဇာတ်စုံပေါ်မှာ မဖောနိုင် မပန်းနိုင် ကပြအသုံးတော်ခံရင်း လူပြက်တွေများနှင့်စကားပြောရင်း သူ့မျက်လုံးတွေက ကျွန်ုပ်ဆီကို မကြာခဏ လှမ်းကြည့်ရင်း ပြုံးပြနေသည်၊ အတန်ကြာ ကပြီးသွား၍ လူပြက်တွေ ပြက်လုံးထုတ်နေစဉ် နုနုအောင် ဇာတ်စုံနောက်သို့ ဆင်းသွားသည်ကိုတွေ့လိုက်ရသည်၊

ကျွန်ုပ်လည်း ရုတ်တရက် ထလိုက်ပြီး ဇာတ်စုံအနောက်သို့ ချက်ချင်းထလိုက်သွားခဲ့သည်၊ ဇာတ်အဖွဲ့သားတွေနေတဲ့ဇာတ်ရုံထဲသို့ကျွန်ုပ်ဝင်သွားလိုက်တဲ့အခါ မနုနုအောင်ကိုမျက်နှာချင်းဆိုင်ဘွားခနဲ တွေ့လိုက်ရတော့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပြီး ဝမ်းသာကြည်နူးဖြစ်ခဲ့ရသည်၊ မနုနုအောင်မျက်နှာမှာလည်း ပီတိအပြုံးနဲ့ ကြိုနေသည့်ပုံကို တွေ့လိုက်ရသည်၊

"ဘယ်နဲ့လဲ - အခြေသတင်းကြီးတဲ့ ဆေးလိပ်သမ ရွှေမင်းသမီးကြီးရဲ့" ဟု ကျွန်ုပ်က စ၍နှုတ်ဆက်လိုက်သည်၊

ထိုအခါ မနုနုအောင်က - "ဟုတ်ပါတယ်၊ ဆေးခြောက်ရောင်းတဲ့ ဖိုးသမား [?]ရွှေရဲ့အုပ်ကြီးရယ်" လို့ပြန်ပြောလိုက်[?]ကျွန်ုပ်တို့အကြောင်းကို ဘယ်လို[?]သိသွားရသလဲဟု အံ့အားသင့်သွား[?]ည်၊

"ဘယ်နဲ့လဲ - ကိုဇော် - နုစကား [?]လိုက်လို့ သိပ်အံ့ဩသွားသလား၊ [?] မွေလေးသူပါ၊ ရဲသိပ္ပံကျောင်းမှာ [?] မောင်လေး တစ်ယောက်ရှိတယ်၊ [?]ဇော်တို့ သူငယ်ချင်းနှစ်ယောက် [?]ည်တို့ စုံစမ်းခိုင်းလိုက်တော့ ရန်ကုန် [?]င်းက သင်တန်းလာတက်နေတဲ့ [?]ရာရှိတွေဖြစ်နေကြောင်း နု အကုန် [?]ခဲ့ရတာပါ၊ ကဲပါလေ - ဒါတွေ ထား[?]တ်ပါတော့၊ နု ကဖို့အချိန် ရောက်ခါနီး[?] နုသွားတော့မယ်နော်၊ မနက်ဖြန် [?]နေ့(၅)နာရီ (မန်းသီတာဥယျာဉ်)က [?]င့်နေပါ၊ နု - ကိုဇော့်ကို လာတွေ့ပါ့[?]ယ်၊ အခုတော့ စကားပြောချိန် သိပ်မရ[?] နုသွားတော့မယ်နော်"

ပြောပြောဆိုဆို ရွှေမင်းသမီးလေးနု ဇာတ်စုံပေါ် ပြန်တက်သွားပါတော့သည်၊ ကဲ - ဘယ်လိုလဲ - အခြေသတင်းကြီးတဲ့ရွှေမင်းသမီးလေး နုနုအောင်နဲ့ ကျွန်ုပ် ရဲအမှုစစ်အရာရှိတို့ရဲ့ တွေ့ဆုံတာမဆန်းဘူးလား၊ တွေ့စတာလိုကျွန်တော်နဲ့ ခင်ဗျားမဟုတ်တော့ဘဲ နုနဲ့ ကိုဇော်ဆိုတဲ့ အခေါ်အဝေါ်လေးက နားဝင်ချိုလွန်းလှဘူးလား၊ တစ်ဦးနဲ့တစ်ဦး ရှုံးကွယ်ခဲ့ကြတဲ့ ဆေးခြောက်ရောင်းတဲ့ သူနဲ့ ဆေးလိပ်စုံက ဆေးလိပ်သမလေး မဟုတ်တော့ဘဲ အငြိမ့်ခေါင်းဆောင် မင်းသမီးတစ်ဦးနဲ့ ရဲအရာရှိတစ်ဦးအဖြစ် အနေမှန်ပေါ်ခဲ့ကြပြီးနောက်ကျွန်ုပ်တို့ရဲ့ ဇာတ်လမ်းအခြေအနေ ဘယ်လိုလည်းဆိုတာ စာရှုသူများကိုယ်တိုင် စဝေခန်တွေးတော စဉ်းစားကြည့်ရင်း စိတ်သောမန သမုတိသာ ပွားနိုင်ကြပါစေကုန်သတည်း။

သဗ္ဗဝါတွေ ကျန်းမာရွှင်သာကြပါစေ

⇨ မြေပြန့် သင်္ကြိုင်

www.burmeseclassic.com



"အလုပ်
ရိုင်းသည့်သူတော့
လာနေပြီရှိ ဌာနာ
အုပ်ကြီးဦးဟာဒီ၏
ရုံးခန်းထဲတွင်ရှိ
သော အလုပ်စားပွဲ
ကို ဝိုင်းထိုင်နေကြသူများ
ထဲမှ စာသင်ကြီးဦးဖိုးဟိန်းက
သူနှင့် မျက်နှာချင်းဆိုင် ပြတင်းပေါက်အပြင်သို့
လှမ်းကြည့်နေရာမှ ပြောလိုက်ခြင်းဖြစ်လေ၏။ စာသင်ကြီး
ဦးဖိုးဟိန်း၏အသံကြောင့် စားပွဲတွင် ဝိုင်းထိုင်နေကြသော
ဌာနအုပ်ကြီးဦးဟာဒီ၊ စုံထောက်ဝီလီသိန်း၊ ဆားပုလင်းကိုမေးဆင်နှင့်
ဝါတ်စာရေးကိုအောင်ထွန်းတို့လေးယောက်၏ မျက်လုံးများက ဂါတ်တဲဝင်းအဝင်တွင်ရှိ
ဝိတ်စောင့်ကင်းတဲသို့ ရောက်သွားကြလေ၏။ ဂိတ်ဝတွင်လွယ်အိတ်တစ်လုံးကို လွယ်
ဖော့ဦးထုပ်တစ်လုံးကို ဆောင်းထားသော အသက်သုံးဆယ်ကျော်ခန့် အရပ်ရှည်ရှည်
တစ်ယောက်နှင့် ဂိတ်ဝတွင် အစောင့်တာဝန်ကျနေသော ပုလိပ်ကလေးသံဘီးတို့ စကား
နေသည်ကို အားလုံးမြင်လိုက်ရလေသည်။ ပုလိပ်ကလေးသံဘီးက ဌာနာအုပ်ကြီးဦးဟာ

သခင်ကို ချစ်မြတ်နိုး
ခွေးငယ်ကလေးက သခင်လျှ
သွားသောအခါ မည်သို့မည်ပုံ ဂ
ထူးဆန်းသောအမှုတစ်ခု ပေါ်ပေါ
ပုံကို ခွေးကလေးက ဖော်ထုတ်
ဖတ်ရှုရပါ

ကျော်အေးမွေ

# စုံထောက် ဝီလီသိန်းနှင့် ခွေးကလေးပေးတဲ့ သဲလွန်စ



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းရှိရာသို့ လက်ညှိုးထိုးပြနေသည်၊ ကြောမီမှာပင် အရပ်ရှည်ရှည်၊ ဖော့ဦးထုပ်ဆောင်းထားသော လူတစ်ယောက် ဌာနာအုပ်ကြီး၏ ရုံးခန်းထဲသို့ ဝင်လာပါတော့သည်၊

"ဌာနအုပ်ကြီးနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

ဝိုင်းထိုင်နေသော ပုလိပ်အမှုထမ်းများကို ကြည့်၍ ပြောလိုက်လေ၏၊

"ကျုပ်က ဌာနအုပ်ကြီးဦးဟာဒီပါ၊ ဝင်ခဲ့ပါ - မိတ်ဆွေ"

ဌာနအုပ်ကြီးက ဝင်လာရန် ဖိတ်ခေါ်လိုက်သည်၊

"ထိုင်ပါဗျာ"

ဓါတ်စာရေးကိုအောင်ထွန်းက ထိုင်ရာမှ ထလိုက်ပြီး သူ့နေရာကို ဖယ်ပေးလိုက်၏၊ လွယ်အိတ်လွယ်ထားသော ညွှန့်သည်က ကိုအောင်ထွန်းဖယ်ပေးသော တုလားထိုင်တွင် ဝင်ထိုင်ရင်း စားပွဲဘေးပတ်လည်တွင်ထိုင်နေသော စုံထောက်ဝီလီသိန်းတို့အုပ်စုကို တစ်ယောက်ချင်းကြည့်နေလေ၏၊

"ဘာကိစ္စလဲ မိတ်ဆွေ - ကျုပ်တို့ ဘာကူညီရမလဲ - ပြောပါ"

ဌာနာအုပ်ကြီး ဦးဟာဒီက ညွှန့်သည်ဖြစ်သူ၏မျက်နှာကိုအကဲခတ်ရင်း ပြောလိုက်၏၊ ထိုညွှန့်သည်က ဌာနာအုပ်ကြီး၏ မျက်နှာကိုပြန်ကြည့်လိုက်ပြီး ခေါင်းမှာဆောင်းထားသော ဖော့ဦးထုပ်ကို ချွတ်၍ စားပွဲပေါ်သို့ တင်လိုက်ရင်း -

"ဘယ်က စပြောရမယ်မှန်းတောင် မသိတော့ပါဘူး၊ စိတ်ရှုပ်လွန်းလို့ပါဗျာ"

"ပြောချင်တဲ့နေရာက စပြောဗျာ၊ ဒါမှမဟုတ် ကျုပ်တို့က စမေးရမလား၊ ကြာတယ်ဗျာ၊ ခင်ဗျား ဘာဖြစ်လာတာလဲ၊ လူသတ်လာသလား"

နှုတ်သွက်သျှာသွက် စိတ်တိုတတ်သော ဆားပုလင်းကိုမေးဆင့်က မေးလိုက်သည်၊

"လူ - လူမသတ်ပါဘူးဗျာ၊ လူပျောက်သွားတာ တိုင်ချင်လို့ပါ"

ညွှန့်သည်က ပျာပျာသလဲ ပြောလိုက်သည်၊

"နောက်တာပါဗျာ၊ ဟောဟိုမှာထိုင်နေတာက ဌာနာအုပ်ကြီးဦးဟာဒီ၊ ညာဘက်ခုံမှာ ထိုင်နေတာက စုံထောက်ဝီလီသိန်း၊ ကျွန်တော်က ဆားပုလင်းမေးဆင်ပါ၊ ကိုင်း - လူက ဘယ်လိုပျောက်တာလည်း ပြောပေတော့"

ဆားပုလင်းကိုမေးဆင်က အားလုံးနှင့်မိတ်ဆက်ပေးလိုက်သည်၊ ညွှန့်သည်ဖြစ်သူမှာ အရမှုစိတ်သက်သာသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်လေ၏၊ ပြီးတော့မှ -

"ကျွန်တော့နာမည်က ကြီးမောင်ပါ၊ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့မှာ နေပါတယ်၊ ကျွန်တော့်ဇာတိက ....မြို့နယ်၊ မြေနပုလဲရွာပါ၊ မြေနပုလဲရွာမှာ ကျွန်တော့်အစ်မ ဒေါ်ပန်းမြိုင်နဲ့ သူ့ခင်ပွန်း ကိုသန်းဝင်းတို့ နေကြပါတယ်၊ အိမ်ထောင်ကျတာ ကြာပါပြီ၊ သူတို့က သားသမီးမထွန်းကားပါဘူး၊ လင်ကိုယ်မယားနှစ်ယောက်တည်း နေကြတာပါ၊ ရွာမှာတော့ လူချမ်းသာတွေပေါ့၊ လွန်ခဲ့တဲ့ အရက်နှစ်ဆယ်လောက်က အစ်မမပန်းမြိုင်ကို အရမ်းသတိရနေတယ်၊ ပြီးတော့ အစ်မကို ဓဏခဏ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ အစ်မက သူ့အိမ်ကိုလိုက်ခဲ့ဖို့ လာခေါ်တာလို့ ပြောတယ်"

ကိုကြီးမောင်စကားကစိတ်ဝင်စားစရာကောင်းလာပြီမို့ အားလုံးငြိမ်သက်နားထောင်နေသည်၊

"အစ်မကိုသတိရပြီးမျက်စိထဲမြင်မြင်နေတာနဲ့ အစ်မနေတဲ့ မြေနပုလဲရွာကိုထွက်လာခဲ့မိတယ်၊ ကျွန်တော်တို့ပိုင်ရွာက ထွက်သွားတာ ကြာပြီဆိုတော့ ရွာကိုလည်း သတိရတာလည်းပါတာပေါ့ဗျာ၊ ရွာရောက်တယ်ဆိုရင်ပဲ အမောဆို့သလို ခံစားလိုက်ရတယ်၊ အစ်မက အိမ်မှာ ရှိမနေဘူးဗျ၊ မန္တလေးကို ဘုရားဖူးထွက်သွားတယ်လို့ ယောက်ဖကိုသန်းဝင်းက ပြောပြတယ်၊ မန္တလေးကို ဘုရားဖူးသွားတယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် သူ့မောင်ဖြစ်တဲ့ ကျွန်တော့်ဆီကို ရောက်လာမှာ အမှန်ပဲဗျ၊ ဘာဖြစ်လို့လည်းဆိုတော့ အစ်မက ကျွန်တော့်ကိုအရမ်းချစ်တာ၊ ကျွန်တော်တို့က မောင်နှမနှစ်ယောက်တည်း ရှိတာလေဗျာ၊ ဒါပေမဲ့ - မန္တလေးကိုဘုရားဖူးထွက်လာတဲ့အစ်မက ကျွန်တော့်ဆီကို ရောက်မလာခဲ့ဘူးဗျ"

"ခင်ဗျားဆီကိုခင်ဗျားအစ်မရောက်မလာတဲ့အကြောင်း ယောက်ဖကို မပြောဘူးလား"

စုံထောက် ဝီလီသိန်းက ကြားဖြတ်ပြီး မေးလိုက်၏၊

"ပြောတာပေါ့ဗျာ - ပြောပြတော့ ယောက်ဖကိုသန်းဝင်းကမင်းအစ်မစိတ်ထဲမှာ လင်လည်းမရှိဘူး၊ မောင်လည်းမရှိဘူး၊ ဘုရားပဲ ရှိတာကွ၊ တင်နေကုန်ပုတီးတစ်လုံးနဲ့ ဘုရားခန်းထဲက မထွက်

www.burmeseclassic.com

မတော့ဘူး။ စိတ်ကုန်ဖို့ သိပ်ကောင်းတာ ပဲလို့ပြောတယ်၊ ဒါနဲ့ ကျွန်တော်က -

"အစ်မတာ ဘယ်တော့ပြန်လာမှာလဲ။ ယောက်ဖကို ဘာမှ ပြောမသွားဘူးလား"

လို့ မေးကြည့်တော့ -

"ဘုရားဖူးသွားမယ်လို့ပဲ ပြောတယ်။ တခြား ဘာမှမပြောဘူးကွ၊ ဒါနဲ့ အိမ်မှာရှိုင်းတဲ့လှဝင်းကို မနက်စောစော နှုးလှည့်နဲ့ ကားလမ်းပေါ် အရောက်ပို့ခိုင်းလိုက်တယ်" အဲဒီလိုပြန်ပြောတယ်၊ ကျွန်တော်တို့ရွာက ကားလမ်းနဲ့ နည်းနည်းဝေးတယ်ဗျာ"

"ခင်ဗျားအစ်မက တစ်ယောက်တည်း ဘုရားဖူးသွားတာလား၊ အဖော်မပါဘူးလား"

"ယောက်ဖကို မေးကြည့်ပါတယ်၊ တစ်ယောက်တည်းသွားတာလို့ ပြောပါတယ်"

❝ အမေ့စကားကို အမေက
လက်မခံဘူးဗျ။ အမေက အတင်း
နားပူနားဆာလုပ်လို့ ခေါင်းညိတ်ပြီး
ပေးစားလိုက်ရတာ။ အစ်မကတော့
ရက်လွန်းလို့ ဘုရားခန်းထဲက
မထွက်တော့ဘူး။ ဒီနေရာမှာ အမေဟာ
တော်တော်သနားဖို့ကောင်းတယ်။
အပူရုပ်ကို ဟန်လုပ်ပြီးနေနိုင်တယ်။
ကွယ်ရာမှာ သမီးကို ဖက်ပြီးငိုတယ်။
ကျွန်တော် ဒီအကြောင်းကို
ဘယ်လိုသိတာလဲဆိုတော့ သမီးစိတ်နဲ့
အမေဟာ ဆုံးသွားရှာတယ်။



စုံထောက်ဝီလီသိန်းက သိလိုသမျှ မေးလေ၏။

"ယောက်ဖကို သန်းဝင်းက မင်း အစ်မ စိတ်ထဲမှာ လင်လည်း မရှိဘူး၊ အောင်လည်းမရှိဘူး။ ဘုရားပဲရှိတယ်၊ စိတ်တုန်တယ်လို့ပြောတယ်ဆိုတော့ ခင်ဗျားအစ်မနဲ့ ယောက်ဖကိုသန်းဝင်း တို့က အဆင်မပြေကြဘူးလား"

"အေးဗျ - အစ်မတို့ အိမ်ထောင်ရေးက အချစ်မပါတဲ့ အိမ်ထောင်ရေးပါ ဗျာ ခင်ဗျားတို့နားလည်အောင် ရှင်းပြပါမယ်၊ ကျွန်တော်တို့မှာ မိသားစုလေး ယောက်ပဲရှိပါတယ်၊ အဖေရယ် - အမေရယ် - ကျွန်တော်တို့ မောင်နှမနှစ် ယောက်ရယ်ပေါ့။ အစ်မက မြို့ကျောင်း မှာ ခုနစ်တန်းအောင်တဲ့အထိ နေခဲ့ရ တယ်။ ခုနစ်တန်းအောင်တော့ အဖေ က - "ငါ့သမီး ရေးတတ်ဖတ်တတ်ပြီပဲ၊ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီ လောက်တတ်ရင် တော်ရောပေါ့။ ခေတ် ပညာကြီးက မတောင်းတော့ဘူး၊ ကျောင်းထွက်တော့လို့ပြောပြီး ကျောင်း ထွက်လိုက်တယ်။

ဒီအတွေက လယ်ပိုင် ယာပိုင် နွား နည်းအကောင်နှစ်ဆယ်လောက်ရှိ

သေးတယ်၊ ပြီးတော့ ငွေတိုးချေးစားတဲ့ အလုပ်လည်းလုပ်တော့ မြေနပုလဲရွာမှာ တော့ အချမ်းသာဆုံးပေါ့ဗျာ။ အဖေတာ အလုပ်များတော့ စိတ်ချယုံကြည်ရတဲ့ အလုပ်သမားတစ်ယောက် လိုချင်နေ တယ်။ ကျွန်တော်က ငယ်သေးတော့ အားကိုးလို့မရဘူး ဖြစ်နေတယ်၊ ဒါနဲ့ အဖေက သူ့အမျိုးထဲက ဆွေမျိုးနီးစပ် တော်တယ်ဆိုရုံလောက် တော်တဲ့ ကိုသန်းဝင်းကို ခေါ်ထားလိုက်တယ်"

စိတ်ဝင်စားစရာ ကောင်းလာပြီမို့ အားလုံးငြိမ်ပြီး နားထောင်နေကြသည်။ စာသင်ကြီးဦးဖိုးဟိန်းက သူ့ဆေးတံ ကြီးကိုခဲပြီး မျက်စိမှိတ်ထားသည်။ အိပ် နေတာလား၊ နားထောင်နေတာလား ဘယ်သူမှ ဂရုမထားမိကြ။

"ကိုသန်းဝင်းက လူလည်၊ အဖေ သဘောကျအောင် နေတယ်၊ အဖေ မနိုင်းရဘဲ အောက်ခြေသိမ်းအလုပ်တာ စလုပ်တယ်၊ ထင်းခွဲ၊ ရေခပ်တာအစ မီးဖိုချောင်အလုပ်ကိုပါ ဝင်လုပ်ပေးတယ်။ ကျောင်းထွက်ရတဲ့အစ်မက အမေ့ကို မီးဖိုချောင်ထဲ အဝင်မခံတော့ဘဲ အမေ့ အစား မီးဖိုချောင်ကို တာဝန်ယူလိုက် တယ်၊ အဲဒီမှာ အစ်မနဲ့ ကိုသန်းဝင်း ပိုပြီး ရင်းနှီးသွားတယ်၊ အစ်မက ဆွေမျိုးနီးစပ်

www.burmeseclassic.com

တော်တယ်ဆိုတဲ့အသိနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတာပါ။

အဲ - ကျွန်တော့်အစ်မအကြောင်း ပြောဖို့ တစ်ခုကျန်သွားတယ် ခင်ဗျ၊ အစ်မက ကျောင်းထွက်လိုက်ရပြီးတဲ့ နောက်အမေနဲ့အတူရွာဦးကျောင်းဆရာ တော်ဦးနာယကဆီမှာ ဥပုသ်နေ့တိုင်း သီလယူတရားနာသွားလေ့ရှိတယ်။ ရွာ ဦးကျောင်းဆရာတော်ရဲ့ အဆုံးအမ၊ သွန်သင်ဆုံးမပြုမှုတွေကြောင့် အစ်မဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အချိန်အားရတိုင်း တရားထိုင်တယ်။ ပုတီးစိပ်တယ်။ သူ့မှာ အိတ်ဝဲရှိတယ်ဗျ။ လှလှပပမိန်းကလေး ပဲဗျာ၊ ဖီးလိမ်းပြင်ဆင်ပြီး ကြော့ကြော့ လေးနေတာမဟုတ်ဘူးဗျာ၊ မီးဖိုချောင်နဲ့ ဘုရားခန်းမှာပဲ အချိန်ကုန်နေတာ။ အစ်မတာစိတ်ထားကောင်းတယ်၊ သနား ကြင်နာတတ်တယ်။ ဒါကို အခွင့်ကောင်း ယူပြီး ကိုသန်းဝင်းက အပိုင်ကြံလိုက် တယ်။ တိုတိုပြောရရင်အိမ်မှာကျွန်တော် တို့မရှိတဲ့အချိန်ကိုစောင့်ပြီး အစ်မဆီက အချစ်ကို မရပေမယ့် လူကိုရအောင် ယုတ်မာလိုက်တယ်၊

တစ်ဦးတည်းသောသမီးကို ကြံလို့ ရရင် ချမ်းသာမယ်ဆိုတဲ့ အောက်တန်း ကျတဲ့စိတ်နဲ့ မိုက်ရိုင်းလိုက်တာဗျ။ အစ်မ က ရှိုးတယ်၊ အတယ်။ ကိုသန်းဝင်းက အပျော့ဆွဲနဲ့ နားဝင်အောင် အစ်မကို စည်းရုံးလိုက်တယ်၊ အဖေ၊ အမေနဲ့ လူကြီးတွေသိသွားရင် တစ်ရက်က နှစ် ရက်ဖြစ်မှာကြောက်တာနဲ့ အမေ့ကို တိုး တိုးတိတ်တိတ် ကိုသန်းဝင်းနဲ့ ပေးစားဖို့ ပြောလိုက်တယ်။ အဖေသိရင်တုတ်တစ် ပြက်၊ ဓားတစ်ပြက်ဖြစ်မှာ အသေအချာ သိတဲ့နေတဲ့အမေက အဖေ့ကို လိမ်ပြော လိုက်တယ်။

"ကလေးချင်းကလည်း ကြိုက်နေ ကြတာ။ မောင်သန်းဝင်းလေးက တော်ပါ တယ်၊ သမီးလေးကလည်း အရွယ် ရောက်နေပြီ၊ ပေးစားလိုက်ကြပါစို့ တော်၊ ကျုပ်တို့လည်း အသက်တွေကြီး နေပါပြီ"

အမေ့စကားကို အဖေက လက်မခံ ဘူးဗျ။ အမေက အတင်းနားပူနားဆာ လုပ်လို့ ခေါင်းညိတ်ပြီး ပေးစားလိုက်ရ တာ၊ အစ်မကတော့ ရှက်လွန်းလို့ ဘုရား ခန်းထဲက မထွက်တော့ဘူး။ ဒီနေရာမှာ အမေဟာ တော်တော်သနားဖို့ကောင်း တယ်၊ အမှုရှပ်ကို ဟန်လုပ်ပြီးနေနိုင် တယ်၊ တွယ်ရာမှာ သမီးကို ဖက်ပြီးငို



တယ်ဗျ၊ ကျွန်တော် ဒီအကြောင်းကို ဘယ်လိုသိတာလဲဆိုတော့ သမီးစိတ်နဲ့ အမေဟာ ဆုံးသွားရှာတယ်၊ အဲဒီဆုံး သွားတဲ့ညမှာပဲ အစ်မက သူ့ကြောင့် အမေသေရတာဆိုပြီး ဖြစ်ကြောင်းကုန် စင်ကျွန်တော့်ကိုပြောတာဗျ။ ကျွန်တော့် အသက် ဆယ့်ငါးနှစ်လောက်မှာဖြစ် တာ။ ကျွန်တော့်အစ်မကို ယုတ်မာပြီး ရအောင်ယူလိုက်တဲ့ ကိုသန်းဝင်းကို တော်တော်မုန်းသွားတယ်၊ ငယ်သေး တော့ ကိုသန်းဝင်းကို ဘာမှ ပြန်မလုပ် နိုင်ခဲ့ဘူး၊ အစ်မကလည်း ကျွန်တော့်ကို ချောင်းဖျတယ်။ ဝဋ်ကြွေးရှိလို့ခံရတာလို့ ပြောပါတယ်၊ အမေဆုံးပြီး တစ်နှစ် လောက်ရှိတော့ အဖေပါ ဆုံးပြန်တယ်။ အဖေဆုံးသွားတော့မှ ကိုသန်းဝင်းက အတိပြလာတယ်။ အဖေ့ကို ကြောက် ကြိမ်နေတဲ့ ကိုသန်းဝင်းဟာ အဖေဆုံး တာနဲ့ညနေတိုင်း အရက်ဆိုင်၊ ထန်းရည် ဆိုင်ကို သွားတော့တာပဲ၊ အစ်မမပန်း နိုင်ကိုလည်း ချစ်လို့ရအောင် ယူထား တာ မဟုတ်ဘူးဗျ။ အစ်မကို ရအောင် ယူနိုင်ရင် ချမ်းသာမယ်ဆိုတဲ့ တွက်ကိန်း အောက်တန်းကျကျ ယုတ်မာခဲ့တာ၊

အဖေဆုံးပြီးတဲ့ အိမ်ရဲ့စီးပွားရေး လုပ်ငန်းတွေကို အပိုင်သိမ်းဖို့ ကြံစည် တော့ တာပါပဲ ဗျာ။ အစ်မကလည်း ကိုသန်းဝင်းအကြောင်းကိုသိထားတော့ အသိမ်းမခံဘူး၊ အဖေရှိတုန်းကလိုပဲ အလုပ်သမားနေရာထားပြီး ယောက်ျား လိုမဆက်ဆံဘဲ အလုပ်သမားလို ဆက် ဆံတယ်၊ ဒါကို သူက မကျေနပ်ဘူးလေ။ ရေမြွေလိုနေတဲ့ အစ်မဟာ အဖေဆုံးပြီး တာနဲ့ အရင်ပုံစံမဟုတ်တော့ဘူး။ ကိုသန်းဝင်းနဲ့ အတူမအိပ်တော့ဘူး။ အစ်မကို မနိုင်တော့ ကျွန်တော့်ဘက်ကို လှည့်လာတယ်၊ ကျွန်တော့်ကို ထိလာ တော့ သည်းမခံတော့ဘူး။ နင်ပဲငဆဖြစ် လာတယ်၊ အစ်မကို နှိပ်စက်ဖို့ ကြံလာ တယ်၊ အစ်မက ကျွန်တော့်ကို ပိုက်ဆံ အလုံအလောက်ထုတ်ပေးပြီး ပုသိမ်ကြီး မြို့မှာ နေတဲ့ ဦးလေးဖိုးလပြည့်တို့အိမ်ကို ပို့ထားလိုက်တယ်၊ လေးလေးဖိုးလပြည့် ရဲ့ အလုပ်ရုံမှာ အလုပ်ဝင်လုပ်ရင်း အိမ် ထောင်ကျသွားလို့ ရွာကို ပြန်မရောက် တော့ပါဘူးဗျာ"

ကိုကြီးမောင်က သူတို့မောင်နှမနှစ် ယောက်အကြောင်း ရှင်းပြလိုက်သည်။

"မြေနုပုလဲရွာကို ပြန်ရောက်တော့ ခင်ဗျားအစ်မ ဘုရားဖူးသွားတာမြင်တဲ့ သူ ရှိမရှိ မေးမကြည့်ဘူးလား"

www.burmeseclassic.com

"ကိုသန်းဝင်းမသိအောင် အိမ်နီးချင်းတွေကို မေးကြည့်ပါတယ်၊ သူတို့လည်းကိုသန်းဝင်းပြောမှဘုရားဖူးထွက်သွားတယ်ဆိုတာ သိကြတယ်လို့ ပြောပါတယ်"

"ခင်များရွာပြန်ရောက်တာ ဘယ်နှရက်ရှိပြီလဲ၊ ခင်များက အစ်မကို စကာအိပ်မက်မက်လို့ ပြန်လာတာ၊ ရွာမှာအစ်မရှိမရှိမသိဘူးပေါ့"

"ရွာပြန်ရောက်တာ ဒီနေ့နဲ့ဆိုရင် သုံးရက်ရှိသွားပြီ။ ရွာရောက်မှယောက်ဖကိုသန်းဝင်းက မင်းအစ်မ မနွယ်လေးကို ဘုရားဖူးထွက်သွားတယ်၊ မင်းဆီကို မလာဘူးလားလို့ပြောမှ အစ်မတစ်ယောက် ရွာမှာ မရှိဘူးဆိုတာ သိရတာပါပဲဗျာ"

"ရွာရောက်တာ သုံးရက်ရှိပြီဆိုတော့ ခင်များအစ်မအိမ်မှာ ဘာထူးခြားတာတွေ တွေ့လဲ"

စုံထောက်ဝီလီသိန်း၏အမေးကို မဖြေသေးဘဲ ကိုကြီးမောင်က စဉ်းစားနေသည်။ ဆားပုလင်း ကိုမေးဆင်က နားထောင်သမားသက်သက်၊ ဘာမျှဝင်မမေး။

"ဟာ – ဟုတ်ပြီ၊ ထူးခြားတာတွေ့တယ်၊ ဘုရားဖူးထွက်သွားတဲ့အစ်မက သူ နေ့တိုင်း စိပ်နေတဲ့ပုတီးနဲ့ ယောဂီတဘက်လေးကို ယူမသွားဘူးဗျ၊ ဘုရားကျောင်းဆောင်ပေါ်မှာ တင်ထားတာတွေ့ခဲ့တယ်၊ ကျွန်တော်မသိတဲ့ လူစိမ်းနှစ်ယောက်ကိုခေါ်ထားတယ်၊ မေးကြည့်တော့ အလုပ်သမားတွေလို့ပြောတယ်၊ နောက် ထူးခြားတာတစ်ခုက အစ်မမွေးထားတဲ့ ခွေးကလေးမေတ္တာပဲဗျ၊ ခွေးလေးမေတ္တာကိုအစ်မက သိပ်ချစ်တာဗျ၊ အစ်မ ဘယ်သွားသွား နောက်ကတကောက်ကောက်လိုက်နေတာ၊ ခွေးလေးကို အစာကျွေးရင်လည်း သံပန်းကန်ပြားနဲ့ သေသေချာချာ ကျွေးတာ၊ ညအိပ်ရင်လည်း အစ်မအိပ်တဲ့ခုတင်ခြေရင်းမှာပဲအိပ်တယ်၊ တစ်ရေးနိုးလို့အပေါ့အပါးသွားရင်လည်း နောက်ကလိုက်စောင့်ပေးတဲ့ခွေးဗျ"

"အဲဒီခွေးလေးကို ခင်ဗျားအစ်မက ဘုရားဖူးထွက်တာ ခေါ်မသွားဘူးလား"

စာသင်ကြီးဦးဖိုးဟိန်းက ဆေးတံအိုးထဲမှဆေးရွက်များကိုစားပွဲစောင်းပြီး တခေါက်ခေါက်ရိုက်၍ ခါချနေရာမှ မေးလိုက်သည်။ ဌာနာအုပ်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေလေ၏။ ကိုကြီးမောင်က ကုလားထိုင်နောက်မှီပေါ်သို့ ခန္ဓာကိုယ်ကိုသက်သောင့်သက်သာဖြစ်အောင် မှီချလိုက်သည်။ စုံထောက်ဝီလီသိန်းကတော့ ကိုကြီးမောင်ပြောလာမည့်စကားကိုနားထောင်နေသည်။

"ခေါ်မသွားပါဘူးဗျာ၊ ကျွန်တော့်ကိုတွေ့တော့ အမြီးလေးတနန့်နန့်နဲ့ အနားကပ်လာတယ်ဗျ၊ အဲဒီခွေးလေးဟာ ကျွန်တော်တို့ရှိနေတဲ့နှစ်ရက်အတွင်းမှာ အစာကျွေးချိန်မှာပဲ အိမ်မှာရှိနေတယ်၊ သူ့ကို ဘယ်သူမှ အစာမကျွေးတော့ ဘယ်ထွက်သွားမှန်း မသိလိုက်ရဘူး၊ ပျောက်သွားတယ်၊ အရင်က အစ်မခုတင်ခြေရင်းမှာ အမြဲအိပ်တဲ့ ခွေးကအခုမအိပ်တော့ဘူး၊ တစ်ညလုံးပျောက်နေတယ်၊ အဲဒါမထူးဆန်းဘူးလားဗျ"

ကိုကြီးမောင်က ဌာနာအုပ်ကြီးကဦးဟာ ဒီကိုကြည့်ရင်း ပြောလိုက်သည့်စုံထောက်ဝီလီသိန်းက ခွေးလေးအကြောင်းကိုပိုပြီးစိတ်ဝင်စားသွားလေ၏။ ခွေးဆိုသော တိရစ္ဆာန်သည် သခင်ကိုချစ်ဆည့်နေရာတွင် စံထားလောက်ပေသည်၊ အစာစားချိန်မှလွဲ၍ ကျန်အချိန်များတွင် ဘယ်သွားနေလေသနည်း။ ပြီးတော့ ဘာသာတရားကိုလွန်စွာ ကိုင်းရှိုင်းသောသူက အမြဲတမ်းလက်က မချအသုံးပြုနေသောစိပ်ပုတီးကို ဘုရားဖူးထွက်ရာတွင် အဘယ့်ကြောင့် ယူမသွားရသနည်း။ စုံထောက်ဝီလီသိန်းတစ်ယောက်တိုယ့်ကိုယ်ကိုယ်ပြန်၍ မေးနေမိသည်။

"ပုသိမ်ကြီးကို ပြန်မှာလား၊ မြေနုပုလဲရွာကိုပြန်မှာလား"

ဆားပုလင်းကိုမေးဆင်ကို မေးလိုက်သည်။

"မြေနုပုလဲကိုပြန်မှာပါ၊ အစ်မပြန်မလာလို့၊ တစ်ပတ်လောက်တော့စောင့်ကြည့်လိုက်ဦးမယ်"

"ကျွန်တော်တို့ပုလိပ်ဌာနတိုလာတာ၊ ခင်ဗျားယောက်ဖ ကိုသန်းဝင်းသိလား"

စုံထောက်ဝီလီသိန်းက မေးလိုက်ပြန်သည်။

"မသိပါဘူး၊ ကျွန်တော့်အစ်မအမြဲဆောင်ထားတဲ့ပုတီးကို ဘုရားကျောင်းဆောင်ပေါ်မှာ တွေ့လိုက်ရတာတည်းက ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရတယ်၊ ဒါနဲ့ အခုလို ပုလိပ်အရာရှိမင်းတို့ဆီ ရောက်လာရတာပါ၊ ခင်များကိုသန်းဝင်းကိုတော့ မြို့ပေါ်က သူငယ်ချင်းတွေဆီသွားဦးမယ်လို့ ပြောခဲ့ပါတယ်"

www.burmeseclassic.com

ကိုကြီးမောင်က စားပွဲပေါ်တင်ထားသော သူ၏ဖော့ဦးထုပ်ကို လှမ်းယူရင်း ပြောလိုက်သည်။

"ဟာ - ဒါဆို အတော်ပဲဗျာ၊ ကျွန်တော်နဲ့ ဆားပုလင်းကိုမေးဆင်၊ ခင်ဗျားနဲ့အတူ မြေနုပုလဲကို လိုက်ခဲ့မယ်၊ ခင်ဗျားယောက်ဖကိုတော့ မြို့က သူငယ်ချင်းတွေလိုက်လာတာလို့ ပြောဗျာ၊ ဒါမှ ကျွန်တော်တို့လွတ်လွတ်လပ်လပ်စုံစမ်းနိုင်မှာ၊ အစ်ကိုဟာဒီ - ကျွန်တော်နဲ့ ကိုမေးဆင်တို့ ကိုကြီးမေးနဲ့ လိုက်သွားမယ်"

စုံထောက်ဝီလီသိန်းက ကိုကြီးမောင်ကိုပြောနေရာမှ ဗွာနာအစ်ကြီးကိုပါ ဆက်ပြောလိုက်သည်။ ထို့နောက် စုံထောက်ဝီလီသိန်းနှင့် ဆားပုလင်း ကိုမေးဆင်တို့သည် ကိုကြီးမောင်နှင့်အတူ မြေနုပုလဲရွာသို့ ထွက်လာခဲ့ကြလေ၏။

▲▲▲

"သူတို့က ဘယ်သူတွေလဲကွ"

နှစ်ထပ်ဖျဉ်ထောင်အိမ်ကြီးတစ်လုံး၏ရှေ့တွင်ရှိသော မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် စားပွဲတစ်လုံးနှင့် ခုံတန်းရှည်နှစ်ခု ချထားသည်ကို စုံထောက်ဝီလီသိန်း တွေ့လိုက်ရသည်၊ ထိုခုံတန်းရှည်နှစ်လုံးပေါ်တွင် လူသုံးယောက်ထိုင်နေကြသည်။ စားပွဲပေါ်တွင် အရက်ပုလင်းနှစ်လုံးနှင့် စားစရာများတင်ထားသည်။ ထိုထိုင်နေသူ သုံးယောက်ထဲမှ တစ်ယောက်က အိမ်ဝိုင်းထဲသို့ဝင်လာသောကိုကြီးမောင်ကိုမေးလိုက်ခြင်းဖြစ်သည်၊

"မြို့က ကျွန်တော့်သူငယ်ချင်းတွေ၊ အလည်လိုက်လာတာပါ ကိုသန်းဝင်း"

ကိုကြီးမောင်က စကားကို တိုတိုပြောပြီး အိမ်ထဲ ဝင်သွားသည်၊ ကိုကြီးမောင်၏ယောက်ဖကိုသန်းဝင်းဆိုသူကို စုံထောက်ဝီလီသိန်းက အကဲခတ်ကြည့်လိုက်သည်၊ ကိုသန်းဝင်းကလည်း သူနှင့် ကိုမေးဆင်ကို လိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေ၏။

"လာ - အစ်ကိုဝီလီ - အပေါ်ထပ် တစ်ခုလုံးက ကျွန်တော့်အစ်မပိုင်တဲ့နေရာ - အောက်ထပ်တစ်ခုလုံးကို ကိုသန်းဝင် ပိုင်တယ်၊ အဖေဆုံးပြီးကတည်းက အစ်မက ကိုသန်းဝင်းကို အိမ်ပေါ်တက်ခွင့်မပေးတော့တာဗျ၊ ချစ်လို့ယူထားတဲ့ယောကျ်ားမဟုတ်တော့ အဖေဆုံးတာနဲ့ အစ်မက မပေါင်းတော့ဘူးဆိုတဲ့သဘောပေါ့။ ဒါကိုကိုသန်းဝင်းက မကျေနပ်ဘူးလေ"



❝ညနေ အစာကျွေးချိန် ရမှ လာမှာဗျ။ ခွေးဆိုပေမယ့် အစ်မက ရတွေလိုပဲ။ အချိန်နဲ့ အစာကျွေးတာဗျ။ ဟာဒီနဲ့ပါပြီ။ အစ်မရှိတုန်းက ဘယ်မှ မသွားဘူး။ အစ်မနားပဲ ကပ်နေတာ။ အစ်မလည်း ခရီးထွက်သွားရော ဒီမှာမကပ်တော့ဘူးဗျ။

အပေါ်ထပ်ရောက်သည်နှင့် ကိုကြီးမောင်က စုံထောက်ဝီလီသိန်းနှင့် ဆားပုလင်း ကိုမေးဆင်တို့ကို အစ်ကိုဟာဒီခန်းပြလိုက်သည်၊ စုံထောက်ဝီလီသိန်းက အပေါ်ထပ်တစ်ခုလုံးကို ကြည့်လိုက်သည်။ ဘုရားခန်းအမြင့်ဘက်တွင် ပိတ်ထားသော အခန်းတစ်ခန်းကို တွေ့လိုက်ရသည်၊

"အဲဒီအခန်းက အစ်မအိပ်တဲ့အခန်းဗျ"

ကိုကြီးမောင်က ပြောလိုက်သည်။ ပြီးတော့ - စုံထောက်ဝီလီသိန်းတို့ကို ဘုရားခန်းတွင် နေရာချထားလိုက်၏။ စုံထောက်ဝီလီသိန်းက ပြတင်းပေါက်အကွယ်မှ အိမ်ရှေ့မန်ကျည်းပင်အောက် အရက်သောက်နေကြသောကိုသန်းဝင်းတို့ကို လှမ်းကြည့်လိုက်သည်။

"ကိုကြီးမောင် - လာပါဦး၊ ကိုအခြားသမီးက ခင်ဗျားတို့အမျိုးထဲကလား"

စုံထောက်ဝီလီသိန်းက မန်ကျည်းပင်အောက်သို့ မေးငေါ့ပြရင်း မေးလိုက်သည်၊ ကိုကြီးမောင်ကနောက်မှ ရပ်၍ကြည့်လိုက်ပြီး -

"အမျိုးမဟုတ်ပါဘူး၊ ကိုသန်းဝင်းခေါ်ထားတဲ့ သူပါ။ လျှော်ဖွပ်ချက်ပြုတ်ပေးဖို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုအမျိုးသမီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားပုံမရ၊ တိုတိုပဲ ရှင်းပြသည်။ စုံထောက် ဝိလီသိန်းက ထိုသို့မဟုတ်၊ အမှုနှင့်ပတ်သက်မည်ထင်သမျှ မှတ်သားတတ်လေသည်။ ပြတင်းပေါက် အတွယ်မှ မခွာသေးဘဲ အသက်သုံးဆယ်ခန့် လုံးကြီးပေါက်လှ အမျိုးသမီး တစ်ယောက်ကို အကဲခတ်ကြည့်နေရာမှ-

"တို-ကိုသန်းဝင်းနဲ့ အရက်အတူသောက်နေသူတွေက ဘယ်သူတွေလဲ"

"အလုပ်သမားတွေလို့ပြောပါတယ်၊ အလုပ်ထဲမှာ စိတ်ချရတယ်တဲ့ဗျား"

"သူတို့သုံးယောက်ကိုကြည့်ရတာ၊ အလုပ်သမားနဲ့ အလုပ်ရှင်ပုံမပေါက်ဘူးဗျ သူငယ်ချင်းတွေလိုပဲ"

"သူ့နေရာနဲ့သူမှ မနေတတ်တာ၊ နဂိုတလည်း အဆင့်မှမရှိတာ၊ အစ်မနဲ့ ရလို့ ဒီဘဝရောက်ရတဲ့ကောင်လေ ..."

ကိုကြီးမောင်က စကားပြောရင်း ဒေါသထွက်လာပုံရသည်။

မန်ကျည်းပင်ရိပ်အောက်တွင် အရက်ဝိုင်းဖွဲ့သောက်ရင်း ပုတ်ခတ်တွန်းထိုးရင်း စကားပြောနေကြသော ကိုသန်းဝင်းတို့အနားမှ လျှောက်ဖွပ်ချက်ပြုတ်ရန် ဒေါ်ထားသောအမျိုးသမီးက ထွက်သွားသည်။

"ခင်ဗျားအစ်မ မေ့ကျန်ခဲ့တဲ့ ပုတီးနဲ့ ယောဂီတဘက်ဆိုတာ ဒါလားဗျ"

ဆားပုလင်းကို မေးဆင် အသံကြောင့် ပြတင်းပေါက်နားမှ ဘုရားခန်းရှိရာသို့ စုံထောက်ဝိလီသိန်း ထွက်လာခဲ့သည်။ ပြီးတော့ ကိုမေးဆင် လက်ညှိုးထိုးပြနေသော ဘုရားကျောင်းဆောင်ပေါ်သို့ လှမ်းကြည့်လိုက်သည်၊ ဘုရားကျောင်းဆောင်ပေါ်တွင် စိပ်ပါများ၍ လက်ဆီတက်နေသော မည်းပြောင်နေသည့် ပုတီးတစ်ကုံးနှင့် ယောဂီတဘက်လေးကို ခေါက်လျက်သား တွေ့လိုက်ရလေ၏။

"ဟုတ်တယ် - အစ်ကိုမေးဆင်၊ သွားလေရာ အမြဲတမ်းယူသွားတဲ့ပုတီးပေါ့"

စုံထောက်ဝိလီသိန်းက ဘုရားခန်းထဲသို့ မျက်လုံးကစား၍ ကြည့်လိုက်သည်၊ ဘုရားပန်းများမှာ ခြောက်သွေ့နေပြီဖြစ်သော ပန်းအိုးနှစ်လုံးနှင့် သောက်တော်ရေမရှိတော့သည့်ဖန်ခွက်လေးတစ်လုံးသာ ဘုရားကျောင်းဆောင်ပေါ်တွင် တွေ့လိုက်ရသည်။



"ဒါနဲ့ ခင်ဗျားပြောနေတဲ့ မေတ္တာဆိုနေတဲ့ ခွေးလေးက ဘယ်မှာလဲ - မတွေ့ပါလား"

"ညနေ အစာကျွေးချိန်ကျမှ လာမှာဗျ၊ ခွေးဆိုပေမယ့် အစ်မက လူတွေလိုပဲ၊ အချိန်နဲ့အစာကျွေးတာဗျ၊ လာခါနီးပါပြီ၊ အစ်မရှိတုန်းက ဘယ်မှမသွားဘူး၊ အစ်မနားပဲ ကပ်နေတာ၊ အစ်မလည်း ခရီးထွက်သွားရော အိမ်မကပ်တော့ဘူးဗျ"

ကိုကြီးမောင်က ခွေးလေးမေတ္တာအကြောင်း ပြောပြနေသည်၊ စုံထောက် ဝိလီသိန်းက ပြတင်းပေါက်နားသို့ ပြန်သွားပြီး မန်ကျည်းပင်အောက်သို့ လှမ်းကြည့်လိုက်သည်၊ အရက်ရှိန်တက်နေကြပြီထင်သည်၊ ဝိုင်းက မသိမ်းသေး၊ အော်ဟစ်စကားပြောသံများက ဆူညံနေသည်၊ ထိုစဉ် အိမ်ပေါ်သို့ ခွေးတစ်ကောင်တက်လာပြီး ကိုကြီးမောင်ရှိရာသို့ အမြီးနန့်၍ ပြေးသွားသည်ကို စုံထောက်ဝိလီသိန်း တွေ့လိုက်ရသည်။

"အစာစားချိန်ရောက်လို့ ဒီကောင်ပြန်လာတာဗျ"

ကိုကြီးမောင်က ခွေးလေး၏ကြောတို ပွတ်သပ်ပေးလိုက်သည်၊ ခဏကြာတော့ အိမ်အောက်ထပ်သို့ ဆင်းသွားသည်၊ အိမ်ပေါ်ပြန်တက်လာတော့ ထမင်းနှင့် ဟင်းများ ရောနယ်၍ထည့်ထားသော သံပန်းကန်ပြားကို ခွေးလေးရှေ့သို့ ချပေးရင်း "သားကြီး - စားတွာ" ဟုပြောလိုက်သည်၊ စုံထောက်ဝိလီသိန်းက ကိုကြီးမောင်နှင့် အစာစားနေသော ခွေးလေးကို ကြည့်နေရာမှ -

"ဒီခွေးလေး အစာစားပြီးရင် ဒီကောင် ဘယ်ကိုသွားမလဲဆိုတာ လိုက်ကြည့်ရအောင်"

ဆားပုလင်းကိုမေးဆင်တို့ တိုးတိုးလေးပြောလိုက်သည်၊ ကိုကြီးမောင်တတော့ခွေးလေးကိုဝရုတစိုက်အစာကျွေးနေသည်၊ အိမ်ရှေ့မန်ကျည်းပင်အောက်မှ ဘာသံမျှ မကြားရတော့၊ အရက်ဝိုင်းသိမ်းသွားလေပြီလားမသိ၊ တိတ်ဆိတ်ငြိမ်သက်နေလေပြီ၊ ခွေးလေးလည်း အစာဝသွားပြီမို့ အမြီးတနန့်နန့်ခါရင်း လှုပ်ရင်း ကိုကြီးမောင်၏ခြေထောက်များကို နမ်းနေသည်။

"ဝိလီရေ - ကိုကြီးမောင်တို့ခေါ်ခဲ့ကွာ၊ သူကရှာခံဆိုတော့ သူပါမှကောင်းမှာ"

ဆားပုလင်းကိုမေးဆင်ပြောနေစဉ်မှာပင် ခွေးလေးက ကိုကြီးမောင်ကိုမော့

www.burmeseclassic.com

ကြည့်လိုက်ပြီးနောက် လေ့ကားထိပ်သို့ ထွက်သွားသည်။

"ကိုကြီးမောင် - ခွေးလေး ဘယ်သွားတယ်ဆိုတာ လိုက်ကြည့်ရအောင်ဗျာ"

ကိုကြီးမောင်က စုံထောက်ဝီလီသိန်း၏ စကားကို နားမလည်ဟန်ဖြင့် ပြန်ကြည့်လိုက်လေ၏။

"လာပါဗျာ - ခွေးလေးနောက်ကို လိုက်ကြည့်ရင်း အဖြေတစ်ခုခုတော့ ရလိမ့်မယ်ထင်တယ်"

လေ့ကားမှ ပြေးဆင်းသွားသော ခွေးလေးနောက်သို့ သုံးယောက်သား စင်းသွက်သွက်လိုက်သွားကြသည်။ အိမ်အောက်ရောက်တော့ ကိုသန်းဝင်းတို့ သုံးယောက်က ရှိမနေတော့။

"ဘယ်ရောက်ကုန်ပြီလဲ"

"အရက်သောက်တာ မဝသေးလို့ ဆိုင်သွားသောက်ကြတာ နေမှာပေါ့ဗျာ"

ခွေးသွားရာနောက်သို့ မျက်ခြည်မပြတ်လိုက်ရင်း စကားပြောလာကြသည်။ အလင်းရောင်မရှိတော့ နေဝင်မိုးချုပ်ပြီမို့ အချို့အိမ်များပင် ရေနံဆီမီးအိမ်လေးများ ထွန်းညှိထားကြလေပြီ။ ထိုစဉ် ရှေ့မှသွားနေသော ခွေးလေးမေတ္တာက နောက်သို့ လှည့်ကြည့်လိုက်ပြီး မပြေးရုံတမည် လှမ်းနေသောခြေလှမ်းများကို ရပ်လိုက်သည်။ ရှေ့မှ တစ်လှမ်းချင်း သွားနေတော့သည်။ ကိုကြီးမောင် လိုက်လာမှန်း သိသွား၍ တမင်စောင့်ခေါ်နေသလိုပင်...။ နောက်သို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားနေသည်။

"ဘယ်သွားနေတာလဲ - ကိုကြီးမောင်"

ဆားပုလင်း ကိုမေးဆင်ကို မေးလိုက်ခြင်းဖြစ်သည်။

"အခုအနေအထားအရဆိုရင် ရွာမြင်ကားလမ်းဘက်ကို သွားနေတာဗျ"

"ခွေးဆိုတာ သခင့်အပေါ်မှာ သစ္စာရှိတယ်ဗျ။ သူ့သခင်မပြန်အလာကိုသွားစောင့်နေတာလားမသိဘူး၊ သနားပါတယ်ဗျာ"

"ခြေလေးချောင်းသတ္တဝါတွေထဲမှာ ခွေးဆိုတဲ့အကောင်က သခင့်ကိုစောင့်ရှောက်တဲ့နေရာမှာ အသက်နဲ့လဲပြီး စောင့်ရှောက်ကာကွယ်တဲ့ သစ္စာရှိအကောင်မျိုးဗျ - ကိုကြီးမောင်၊ ခင်ဗျားပြောသလို သခင်ကို သွားစောင့်နေတာလားမသိဘူး"



စကားတပြောပြောဖြင့် ခွေးလေးမေတ္တာနောက်မှ လိုက်လာခဲ့ကြသည်။ ထိုစဉ် ခွေးလေးမေတ္တာက လှည်းလမ်းပေါ်မှ ဆင်းပြီး ညာဘက်သို့ ပြေးဝင်သွားလေသည်။ လှည်းလမ်းနှင့် တော်တော်လေးဝေး သစ်ပင်အုပ်ထဲ ရောက်သောအခါ ဆက်မသွားတော့။ ကန္တာရပင်နှင့် ချုံနွယ်ပုတ်ပင်များကြားတွင်ဝပ်နေသည်ကို တွေ့လိုက်ရသည်။ စုံထောက်ဝီလီသိန်းနှင့် ဆားပုလင်းကိုမေးဆင်တို့က ခွေးလေးဝပ်နေသောနေရာတစ်ဝိုက်ကို အာရုံစိုက် ရှာကြည့်နေသည်။

"ကိုမေးဆင် - လက်နှိပ်ဓာတ်မီး ပါလာတယ်မဟုတ်လား၊ ထုတ်ဗျာ"

တွေ့ရပါပြီ။ လက်နှိပ်ဓာတ်မီး အလင်းရောင်အောက်တွင် ခွေးလေးမေတ္တာ ယက်ထားသော ကျင်းတစ်ခုကို တွေ့လိုက်ရသည်။ ကိုကြီးမောင်က စုံထောက်ဝီလီသိန်းတို့ ဘာကို ရှာနေမှန်း သိ၊ ဘာ့ကြောင့်လည်း နားမလည်ရှာ။

"ဒီနေရာဖြစ်ဖို့များတယ်"

ခွေးယက်ထားသောမြေပြင်ကို ကြည့်၍ စုံထောက်ဝီလီသိန်းက ပြောလိုက်သည်။ စိတ်ကြိုက်သေသေချာချာ ဖော်ဆေးပြီးနောက် ကိုကြီးမောင်ကိုခေါ်၍ လာလမ်းအတိုင်းပြန်လာခဲ့ကြသည်။ ခွေးလေးမေတ္တာကို ခေါ်သော်လည်း ခေါ်၍ မရပါလေတော့။ ကိုကြီးမောင်ကို ခေါင်းကလေးမော့၍ကြည့်ရင်း တန့်ရစ်ခဲ့ရှာသည်။

"အစ်ကိုတို့ ဘာတွေလုပ်နေတာလဲ၊ ကျွန်တော် နားမလည်လို့ပါ"

လှည်းလမ်းပေါ်ပြန်အရောက်တွင် ကိုကြီးမောင်ကမေးလိုက်ခြင်းဖြစ်သည်။ စုံထောက်ဝီလီသိန်းက အတွေ့အကြုံအရ ဘုရားဖူးထွက်သွားသည်ဟု သိထားရသော ဒေါ်ပန်းမြိုင်တစ်ယောက် လူ့လောကတွင် မရှိတော့မှန်း ထွက်ဆမိပြီဖြစ်သော်လည်း အဖြစ်မှန်ကို ပြောမပြရက်တော့။

"နောက်တော့ ကျွန်တော်တို့ ဘာလုပ်တယ်ဆိုတာ ခင်ဗျား သိလာမှာပါဗျာ"

ဟုသာ ပြောလိုက်မိတော့သည်။ သုံးယောက်သား ရွာလယ်လမ်းမကြီးအတိုင်း ဝင်လာခဲ့ကြ၏။ စုံထောက်ဝီလီသိန်းက ယတိပြတ်ဆုံးဖြတ်လိုက်သည်။ ကိုကြီးမောင်အစ်မ မပန်းမြိုင်တစ်ယောက် လူ့ဘဝတွင်မရှိတော့။ ဘာ့ကြောင့် ထိုကဲ့သို့ ဆုံးဖြတ်လိုက်ရသည်

www.burmeseclassic.com

တို သူသာလျှင် အသိဆုံး ဖြစ်သည်။ မပန်းမြိုင်ရှိသောနေရာကို အရောက် ပို့ဆောင်ပြသပေးသူ ရှိနေခဲ့သည်။ ခွေးကလေးမေတ္တာကပြပေးခဲ့သည်မဟုတ်ပါလား။ သခင်ကိုချစ်သောခွေးက သခင်ရှိသောနေရာမှာ နေပြခဲ့ပြီ မဟုတ်ပါလား ...။

"ခင်ဗျားတို့သူကြီးအိမ်က ဘယ်နားမှာလဲ"

"ဟောဟိုရှေ့က ခြေတံရှည်နဲ့အိမ်ပဲ။ ကျွန်တော် လိုက်ပို့မှာပေါ့ဗျာ"

ကိုကြီးမောင်တ စကားဆုံးသည်နှင့်ရှေ့ထွက်သွားသဖြင့်စုံထောက်ဝီလီသိန်းက ကိုကြီးမောင့်လက်ကို ဖမ်းဆွဲထားလိုက်ပြီး "ခင်ဗျားပြန်နှင့်ဗျာ"ဟု ပြောပြီး ပြန်လွှတ်လိုက်သည်။

"မြန်မြန်တော့ ပြန်လာခဲ့ကြနော်၊ ညနေစာစားဖို့ အသင့်ပြင်ထားလိုက်မယ်"

ကိုကြီးမောင်က နှုတ်ဆက်၍အရင်ပြန်သွားတော့သည်။ သူကြီးအိမ်ရောက်တော့ သူကြီးနှင့်အတူ ရွာလူကြီးသုံးယောက်ပါရောက်နေသည်ကိုတွေ့လိုက်ရသည်။ စုံထောက်ဝီလီသိန်းက ကိုကြီးမောင်ပုလိပ်ဌာနသို့ရောက်လာပြီး သူ၏အစ်မ မပန်းမြိုင် ဘုရားဖူးထွက်သည်ဆိုတာ မသက်သာလို့ လာတိုင်သည့်အကြောင်းနှင့် ရွာအပြင်ကန္တာရပင်အုပ်ထဲမှ ခွေးယက်ထားသော မြေကျင်းတစ်ပိုင်းတစ်စအား တွေ့ရှိပုံများကို ရှင်းပြလိုက်သည်။

"ခွေးလေးမေတ္တာ ယက်ထားတဲ့ မြေကျင်းထဲကိုတူးကြည့်မယ်၊ မပန်းမြိုင်အလောင်းကိုတွေ့မယ်ဆိုရင် ဘာဆက်လုပ်မှာလဲ - စုံထောက်ကြီးရဲ့"

စုံထောက်ဝီလီသိန်း ရှင်းပြသမျှ နားထောင်နေသောသူကြီးက ပြန်မေးလာသည်။ ရွာလူကြီးသုံးယောက်တလည်း စိတ်ဝင်စားလာသည်။

"ဘာလုပ်ရမှာလဲ သူကြီးရယ် - တရားခံ ရှာရမှာတော့မှာပေါ့ဗျာ"

"ကြီးမောင်ပြောသလိုဆိုရင်တရားခံအဖြစ်နိုင်ဆုံးက သူ့ယောက်ဖသန်းဝင်းပေါ့၊ ဒီကောင် တော်တော်ယုတ်မာအကြံပက်စက်တဲ့ကောင်ပဲ။ ကျေးဇူးရှင်မှန်းမသိမိုက်ရိုင်းလိုက်တာဗျာ၊ ဒီကောင်သန်းဝင်းဆိုရင်တော့ ရှည်ရှည်ဝေးဝေးလိုက်ဖမ်းစရာ မလိုတော့ဘူးဗျ"

"ဘာဖြစ်လို့လဲ - သူကြီး"

စုံထောက်ဝီလီသိန်းက မေးလိုက်သည်။

"ညမိုးချုပ်ရွာလယ်က အရက်ဆိုင်မှာရွာတောင်ပိုင်းက ကောင်လေးတွေနဲ့ ရန်ဖြစ်ကြတယ်၊ ကောင်လေးတွေကို သန်းဝင်းတို့သုံးယောက်က ဓိုင်းရိုက်လိုက်တယ်။ ကောင်လေးတွေ မိဘတွေက လာတိုင်လို့ သုံးယောက်လုံးဖမ်းပြီး ထိတ်တုံးခတ်ထားတယ်။ ဒီကောင်တွေ ဘယ်မှ မပြေးနိုင်ပါဘူး - စုံထောက်ကြီးရယ်"

စုံထောက်ဝီလီသိန်းတစ်ယောက် မြေနုပုလဲရွာသူကြီးကို အထင်ကြီးလေးစားသွားသည်။ ကိုကြီးမောင်၏ အစ်မဖြစ်သူ မပန်းမြိုင်အကြောင်းရှင်းပြလိုက်သည်နှင့် အနီးစပ်ဆုံးတရားခံကို ဖော်ထုတ်ပြနိုင်ခဲ့သည်မဟုတ်ပါလား။ ယခုလည်း တရားခံအဖြစ် သင်္ကာမကင်းသူ သန်းဝင်းကို ရိုက်မှုဖြင့် ထိတ်တုံးခတ်ထားလိုက်ပြီဖြစ်သည်။

သည်တော့ခွေးလေးမေတ္တာစောင့်နေသောနေရာမှ ခွေးယက်ထားသော မြေကျင်းတွင်ကို နောက်တစ်နေ့နံနက်စောစောတွင် တူးဖော်ကြရန် ပြောဆိုပြီးနောက် စုံထောက်ဝီလီသိန်းနှင့် ဆားပုလင်းကိုမေးဆင်တို့နှစ်ယောက် စိတ်လက်ပေါ့ပါးစွာဖြင့် သူကြီးအိမ်မှ ပြန်လာခဲ့ကြတော့သည်။

⅄ ⅄ ⅄

နောက်တစ်နေ့မနက်၊

နေရောင်မလာမီမှာပင် ရွာအပြင် ကန္တာရပင်အောက်သို့ စုံထောက်ဝီလီသိန်း၊ ဆားပုလင်းကိုမေးဆင်၊ ကိုကြီးမောင်နှင့် သူကြီးအပါအဝင် ရွာသားငါးယောက်တို့ရောက်ရှိနေကြပြီဖြစ်သည်။ ရွာသားလေးယောက်၏ လက်ထဲတွင် ပေါက်တူးနှင့် ဂေါ်ပြားများ ကိုင်ထားကြသည်၊ သူတို့လှသိုက်ကိုမြင်တော့ ခွေးလေးမေတ္တာက ဆီးဟောင်ပါလေတော့သည်။ ကိုကြီးမောင်က အသံပေးလိုက်မှ ငြိမ်သွားလေသည်။ စုံထောက်ဝီလီသိန်းက မေတ္တာယက်ထားသော မြေကျင်းနေရာကို ပြလိုက်သည်။

"ကိုင်း - တူးကြကွာ"

သူကြီးက ရွာသားများကိုနိုင်းလိုက်သည်။ သည်တော့မှ ကိုကြီးမောင်တစ်ယောက် သဘောပေါက်သွားပုံရသည်။

"အစ်ကိုဝီလီ - ကျွန်တော့်အစ်မကို သတ်ပြီး ဒီနေရာမှာ မြှုပ်ထားတာလား ဟင်"

"မဟုတ်ပါဘူး - ကိုကြီးမောင်၊ ဘာများထူးခြားတာရှိမလဲလို့ တူးကြည့်တာပါ"

"မညာပါနဲ့ - အစ်ကိုဝီလီ၊ ခွေးလေး မေတ္တာရှိတဲ့ ဒီနေရာမှာ တူးဖော်ဖို့လုပ်

www.burmeseclassic.com

တယ်ဆိုမှတော့ ကျွန်တော်သိပါပြီ၊ မေတ္တာက သူ့သခင်နဲ့ ဘယ်တော့မှခွဲနေတဲ့ကောင် မဟုတ်ဘူးဗျ"

စကားဆုံးသည်နှင့် ကိုကြီးမောင်တစ်ယောက် ရှိက်ကြီးတငင် ငိုချလိုက်လေတော့သည်၊ ဝမ်းနည်းပက်လက်ငိုနေသောကိုကြီးမောင်ကိုကရုဏာသက်စွာကြည့်ရင်း -

"အေးဗျာ - ခင်ဗျားအစ်မ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ"

ရှာသားလေးယောက်က အသာရှုတုနေကြသည်၊ ဝေါ်ပြားဖြင့် မြေကြီးများကို ကော်တာ ပက်သူက ပက်နေသည်၊

"အစ်ကိုဝီလီ - ကျွန်တော့်အစ်မကို သတ်တာ ဘယ်သူလဲဟင်၊ သိရင် ပြောစမ်းပါဗျာ၊ ကျွန်တော်ကိုယ်တိုင် သွားသတ်ချင်လို့ပါဗျ"

စုံထောက်ဝီလီသိန်းလက်မောင်းတိုတိုင်လှုပ်၍ကိုကြီးမောင်ကမေးလိုက်သည်၊

"သူကြီးရေ - ငါးစပ်စောင်နဲ့ ပတ်ထားတာဗျ"

အပုပ်နံ့ထွက်လာသလို မြေတူးနေသော ရှာသားလေးယောက်လည်း နှာခေါင်းကိုပိတ်၍ ကျင်းပေါ်တက်လာကြသည်၊ ခွေးလေးမေတ္တာကတွင်းနှုတ်ခမ်းပေါ်မှငုံ့ကြည့်ရင်းစူးစူးဝါးဝါးဟောင်လိုက်သည်၊ တွင်းအနက်နှစ်ပေခန့်တွင်စောင်နှင့်ပတ်ထားသောအလောင်းကပေါ်နေသည်၊ ဆားပုလင်း ကိုမေးဆင်က တွင်းထဲဆင်းလိုက်ပြီး ပတ်ထားသော စောင်ကိုဖြည်းညင်းစွာ ခွာလိုက်သည်၊

"အစ်မ - မပန်းမြိုင်"

ကိုကြီးမောင်က တွင်းထဲ ငုံ့ကြည့်နေရာမှအော်ခေါ်လိုက်သည်၊အလောင်းက ပုပ်ပွနေလေပြီ၊ သူကြီးနှင့် ရှာသားလေးယောက်က အလောင်းကို ငုံ့ကြည့်လိုက်ပြီး မပန်းမြိုင်ဖြစ်ကြောင်း စုံထောက်ဝီလီသိန်းကို ပြောလိုက်ကြသည်၊ ဆားပုလင်း ကိုမေးက နှာခေါင်းကို လက်ကိုင်ပုဝါဖြင့် စည်းလိုက်ပြီး အလောင်းကိုသေချာစွာစစ်ဆေးကြည့်နေသည်၊

"နဖူးမှာ ဒဏ်ရာတစ်ချက်၊ နောက်စေ့မှာ ဒဏ်ရာတစ်ချက်၊ ညာလက်မှာ ဒဏ်ရာတစ်ချက်၊ ညာလက်က ကျိုးနေတယ် - ဝီလီ၊ နောက်ကျောကုန်းမှာလည်း ဒဏ်ရာတွေ ရှိသေးတယ်"

ကိုမေးဆင်က တွင်းထဲ ပြန်တက်လာပြီး စုံထောက်ဝီလီသိန်းကို ပြောလိုက်သည်၊

"ရက်စက်လိုက်ကြတာဗျာ၊ ဘယ်အမြီးနဲ့များ လုပ်ကြတာလဲ"

ကိုမေးဆင်ပြောလိုက်သောစကားကို ကြားလိုက်ရသော ကိုကြီးမောင်က အံ့ကြိတ်၍ပြောလိုက်ခြင်းဖြစ်သည်၊

"မသေမချင်း ရိုက်သတ်ထားတာနဲ့တူတယ်"

စုံထောက်ဝီလီသိန်းက သူ့အနားတွင်ရပ်နေသော သူကြီးကိုတိုးတိုးလေး ပြောလိုက်သည်၊ ကိုကြီးမောင်နှင့် ရှာသားလေးယောက်ကို အလောင်းနှင့်အတူ ထားခဲ့ပြီး စုံထောက်ဝီလီသိန်းက သူကြီးခေါ်၍ ပြန်လာခဲ့ကြသည်၊

"ကျွန်တော်တို့ တော်တော်ကံကောင်းတယ်ဗျ၊ တရားခံက ထိတ်တုံးစာ မိထားလို့ပေါ့ဗျာ၊ နို့မို့ဆို - မလွယ်လောက်ဘူးဗျ၊ ပြန်ခုခံမယ့်ရုပ်တွေ၊ အသာတကြည်နဲ့တော့ အဖမ်းခံမှာမဟုတ်ဘူး"

ဆားပုလင်း ကိုမေးဆင်က ပြောလိုက်ခြင်းဖြစ်သည်၊ စုံထောက်ဝီလီသိန်းက ထုံးစံအတိုင်း မထီလေးစားဟန်ဖြင့် ပြုံးလိုက်ပြီး "ဝီလီအကြောင်းသေိတဲ့သူကတော့ ခုခံဖို့ကြိုးစားမှာပေါ့ဗျာ" ဟုပြန်ပြောလိုက်လေတော့သည်၊

"ဘယ်လိုလဲသူကြီးရဲ့ - ကျုပ်တို့ကိုလွှတ်ပေးတော့လေဗျာ"

သူကြီးက စုံထောက်ဝီလီသိန်းတို့ကို အိမ်နောက်ဘက် ကိုသန်းဝင်းတို့ ဆရာတပည့်သုံးဦးကို ထိတ်တုံးခတ်ထားသော နေရာသို့ ခေါ်လာခဲ့ခြင်းဖြစ်သည်၊ သူကြီးကို မြင်လိုက်သည်နှင့် ကိုသန်းဝင်းက လေသံမာမာဖြင့် ပြောလိုက်သည်၊ နောက်မှ စုံထောက်ဝီလီသိန်းနှင့် ဆားပုလင်းကိုမေးဆင်ကိုတွေ့သွားသည်၊

"ဩော် - မြို့ကြီးမောင်သူငယ်ချင်းတွေပါလား၊ ငါတို့ကို အာမခံတော့လား"

"ဘာကွ - မင်းတို့ကို ဘယ်သူက အာမခံနဲ့ လွှတ်ပေးမယ်လို့ ပြောလဲ၊ ဝေးသေး"

သူကြီးက ငေါက်လိုက်သည်၊ ထိုစဉ် မနေ့ညက သူကြီးအိမ်မှာ တွေ့ရသော ရှာလူကြီးသုံးယောက် ရောက်လာသည်၊

"ကျွန်တော်တို့ကို လွှတ်ပေးပါ - သူကြီးရယ်၊ နောင် - ဒါမျိုး မဖြစ်စေရပါဘူး၊ ကျွန်တော်တို့ရိုက်လိုက်တဲ့ကောင်လေးမိဘတွေကိုလည်း သွားပြီးတောင်း

www.burmeseclassic.com

ဝန်ထုံ့မယ်၊ လျော်ကြေးလည်း ပေးပါ့မယ်"

ကိုသန်းဝင်းက တောင်းပန်နေသည်။

"လျော်ကြေးပေးတာ မပေးတာ နောက်ထား၊ အခု - ငါမေးတာကို အရင်ဖြေ"

စုံထောက်ဝီလီသိန်းက ထိတ်တုံးပေါ်သို့ ညာခြေတစ်ဖက်ကိုတင်ပြီး မေးလိုက်သည်။

"တော့ကောင် - ရှိုင်းလှချည်လား၊ မင်းက ဘာကောင်လဲ"

"ဒါ ဘာကောင်လဲဆိုတာ မင်းသိရမှာပါ၊ မင်းမိန်းမ မပန်းမြိုင် ဘယ်မှာလဲ ဖြေစမ်း"

မပန်းမြိုင်ဆိုသော နာမည်ကိုကြားလိုက်သည်နှင့်ကိုသန်းဝင်းတစ်ယောက် မျက်နှာပျက်သွားလေပြီ။

"ဘုရားဖူးသွားတာ တစ်ရွာလုံးသိတယ်ကွ၊ မင်းက ဘာကောင်မို့ လာမေးရတာလဲ"

"ဖြောင်း"

အသံနှင့်အတူ ကိုသန်းဝင်းတစ်ယောက်ရှေ့သို့ခေါင်းစိုက်ကျသွားသည်၊ ဆားပုလင်း ကိုမေးဆင်က ဖက်ပိုးကို ရိုက်ချလိုက်ခြင်းဖြစ်သည်။

"ဟေ့ကောင် မှတ်ထား - ငါက ဆားပုလင်းမေးဆင်၊ သူက စုံထောက် ဝီလီသိန်း၊ မေးတာကို ကောင်းကောင်းဖြေ၊ မပန်းမြိုင် - ဘယ်မှာလဲ"

"ဘုရားဖူးထွက်သွားပါတယ်ဆို"

"ညာပြန်ပြီလား"

ကိုမေးဆင်က ဖက်ပိုးကိုရိုက်ရန် ရွယ်လိုက်သည်။

"ဘာလို့မဟုတ်တာတွေပြောနေရတာလဲ - ကိုသန်းဝင်းရယ်၊ မပန်းမြိုင်အလောင်းကို ရွာအပြင် ကန္တာရပင်အောက်မှာ မြှုပ်ထားပါတယ်လို့ ဝန်ခံလိုက်စမ်းပါ။ ယောက်ျားပဲဗျာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့"

စုံထောက်ဝီလီသိန်းစကားကြောင့် ကိုသန်းဝင်းတစ်ယောက် ခေါင်းငုံ့သွားလေတော့သည်။ ဆရာတပည့် သုံးယောက်အသံတိတ်သွားလေပြီ၊ အတန်ကြာမှကိုသန်းဝင်းအသံထွက်လာသည်၊

"ခင်ဗျားတို့က ကြီးမောင်သူငယ်ချင်းတွေမဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ၊ ကိုကြီးမောင်က သူ့အစ်မ မပန်းမြိုင်တစ်ယောက် ဘုရားဖူးထွက်သွားတာကို မယုံကြည်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အစ်မက စိပ်ပုတီးကို လက်က မချ၊ သွားလေရာပါတဲ့



ပုတီးက ဘုရားကျောင်းဆောင်ပေါ်မှာကျန်နေရစ်တာရယ်၊ သူ့အစ်မမွေးထားတဲ့ ခွေးလေးမေတ္တာဟာ အစာကျွေး၊ အစားစားချိန်ရောက်ရင် အိမ်ပြန်လာပြီး ကျန်တဲ့အချိန်တွေမှာ ပျောက်နေတယ်၊ ဒါတွေကို သင်္ကာမကင်းဖြစ်ပြီး ကျွန်တော်တို့ဂါတ်တဲကိုလာပြီး အကူအညီတောင်းလို့ ခင်ဗျားတို့ရွာကို လိုက်လာရတာ၊ ကိုကြီးမောင်သူငယ်ချင်းအဖြစ်နဲ့ပေါ့ဗျာ၊ ရွာရောက်တယ်ဆိုရင်ပဲ ခွေးလေးမေတ္တာက သူ့သခင်မ မပန်းမြိုင်ရှိတဲ့နေရာကိုခေါ်သွားလို့အခုလိုမပန်းမြိုင်အလောင်းကို တူးဖော်တွေ့ရတာပါဗျာ"

"အဲဒါကြောင့် ဒီခွေးကိုသတ်လိုက်လို့ပြောတာ၊ မင်းတို့နစ်ကောင် နားမထောင်ဘူးလေ၊ ခွေးက လူစကားမတတ်ဘူးဆို ..."

ကိုသန်းဝင်းတစ်ယောက် စိတ်လွတ်ကိုယ်လွတ်ပြောပြီးမှ ပါးစပ်ပြန်ပိတ်သွားသည်။

"မောင်သန်းဝင်း - အလောင်းကိုလည်း တွေ့နေပြီပဲကွာ၊ ဘယ်လိုဖြစ်တယ်ဆိုတာကိုသာ ဒီကစုံထောက်မင်းတို့ကို ဖွင့်ပြောလိုက်ကြပါတော့"

သူကြီးကမေတ္တာရပ်ခံလိုက်သည်၊ ကိုသန်းဝင်းက ခေါင်းငုံ့ထားရာမှ မော့လိုက်ပြီး "ဟုတ်ကဲ့" ဟု ပြောလိုက်လေတော့သည်။

⅄ ⅄ ⅄

ဖြောင့်ချက်

ကျွန်တော်က မပန်းမြိုင်တို့အိမ်ကို အလုပ်လုပ်ဖို့အလုပ်သမားအဖြစ်မပန်းမြိုင်အဖေ၊အရီးသာတင့်ကခေါ်လာတာ၊ ဆွေရိပ်မျိုးရိပ် မကင်းဘူးပေါ့ဗျာ၊ သမီးတစ်ယောက်ရှိတော့ တခြားလူစိမ်းကို အိမ်ကို ခေါ်မထားချင်တဲ့သဘောပေါ့၊ မပန်းမြိုင်က ကျွန်တော့်ထက် အသက်တစ်နှစ် ပိုကြီးတယ်၊ အရမ်းသဘောကောင်းတယ်၊ မြို့ကျောင်းမှာ ကျောင်းနေနေတာ၊ အရီးသာတင့်က အဖျိုလေးဖြစ်တဲ့ မပန်းမြိုင်ကို မြို့ပေါ်က မြို့သားလူရည်လည်၊ လူရုပ်တွေနဲ့ တွေ့သွားမှာစိုးရိမ်ပြီး ခုနစ်တန်းအောင်တဲ့နှစ်မှာ ကျောင်းက နုတ်လိုက်တယ်၊

အစ်မ မပန်းမြိုင်က တော်တော်လှတဲ့မိန်းကလေး၊ ဒါပေမဲ့ - အလှမက်ဘူးဗျ၊ ကျောင်းကထွက်ပြီးတဲ့နောက် ဖိနပ်ချောင်ဝင်ပြီး ချက်ရေးပြုတ်ရေးတွေ တာဝန်ယူထားလိုက်တယ်၊ အဲ့ဒီအခါ ရင်သူ့အမေနဲ့အတူ ဘုရားရှိခိုးအလုပ်



www.burmeseclassic.com

ဝဲလုပ်နေတာ။ ပုတီးစိပ်၊ တရားထိုင် ဒါပဲ လုပ်နေလို့ ကျွန်တော်က –

"မပန်းမြိုင်ရယ် – ဒီအလုပ်တွေ လုပ်နေတာ မချင်းဘူးလား"

လို့ မေးလိုက်တော့ "ကိုယ့်နောက် ပါမယ့်အလုပ်လုပ်တာ မချင်းပါဘူး" လို့ ပြန်ပြောတယ်။ ခြော် – ကျွန်တော့် အကြောင်းတိုလည်း ပြန်ပြောရဦးမယ်။ ကျွန်တော်နေတဲ့ရွာက သာယာအေးချမ်း ရွာ မြေနုလဲရွာနဲ့ သိပ်မဝေးဘူး။ ကျွန်တော့်မှာ အဖေ၊ အမေနဲ့ ညီလေးသုံး ယောက်ရှိတယ်။ မိဘတွေက ဆင်းရဲ တယ်။ သားကြီးဖြစ်တဲ့ ကျွန်တော်က မလိမ္မာဘူး။ အပေါင်းအသင်းစုံ ရင် အရက်သောက်တယ်၊ ကြက်တိုက် တယ်။ ငယ်ငယ်ကတည်းက ရှမ်းသာချင် တယ်။ ပိုက်ဆံရမယ်ဆိုရင် ဘာပဲလုပ်ရ လုပ်ရ လုပ်ချင်တဲ့စိတ်ရှိတယ်။

အဖေက အရီးသာတင့်နဲ့နေရင် လိမ္မာလာမှာပဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ ထည့်လိုက်တာ။ ကျွန်တော်ကလည်း အရီးသာတင့်တို့ မိသားစု ယုံအောင် နေပြလိုက်တယ်။ မပန်းမြိုင်ရဲ့ယုံကြည်မှုကို ရအောင် မီးဖိုချောင်မှာ လိုအပ်တဲ့ ထင်း ခွဲရေခပ်အလုပ်တွေကို မခိုင်းခင်ကကြို လုပ်ပေးထားတယ်။ တစ်နှစ်လောက် လုပ်မိတော့ အရီးသာတင့်တို့ ဘယ် လောက်ချမ်းသာတယ်ဆိုတာ သိလာရ တယ်။ အဲဒီမှာ လောဘတက်လာတော့ တာပဲ။ သူတို့ချမ်းသာသမျှ ကျွန်တော် ပိုင်ရအောင်လုပ်မယ်လို့ ဆုံးဖြတ်လိုက် တယ်၊ ဘယ်လိုလုပ်ရမလဲလို့ ရှည်ရှည် ဝေးဝေး တွေးနေစရာ မလိုဘူး။ သူတို့ သိပ်ချစ်တဲ့ သူတို့သမီးလေးကိုရအောင် ယူနိုင်ရင် ပွဲသိမ်းပြီပေါ့ဗျာ၊ ရိုးရိုးသား သား ချစ်စကားကြိုက်စကားပြောလို့က တော့ ဝေးသေး၊ ကျူပ်လို သူတို့အိမ်မှာ ခိုင်းတဲ့ကောင်ကို ဘယ်လက်ခံလိမ့်မလဲ ဗျာ၊ လက်မခံမှန်းသိပေမယ့် သွေးတိုး စမ်းပြီး ရိုတိုတိ သွားလုပ်တယ်၊ ဘာမှ ပြန်မပြောသလို အရီးသာတင့်ကိုလည်း သွားမတိုင်ဘူး။ မကြားတကြား ခဏ ခဏ ပြောကြည့်တယ်၊ တုံ့ကို ဘာဝေ ပဲဗျ။ ပုတီးပဲ စိပ်နေတယ်၊

အဲဒီလိုနေရင်းနဲ့ တစ်နေ့ ရွာဦး ကျောင်းဆရာတော် ဦးနာယကခေါ်လို့ အရီးသာတင့်တို့လင်မယား ဘုန်းကြီး ကျောင်းကို သွားနေတုန်း အိမ်မှာ ကျွန် တော်နဲ့ မပန်းမြိုင်ပဲ ကျန်ရစ်ခဲ့တယ်၊ ကြီးမောင်က ငယ်သေးတော့ ရွာထဲမှာ ဆော့နေတယ်နဲ့တူပါတယ်၊ အဲဒီအခွင့် အရေးကို လက်လွှတ်မခံနိုင်တဲ့ ကျွန် တော်က မပန်းမြိုင် ရှိနေတဲ့ အိမ်ပေါ်ကို တက်သွားတာပေါ့၊ အိပ်ခန်းထဲမှာ အေးအေးလေးအိပ်နေတဲ့ မပန်းမြိုင်ကို တွေ့လိုက်ရတော့ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးဗျာ၊ အသိစိတ်ကလေး ဝင်လာတော့ –

"နင် သိပ်မိုက်ရိုင်းတယ်"

လို့ပြောပြီး ကျွန်တော့်ကို ပါးရိုက် တယ်၊ မပန်းမြိုင် ကြိုက်သလောက်လုပ် ပါစေဆိုပြီး ကျွန်တော်က ငြိမ်ခံနေတယ်၊ မပန်းမြိုင်အချစ်ကို မရပေမယ့် ကျွန် တော်လိုချင်တာကို ရအောင် ယူလိုက် နိုင်တယ်၊ မပန်းမြိုင်ကို ကျွန်တော် ရအောင်ယူနိုင်ခဲ့တယ်ပေါ့ဗျာ၊ သူ ကျွန် တော့်ကို စိတ်ကြိုက်ရိုက်နှက်လို့ထောင်း လို့ အားရလောက်တဲ့အချိန်ရောက်မှ သူ့လက်နှစ်ဖက်ကို ဖမ်းတားထားပြီး "ကျွန်တော် မပန်းမြိုင်ကို လက်ထပ်ယူ မှာပါ" လို့ပြောလိုက်တယ်၊ မပန်းမြိုင်က ဘာမှပြန်မပြောဘူး။ ငြိမ်နေတယ်၊ တစ် ခုခုကို စဉ်းစားနေသလိုပဲ၊ အတန်ကြာ မှ –

"နင် ငါ့ကို တကယ်ချစ်တာ ဟုတ် ရဲ့လား"

တိုးတိုးလေး မေးတယ်ဗျ။ ဝမ်းသာ လိုက်တာဗျာ၊ ကျွန်တော်ဖြစ်ချင်တဲ့ အတိုင်း ဖြစ်လာပြီလို့ သိလိုက်တယ်။ ကျွန်တော်က မပန်းမြိုင်ကို ဘယ်လောက် ချစ်တယ်ဆိုတာ စာစီကုံးလို့ ဖလိုလိုက် တယ်၊ မပန်းမြိုင်က သူ့အမေတို့ ကျွန် တော်နဲ့ယူမှ ဖြစ်တော့မယ့်အကြောင်း ဖွင့်ပြောလိုက်တယ်၊ တိုတိုပြောရရင် မပန်းမြိုင်ကို ကျွန်တော်နဲ့ မင်္ဂလာဆောင် ဆောင်ပေးလိုက်တယ်၊ လက်ထပ်ပြီး သိပ်မကြာလိုက်ပါဘူး၊ မပန်းမြိုင်တာ အင်မတန် ကြောက်စရာကောင်းတဲ့ မိန်းမအဖြစ် ပြောင်းလဲသွားတာကို သိ လိုက်ရတယ်၊ တခြားအချိန်တွေမှာ တရားထိုင်၊ ပုတီးစိပ်နေတဲ့မိန်းမတာ ကျွန် တော်နဲ့တွေ့ရင် မာကြောကြောမိန်းမ ဖြစ် သွားတယ်၊ ယောက်ျားဆိုပြီး ဦးစားပေး လိမ့်မထင်နဲ့ဗျာ၊ တစ်နေ့တုန်း အနားမနေ ရအောင် ခိုင်းတော့တာပဲ၊ တစ်နေ့တို့ လှည်းတစ်စီးစာ ထင်းခွဲခိုင်းတယ်၊ ထင်း မခွဲရင် တောထဲက ကန္တာရပင်တွေ ခုတ် ခိုင်းတယ်၊ သုံးရေချိုးရေ ခပ်ခိုင်းတယ်၊ အရီးသာတင့်ကတော့ လင်မယားနှစ် ယောက်အဆင်ပြေနေတယ်လို့ ထင်နေ ပုံရတယ်၊ မပန်းမြိုင်က သူ့အမေရှေ့မှာ ဆိုရင် "ကိုဝင်း – ကိုဝင်း" မျက်နှာတို





www.burmeseclassic.com

www.burmeseclassic.com

ချိုနေတာပဲတွေ့ရမှာရောက်မှတွေ့လို နေလို့ရနိုင်တာများ

တရားထိုင်၊ ပုတီးစိပ် သိမ်သိမ်မွေ့မွေ့ရှိတဲ့ မပန်းမြိုင်တာ အင်မတန်စိတ်ကောင်းရှိတဲ့ စိတ်ထားမွန်မြတ်တဲ့မိန်းမလေးကျွန်တော်ထင်သလိုချယ်လှယ်ချုပ်ကိုင်လို့ရမယ်လို့ တွက်ထားခဲ့တာ၊ ကျွန်တော့်တွက်ကိန်း မှားသွားတယ်၊ အင်မတန် ကြောက်စရာကောင်းတဲ့ မိန်းမဆိုတာ အရိုးသာတင့် ဆုံးပါးသွားတော့မှ သိလိုက်ရတယ်၊ အရိုးသာတင့်ဆုံးသွားတော့ ဝမ်းနည်းရမယ့်အစား ကျွန်တော်ဝမ်းသာသွားတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ကျွန်တော်ကအိမ်ထောင်ဦးစီးဖြစ်သွားပြီလေ၊ အိမ်ရဲ့ကြီးပွားရေး၊ စီးပွားရေးအားလုံး ကျွန်တော့်လက်ထဲရောက်ပြီပေါ့ဗျာ၊ ဒါက ကျွန်တော့်တွက်ရေပေါ့ဗျာ၊ ဒါပေမဲ့ - စတ်သူဌေးမဖြစ်ရပါဘူး၊ မပန်းမြိုင်က အိမ်ရဲ့စီးပွားရေး၊ ကြီးပွားရေးတွေကို သူကိုယ်တိုင် လုပ်တယ်၊

ကျွန်တော်ကိုတော့ အလုပ်သမားသဘောမျိုးနေရာမှာပဲ ထားတယ်၊ အိမ်ထောင်ဦးစီးနေရာကို သူက ယူထားလိုက်တယ်ဗျာ၊ပြီးတော့ - ကျွန်တော့်ကိုလည်း သူနဲ့ ခွဲအိပ်နိုင်းလာတယ်၊ ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းလဲ၊ တစ်ပတ်လောက်တော့ ခွဲအိပ်လိုက်ပါတယ်၊ အိမ်ထောင်ရေးက အဆင်မပြေ၊ အဲဒီလိုနဲ့ကျွန်တော်ဟာ စိတ်ညစ်ညစ်နဲ့ အရက်ဆိုင်မှ ညအိပ်ချိန်ရောက်တဲ့ အထိ အရက်သောက်နေလိုက်တယ်၊ အရက်ဆိုင်ကပြန်လာတော့ အိမ်တံခါးကိုပိတ်ထားတယ်၊ ဘယ်လိုမှ ဖွင့်မပေးတာနဲ့ နွားတင်းကုတ်ထဲမှာ အိပ်လိုက်ရတယ်၊

သူ့မောင်လေးကြီးမောင်ကိုလည်း ပုသိမ်ကြီးက ဦးလေးတော်တဲ့ဦးလပြည့်အိမ်ကိုပို့ထားလိုက်တယ်၊ အိမ်မှာ ကျွန်တော်ရယ်၊ မပန်းမြိုင်ရယ်၊ ကျွန်တော်ခေါ်ထားတဲ့အလုပ်သမားနှစ်ယောက်ရယ်ပဲ ရှိတော့တယ်၊ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ အရက်ပဲ သောက်နေလိုက်တယ်၊ မပန်းမြိုင်ကိုလည်း စိတ်နာလာတယ်၊

ကျွန်တော်တွက်ထားသလို သူ့ကိုပိုင်ဆိုင်သမျှ လက်ဝါးကြီးအုပ် အပိုင်စီးဖို့က ဖြစ်မလာတော့ဘူး၊ ကျွန်တော်သာ ကျွန်ကြီးနွားဖြစ်သွားတယ်၊ ဒီလိုတော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲဗျာ၊ ကျွန်တော်က မပန်းမြိုင်ယောက်ျားဆိုတာ တစ်ရွာလုံးသိ၊ မပန်းမြိုင်မရှိရင် သူတို့ပိုင်တဲ့ လယ်တွေ၊ နွားတွေ၊ အတွင်းပစ္စည်းတွေ ကျွန်တော်ပိုင် ဖြစ်လာရမယ်မဟုတ်လား၊ သူ့မောင် ကြီးမောင်ကို စာရင်းထဲထည့်ကိုမတွက်ဘူးဗျ၊ လောဘရယ်၊ ဒေါသရယ်၊ ပေါင်းမိသွားပြီး မပန်းမြိုင်ကို သတ်ဖို့ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော် [illegible]ညှိ နှစ်ယောက်ဖြစ်တဲ့ လုဝင်းနဲ့ ထွန်းလွင်ကိုခေါ်ပြီးအရက်ဆိုင်မှာအရက်သောက်ရင်း မပန်းမြိုင်ကို သတ်မယ့်အကြောင်း ဖွင့်ပြောလိုက်တယ်၊

ကျွန်တော့် ပေးစာကမ်းစာကို စားရတဲ့ကောင်တွေဆိုတော့ခေါင်းညိတ်ပြတာပေါ့ဗျာ၊ ထုံးစံအတိုင်းပါပဲ၊ အရက်ဆိုင်ကပြန်လာတော့အိမ်တံခါးမကြီးက ပိတ်ထားပြီးပြီ၊ တစ်အိမ်လုံး မှောင်မည်းနေတာပဲ၊ ကျွန်တော်နေလာတဲ့အိမ်ပဲဗျာ၊ ဘယ်နေရာက ဝင်ရင် ရမယ်ဆိုတာ သိနေတော့ အိမ်ခေါင်းရင်းက ပြတင်းပေါက် ဝင်လိုက်တယ်၊ အဲဒီပြတင်းပေါက်က အပြင်က ဖွင့်လို့ လွယ်တယ်ဗျ၊ အိမ်အောက်ထပ်ရောက်တာနဲ့ ကျွန်တော်တို့သုံးယောက်လုံး ဝတ်ထားတဲ့အင်္ကျီတွေချွတ်ပြီး မျက်နှာကို စည်းလိုက်ကြတယ်၊

ပြီးတော့ အပေါ်ထပ်တက်တဲ့ လှေကားအောက်မှာ သိမ်းထားတဲ့ သစ်တိုသစ်စပုံထဲက သစ်သားချောင်းတစ်ချောင်းစီ ယူပြီး အိမ်ပေါ် တက်ခဲ့ကြပါတယ်၊ မျက်နှာကို အဝတ်စည်းထားတဲ့ ကျွန်တော်တို့ကို တွေ့တာနဲ့ ခုတင်ခြေရင်းမှာအိပ်နေတဲ့ ခွေးလေးမေတ္တာက ဟောင်တော့တာပါပဲ၊ ခွေးဟောင်သံကြောင့် မပန်းမြိုင်ဟာ အိပ်ရာက နိုးလာပြီး "ဘယ်သူတွေလဲ" လို့ မေးလိုက်တဲ့အချိန်မှာ ကျွန်တော်က လက်ထဲက သစ်သားချောင်းနဲ့ရိုက်ချလိုက်ပါတယ်၊ ကျွန်တော်က မပန်းမြိုင်ကို ရိုက်နေတဲ့အချိန်မှာ လုဝင်းက ဟောင်နေတဲ့ခွေးကိုလိုက်ရိုက်နေပါတယ်၊ ခွေးက အိမ်အောက်ကို ဆင်းပြေးသွားပါပြီ၊ သောက်ထားတဲ့ အရက်ရှိန်ရယ်၊ မတော်လောဘရယ်၊ ထွက်နေတဲ့ ဒေါသရယ်၊ သုံးယောက်ပေါင်းလောင်းကျော်ဆိုသလိုခေါင်းစည်းမိသွားပြီး စိတ်ရှိလက်ရှိ ရိုက်လိုက်မိတယ်ဗျာ၊ သတိထားမိလိုက်တော့ မပန်းမြိုင်က ခွေခွေလေး လဲကျသေနေပါပြီ"

ကျွန်တော်တို့နေတာက ခြံဝင်းကျယ်၊ တစ်အိမ်နဲ့တစ်အိမ်က အလှမ်း

www.burmeseclassic.com

တေတော့ ဘယ်သူမှ မသိလိုက်ကြဘူး။ ကျွန်တော်တို့သုံးယောက်၊ မပန်းမြိုင်ရဲ့ အလောင်းတို့ စောင်နဲ့ပတ်ပြီး အိမ်အောက်ကို ချထားလိုက်တယ်။ နောက် လေးနာရီလောက်ရောက်တော့မှ နွားလှည်းနဲ့ အလောင်းတို့တင်ပြီး ရွာပြင်က ကန္တာရတောထဲမှာ သွားမြှုပ်ထားလိုက်ကြတာပါ။ ကျွန်တော်အလောင်းတို့မြေမြှုပ်နေတဲ့အချိန်မှာ ခွေးလေးမေဂ္ဂါတာ ဘယ်တုနေ ရောက်လာတယ်မသိဘူး။ ထုတ်ထုတ်နဲ့ တောင်တော့တာပဲ၊ တို့လွင်က မြေကြီးခဲတွေနဲ့ လိုက်ပေါက်တော့မှ ထွက်ပြေးသွားတယ်၊ ကျွန်တော်တို့ကတော့ ဘယ်သူမှမသိအောင် ဝန်းမြိုင်တစ်ယောက် ဘုရားဖူးထွက်သွားတယ်လို့ သတင်းလွှင့်ထားလိုက်တာပေါ့ဗျာ၊ ကိုယ့်ကိုယ်ကိုယ်တော့ ဖိုင်ပြီပေါ့ဗျာ၊ သောက်လိုက်စားလိုက်နဲ့ ပျော်နေမိတာအမှန်ပဲဗျ။ အခုတော့ကျွန်တော်တို့အများတစ်ခုကို ချန်ထားခဲ့မိလို့ အဖမ်းခံရပြီပေါ့ဗျာ၊ အမှန်က ခွေးလေး မေဂ္ဂါကိုပါ သတ်လိုက်ရမှာ၊ အဲဒီလို မသတ်မိလို့အဲဒီခွေးကကျွန်တော်တို့ကို ထောင်ထဲပို့လိုက်တာပါ"

ကိုသန်းဝင်းကို စုံထောက်ဝီလီသိန်းက ငုံ့ကြည့်လိုက်ပြီး -


"ခွေးဆိုတာ သခင့်အပေါ်မှာ သစ္စာအရှိဆုံးဆိုတာ ခင်ဗျားသိသွားပြီမဟုတ်လား"

ဟုပြောလိုက်လေတော့သတည်း။


⇨ ကျော်အေးရွှေ


## နားပြည်ယို

- ➢ ကြောင်ပန်းရွက်သတ္တုရည်ကို နှမ်းဆီဖြင့် ရော၍ထည့်ပါ။ နားကျပ်ပါ။
- ➢ ကြက်သွန်နီအရည်ညှစ်၍ တစ်နေ့(၃)ကြိမ်ထည့်ပါ။
- ➢ ကြိတ်မှန်ရွက်အခြောက်ကို အမှုန့်ပြု အုန်းဆီဖြင့်ဖျော်ကာ နားကျပ်ပါ။



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူလက်ထဲ ရောက်နေပြီး သေဒဏ်စီရင်ခံရသည့် လက်နက်ပွဲစားတစ်ယောက်၏ သေအံ့ဆဲဆဲအချိန်တွင် လွတ်မြောက်ရန်လမ်းစ ပေါ်လာရာ ..

၆

ညနေအသည်း

သည် အချိန်မတန်သေးဘဲ ညကာလနယ်နိမိတ်ထဲသို့ကူးဝင်ရန်ကြိုးစားအားထုတ်နေသည်ဟုတွေးချင်ရာဖြစ်သည်။ အချိန်နာရီအားဖြင့် မွန်းလွဲ(၄)နာရီခန့်သာ ရှိသေးသော်လည်း မိုးကောင်းကင်အာကာပြင်မှာ နေ့အလင်းရောင်သည် ငြိမ်းလုဆဲဆဲဖြစ်နေ၏။ ကျွဲရိုင်းအုပ်ကြီးပြေးလွှားတွန်းထိုးနေသည်နှင့်တူလှသော ရှုတ်ရှုတ်သဲသဲ တိမ်မည်းတိမ်ပုပ်ကြားမှာ အလင်းရောင်ရောင်သည် မှိန်ရျေလင်းရေနှင့်။ ဩတ္တာသ လောကဝန်းကျင်လည်းကျွန်တော်၏လက်ရှိဘဝကိုအရောင်နိမိတ်ဖြင့် ထင်ဟပ်ပြသကဲ့သို့ ကျွန်တော်ခံစားရပါသည်။ ကျွန်တော်၏ သက်တမ်း(၃၀)ကျော်ခန့် ရှိခဲ့သည့် လူ့ဘဝသည်လည်း နေဝင်မိုးချုပ်ဘိသကဲ့သို့ ထောဝရအမှောင်ထုကြီးထဲမှာ စုန်းစုန်းမြုပ်ရတော့မည်။

တောင်တချေရေအဟုန် မျိုးဖြင့် ထတည်းဟည်း အော်မြည်စီးဆင်းနေသော ဥတုချောင်း၏ ညစ်ပုပ်ပုပ်ရေအလျဉ်သည်ကျွန်တော့်ကိုသယ်ဆောင်သွားရန် အသင့်ပြင်ဆင်ထားသည်နှင့်တူလှသည်။ ကျွန်တော်လည်း ချောင်း၏ အရှေ့ဘက်ကမ်းစောင်းတစ်နေရာရှိ သပြေပင်နှင့်အတူ ဥတုချောင်းကို ကျောပေး၍ ရပ်နေသည်။ သက်သောင့်သက်သာ ရပ်နေရခြင်းကားတော့တ်၊ လုံးပတ်ထွားဆိုင်သာသာ အရွယ်သပြေပင်ငယ်၏ပင်စည်မှာကျွန်တော်၏ လက်နှစ်ဖက်ကို ကိုယ်အောက်သစ်လျက်သားဖြင့် ဂုန်လျှော်ကြိုးဖြင့် အထပ်ထပ် တုပ်နှောင်ထားခြင်းဖြစ်သည်။ ကျွန်တော်၏ ဦးခေါင်းနှင့် လည်ပင်းမှလွဲ၍ ကျွန်တော့်၏ တစ်ကိုယ်လုံးတုပ်တုပ်မျှ လှုပ်၍မရ၊ မွန်းတည့်ချိန်လောက်ကစ၍ ကျွန်တော့်ကို ဤပုံစံအတိုင်းကြိုးတုပ်ထားခဲ့ရာ ဆီးထွက်ကျခဲ့သည်က သုံးကြိမ်ရှိပြီ။

"သံခဲတော့ ကြောက်သေးတွေချည်းပါချမ်နေတာပဲလကွ။ ကြောက်ချေးတစ်လေးများတော့ မထွက်တော့ဘူးလားကွ-သံခဲ-ဟေ"

ကျွန်တော့်ရှေ့ဘက် (၁၀)ပေခန့်အကွာ သစ်တုံးကြီးတစ်တုံးပေါ်မှာ ထိုင်နေကြသည့် ညှဉ်းသိုးသိုး မည်းကြုတ်ကြုတ်၊ ယူနီဖောင်း စုတ်ပြတ်ပြတ်နှင့် လက်နက်တိုင်နှစ်ယောက်အနက် ပုတွကွလူက အရက်ပုလင်းကြီးနှင့် အော်ပြောသည်။ သူတို့နှစ်ယောက်စလုံး၏ လက်တစ်ကမ်းမှာမီးကျိုးမောင်းမျက်သေနတ်နှစ်လက်နှင့်၊ တစ်လက်က အမေရိကန်စတင်းဂန်းအဟောင်းကြီး၊ တစ်လက်တဂျပန်ရိုင်ဖယ်အစုတ်ကြီး၊ သို့တိုင် ထိုလက်နက်တွေဟာ အနီးကပ်ပစ်ရလျှင် လူတစ်ယောက်၏ဇီဝိန်ကို ကောင်းကောင်းခြွေနိုင်ကြောင်း ကျွန်တော် နားလည်ထားပါသည်။

စစ်အင်္ကျီအစုတ်နှင့်ပုဆိုးအဟောင်းကြီးကို ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း ဝတ်ထားကာ ဖိနပ်မစီးဘဲ ခြေဗလာနှင့်ထိုင်နေသူ ပိန်ရှည်ရှည်လူက ကျွန်တော့်ကို သူ၏ စတင်းဂန်းအစုတ်ကြီးဖြင့် လှမ်းချိန်ပြီး-

"ဒီတစ်ခါ မင်း သေးထွက်ရဲ ထွက်ကြည့်၊ သေးထွက်တဲ့နေရာကိုဖစ်ထည့်လိုက်မယ်-ဟား-ဟား-ဟား"

ဟု ကျီစယ်လှောင်ပြောင်ခြင်းကို ကျွန်တော် အောင့်နလုံး နာမိသည်။ သို့သော် သူ့ကိုစကားတစ်ခွန်းမှ ပြန်မပြော ဖြစ်၊ ပြန်မပြောနိုင်၊ ကျွန်တော်၏ ရင်မှာလေးလံနေပြီး လည်ချောင်းထဲမှာ မှ

www.burmeseclassic.com

လောင်ပြောက်တာ်ခနေသည်။ တစ်ကိုယ်လုံးတာတော့ အပုလိုင်းနှင့် အခြေအလိုင်းတွေ တစ်လှည့်စီ ဝင်ထွက်ကူးဖြတ်နေကြသည်။ သံခဲဆိုသော ကျွန်တော်သည် ကြောခင်သေရတော့မည့်သူပါလား။

ခေတ်အခါတလည်း မကောင်းလှ။ ရှေးလူကြီးတွေ ပြောသလို တလိယုဂ်ခေတ်ဆိုးခေတ်ပျက်ကြီး ဖြစ်သည်။ အဓိတိုင်းပြည်ကြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရသည်နှင့် အဓိကြတ်ချင်းခွပ်ကြသည့် စစ်ပွဲကြီး ပေါ်လာသည်။ ကျွန်တော်တို့ တောနယ်တွင် လက်နက်ကိုင်အုပ်စုသုံးစုကွဲကာ သူ့ဦးသူသတ်၊ ကိုယ်ဦးကိုယ်သတ် အချိန်းအတတ်ခင်းနေကြသည်။ ကျွန်တော်သည် လွတ်လပ်ရေးရစီကတည်းက အခွင့်အလမ်းကောင်းရှာသည့်အရောင်းအဝယ်သမားတလေး ဖြစ်ခဲ့သည်။ သားတွေမှာလားတွေမှာအပြိုင်မိအိုဖအိုတို့အား စောင့်ရှောက်ကျွေးမွေးနိုင်ရန် ခေတ်ပျက်ကာလမှာ ထမင်းနပ်မှန်ရန် ကျွန်တော် လုံ့လထုတ် ကြိုးပမ်းသည်။ ကျွန်တော့်အလုပ်က သမ္မာအာဇီဝနည်းလမ်းတော့ မဟုတ်။

⅄ ⅄ ⅄

ကျွန်တော်က ကျည်ဆန်အရောင်းအဝယ် လုပ်သည်။ အမှောင်တကော့ အမှောင်ဆုံးမှောင်ခိုလျှို့ဝှက်အလုပ်ဖြစ်သည်။ (က)အုပ်စုမှ ကျည်ဆန်ဝယ်ပြီး (ခ)အုပ်စုသို့ ရောင်းသည်။ (ခ)အုပ်စုမှ ပင် ကျည်ဆန်ဝယ်ပြီး (ဂ)အုပ်စုသို့ ပြန်ရောင်းပြန်သည်။ (ဂ)အုပ်စုမှကျည်ဆန်ဝယ်ပြီး (က)အုပ်စုသို့ လက်သိပ်ထိုးရောင်းချပြန်သောအခါကျွန်တော်သည် ကိုယ်ပျောက်သေမင်းတမန်နှင့် တူနေသည်။ သို့သော် ရရှိသောအကျိုးအမြတ်ကတော့ သူမတူအောင်မြိုးမြိုးမြက်မြက်ရှိလှသည်။

"လည်လွန်းတဲ့ဘီး ရှေးသင့်"ဆိုသော ဆိုရိုးအတိုင်း ဖြစ်လာသည်။ (ခ) အုပ်စုထဲမှာ ကျည်ဆန်မျိုးစုံ (၁၀၀) လောက်ပျောက်သွားသည်။ တရားခံကို ရှာလို့မရ။ နောက်ဆုံးတော့ ကျည်ဆန်အရောင်းအဝယ်လုပ်နေသူ ကျွန်တော့်အား တရားခံတံဆိပ် တပ်လိုက်သည်။ အစစ်အဆေးအမေးအမြန်းမရှိ ဖမ်းဆီးချုပ်နှောင်ကာ သေဒဏ်ပေးရန် အမိန့်ချလိုက်သည်။

ကျွန်တော့်မှာ ငြင်းဆိုခွင့်မရ၊ ခုခံချေပခွင့်မရ၊ အသနားခံ၊ အယူခံဝင်ခွင့်မရ၊ ငါသေရမှာ သေချာနေပြီ၊ လုံ့ခွင့်နဲ့ ထိုးသတ်မှာလား၊ ဓားဖြင့် ခုတ်သတ်မှာလား၊ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်မှာလား။ ပြီးလျှင် မိုးဦးကျ လေဦးကျမှာ ရေစီးသန်လှသောဥတုချောင်းထဲအလောင်းကိုမျှောသေတောင်လို မျှောလိုက်ရုံသာ။

ကျွန်တော် မိနစ်ပေါင်းများစွာကြာအောင် အသက်မှန်မှန်ရှူသွင်းပြီး အားသွင်းလိုက်သည်။

"ရဲ-ရဲဘော်ကြီးတွေ-ရဲဘော်ကြီးတွေ"

ကျွန်တော့်အသံက ဟူးဟူးရားရား ငြိုးနေသော လေတိုးသံများကို ခက်ခဲစွာဖွင်းဖောက်၍ ထွက်လာသည်။

"ဘာတုံး ငါ့လူ-ဘာတုံး"

စတင်းဂန်းဆရာက ဒယီးဒယိုင် ထသွားပြီး ကျွန်တော့်ရှေ့မှာ ရပ်လိုက်သော်ချပ်အဲ့ အဲ့အရက်နံ့တွေက ကျွန်တော့် အသက်ရှုလမ်းကြောင်းထဲသို့ တရကြမ်း တွန်းတိုက်တိုးဝင်သွားကြသည်။

"ကျုပ်ကို ဘယ်တော့သတ်မှာလဲ"

ကျွန်တော် အံကြိတ်ပြီး အားတင်းထားသည်။

"ငါတို့ခေါင်းဆောင်နဲ့ ရဲဘော်တွေ ပြန်လာရင် ငါတို့ တစ်စုတစ်ဝေးတည်း ပျော်ပျော်ပါးပါးကြီး ဝိုင်းသတ်ကြမှာပေါ့ကွ။ ဘာလဲ-မင်းက သေမင်းပြည်ကို မြန်မြန်သွားချင်နေပြီလား။ မလောပါနဲ့ ငါ့ညီရာ၊ အချိန်တန်ရင် နွားပိန်ကန်ပါလိမ့်မယ်"

စတင်းဂန်းဆရာက ထွက်သွားသောအခါ ရိုင်ဖယ်သမားက ကျွန်တော့်ဆီ သိုင်းကွက်နင်း၍ ကပ်လာသည်။

"အဟမ်း-အဟမ်း-မင်းလိုလူလည်လူရှုပ်၊ လူလိမ်လူကောက် အယုတ်တမာကို ငါတို့က မိုးရှိုးသေသတ်ဘူး။ သေနတ်နဲ့ပစ်ရင် ကျည်ဆန်တစ်တောင့် ကုန်မယ်။ ဓားနဲ့ခုတ်ရင် သွေးတွေစဉ်လို့ ဆေးရကြောရနဲ့ သောက်လုပ်ရှုပ်ဦးမယ်။ ဒီတော့-ဘာမှအလုပ်မရှုပ်အောင် ရေနစ်သတ်တော့-ထားဟား-မဟုတ်ဘူးလား-ဟား-ဟား အိုး-မဟုတ်သေးဘူး။ ရေနစ်သတ်ရင် အချိန်ကြာလှသကွာ။ အိုး-မင်းတို့မှတ်လောက် သားလောက်အောင် တော့ ဆုံးမရမယ်။ ဆုံးမပြီးမှ အဆုံးစီရင်တယ်လကွာ-မဟုတ်ဘူးလား"

သူ့မျက်နှာပြုံပြုံကြီးက ကျွန်တော့်မျက်နှာနှင့် တစ်ထွာအကွာအဝေး ဝင်ရောက်လာရာ အနံ့ဆိုးများကြောင့် ကျွန်တော် အသက်ရှူအောင့်ထားရသည်။ ကြာကြာလည်း မအောင့်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ လောက်ကောင်ကလေး - ခင်းတို့ကိုမိုးခြုံအလယ်အိုးထဲမှာ ထည့်ပြုတ်မှာ ကွ။ မီးခြင်းမထိုးဘူး၊ မီးနည်းနည်းနဲ့ပဲ တဖြည်းဖြည်း ပူလာအောင်လုပ်မယ်၊ ရေဆူလာတဲ့ အထိ မီးထိုးပေးမယ်၊ သည့်နယ်လဲ – ရေလည်းဆူရော မင်း တစ်ကိုယ်လုံးပြုတ်ပြီးသားဖြစ်ပြီးတော့ မှ လူသားပြုတ်တို့ ရောင်းထဲကငါးတွေ ရတွေးလိုက်မယ်၊ အဲဒီအစီအစဉ် ကောင်းတယ်မဟုတ်လားကွ"

ကျွန်တော်က သူ့မျက်နှာကို စက်ဆုပ်ရွံရှာမှုအပြည့်ဖြင့် ကြည့်နေလိုက်၏။ ကျွန်တော့်အကြည့်ကို သူ နားလည်သွားပုံရသည်။

"ခွေးမသား - လောက်ကောင်"

ဟု အော်ဆဲပြီးနောက် သူ၏လည်ချောင်းထဲမှ ပုပ်ဟောင်စွဲကျိသော တံတွေးတွေကို ကျွန်တော့်မျက်နှာပေါ်သို့ မိမိရရကြီး ထွေးထုတ်လိုက်သည်။ ကျွန်တော် မျက်စိတွေ ပိတ်ထားလိုက်ရပါသည်။

ကျွန်တော်ကိုယ်တိုင် လူတော်လူကောင်းတစ်ယောက် မဟုတ်သော်



"ကျွန်တော့်ကို သေဒဏ်စီရင်မည့် ပိုလ်စိုး (ခေါ်) ကိုငစိုး၏ အကျင့်စရိုက်ကို ကျွန်တော် ခန့်မှန်း၍ ရနေသည်။ ကိုငစိုးက လူတိရစ္ဆာန်ဖြစ်သည်။ ကိုယ်ခန္ဓာကတော့ မနုဿ။ စိတ်နှလုံးကတော့ တိရစ္ဆာန်အရိုင်းစိတ်မျိုး။ ခေတ်ပျက်ချိန်မှာ ကိုငစိုးလက်ဖြင့် သတ်ခဲ့သူတွေ မနည်းမနော။ ကိုငစိုးက နှုတ်မိန့်ပေး၍ ပါးစပ်ဖြင့် သတ်ခဲ့သူတွေကလည်း တစ်ပုံကြီး။



သည်း ကျွန်တော့်အနီးမှာ ယခုရှိနေကြသည့် အောက်တန်းစားလက်နက်ကိုင်တွေ၏ လက်ထဲမှ အသက်ဆုံးရှုံးရမည်ဆိုတော့ "ထိုက်တန်မှုမရှိ၊ လူဖြစ်ရှုံးသည်" ဟုခံစားမိသည်။ ကျွန်တော့်အဖြစ်က "ခွေးသတ်၍လူသေရသည့်" အဖြစ်မျိုးဟု ဆိုရတော့မှာလား။

မကြာမီ ကျွန်တော့်ကို အဆုံးစီရင်မည့် ရောက်လာတော့မည့် ခေါင်းဆောင်ဆိုသူမှာလည်း တစ်ချိန်က ဒေသခံစားပြတစ်ဦးသာ ဖြစ်ခဲ့သည်။ စာတစ်လုံးမှ မတတ်၊ သို့သော် မယားနှစ်ယောက်ယူထားသည်။ လက်နက်ကိုင်ခေါင်းဆောင်ဖြစ်လာသောအခါ မငြိမ်းချမ်းသည့်ခေတ်ကြီးထဲမှာ မယားတွေ တစ်ပုံတစ်ယောက် မိုလိုပေါက်နေတော့သည်။ သည်လို လူမသူတော်က ကျွန်တော့်ကို မသေမချင်း ညှဉ်းသတ်ချေဦးတော့မည်။

ကျွန်တော်သည် လျော့ကျလုဆဲဆဲ စိတ်အင်အားကို "ငါ" ဆိုသော အတ္တမာနဖြင့် ပြန်ထက်လာအောင် တွန်းတင်လိုက်သည်။ ထိုအချိန်မှာပဲ လေပြင်းနှင့်အတူ မီးသီးမိုးပေါက်တွေ တရစပ် ပြိုကျလာကြသည်။ မိုးချုန်းသံတွေ တအုန်းအုန်း မြည်ဟိန်းလာကြသည်။

"ဟီးဟီး - မိုးအေးအေးမှာ အရှိန်ကျသွားပြီကွာ၊ ငါ ရွာထဲသွားပြီး အရက်ရှာချေဦးမယ်" ဟု ဆိုကာ စထင်းဝန်းဆရာသည် မိုးရေထဲမှာ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

မိုးနှင့် လေက စတ္တန်နှင့်အမျှ အရှိန်ပိုမိုသည်းထန်လာသည်။ တောင်းတင်မှ ရေတွေ တရဟော သွန်ချသည်နှင့်ဝင်တူလှ၏။

ကျွန်တော် တွေးကြည့်သမျှ လတ်ရှိသေရေးရှင်ရေး အကျဉ်းအကျပ်ထဲမှ လွတ်လမ်းကို မမြင်မိပါ။ ကျွန်တော့်ကို သေဒဏ်စီရင်မည့်ပိုလ်စိုး (ခေါ်) ကိုငစိုး၏ အကျင့်စရိုက်ကို ကျွန်တော် ခန့်မှန်း၍ ရနေသည်။ ကိုငစိုးက လူတိရစ္ဆာန်ဖြစ်သည်။ ကိုယ်ခန္ဓာကတော့ မနုဿ။ စိတ်နှလုံးကတော့ တိရစ္ဆာန်အရိုင်းစိတ်မျိုး။ ခေတ်ပျက်ချိန်မှာ ကိုငစိုးလက်ဖြင့် သတ်ခဲ့သူတွေ မနည်းမနော၊ ကိုငစိုးက နှုတ်မိန့်ပေး၍ ပါးစပ်ဖြင့် သတ်ခဲ့သူတွေကလည်း တစ်ပုံကြီး။

"သံခဲ - မင်း သေနေ့စေ့ပြီး သေရှိသာ ပြင်ထားပေတော့"

ဤအတိုင်းပဲ ကျွန်တော် တို့ ကိုယ်ကိုယ်ပြန်ပြောလိုက်သည်။ နှစ်လှ ခင်လှ တွယ်တာလှပါသော ဇနီးမယား

www.burmeseclassic.com

တွေ့ သစ်သီးသားတွေကို မေ့လိုက်တော့။ ချစ်ခင်ရှိသောအစ်၊ သံယောဇဉ်ကြီးအစ်သော မိသားစုမျိုး အသိုင်းအဝိုင်းကိုလည်း သတိရမနေတော့နှင့်။ မင်းက သေလူဖြစ်နေပြီ - သံခဲ။

အတိုင်းအဆမဲ့ ကြီးလှသော ကြေကွဲအားငယ်မှုဖြင့် ကျွန်တော် အညီးခနဲ ရှိုက်ငိုလိုက်၏။ မျက်ရည်တွေ၊ နှာရည်တွေက တရွှေရွှေ စွာကျနေသည့် မိုးရေစက်များနှင့်အတူ မြေပြင်ပေါ်သို့ စီးဆင်းသွားကြသည်။ ကျွန်တော် ဆီးတွေထွက်ကျနေပြန်ပြီလားမသိ။ ကျွန်တော် ရှေ့တိုးနိုင်၊ နောက်ဆုတ်နိုင်ခြင်း မရှိဘဲ အိပ်ပျော်နေသည့်မျက်စိကို ဖွင့်ကြည့်ပြီး ကြည့်မှာ ဝိုးဝါးနေသော မိုးသံလေးတွေကြားထဲမှာ ပျော့တိမ်နှံ့လိုက်သွားရသည်။

"ငိုမနေနဲ့ လောက်တောင်ကလေး မိုး သူရဲဘေးမှာသာ အချုံ့ပြီးနေလေတော့" ဟုမိုးရေထဲမှာ ငုတ်တုတ်ထိုင်နေသည့် ရှိုင်ဖယ်သေနတ်ဆရာက လှမ်း အော်သည်။

ထိုအချိန်မှာပဲ မိုးနှင့် လေတို့က အတိုင်းမသိ ပြင်းထန်လာကြသည်။

ကျွန်တော်၏ ကိုယ်ခန္ဓာအထက်ပိုင်းနှင့် တွဲလျက်ချည်နှောင်ထားသည့် သစ်ပြောင်သည် လေပြင်းထဲမှာ ပြင်းပြင်းထန်ထန်လှုပ်ခါလွန့်လူးနေသည်။ လေက ချိုးဖဲ့ဖြတ်ပိုင်းပစ်လိုက်သော ကိုင်းသေးကိုင်းမွှားနှင့် သစ်ရွက်များသည် ကျွန်တော့်ဦးခေါင်းပေါ်သို့ တဖတ်ဖတ် ကြွေကျလာနေကြသည်။ တကယ်ဆို ကျွန်တော် နာကျင်ရမည်ဖြစ်သည်။ ကြောက်လန့်ထိတ်ခြင်းဝေဒနာကဖုံးလွှမ်းကြီးစိုးနေသဖြင့် ကျွန်တော်သည် အထိအတွေ့အာရုံ မရှိတော့သလို ဖြစ်နေ၏။ ကျွန်တော်သည် ဘာမျှမမြင်၊ ဘာမျှမကြားတော့။

ရုတ်တရက် ကျွန်တော့်ခြေဖဝါးတွေအောက်မှစိုစွတ်သောပထဝီမြေပြင် အိခနဲ လှုပ်ယမ်းသွားပြီး ကျွန်တော် ကျောမှီထားရာသစ်ပြောင်ကလေးကဖျော့ဖျော့ဖျစ်ဖျစ်မြည်လျက် ယိမ်းခါနေသည်။ ကျွန်တော်မူးတူးမင်တင် ဝေကြောင်နေပါသည်။ ထိုအခိုက်မှာပဲကျွန်တော်သည် သစ်ပြောင်နှင့်အတူ မိုတွယ်ရာမြေကြီးမှ လွတ်ထွက်ပြီး မှောင်ပျပျ ချောင်းချောင်းထဲသို့ စုန်းခနဲ ထိုးကျသွားသည်။

"ရွှေမသားသေပေတော့" ဟုသော ရှိုင်ဖယ်သမား၏ အော်ဟစ်ကျိန်ဆဲသံသဲ့သဲ့ကို ကျွန်တော် ကြားမိသည်ထင်သည်။ သူ့ သေနတ်ဖြင့် လှမ်းပစ်ဖို့ကြိုးစားခဲ့ပါလိမ့်မည်။ ကြိုးစားမှုအရာမထင်နိုင်။ မိုးရေတွေက မီးကျိုးမောင်းပျက်ရိုင်ဖယ်အစုတ်ကြီးမှစိုရွှဲနေသောကျည်ဆန်ကို ကျည်အိမ်ထဲမှ တွန်းမထွက်နိုင်ရန် တန့်တားထားပေလိမ့်မည်။

"အား - ဘုရားတယ်ပါ - သိကြားတယ်ပါ"

စိတ်ထဲကသာ ဟစ်အော်ရင်း သစ်ပြောင်ကလေးနှင့်အတူ ကျွန်တော် ရေအဟုန်ထဲမှာ ကူကယ်ရာမဲ့ မျောပါသွားသည်။

နေဝင်ခါနီးအချိန်လည်းဖြစ်၊ မိုးသက်လေပြင်း အလုံးအရင်းနှင့် ကျရောက်နေချိန်လည်းဖြစ်ရာ အရပ်ရှစ်မျက်နှာတစ်ခွင်လုံး မှောင်အတိကျနေသည်။ တစ်ချိန်တည်း၌ကျွန်တော်သည် သစ်ပြောင်ကလေးနှင့်အတူ ချောင်းရေလှိုင်းထဲမှာ အလိမ့်လိမ့် အလူးလူး မျောပါနေခြင်းဖြစ်၍ ပတ်ဝန်းကျင်ကို ကျွန်တော် သတိမထားနိုင်၊ ရေအလျဉ်တွင် သစ်ပြောင်ကလေးနှင့် ကျွန်တော်တို့သည်အထက်အောက်ပတ်ချာလည်ရင်း သစ်ပင်တစ်လှည့်၊ လူတစ်လှည့်၊ အပေါ်ရောက်လိုက်၊ အောက်ဘက်ကျလိုက်ညီးလွှတ်ဝါးလွှတ် ဖြစ်နေသည်။

"ရတနာသုံးပါး ကယ်တော်မူပါ ဘုရား" ဟုကျွန်တော်ကြောက်အားလန့်အား ဟစ်အော်လိုက်သောအခါ ပါးစပ်ထဲသို့ညှီဟောင်အေးစက်သောရေတွေ လိမ့်ဝင်လာသဖြင့် ကျွန်တော် အသက်ရှူမှားသွားသည်၊ နှာခေါင်းဖြင့် အသက်ရှူပြီး ရေတွေကို တတ်နိုင်သလောက် ပြန်အန်ထုတ်ကြည့်သည်။ အန်ထုတ်သည့်ရေနှင့် ပြန်ဝင်လာသည့်ရေကို မကာမိပါ။ အန်ထုတ်သည့်ရေက တစ်ဝက်၊ ပြန်ဝင်လာသည့်ရေက ရေလားကြီးတစ်ခွက်စာ။

"ငါ သေများ သေရတော့မလား မသေဘူး - မသေဘူး"

⅄ ⅄ ⅄

လူ့သဘာဝစိတ်ဖြင့် ကျွန်တော်စိတ်အားတင်းကာ ဝေဒနာဆိုးမှန်သမျှကို တွန်းလှန်နေသည်။ ရေထဲကျသာတည်းက မိမိကိုတုပ်နှောင်ထားသည့်ကြိုးတွေ ပြတ်အောင် လူးလွန့်ရုန်းကန်ကြည့်နေခဲ့ရာ လက်ရှိအချိန်တွင် ကြိုးထုံး ချောင်သေးသော်လည်း အနည်းငယ် လျော့လာသည်ဟု ထင်မိသည်။ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းသည် ကျွန်တော့်ကို ရှင်သန်ခြင်းသို့ ပို့ဆောင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်ပင် ရုတ်တရက်ဆိုသလို ကျွန်တော်နှင့် သခြေဖြင်တလေးတို့၏ ရွေ့လျားမှုဗြုန်းဆို ရပ်တန့်သွား၏။ ကျွန်တော်၏ကိုယ်ခန္ဓာသည်လည်း မာကြောသောအရာဝတ္ထုကြီးတစ်ခုနှင့်ဝင်ဆောင့်မိတာ နံရိုး၏ ကျိုးကျေကုန်ကြသလို ခံစားလိုက်ရသည်။ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော်သည် ဥတုချောင်းရိုးတစ်လျှောက်မှာနေထိုင်ကြီးပြင်းခဲ့သူတော့ပါသား။ ကျွန်တော့်ကို ရေစီးနှင့် မျောပါသွားစေရန် တားလိုက်သောအရာကို သိလိုက်ပြီ။

ဥတုတေးရွာအစွန်အဖျားလောက်မှာ ရှိနေသော ရေးဟောင်းချောင်းကူးတံတား။ ချောင်းတစ်ဖက်တစ်ချက်ရှိ ဘုန်းတော်ကြီးဦးညွှန့်ကျောင်းရှိရာကူးဖြတ်ချိတ်ထားသည့်အုတ်တံတား။ တံတားတိုင်ကြီးနှစ်လုံးကြားမှာ သခြေဖြင်က တန့်လန့်ခံပြီး ရပ်တန့်သွားခြင်းဖြစ်သည်။ ကျွန်တော့်ဦးခေါင်းမှာ ပက်လက်အနေအထားမှာ ရှိနေ၍ တံတားကြမ်းခင်းနှင့် တံတားအမိုးများကို မှုန်ဖျဖျမြင်နေရသည်၊ တံတားပေါ်မှာ လူတစ်ယောက်တလေ ရှိနေကောင်းပါရဲ့။

"ကယ်ကြပါဗျာ – ကယ်ကြပါ – ရေနစ်နေလို့ – ကယ်ကြပါဗျို့" ဟု ရှိသမျှအသံကို ကျွန်တော် ညှစ်အော်သည်။

တံတားပေါ်ကနေ လက်နှိပ်ဓာတ်မီးအလင်းတန်းတစ်ခု ကျွန်တော့်မျက်နှာပေါ် ကျရောက်လာရာ ကျွန်တော့်မျက်လုံးတွေ မီးစဖြင့် အထိုးခံရသလို စူးစူးရှရှ ခံစားလိုက်ရ၏။

"ဟ – ဘယ်သူများလဲလို့ ခွေးသူခိုး လူရှုပ် သံခဲပါကလား"

ကြားလိုက်ရသည့်အသံကြောင့် ကျွန်တော် အသက်ရှူဖို့ မေ့သွားသည်။ ကျွန်တော့်ကို သေမိန့်ချခဲ့သည့် ကိုဖိုးအုံ၏အသံ၊ သေမင်း၏ အသံ၊ ၊

⇨ ကြုံနှစ်

**နားလေထွက်**

- ➢ အပွင့်ကို လက်သုပ် သုပ်စားပါ။
- ➢ သဘော်ရွက်ကို အတို့အမြှုပ်လုပ်စားပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၆

လူသတ်မှုအတွက် အမှုဖော်မရဖြစ်နေစဉ် မမျှော်လင့်သော သက်သေခံ ပစ္စည်းတစ်ခုသည် ရုတ်တရက် ထွက်ကျလာခဲ့ရာမှ ..

တောင်ကြီး

ရုံးထိုင်ရာအခန်းကျယ်ကြီးသည် အသုံးပြုခဲ့သည်မှာ အလွန်တရာကြာမြင့်နေပြီဖြစ်သော စာသင်ကျောင်းအိုကြီးတစ်ဆောင်အလား သဏ္ဌာန်တူနေပေသည်။

အရောင်မတင်သည်မှာ နှစ်အတန်ကြာလွန်ခဲ့ခြင်းကြောင့် သစ်သားခုံတန်းလျားများ၏ အရောင်အဆင်းက မွဲခြောက်စွန်းထွက်လျက်ရှိသည်။ ဒုတိယသတ္တာခေတ်ပိုင်မိတ ရုံးခန်းနံရံကို ဖော့မှုရောင်ဆေးများ သုတ်ခဲ့ပုံရသည်။ သို့ရာတွင် ယခုအခါ နံရံမှ အင်္ဂတေနှင့် အဂ္ဂူအဖတ်လိုက် ကွာကျခဲ့လေပြီ။

တရားစီရင်ရေး တည့်မတ်မှန်ကန်မှု၏အထိမ်းအမှတ်သင်္ကေတဖြစ်သော ချိန်ခွင်ပုံသဏ္ဌာန်ကို မှန်ပေါင်သွင်း၍ ပြသထားသော်လည်း ထိုမှန်ပေါင်နှင့် တွဲလျက် နကျယ်အိမ်တစ်ခုကို သိသာထင်ရှားစွာ မြင်တွေ့နိုင်သည်။

မည်သို့ပင်ဖြစ်စေ…၊ ဤရုံးခန်းအတွင်း၌ ပင့်ကူအိမ်ဟူ၍ တစ်ခါတလေ မတွေ့ရသည်မှာ ဘာကြောင့်မှန်းမသိပါ။

ရုံးခန်း၏ တစ်ဖက်အဆုံး၊ ကြမ်းပြင်အမြင့်ပေါ်တွင် စားပွဲရှည်ကြီးတစ်လုံးနှင့် ခုံသမာဓိ(ဂျူရီ)လူကြီးများအတွက် ကုလားထိုင်များ စီတန်းလျက် ချထားသည်။

စားပွဲရှည်ကြီးကို မျက်နှာမူထားသော ရှေ့ဆုံးခုံတန်းလျားသည် သက်သေများထိုင်ရန်ဖြစ်ပြီး ဒုတိယခုံတန်းများမှာ သတင်းစာနယ်ပယ်မှ သတင်းထောက်များအတွက် ဖြစ်လေသည်။

ကျွန်ုပ်သည် "ကြည်ပြာနေ့စဉ်ထုတ်သတင်းစာတိုက်" အတွက် သတင်းယူရန် ရောက်ရှိနေခြင်းဖြစ်သည်။ ယနေ့တွင် လူသတ်မှုတစ်ခုနှင့် ပတ်သက်သော သတင်းတစ်ပုဒ်ရနိုင်ဖွယ်ရာ ရှိနေသည်။

ကျွန်ုပ် ဝတ်ဆင်ထားသော ပင်ဖြူထိုက်ပုံ အင်္ကျီအိတ်တွင်းမှ ချွန်မြနေသော ခဲတံတိုတစ်ချောင်းနှင့် လက်တစ်ဝါးသာသာ အရွယ်အစားရှိသော မှတ်စုစာအုပ်လေးကို ထုတ်ယူ၍ အသင့်အနေအထားဖြင့် သတင်းအချက်အလက်တို့ကို မှတ်သားရန် စောင့်ဆိုင်းနေလေသည်။

စင်စစ်အားဖြင့် တရားရုံးခန်းဆိုသည်မှာ လူသားများအတွက် အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ရှိသင့်ရှိထိုက်သော နေရာတစ်ခုဖြစ်ကြောင်း မိမိဘာသာ စဉ်းစားလိုက်မိသည်။

တရားသူကြီးဆိုသည်မှာလည်း အစိုးရကိုယ်စား ပြည်သူတို့အပေါ်၌ ထောက်ထားငဲ့ညှာသော စိတ်နေသဘောထားဖြင့် ဥပဒေအရ ထိန်းသိမ်းကြပ်မတ်သော ပြစ်ဒဏ်စီရင်ခြင်းမျိုး ဖြစ်သင့်ကြောင်း ဆက်လက်တွေးတောလိုက်သည်။

အကယ်၍သာ ဥပဒေနှင့် ပြစ်ဒဏ်ဟူသော ထိန်းချုပ်မှုကင်းမဲ့နေပါက နိုင်ငံတွင် တိရစ္ဆာန်များသဖွယ် နိုင်ရာစားဘဝအခြေအနေမျိုး ဆိုက်ရောက်သွားပေလိမ့်မည်။

ထိုစဉ် တစ်မျှော်တစ်ခေါ်စဉ်းစားနေသော အခိုက်အတန့်တွင် ပထမဆုံးသက်သေဖြစ်သူ၏အမည်ကို ခေါ်သံကြားလိုက်ရသည်။ ထို့ကြောင့် ကျွန်ုပ်၏ အတွေးမျှင် ပြတ်သွားလေသည်။

ပထမသက်သေဖြစ်သူမှာ အသက်ဆယ့်နှစ်နှစ်အရွယ် ကျောင်းသားလေး တစ်ယောက်ဖြစ်သည်။ သူ[illegible]နေသော





www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးသည် လမ်းဘေးမြောင်းထဲသို့ ကျသွားသည်ဟုဆိုသည်။

ရေမြောင်းသည်သူ၏ခါးစောင်းခန့် နက်ပြီး ပလက်ဖောင်းအောက်တွင် တည်ရှိသည်။ ရေမြောင်းကို အုပ်ထားသောပလက်ဖောင်းကျောက်ပြားလွတ်နေသောအပေါက်မှ ဘောလုံးကျသွားခြင်းဖြစ်သည်။

သူက မြောင်းထဲသို့ဆင်း၍ ဘောလုံးကို ငုံ့ကောက်လိုက်စဉ် အဝါရောင်ဆွယ်တာလက်ရှည်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်၏ အလောင်းကိုတွေ့လိုက်ရသည်။ ထို့ကြောင့်မြောင်းထဲမှ အလန့်တကြား ပြေးတက်ခဲ့သည်။

ပထမဆုံးတွေ့လိုက်ရသော ပထ္တုရောင်ရဲသားကို သတင်းပေးလိုက်သည်။ ထိုရဲသားသည် သူနှင့်မျက်နှာချင်းဆိုင်ဘက်မှ လျှောက်လာစဉ် အဆင်သင့် ကြုံကြိုက်၍ တွေ့လိုက်ရခြင်းဖြစ်သည်။

"ကလေးအနေနဲ့ အိမ်က လူကြီးတွေကို သွားမပြောဘဲ ဘာကြောင့်ရဲကို တိုင်ခဲ့ရတာလဲ၊ ပထမဆုံးတိုင်တာကော သေချာရဲ့လား၊ တခြား ဘယ်သူနဲ့ တိုင်ပင်ကြသေးသလဲ"

"ကျွန်တော် ဘောလုံးကစားနေတဲ့နေရာနဲ့ ကျွန်တော်တို့အိမ်ဟာ အတော်လေး လှမ်းပါတယ်။ ဒါကြောင့် - လမ်းမှာ အဆင်သင့်ကြုံကြိုက်လို့ တွေ့ရတဲ့ရဲကို တိုင်လိုက်ရတာပါ"

"ဘောလုံးကစားနေတာ မင်းတစ်ယောက်တည်းလား"

"ပထမတော့ သူငယ်ချင်းအဖော်တွေနဲ့ ကစားနေခဲ့ကြတာပါ၊ နောက်တော့ သူတို့ပြန်သွားကြလို့ ကျွန်တော်တစ်ယောက်တည်းအကျန်မှာဘောလုံးကိုလိုမ့်၊ လိုမ့်ကန်ပြီးပြန်အလာမှာဘောလုံးက လမ်းဘေးမြောင်းထဲကျသွားတာပါ"

မေးခွန်းထုတ်သူ တရားရုံးရှေ့နေသည် နောက်ထပ်မေးစရာ မရှိတော့သော ပထ္တုရောင်ရဲသား ဘိုလူကို ခေါ်၍ ဆက်လက် စစ်ဆေးမေးမြန်းသည်။ ဘိုလူကထုံးစံအတိုင်းသက်သေထွက်ချက်ပေးခဲ့သည်။

ထို့နောက် မှုခင်းဆရာဝန် ဦးဖိုးမှန်ကို စစ်ဆေးမေးမြန်းသောအချိန်တွင် ကျွန်ုပ်အတွက် စိတ်ဝင်စားဖွယ်ဖြစ်လာရလေတော့သည်။ ထို့ကြောင့် ကျွန်ုပ်သည်ခဲတံထိပ်ဖျားကိုမှတ်စုစာအုပ်လေး၏ စာမျက်နှာပေါ်သို့ ထောက်၍ အာရုံစိုက်လျက် စောင့်စားနေမိသည်။

ဆရာဝန်ဦးဖိုးမှန်သည် ဆံပင်ဟု၍ ...းထင်နှစ်ဖက်တွင်သာ အနည်း ...ကျဉ်းရှိပြီး ဦးခေါင်းတစ်ခုလုံး ပြောင် ...တ်နေပေသည်။ သူ၏နဖူးခေါင်းသည် ...သန်လှုမျိုးထက်ပိုမိုပေါ်လွင်နေသည်။ ...ာ မြောင်းထဲတွင် တွေ့ရသောအမျိုး ...သမီး၏ အလောင်းနှင့်ပတ်သက်၍ စစ် ...ဆေးတွေ့ရှိချက်ကို ထွက်ဆိုချက်ပေး ...သည်။

အမျိုးသမီး၏ အမည်မှာ အမာ။ ...သူ၏ အသက်မှာ နှစ်ဆယ်ဝန်းကျင် ...အလောင်းကိုတွေ့ရသောအချိန်မှာသေ ...ပြီးနောက် နာရီ (၂၀)ထက်မနည်းဖြစ် ...ကြောင်းနှင့် နှစ်ဆယ့်လေးနာရီထက် ...ကြောင်း ခန့်မှန်းပြောဆိုသည်။

ဆရာဝန်ဦးဖိုးမှန် ထွက်ချက်ပေး ...တွင် သူကိုယ်သူ ရာနိုင်နှုန်းပြည့် ယုံ ...ကြည်စိတ်ချစွာ အခိုင်အမာပြောဆိုခြင်း ...ဖြစ်သည်။

"ဒါဖြင့် ဒေါက်တာ ခန့်မှန်းတဲ့အချိန် ...နိုဒ်ထက်ပိုပြီး တိတိကျကျ ပြောလို့ရ ...လား"

"အနီးစပ်ဆုံးအချိန်ကို ပြောရရင် ...နေ့ကညနေ ခြောက်နာရီနဲ့ ညဆယ် ...နာရီအကြားမှာ သေဆုံးတာ ဖြစ်နိုင် ...ပါတယ်။

ထို့နောက် ဆရာဝန် ဦးဖိုးမှန်က ဆက်လက်၍ ထွက်ဆိုရာတွင် မိန်းကလေးသေဆုံးခြင်းမှာ လည်ပင်းညှစ်ခံရပြီး အသက်မရှူနိုင်ဘဲ မွန်းကြပ်သေဆုံးရကြောင်း ဆေးမှတ်ချက်နှင့်တကွ ပြည့်ပြည့်စုံစုံ ပြောပြခဲ့သည်။

ကျွန်ုပ်သည် ဆရာဝန် ဦးဖိုးမှန်၏ ထွက်ချက်ကို လက်ရေးတိုဖြင့်ရေးသားမှတ်တမ်းပြုခဲ့သည်။ ဆရာဝန်၏မှတ်ချက်အပြီးတွင် -

"ဒီမြို့လေးမှာ အလားတူ ဘာဖြစ်မျိုး ဖြစ်ခဲ့တာ သုံးကြိမ်တောင်ရှိပြီ"

တစ်စုံတစ်ယောက်က အသံထွက်၍ မှတ်ချက်ချလိုက်သံ ကြားရသည်။

▲ ▲ ▲

"ဒေါ်သစ္စာ"

ဟူသောခေါ်သံကြောင့် ဒေါ်သစ္စာဆိုသော အဒေါ်ကြီးက သက်သေထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ အဒေါ်ကြီး၏ မျက်နှာပေါ်တွင် ပရိဒေဝသောကမီးတို့ အသည်းအသန် လောင်ကျွမ်းခံထားရကြောင်းပေါ်လွင်နေသည်။ ပဏာမထွက်ဆိုချက်အရ ...။

ဒေါ်သစ္စာသည်မုဆိုးမတစ်ယောက်ဖြစ်ကြောင်း၊ လင်ယောက်ျားဖြစ်သူ





www.burmeseclassic.com

www.burmeseclassic.com

သည် တုန်ကားမောင်းသမားဒရိုင်ဘာ တစ်ယောက်ဖြစ်ပြီး လွန်ခဲ့သောသုံးနှစ်ကကားမှောက်သေဆုံးခဲ့ကြောင်းစတင် ပြောဆိုခဲ့သည်။ စပ်စေးသူတကြင်နာစွာ မေးမြန်းသည်။

"အဒေါ့်သမီးကို အသက်ရှင်လျက် နောက်ဆုံးတွေ့ခဲ့ရတာ ဘယ်အချိန်ပါလဲ"

"ဗုဒ္ဓဟူးနေ့ ညနေအချိန်မှာ သမီး အလုပ်လုပ်နေတဲ့ကုမ္ပဏီက ပါလာတဲ့ စာရွက်စာတမ်းတွေကို ဗိုင်းလုပ်နေပါတယ်။ ညနေ ခြောက်နာရီထိုးခါနီးကျတော့ သူ့လုပ်ဖော်ကိုင်ဖက်စာရေးမတစ်ယောက်ဆီမှာ စာရင်းစာရွက်တွေ သွားယူဦးမယ်ဆိုပြီး ထွက်သွားရာက ပြန်မလာတော့ပါဘူးရှင်"

အဒေါ်ကြီး၏အသံကတစ်ဆို့လျက် ရပ်တန့်သွားသည်။ သူမ၏ ကြေကွဲမှုအနိုင်အခဲကြီး ပေါက်ကွဲထွက်မလာစေရန် ကြိုးစားခန့်စား ထိန်းချုပ်ချိုသိပ်နေသည်။ သူမ၏ ရင်ဘတ်တစ်ခုလုံးမှာ တဆို့ဆို့နေသည့်ပမာ ကြွရည်ကျချည် ဖြစ်နေလေသည်။

"အဒေါ့်သမီးက အခြားလူစိမ်း သူစိမ်းတွေနဲ့အရောတဝင် ဆက်ဆံလေ့ ရှိပါသလား"

"ဟုတ်ကဲ့ - ကျွန်မသမီး အမာဟာ ဘယ်သူနဲ့မဆို ဆက်ဆံရေးပြေပြစ်ပါတယ်။ သူ့ကို မခင်မင်တဲ့သူရယ်လို့ မရှိပါဘူး။ ဒါကြောင့် ကျွန်မက သတိပေးရပါတယ်၊ တွေ့ကရာလူတွေကို အရောတဝင် မဆက်ဆံဖို့။ အို - ကျွန်မသမီးလေး အသေဆိုးနဲ့ သေရတာ အဲဒီအကြောင်းကြောင့် ဖြစ်မှာပါ"

အဒေါ်ကြီး၏ မျက်နှာကြီးက ညှိုးလာက ရှိုက်ကြီးတငင် ငိုကြွေးနေပြန်သည်။

"ကောင်းပါပြီအဒေါ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး အဒေါ်ကို စိတ်ဒုက္ခမပေးတော့ပါဘူး။ အခုပေးမယ့်မေးခွန်းတစ်ခုကို နောက်ဆုံး မေးခွန်းအနေနဲ့ပဲ မေးတော့မယ်"

အဒေါ်ကြီးသည်မျက်ဝန်းထဲ၌ပြည့်လျှံလာသော မျက်ရည်များကို အကြမ်းခံလက်များဖြင့် တို့သုတ်နေရာမှ ဦးခေါင်း တဆတ်ဆတ် ညိတ်ပြသည်။

"အဒေါ့်သမီးအလောင်းကိုပြန်တွေ့တဲ့အခါမှာ တစ်ခုခုလိုနေတာများ သတိပြုမိပါသလား။ သမီးလေးဝတ်ဆင်သွားတဲ့လက်ဝတ်ရတနာ အဆင်တန်ဆာ ဥပမာ - လက်ကောက်လက်စွပ် ဆွဲကြိုး စသည်ဖြင့် တစ်ခုခု လိုအပ်နေတာမျိုး သတိပြုမိပါသလား၊ သေချာစဉ်းစားပြီးမှ ပြောပါ - အဒေါ်"

အဒေါ်ကြီးသည် နှစ်မိနစ်ခန့်အချိန် ယူ၍စဉ်းစားနေသည်။ ထို့နောက် အသံတိမ်တိမ်ဖြင့် သူတစ်ယောက်တည်း ပြောနေသည့်ပမာ၊

"ဟုတ်တယ် - တစ်ခုခု လိုနေတာ အမှန်ပဲ၊ ဘာများလဲ ဘာပစ္စည်းဖြစ်မလဲ"

ရုံးခန်းတစ်ခန်းလုံးရှိ ပရိသတ်များ အားလုံး အဒေါ်ကြီးထံမှ ထွက်ပေါ်လာမည့်စကားသံကို တိတ်ဆိတ်စွာ နားစွင့်နေကြသည်။

ကျွန်ုပ်သည်လည်း မိန်းမကြီး၏ နှုတ်များမှ ပြောဆိုတော့မည့်စကားလုံးတို့ကိုသဲသဲကွဲကွဲကြားနိုင်စေရန် ကိုယ်ကိုရှေ့သို့တိုး၍အာရုံစိုက် နားထောင်နေသည်။ ဤအချက်သည် ထူးခြားသောသတင်းတစ်ရပ် ဖြစ်နိုင်မည်မဟုတ်ပါလား။

"တွေ့ပါပြီ - ကျွန်မ မှတ်မိပါပြီ၊ ကျွန်မ သေချာမှတ်မိပါပြီ၊ သမီးလေး၏ ရင်ဘတ်မှာ အမြဲတမ်းထိုးထားလေ့ရှိတဲ့ ပတ္တမြားရင်ထိုးလေးကို မတွေ့ရဘူး။ အဲဒီညနေက သမီးအိမ်က ထွက်သွားမှာ အဲဒီရင်ထိုးတပ်ထားတာမြင် လိုက်ရတယ်။ ဒါပေမဲ့ - သူ့အလောင်းမှာ အဲဒါလေး မတွေ့ရတော့ဘူး"

"ရင်ထိုးရဲ့ပုံသဏ္ဌာန်ကို တိတိကျကျ ပြောနိုင်မလား - အဒေါ်"

"ဟုတ်ကဲ့ - အသည်းပုံ ပတ္တမြားလေးကို ရွှေနဲ့ကွပ်ထားပြီး မြားစူးဝင်နေတဲ့ဒီဇိုင်းမျိုးပါ။ သမီးရဲ့အဖေ လူပျိုဘဝတုန်းက ကျွန်မအပျိုဘဝမှာ အမှတ်တရ လက်ဆောင်ပေးခဲ့တာပါ။ အဲဒါကို ကျွန်မရဲ့ တစ်ဦးတည်းသော သမီး အသက် ဆယ့်ရှစ်နှစ် ရောက်တဲ့ မွေးနေ့လက်ဆောင်အဖြစ် ကျွန်မ ကိုယ်တိုင်ပေးခဲ့တာ၊ သမီးက အဲဒီရင်ထိုးကို အရမ်းနှစ်သက်လို့ အပြင်သွားတိုင်း အမြဲတစေ တပ်ဆင်လေ့ရှိတယ်။ အခုတော့ —"

အဒေါ်ကြီးသည် စကားဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ရှိုက်သံများထွက်လာသည်။ တရားရုံးခန်းထဲတွင် တီးတိုး တီးတိုး စကားသံများ ထွက်ပေါ်လာကြသည်။

▲ ▲ ▲

နောက်ဆုံးသက်သေမှာအိမ်နီးချင်း ဖြစ်သော ဒေါ်မျိုးသက်ဆိုသူ ဖြစ်သည်။ ဒေါ်မျိုးသက်သည် စတိုးဆိုင်တစ်ဆိုင်တွင်ဈေးကလက်ဝယ်၍အိမ်သို့ပြန်လာခဲ့စဉ် လမ်းတွင် အမာနှင့်တွေ့ခဲ့ကြောင်း





www.burmeseclassic.com

www.burmeseclassic.com

အချိန်အားဖြင့် ညခုနစ်နာရီထိုးရန် ငါးမိနစ်အလိုတွင် တွေ့လိုက်ရခြင်းဖြစ်ပြီး အမာသည် အသက်သုံးဆယ် အရွယ်လူတစ်ယောက်နှင့် စကားပြောလာကြကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

"အချိန်က ခုနစ်နာရီထိုးဖို့ ငါးမိနစ်အလို–လို့တိတိကျကျပြောနိုင်တာ ဘာကြောင့်လဲ"

"ကျွန်မ–အမာနဲ့ဆုံခဲ့တဲ့လမ်းထိပ်ကနေ ကျွန်မအိမ်ကို ငါးမိနစ်တိတိ လမ်းလျှောက်ရပါတယ်။ အိမ်ရောက်ရောက်ချင်း ရေဒီယိုက မြန်မာစံတော်ချိန် ခုနစ်နာရီထိုးကြောင်းကြေညာသံကြားလိုက်ရလို့ပါ"

"အမာနဲ့တွေ့တုန်းက ဝတ်ဆင်ထားတာနဲ့ ပတ်သက်လို့ ပြောပြနိုင်မလား"

"တုတ်တဲ့–အဝါရောင် ဆွယ်တာလက်ရှည်နဲ့ ထဘီကတော့ အညိုရောင်ခပ်မှိုင်းမှိုင်းဖြစ်ပါလိမ့်မယ်"

"အမာ–ဆွယ်တာအကျႌ ရင်ဘတ်မှာ ရင်ထိုးတစ်ဆင်ထားကြောင်း သတိပြုမိပါသေးသလား"

"သိပ်မှတ်မိတာပေါ့ရှင်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရင်ထိုးပုံစံကို ကျွန်မ အရမ်းနှစ်သက်နေတာကိုး၊ ဒါကြောင့် သေသေချာချာ သတိပြုမိပါတယ်"

"အမာနဲ့ စကားပြောလာကြတဲ့လူရဲ့အသွင်သဏ္ဌာန်ကို ပြောပြနိုင်မလား"

"ပြောနိုင်ပါတယ်၊ အရပ်ရှည်ရှည် ကျန်းမာသန်စွမ်းတဲ့အသွင်သဏ္ဌာန်မျိုး အသက်ကတော့ သုံးဆယ်ဝန်းကျင်ရှိတယ်။ အလျော့အတင်း (၂၉)နှစ်၊ ဒါမှမဟုတ် (၃၁)နှစ်၊ ဖြစ်နိုင်လိမ့်မယ်"

"ကောင်းပါပြီ–အဲဒီ့လူကို နောက်ထပ်တစ်ကြိမ် ပြန်တွေ့ရင် မှတ်မိနိုင်မလား"

"ဒီ ရက်သတ္တတစ်ပတ်၊ နှစ်ပတ် အတွင်း ထပ်မံတွေ့ခဲ့ရင်မှတ်မိနိုင်ပါလိမ့်မယ်"

"ကောင်းပါပြီ–တကယ်လို့ အဲဒီလူကို နောက်တစ်ကြိမ်တွေ့ခဲ့ရင် အကြောင်းကြားပါ"

စစ်ဆေးခြင်းဆောင်ရွက်မှု ပြီးစီးသလောက် ရှိနေပေပြီ။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ မိတ်ဆွေရဲစုံထောက်တစ်ယောက်သည် ပြုံးပြုံးရွှင်ရွှင်ဖြင့် လျှောက်လာသည်။ ကျွန်ုပ်ကလည်း ပြန်လှန်ပြုံးပြလိုက်မိသည်။ သူသည် ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာသည်။





❝ ကျွန်ုပ်ကျသွားသော ဖွည်းကလေးမှာ အသည်းပုံပတ္တမြားကို ရွှေဖြင့် ကွပ်ထားပြီး မြားစူးဝင်နေသည့် သဏ္ဌာန်ရင်ထိုးကလေး ဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေသောကြောင့် ရဲစုံထောက်အရာရှိနှင့် မျက်လုံးချင်း မဆိုင်ရဲတော့သဖြင့် အခြားတစ်ဖက်သို့ မျက်နှာလွှဲလိုက်မိသည်။

ရှုံ့ခန်းဖော်အထက် မျက်နှာကြက်တွင် တပ်ဆင်ထားသော ပန်ကာကြီးမှ အအေးဓာတ် အလုံအလောက်ပေးနေလင့်ကစား ပြတင်းပေါက်များမှ ဝင်လာသည့်လေသည် နေရောင်ကိုဖြတ်သန်းတိုက်ခတ်နေသောကြောင့် အိုက်စပ်စပ်ကြီး ဖြစ်နေသည်။

ထို့ကြောင့် ကျွန်ုပ်သည် အဆီပြန်လာသောမျက်နှာကို ပွတ်သုတ်ရန် တိုက်ပုံအကျႌအိတ်ထဲမှလက်ကိုင်ပဝါကို ဆွဲထုတ်လိုက်သည်။ အမှတ်မထင် ဖြုတ်လိုက်မိခြင်းဖြစ်သောကြောင့် လက်ကိုင်ပဝါနှင့်အတူ ငြိ၍ ပါလာသောဖွည်းလေးတစ်ခုသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ကျသွားသဖြင့် တမင်းတထန်း ကောက်ယူလိုက်ရသည်။

"ဘာကျသွားတာလဲဗျ"

မိတ်ဆွေ ရဲစုံထောက်က လှမ်းမေးရင်း ကျွန်ုပ်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဂတ်စ်မီးခြစ်လေးပါ"

ကျွန်ုပ်လည်း လက်ကိုင်ပဝါဖြင့် မျက်နှာကိုပွတ်သုတ်လိုက်ပြီးသောအခါ တိုက်ပုံအကျႌအိတ်ထဲသို့ပြန်ထည့်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ထသိုက်သည်။

www.burmeseclassic.com

ရဲစုံထောက်အရာရှိသည် သူဝတ်ဆင်ထားသော ယူနီဖောင်းဘောင်းဘီ အိတ်ထဲမှ စီးကရက်ဘူးထုတ်ကာ တစ်လိပ်ကို နှုတ်ခမ်းနစ်လွှာကြားတွင် တပ်လိုက်သည်။ ကျွန်ုပ်အား လှမ်းတည်သည်။

"သောက်ဦးမလား - ကိုမိုးဇော်"

ကျွန်ုပ်၏ အမည်မှာ မိုးဇော်ဖြစ်သည်။ ကျွန်ုပ်သည် သူလှမ်းပေးသော စီးကရက်ဘူးထဲမှ တစ်လိပ်ကို နှိုက်ယူတာ လက်သည်းခွန်နှင့် စီးကရက်ထိပ်နှင့် ဆောင့်နေလိုက်သည်။ ထိုအခိုက်အတန့်အတွင်း -

ရဲစုံထောက်အရာရှိက ကျွန်ုပ်ထံတွင် မီးခြစ်လှမ်းတောင်းသည်။ တိုက်ပုံအင်္ကျီ၏ ရှိရှိသမျှအိတ်များထဲသို့ လက်ထည့်နှိုက်၍ ရှာဖွေသည်။ သို့ရာတွင် မီးခြစ် လုံးဝမတွေ့ပါချေ။

မကြာသေးမီ စက္ကန့်အနည်းငယ်အချိန်က ကျွန်ုပ်အိတ်တွင်းမှ လက်ကိုင်ပဝါဆွဲထုတ်စဉ်ကြမ်းပြင်ပေါ်သို့ကျသွားသောပစ္စည်းလေးကို ဂက်စ်လိုက်တာဖြစ်ကြောင်း အလွယ်တကူ ပြောခဲ့မိသောမိမိကိုယ်ကိုပြန်လည်၍ဒေါသဖြစ်နေမိသည်။

"ဘာလဲ မီးခြစ်မရှိဘူးမဟုတ်လား ကိုမိုးဇော်"

သူ့အမေးကိုကျွန်ုပ်က ဇဝေဇဝါဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် - စောစောကကျသွားလို့ ခင်ဗျားကောက်ထည့်လိုက်တာက ဘာလဲ"

"ဂက်စ်မီးခြစ်လို့ ကျွန်တော် ထင်လိုက်တယ်"

"အဲဒါမီးခြစ်မဟုတ်ရင် ဘာများလဲ ကိုမိုးဇော်"

သူ့မေးခွန်းကိုကျွန်ုပ် ဖြေနိုင်သည်။ သို့ရာတွင် ယင်းသို့ ဖြေဆိုခြင်းအားဖြင့် ကျွန်ုပ်အတွက် အကျိုးသက်ရောက်မှု ရှိလိမ့်မည်မဟုတ်ပါချေ။

"အလကားပါဗျာ - တဲ - ကျွန်တော် သွားလိုက်ပါဦးမယ်"

ကျွန်ုပ်က သူ့မျက်မှောက်မှ လှည့်ထွက်တော့မည့်အပြုတွင် သူက ကျွန်ုပ်၏ လက်ဖျံကို လှမ်းကိုင်ထားသည်။ သူ့ဆုပ်ကိုင်ဖျစ်ညှစ်ထားပုံမှာ ရုန်းထွက်ရန်မလွယ်ကူ။ သာမန်မိတ်ဆွေချင်း တရင်းတနှီးပြုလေ့ရှိသောအဆင့်ထက် ကျော်လွန်နေလေပြီ။



သူ့မျက်နှာပေါ်မှ အပြုံးရိပ်သည်ပင် လျှင် ပျောက်ကွယ်လွင့်စဉ်သွားသည်။ သူ၏ မျက်လုံးအစုံထဲတွင် ခက်ထန်မာကြောသောအရိပ်အယောင်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်၏မျက်နှာတစ်ပြင်လုံးမှ့နှစ်ထု ချက် သွေးများ လျှမ်းတက်လာသည့်နှယ် ရှိန်းဖိန်းစွာ ခံစားလိုက်ရသည်။

"ဒီလိုနဲ့ လစ်ထွက်သွားပြီး ခြေရာပျောက်လို့ ဘယ်ရမလဲ ကိုမိုးဇော်၊ ကျွန်တော်က ရဲစုံထောက်ဘဝမှာ ကျင်လည်လာခဲ့တာ ဆယ်စုနှစ်တစ်ခုမကတော့ဘူးနော်။ ဒါကြောင့်လည်း မျက်စိရှင်တာ အကျင့်ရနေပြီ၊ ခင်ဗျားမှုပျက်နေတာကို ထောက်ချင့်ရရင် ကျွန်တော်ထင်တာ လွဲတော့ပါဘူးပေါ့ဗျာ"

"ခင်ဗျား ဘာထင်နေလို့လဲ"

"ကိုမိုးဇော် လက်ကိုင်ပဝါထုတ်ယူတုန်းက လက်ကိုင်ပဝါနဲ့ ငြိပါလာပြီး အောက်ကို ကျသွားတဲ့ ပစ္စည်းလေးကို တောက်လိုက်တော့ ကျွန်တော် အမှတ်တမဲ့ မြင်လိုက်ရတယ်၊ ဒါကြောင့် ကျွန်တော်က ပိုပြီးသေချာအောင် စီးကရက်ဘူးထုတ်ပြီး မီးခြစ်တောင်းကြည့်လိုက်တယ်။ တကယ်လို့သာ ခင်ဗျားဆီမှာ ဂက်စ်မီးခြစ်ပါလာခဲ့ရင်လည်း တခြားနည်းလမ်းတစ်ခုခုနဲ့ ဖော်ထုတ်ရဦးမှာပေါ့ဗျာ။ ကံဆိုးချင်တော့ ခင်ဗျားမှာ မီးခြစ်လည်း ပါမလာ၊ စောစောက ကျသွားတဲ့ပစ္စည်းကိုလည်း မဖော်ပြောနိုင်တော့ဘူးမဟုတ်လား။ အဲ့ဒီ့ပစ္စည်းဟာ ဘာလဲဆိုတော့ ..."

ရဲစုံထောက်အရာရှိက သူ့စကားကို ရပ်လိုက်သည်၊ အဓိပ္ပာယ်ပါသော အကြည့်ဖြင့် စူးစူးရဲရဲကြည့်လိုက်သည်။ မှန်ပါသည်၊ ကျွန်ုပ်ကျသွားသော ပစ္စည်းကလေးမှာ အသည်းပုံပတ္တမြားကို ရွှေဖြင့် ကွပ်ထားပြီး မြားစူးဝင်နေသည့် သဏ္ဍာန် ရင်ထိုးကလေး ဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေသောကြောင့် ရဲစုံထောက်အရာရှိနှင့် မျက်လုံးချင်း မဆိုင်ရဲတော့သဖြင့် အခြားတစ်ဖက်သို့ မျက်နှာလွှဲလိုက်မိသည်။

ထိုအခါနောက်ဆုံးသက်သေအဖြစ် ထွက်ဆိုချက်ပေးခဲ့သော ဒေါ်မျိုးသတ်ဆိုသည့် မိန်းမကြီးသည် ကျွန်ုပ်အား စူးစူးရဲရဲကြည့်လျက် လက်ညှိုးထေါင်ထောက်ကာ ကျွန်ုပ်နှင့်ရဲစုံထောက်



www.burmeseclassic.com

www.burmeseclassic.com

အရာရှိတို့ တုရှသို့ သွတ်လက်စွာ လျှောက်လာလေပြီ။ ဒေါ်မျိုးသက်၏ နှုတ်ခေါင်းနစ်လွှာသည် စိတ်အားထက်သန်စွာဖြင့် စကားတစ်ခွန်း ပြောပြရန် ထရွရွလှုပ်ရှားနေသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်အဖို့ လွတ်မြောက်ရန် လမ်းစသည် လုံးလုံးလျား လျား ပျောက်ကွယ်သွားပြီဖြစ်ကြောင်း နားလည်လိုက်မိသည်။ တစ်ဆက်တည်းမှာပင် လူသတ်မှုကျူးလွန်၍ ပစ္စည်းကိုပါ ယူခဲ့သော ကျွန်ုပ်သည် အတင့်ရဲလွန်းသောမိမိကိုယ်ကို မိမိပက်ပက်စက်စက် ကျိန်ဆဲခံရရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ပါတော့ချေ ။

⇨ ဆွေမြင့်

## ဆုံဆို့နာ

➤ တမာခေါက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး တစ်ကျပ်သားစီ ကြိတ်၍ ကွမ်းရွက်တွင် သင့်ရုံထည့်ပြီး ငုံပေးပါ။

➤ သခေါ်ာသီးအစိမ်းကို လက်သုပ်လုပ်စားပါ။ အခွံကို လှီးမပစ်ရပါ။ သို့မဟုတ် သခေါ်ာသီးစိမ်း သင့်လျော်ရုံမျှ အခွံပါလှီးပြီး ဆားထည့်၍ မီးဖုတ်၊ ပြာကျလျှင် ညက်စွာ ထောင်း၍ မကြာခဏ လျက်ပေးပါ။



www.burmeseclassic.com

တနေ့မှာယူပြီး ဝယ်ထားသောအရုပ်ကို ကြည့်တာ ကိုအောင် သဘောကျနေမိသည်၊ သည်အရုပ်လေးကို မြန်မာငွေ ငါးသိန်းလောက် အကုန်ခံပြီး ကိုအောင် ဝယ်ယူခဲ့တာ ဖြစ် သည်၊ တန်ဖိုးကြီးကြီး ပေးရသလောက် ပေးရကျိုးနပ်သည်ဟု တွေးမိသည်၊ အရုပ်က အမြင့်တစ်ပေခွဲ သာသာခန့် ရှိပြီး သက်ရှိကလေးတစ်ယောက်နှင့် ဆင်တူအောင်ပြုလုပ်ထား တာဖြစ်သည်၊ အရုပ်ကို ကိုင်လိုက်လျှင် လူ့အသားအရေကို ကိုင်ရသလိုမျိုး အထိအတွေ့ကို ခံစားရသည်၊ ပါးစပ်၊ မျက်လုံးတို့ကလည်း လှုပ်ရှားနိုင်အောင် အချိုးတပ်ဆင်ထားရာ အရုပ်လေးသည် ပြုံး ရယ်ပြနိုင်လေသည်၊ ခြေလက်တို့ ကလည်း အထူးခြားဆုံးအချက်ကတော့ အရုပ်လေးတွင် ဝိဉာဉ်ထည့်သွင်းထား သည်ဆိုသောအချက်ပင် ဖြစ်သည်၊ ထို့ကြောင့် သည်အရုပ်သည် အရုပ်ဟုသာ ဆိုသော်လည်း သာမန်မဟုတ်ဘဲ



# ၆

ထူးဆန်းသော အရုပ်ကလေး တစ်ရုပ်ကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူမိသူ၏ ဒုက္ခ၊ ကြောက်ရွံ့ခြင်းများစွာဖြင့် နောက်ဆုံးတွင် ..

အွန်လိုင်း

အသက်သွင်းထားသော သက်ရှိအရုပ်လေးဖြစ်လေသည်၊

အရုပ်၏ ပါကင်ဘူးအတွင်းတွင် ညွှန်ကြားချက်စာရွက်တစ်ရွက်လည်း ပါလေသည်၊ အရုပ်ကို အမည်ပေးပါ၊ ထိုအမည်ဖြင့်သာ ခေါ်ပါ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို နေ့စဉ် ပုံမှန် ပြုလုပ်ပေးပါ၊ နေရောင်ခြည် တိုက်ရိုက်ထိတွေ့နိုင်သည့်နေရာတွင် မထားပါနှင့်၊ ဝိဉာဉ်ထွက်သွားနိုင်သည်၊ အချိန်မှန် ထမင်းကျွေးပါ၊ ပုံမှန်အားဖြင့် ထမင်းဖြူသက်သက်သာ ကျွေးရမည်၊ ရံဖန်ရံခါ အသားငါး ကျွေးပါ၊ ရှည်လျားများပြားလှသည့် ညွှန်ကြားချက်စာရွက်ကို ကြည့်ပြီး ကိုအောင်နည်းနည်းတော့ မောချင်သွားသည်၊

“ကဲ - မင်းကို နာမည်ပေးလိုက်ပြီကွာ - ဝိန်းလို့၊ အသစ်စက်စက်ဆိုတော့ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဖို့တော့ လိုသေးဘူးထင်တယ်၊ ထမင်း အရင်စားတာပေါ့ကွာ၊ ဟုတ်ပြီလား”

ကိုအောင် ပြောလိုက်တော့ ဝိန်းအမည်ရ အရုပ်လေးက နှုတ်ခမ်းလေးတွေ လှုပ်သွားအောင် တခစ်ခစ် ရယ်ပါလေသည်၊ မျက်တောင်ရှည်လေးများပါ တဖျတ်ဖျတ်လှုပ်လို့၊ သည်လိုဆိုတော့ အဟုတ်သား၊ အထူးအဆန်းဆိုအလွန် စိတ်ဝင်စားတတ်သည့်၊ ရူးစမ်းတတ်သည့် ကိုအောင်တစ်ယောက် အတော် ကျေနပ်သွားသည်၊ ထမင်းဖြူကို နည်းနည်းချင်း ခွံ့ကျွေးတော့ ဘယ်လိုဘယ်လို စားလိုက်သည်တော့ မသိ၊ ပန်းကန် အသေးလေးနှင့် တစ်လုံးအပြည့်ထမင်းတွေ ကုန်လုနီးပါး ဖြစ်သွားလေသည်၊ ထူးဆန်းလှသည့် ဝိန်းအရုပ်လေးတွင် အစာချေစနစ်တွေလည်း ပါနေသည်ပေါ့၊ ထမင်းဝသွားသည့်အခါ ဝိန်းက ပါးစပ်ကိုတင်းတင်းစေ့ထားတော့သည်၊ ကိုအောင်ထမင်းခွံ့သော်လည်းပါးစပ်ကို ဖွင့်မပေးတော့၊

“အံမယ် - ဟုတ်နေတာပဲ”

သည့်နောက်တော့ဝိန်းသည်သက်ရှိ အရုပ်လေးတစ်ရုပ်ဖြစ်ကြောင်း ကိုအောင်ပိုပိုပြီးလက်တွေ့သိလာရလေသည်၊ မနက်အိပ်ရာနိုးချိန် တစ်ကိုယ်ရည် သန့်ရှင်းရေး မလုပ်ပေးလျှင် ဝိန်းငိုသည်၊ အသံစူးစူးလေးဖြင့် ကျယ်ကျယ် လောင်လောင်အော်ငိုတာမျိုးဖြစ်သည်၊ ထမင်းဆာလျှင်လည်း ငိုသည်၊ ရေဆာလျှင်၊ ပူလျှင်၊ အိပ်ချင်လျှင် ဝိန်း အော်ငိုလေသည်၊ ကိုအောင်က ဝိန်းကိုအိပ်ခန်း တစ်ခန်းပြင်ပေးထားသဖြင့် အိပ်ခန်း

www.burmeseclassic.com

ထဲတွင်သာဝိန်းအိပ်သည်၊ ကိုအောင်က ဧည့်ခန်းထဲ ရှေ့ထားမိသည့်အခိုက် ဝိန်း အိပ်ချင်လျှင် အိပ်ခန်းထဲအရောက် ပြန်ပို့ပေးရတာဖြစ်သည်။ မဟုတ်လျှင်တော့ ဝိန်း ငိုပြီ။ ငိုသံမိုကျယ်လေလေ၊ ဝိန်း၏ အလိုမကျမှု ပိုမြင့်လေလေဟု မှတ်ယူထားရသည်။

ရယ်သည့်အခါကျတော့လည်း အဖြစ်တင်းသည့်တကယ့်ကလေးလေး တစ်ယောက်လို နစ်နစ်မြိုက်မြိုက် ရယ်မောတတ်သည်။ ဝိန်းအတွက် အကျီ အသစ်ဝယ်လာသည့်အခါအသားငါးနှင့် ထမင်းကျွေးသည့် အခါ၊ ဂရုတစိုက် စကားပြောပေးသည့်အခါမျိုးတွင်တခစ် ခစ်နှင့် ဝိန်း ရယ်တတ်သည်။ စည်းကမ်း ချက်တွင် ရံဖန်ရံခါ အသားငါးကျွေးပါဟု ဆိုသော်လည်း ရံဖန်ရံခါမဟုတ်ဘဲ အမြဲ တမ်းလိုလို အသားဟင်းဖြင့် ကျွေးဖြစ် နေသည်။ ဆိုင်မှ ထမင်းချိုင့်ဆွဲ မှာစား သော ကိုအောင်အဖို့ အသားဟင်းက နေ့တိုင်းလိုလိုပါတာကြောင့်ဖြစ်သည်။ ကိုအောင်က အသားဟင်းဖြင့် ထမင်း



❝ထမင်းဖြူကို နည်းနည်းချင်း ခွံ့ကျွေးတော့ ဘယ်လိုဘယ်လို စားလိုက်သည်တော့ မသိ။ ပန်းကန် အသေးလေးနှင့် တစ်လုံးအပြည့် ထမင်းတွေ ကုန်လုနီးပါး ဖြစ်သွား လေသည်။ ထူးဆန်းလှသည့် ဝိန်းအရုပ်လေးတွင် အစာချေစနစ် တွေလည်း ပါနေသည်ပေါ့။ ထမင်း ဝသွားသည့်အခါ ဝိန်းက ပါးစပ်ကို တင်းတင်းစေ့ထားတော့သည်။ ကိုအောင် ထမင်းခွံ့သော်လည်း ပါးစပ်ကို ဖွင့်မပေးတော့။

ကျွေးပြီး ဝိန်းကို ထမင်းဖြူသက်သက်သာ ကျွေးလျှင် ဝိန်း ငိုတော့သည်။ အထူး အဆန်းဆို စူးစမ်းချင်သော်လည်း ငိုသံ များများကို တော့ နားကလောလှသော ကိုအောင်သည် ဝိန်း မငိုလျှင် ပြီးရော သဘောထားကာ အသားဟင်းတွေ ကျွေးဖြစ်နေခြင်းဖြစ်သည်၊

တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်သော ကိုအောင်၏နေ့စဉ်ဘဝသည် ဝိန်းကြောင့် အသက်တော့ ဝင်ပါသည်၊ သို့ကြည့်လျှင်ဝိန်းပါအတူကြည့်သည်။ ရယ်စရာပါလျှင်ဝိန်းကလည်းတခစ်ခစ် ရယ်သည်။ ပျင်းပျင်းရှိလျှင် ဝိန်းကို ရောက်တတ်ရာရာစကားတွေထိုင်ပြော သည်။ ဝိန်းက ပြန်မပြောတတ်သော် လည်းမျက်လုံးပေကလပ်ပေကလပ်နှင့် နားထောင်သည်။ ရယ်စရာပါလျှင် ရယ် သည်၊ ဈေးပင်းစင်တာတွေ သွားလျှင် လည်းဝိန်းအတွက် ကလေးဝတ် အဝတ် အထည်များ ရွေးဝယ်ဖြစ်သည်။ ဝိန်း ကြိုက်တတ်သော ကောင်းနိုးရာရာ မုန့် လေးများကိုလည်းဝယ်ဖြစ်သည်။ အရုပ် ကိုပါးသိန်းပေးဝယ်စရာလားဟု သူငယ် ချင်းများ တားသည့်ကြားမှ မရရအောင် ဝယ်ယူခဲ့သည်မှာ ကိုအောင် မမှားဟု ကြည်နူးစိတ်ဖြင့် တွေးမိသည်၊

⅄ ⅄ ⅄

ခုတလောတော့ဝိန်းကအတန်ငယ် ထူးဆန်းနေလေသည်၊ ဝိန်းတစ်ယောက် အလိုမကျမှုတွေ များလာသယောင် ကိုအောင် ထင်သည်။ ထမင်းခွံ့လျှင် လည်းစားချင်မှစားသည်။ ပါးစပ်ကိုတင်း တင်း စေ့ချင် စေ့ထားလိုက်သေးသည်။ တစ်ခါတစ်ရံကျတော့လည်း ငိုသည် မဟုတ်၊ ရယ်သည်မဟုတ်ဘဲ တစ်ခုခု ပြောချင်နေသလိုမျိုး နှုတ်ခမ်းတွေ တလှုပ်လှုပ် ဖြစ်နေတတ်သေးသည်။ ဆိုးတာတစ်ခုက အိပ်ခန်းထဲတွင် အိပ် ချင်မှအိပ်တော့တာဖြစ်သည်။ ညဘက် စောင်ခြုံသိပ်ခဲ့သော်လည်း မနက်တွင် မီးဖိုထဲ၊ ဧည့်ခန်းထဲ ထမင်းစားခန်းထဲ ရောက်ချင် ရောက်နေတတ်သည်။ အထူးအဆန်းဆိုစိတ်ဝင်စားတတ်သည် ဆိုသော်လည်း ဒီလိုမျိုးကျတော့လည်း အမှန်အတိုင်း ဝန်ခံရလျှင် နည်းနည်း တော့စိတ်ပျက်ပါသည်။ ဘယ်လိုဖြစ်ပြီး နေရာရွှေ့နေသလဲဆိုတာကို ကိုအောင် စဉ်းစားမရ။ ဝိန်းသည် သက်မဲ့အရုပ်ဆို သော်လည်း ခံစားတတ်၊ ငိုတတ်၊ ရယ် တတ်၊ အစာစားတတ်သည်က လွဲပြီး လမ်းတော့လျှောက်တတ်သည်မဟုတ် သို့သော်လည်း ဘယ်က ဘယ်လိုမီးဖို ထဲ၊ ထမင်းစားခန်းထဲအထိ ရောက်





www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတတ်သည်ဆိုတာကအတွေး ရကျပ်စရာ ဖြစ်ပါသည်။

ညဘက်တွင်မအိပ်ဘဲစောင့်ကြည့်ရန်ကိုအောင်ဆုံးဖြတ်လိုက်တော့သည်။ ဝိန်းကို သိပ်ပြီးနောက် အိပ်ခန်းထဲသို့ ကိုအောင်ဝင်လာလိုက်သည်၊ ဝိန်းအိပ်ခန်းက ကိုအောင့်အိပ်ခန်းနှင့် ဘေးချင်းတစ်လျှောက်ဖြစ်သည်။ ကိုအောင်မအိပ်ဘဲနေပါက တစ်စုံတစ်ခု ထူးခြားလျှင် အသံတော့ကြားရလိမ့်မည်ဟု ကိုအောင်ထင်သည်။ အိပ်ချင်ယောင်ဆောင်ပြီး တိတ်ထိတ်လေး ကိုအောင် နေလိုက်သည်၊ ည(၁၀)နာရီ၊ (၁၁)နာရီ၊ မထူးသေး၊ တစ်အိမ်လုံး တိတ်ဆိတ်လျက်သား၊ (၁၂)နာရီကျော်တော့ ခြေသံလိုလို တရွှတ်ရွှတ် ကြားရသည်၊ နားစွင့်ရင်း ခုတင်ထက်မှ ကိုအောင် ဖြည်းညင်းစွာ ထလိုက်သည်၊ သေချာနားစွင့်ကြည့်လိုက်တော့ဟုတ်ပါသည်၊ ခြေသံပါ၊ ခြေသံက ကိုအောင့်အခန်းရှေ့မှ ဖြတ်ကာ မီးဖိုခန်းဘက်ဆီ လျှောက်သွားသံကြားရသည်၊ ဟော - ခြေသံက ရပ်သွားပြီ၊

သိချင်စိတ်ကို ကိုအောင် ထိန်းမရတော့၊ အခန်းတံခါးကို ဝုန်းခနဲ ဖွင့်ကာ မီးဖိုခန်းဆီကိုအောင်အပြေးသွားသည်၊ ကိုအောင့်ခြေလှမ်းများသည်လည်း မီးဖိုခန်းအဝတွင်ပင် တုံ့ခနဲ ရပ်သည်၊ မီးဖိုခန်းအဝရှိ ရေခဲသေတ္တာရှေ့တွင် ဝိန်းကို တွေ့လိုက်ရတာဖြစ်သည်၊ ဝိန်း၏မျက်လုံးလေးများက သာမန်ထက်ပင် စူးရူးလက်လက်၊ ကိုအောင့်ကိုဝိန်းကခပ်စိမ်းစိမ်းပင် ပြန်ကြည့်သည်၊ အကြည့်က ကိုအောင့်အသည်းထဲအထိပါအေးစက်သွားစေသည်၊ ကိုအောင့်လက်တွင် ကြယ်သီးတွေ တဖြန်းဖြန်း ထလာကာ ခေါင်းက ဆံပင်တွေလည်းထောင်တက်သွားသလိုခံစားလိုက်ရသည်၊ ဝိန်းသည်သက်ရှိအရုပ်ဆိုတာ ကိုအောင် သိပါသည်၊ သို့သော်လည်း သည်လိုမျိုး လှုပ်ရှားသွားလာနေနိုင်သည်အထိ အသက်ဝင်နေသည်ဟုတော့ ကိုအောင် မသိ၊ ဝိန်း ဘာများလုပ်မလို့ပါလိမ့်၊

ဘုမသိဘမသိနှင့်အိမ်ထဲလျှောက်သွားနေစေလို့တော့ မဖြစ်ပေ၊ ဝိန်း ဘာလုပ်မည်ကိုအောင်မသိနိုင်၊ ထို့ကြောင့် ဝိန်း အိပ်ခန်းထဲအရောက် လိုက်ပို့ကာ တံခါးကို သော့ခတ်ပိတ်ထားခဲ့ရန် တွေးလိုက်သည်၊ ကြက်သီးတဖြန်းဖြန်းထနေသောလက်နှင့်ပင်ဝိန်းဆီလက်လှမ်းလိုက်သည်၊



"အီး - ဟီး - ဟီး"

ဝိန်းကကိုအောင့်လက်ကိုဘုတ်ခနဲ တ်ချကာ အသံနက်ကြီးဖြင့် စူးစူးဝါးဝါး အော်ငိုလိုက်ချိန်တွင်တော့ ကိုအောင့် ခြေလှမ်းတို့က အိပ်ခန်းထဲသို့ တစ်ဟုန်ထိုး ပြေးသွားမိတော့သည်၊ အူတွေ၊ အသည်းတွေ ပြောင်းပြန်လန်ကုန်ပြီ ား ထင်ရလောက်အောင် ကိုအောင် ကြောက်သွားမိတော့တာ ဖြစ်သည်၊ ခန်းထဲရောက်တော့ အခန်းတံခါး တော့ကိုအမြန်ချရသည်၊ သေချာအောင် ခါးချက်ကိုပါအပေါ်ချက်ရော၊ အောက် တ်ပါ ထိုးထားလိုက်သည်၊ ဘုတ်ခနဲ တ်ထုတ်လိုက်သော ဝိန်းလက်မှ အေး တ်စက် အထိအတွေ့က အခုထိပင် ိုအောင့်ကို အေးစက်နေစေဆဲ ဖြစ် ည်၊ ဝိန်းကို ဝယ်စဉ်က ပါကင်ဘူးကို ဖွီး အတွင်းမှ စည်းကမ်းချက်စာရွက် ို ကိုအောင် ဖတ်သည်၊ မထင်မှတ် သာအခြေအနေ ကြုံလာလျှင် ဝိန်းကို ည်သို့ ထိန်းချုပ်ရမည် ဆိုတာမျိုး ောင်းပါမည်ထင်သည်၊ ဝယ်စတုန်း ရှည်လျားလှသည်ဟုဆိုကာ စည်း မ်းချက်ကို ကိုအောင် ဆုံးအောင် တ်ခဲ့မိ၊ အစပိုင်းလောက်သာ ဖတ်ပြီး ပြန်ခေါက်ထားမိတာ ဖြစ်သည်၊ ခုတော့ ကိုအောင် ပြူးတူးပြဲတဲ ဖတ်နေမိသည်၊

စည်းကမ်းချက်တွေသာ ဆုံးသွားသော်လည်း ကိုအောင် သိချင်သော အချက်ကတော့ မပါပေ၊ အနီရောင်စာတန်းတစ်ခုကိုတော့ သုံးလေးခါလောက် ထပ်ရေးထားတာ တွေ့ရသည်၊ အထူးသတိပြုရန် အမဲသား လုံးဝမကျွေးပါနှင့် ဆိုသောစာတန်းပင်၊ အမဲသားကျွေးမိလို့များဝိန်းဒီလိုကမောက်ကမတွေဖြစ်လာလေရော့သလား၊ ကိုအောင် သိသလောက်တော့ ဝိန်းကို အမဲသား မကျွေးမိပါ၊ ဝိန်းကို ကျွေးမိသော ဟင်းလျာများကိုကိုအောင်အပြန်ပြန်အလှန်လှန်စဉ်းစားကြည့်လိုက်သည်၊ ဘာဟင်းတွေမှန်း သေချာမမှတ်မိတော့၊ သည်တော့မှကိုအောင်တစ်ခုစဉ်းစားမိသည်၊ ထမင်းချိုင့်ဆွဲသည့်ဆိုင်က အမဲသားဟင်းပါလျှင်ရော၊

ကိုအောင်ကဟင်းစားကိုအမဲသား ဝက်သား စသည်ဖြင့် ရှောင်သူ မဟုတ်၊ ဟင်းအစုံစားသည်သာဖြစ်သည်၊ သည်တော့ထမင်းဆိုင်ကလည်းဟင်းတွေကို အဆင်ပြေသလို အစုံပို့သည်၊ အမဲသား ရယ်၊ ဘာရယ် ရွေးမနေ၊ ပြောမနေ၊ တစ်ခါတစ်ရံ ကိုအောင် ထမင်းစားရသေး



www.burmeseclassic.com

www.burmeseclassic.com

ခင် ဝိန်း ဝိုက်ဆာနေလျှင်လည်း ထမင်းချိုင့်ဖွင့်ကာ အလွယ်ကျွေးလိုက်သည်ပင်။ ဆိုတော့ကာ အမဲသားဟင်းလည်းကျွေးခဲ့သည့်အခါကျွေးမိမည်ထင်သည်။ ဝိန်းကို ဝယ်ခဲ့သည်မှာ နှစ်လခန့်ကြာပြီဖြစ်သည်။ သည်အတောတွင်းအမဲသားဟင်းကို အနည်းဆုံး လေးငါးခါမက ဝိန်းစားမိသွားလောက်သည်။ ကိုအောင် သုရားတမိလေပြီ။ ဘာဆက်လုပ်ရမည်မသိတော့။

မီးဖိုဘက်ဆီမှ ရေခဲသေတ္တာဖွင့်သံလိုလို ကြားရသည်။ မည်သူရှိပါမည်လဲ။ ဝိန်းပဲဖြစ်ပေမည်။ ရေခဲသေတ္တာထဲတွင် စားစရာများ အပြည့်ရှိသည်။ ထိုစားစရာတွေကို ဝိန်းစားချင်သည်များလားဟု ကိုအောင် ထင်လိုက်သည်။ ကိုအောင်ထင်သည်က မမှား။ အိတ်တွေ၊ ဘူးတွေ ဖွင့်ကာ တကြွပ်ကြွပ်၊ တကြွကြွ စားနေသောက်နေသံတွေ ကြားရတော့သည်။ မကြာတော့ ကိုအောင့်အခန်းတံခါးကို လာခေါက်သည်။ လက်သေးသေးလေးဖြင့် ခေါက်နေသံမျိုးဖြစ်သည်။ ခေါက်နေသည်ကလည်း တံခါး၏ အောက်ခြေဘက်မှဖြစ်သည်။ ကိုအောင်တို့အရပ်နှင့်ဆိုလျှင် ဒူးလောက်နေရာဆီက။ ဝိန်း...။

ပင်ကိုက မကြောက်တတ်သည့်မှန်သော်လည်း သည်လိုကြီးကြုံလာရတော့ ကိုအောင် အတော်ကြောက်နေမိပြီဖြစ်သည်။ ချွေးသီးချွေးပေါက်တွေ ကျလာသည်။ အတော်ကြာကြာ ခေါက်ပြီးတော့ လှောင်ရယ်သံလို တစ်ချက်ရယ်ကာ ဝိန်းကထွက်သွားတော့သည်။ ကိုအောင် တောင့်တောင့်ကြီး ရပ်နေမိသည်မှာ ဘယ်လောက်ကြာသည်မသိ။ အပ်ကျသံပင်မကြားရလောက်အောင် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်သွားတော့မှ ကိုအောင်သက်ပြင်းချမိသည်။ အမဲသားသည် ဝိန်း၏ဝိညာဉ်ကို ပိုမိုအားကောင်းစေခဲ့မည်ထင်သည်။ ည၏ အမှောင်က အားကောင်းသောဝိညာဉ်ကို အားပြည့်အင်ပြည့်ဖြစ်အောင် နှိုးဆွစေသည်လားမသိ။

⅄ ⅄ ⅄

မဖြစ်။ သည်အတိုင်း ဆက်သွားလျှင် ဘာတွေဆက်ဖြစ်မည်ကို မသိနိုင်။ မနက်ရောက်လျှင်တော့ ဝိန်းအရုပ်ကို ဖျက်ဆီးပစ်ရမည်ဟု ကိုအောင် ဆုံးဖြတ်လိုက်သည်။ ကိုအောင် နေသည်က ခြောက်လွှာတွင်ဖြစ်သည်။ တိုက်ခန်းရှေ့တွင် နေရောင်တိုက်ရိုက်ထိသော ဝရန်တာလည်းရှိသည်။ ထိုဝရန်တာတွင် ဝိန်းကို နေရောင်ပြမည်။ ထို့နောက် ခြောက်လွှာမှ ပစ်ချလိုက်လျှင် ကားလမ်းမပေါ် အထိ ကျသွားပေမည်။ မြို့လယ်ခေါင်မို့ များပန်းခတ် တဝီဝီသွားနေသော ကားများ တစ်စင်းမဟုတ် တစ်စင်းသည် ဝိန်းကို ကြေမွသွားအောင် နင်းသွားမည်ဖြစ်သည်။ ဥဒဟို ပြေးလွှားနေသော ကားများအကြားအသက်ဘယ်က ထွက်ရမှန်းမသိအောင် ဝိန်း ပျက်စီးပျောက်ဆုံးသွားနိုင်ပေမည်။ ထိုအကြံကြောင့် ကိုအောင် အနည်းငယ် စိတ်သက်သာရာ ရသွားပါသည်။

မနက်လင်းတော့ ဝိန်း အိပ်ခန်းရှေ့သို့ကိုအောင် သွားသည်။ အိပ်ခန်းတံခါး ဟစ်ဟဟ ပွင့်နေသည်မို့ အတွင်းသို့ ကိုအောင် ချောင်းကြည့်လိုက်သည်။ ကုတင်ပေါ်တွင် ဝိန်းက စောင်ခြုံကာ အိပ်နေလေသည်။ အိပ်ပျော်နေသည်ဆိုတော့ သာ၍ပင် ကောင်းသေးသည်။ ခပ်မြန်မြန် ယူ၍သာ ကိုအောင့် အကြံကို အကောင်အထည် ဖော်ရမည်။ အခန်းတွင်းသို့ ကိုအောင် ဝင်လိုက်သည်။ ဝိန်း၏ နှစ်နှစ်မြိုက်မြိုက် ငွေငါးသိန်း အလသာသာဖြစ်မည်ကို တွေးပြီး တစ်ချက်တော့ နမြောစိတ် ဝင်သွားသေးသည်။ ချက်ချင်းပင် ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းရသည်။ နမြောနေ၍မဖြစ်။ ရှေ့လျှောက် ဘာတွေ ဆက်ဖြစ်လာနိုင်မည်ကို မမှန်းဆနိုင်၊ ဝိန်း၏ဝိညာဉ်က ဘယ်မျှအထိ အားကောင်းလာဦးမည်ဆိုတာကိုလည်း ကိုအောင် မသိနိုင်။ အမြန်ဆုံးဖျက်ဆီးပစ်ခြင်းသည်သာ အန္တရာယ်ကင်းဘေးအရှင်းဆုံးဖြစ်မည်ဟုပင်။

တွေးရင်း ကိုအောင် ခပ်မြန်မြန်လှုပ်ရှားလိုက်သည်။ ဝိန်းကိုယ်ပေါ်မှ စောင်ကို ဖယ်ကာ ဝိန်းကို ခုတင်ပေါ်ကနေ ဆွဲယူလိုက်သည်။

"အား..."

မြန်လိုက်သည့်ဖြစ်ခြင်း။ ကိုအောင့်လက်ကို စားထိသွားပေပြီ။ ဝိန်းက စောင်ခြုံထဲတွင် မီးဖိုချောင်သုံး သားလှီးဓားကို ပါ ထည့်ကာ အိပ်နေခြင်းဖြစ်သည်။ ကိုအောင် ယူလိုက်တော့ ဝိန်းက ချက်ချင်းဆိုသလို ထကာ ကိုအောင့်လက်ကို ဓားနှင့် ထိုးလိုက်ခြင်းဖြစ်သည်။ လက်မောင်းမှာက သွေးကြောစုံသည်မို့ ဓားထိလျှင် ထိခြင်းပင် သွေးပေါက်ပေါက် ကျလာတော့သည်။

"ဝိန်း"

ကိုအောင် ကြောက်လန့်တကြား အော်ရင်း လက်ကို ရုတ်ပါသည်။

www.burmeseclassic.com

ကိုအောင့်လက်ကို ဝိန်းက ဖျတ်ခနဲ ဆွဲတာ သွေးစက်တွေကို လျှာဖြင့် လျက်နေတာဖြစ်သည်။ တဟဲဟဲဖြင့် ရယ်ရင်း သွေးစက်တွေကို အားရပါးရ လျက်နေလိုက်သည်မှာ အော်ဂလီဆန်စရာကောင်းလောက်အောင်၊ အသည်းတုန်အူတုန်လောက်အောင် ကြောက်မက်ရွံရှာဖွယ်အတိ ဖြစ်နေတော့သည်။ လက်ကိုကြောက်လန့်တကြားရုတ်ကာ သွေးတွေကို အင်္ကျီဖြင့် ကိုအောင် သုတ်ပစ်လိုက်သည်။ လက်မှ သွေးကိုသာ မဲနေသောဝိန်းက ဓားကိုတော့ တစ်ချက်သတိလစ်ဟန်တူသည်၊ ဘေးတွင် ချထားလေသည်၊ ဓားကိုယူကာ အခန်းအပြင်အထိ ကိုအောင် လွှင့်ပစ်လိုက်သည်။ ထို့နောက် ဝိန်းကို ကုပ်ပိုးမှ ကိုင်ဆွဲကာ ဝရန်တာဆီ ခြေလှမ်းကျဲကြီးဖြင့် ကိုအောင် လျှောက်သွားလိုက်သည်။ ကိုအောင့်လက်ထဲတွင် ဝိန်းက စွေ့ခနဲ ပါလာသည်။ ကိုအောင့်လက်တစ်ဖက်ကို ဝိန်းက လှမ်းဆွဲကာ ကိုက်သေးသည်။

"ကိုက်စမ်း - ကိုက်စမ်း - မင်း ဘယ်လောက်အထိ ကိုက်နိုင်မလဲ။ ကိုက်လိုက်စမ်း"

ကိုက်ခံရသည့်နေရာမှ သွေးထွက်လာသည်ကို ကိုအောင် သိလိုက်သည်။ ထိုသွေးတွေကို ဝိန်းက လျှာဖြင့် လျက်နေတာကိုလည်း သိသည်။ ရှိစေတော့ မကြာခင် အားလုံး နိဂုံးချုပ်ပေတော့မည်။ ဝရန်တာဆီ ရောက်ပြီ၊ ဝိန်းကို မုန်းတီးစွာကြည့်ပြီး ခြောက်လွှာအမြင့်ကနေ ပစ်ချပစ်လိုက်တော့သည်။

သို့သော်လည်း ဝိန်းကား အောက်သို့ ကျမသွားပေ၊ ကိုအောင့်လက်ကို ပြုတ်တူလို ညှပ်ထားပြီး ယီးလေးခိုထားလေသည်။ ကိုအောင့်ကိုကြည့်နေသော ဝိန်း၏ မျက်လုံးလေးများက နက်မှောင်ပြောင်လက်နေလေသည်၊ အေးစက်ခြင်း၊ စူးရှခြင်းတို့ တလက်လက်ဖြာထွက်နေသယောင်။

"ဟက် - ဟက်"

အလွန်စက်ဆုပ်ဖွယ်ရာကောင်းရယ်သံကို ကြားလိုက်ရလျှင် ကိုအောင့်စိတ်တွေ မုန်းတီးခြင်းအဆုံးသို့ ရောက်လေတော့သည်။ ဝိန်း ခိုဆွဲထားသောလက်ကို လွှဲကာ လွှဲကာ ဝရန်တာသံပန်းနှင့် အားကုန်ရိုက်ချသည်၊ ကိုအောင့်လက်ကို တွဲလောင်းခိုဆွဲထားသော ဝိန်းမှာ သံပန်းပေါင်နှင့် တဒုန်းဒုန်းဆောင့်မိတော့သည်။ ထိုစဉ် အရှေ့ဘက်ဆီမှ နေရောင်ပျပျလေး စထွက်လာသည်။ စိတ်စောကာ ထလာခဲ့သည်မို့ ကိုအောင် အိပ်ရာထချိန်က အတော်စောနေခဲ့သည်။ နေပင် မထွက်သေး၊ အခုမှ အရှေ့ဆီက နေထွက်လာသည်၊ သည်အတိုင်းဆို ကြာခင် ကိုအောင်တို့ ဝရန်တာဆီသို့ နေရောင် တိုက်ရိုက်ကျမည်မို့ အရောင်ဖျော့ကျသွားသည်၊ ပြုတ်တူလို လက်တွေပင် နည်းနည်းပြေလျော့သွားသလို ထင်ရသည်၊ ဒါတောင် နေရောင်ခြည် တိုက်ရိုက်ထိသေးသည်မဟုတ်။

ကိုအောင် အားတက်သွားသည်။ ခြောက်လွှာမှ ပစ်မချလျှင်တောင် နေရောင်ခြည် တိုက်ရိုက်ထိလျှင် ဝိန်း သေသည် ဖြစ်သည်။ ကိုအောင့်လက်ကို ဝိန်း ခိုဆွဲထားချင်လျှင်လည်း ဆွဲထားပါစေတော့၊ ကိုအောင် အချိန်ခဏလောက် စောင့်လိုက်ရုံသာ။ မကြာခင်မှာပင် နေရောင်စူးစူးက ဝရန်တာဆီအရောက် ဖြာကျလာပေတော့မည်။ ကိုအောင် ခပ်သဲ့သဲ့ ပြုံးမိသည်။ ဝိန်းကတော့ ဒါကို သိသည့်အလား တအစ်အစ် တအီးအီး ငိုပါတော့သည်။

"အီး - ဟီး - ဟီး - အစ်"

ငိုသံမှာ ဟိုးယခင် ကြားခဲ့ဖူးသော ငိုသံမျိုးနှင့် လားလားမျှ တူမနေပေ၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ သွေးပျက်ခြင်းတွေကို စုပေါင်းသွန်ထည့်ထားသလို ကွဲအက်အက်၊ နက်ကျော့ကျော့ အသံပျက်ကြီးဖြစ်သည်၊ ဘယ်လိုမှ နားမခံသာအောင်ဖြစ်လာသည့်အဆုံး ကိုအောင်သည် လက်ကို အားကုန် ခါထုတ်ပစ်လိုက်တော့သည်။ ဝိန်းသည် ခြောက်လွှာကနေ တလိမ့်ခေါက်ကွေး ကျသွားတော့သည်။

ဝိန်းကျသွားရာ ကားလမ်းမဆီ ကိုအောင် ငုံ့ကြည့်လိုက်သည်။ ဝိန်းကို မှုန်ပျပျသာ လှမ်းတွေ့ရတော့သည်။ ထိုမှုန်ပျပျအရာကို ကားတွေ တစ်စင်းပြီး တစ်စင်းက တက်ကြိတ်သွားကြတာကိုတော့ ကိုအောင် မြင်နေရသည်။ ကြည့်နေရင်း ဘယ်နှစင်းမှန်းပင် ကိုအောင် မရေနိုင်၊ ကားလမ်းမ၏ အလယ်တည့်တည့်တွင် ကျနေသည်မို့ နောက်ထပ် နောက်ထပ်လာသော ကားပေါင်းများစွာသည်လည်း တက်ကြိတ်မိကြမည်သာ။

လွတ်လပ်ပေါ့ပါးသော ခြေလှမ်းများဖြင့် အခန်းတွင်းသို့ ကိုအောင် လှည့်ဝင်လိုက်သည်၊ နောက်နောင်များတော့ အွန်လိုင်းမှ ထူးဆန်းသည့်အရာများကို ရမ်းသန်းမှန်းသန်း မဝယ်မိဖို့ သတိထားရပေတော့မည်။

⇨ နေဝနှိုင်



www.burmeseclassic.com

www.burmeseclassic.com

ကားသမား ဇင်မင်းမောင်က ကားဟွန်းကို နှစ်ချက်သုံးချက်ခန့် တီးလိုက်သည်။ ကားဟွန်းသံကြောင့် ထိုကားနှင့်လိုက်ပါမည့် ကုန်စိမ်းသည်များက ကားပေါ်သို့ တိုးဝှေ့တက်ကြလေသည်။ ကားပေါ်တွင် ဟင်းသီးဟင်းရွက်ခြင်းများ၊ ခရမ်းချဉ်သီးသေတ္တာများ၊ အခြားဂျုပ်ဖာများဖြင့် ပြည့်ကျပ်လျက်ရှိသည်။ ထိုကုန်များ ကြားမှာပင် ဈေးသည်များက ခြစ်သလို ကြုံသလို နေရာ ဝင်ယူကြရသည်။





ရှုပ်ထွေးပွေလီခြင်း၊
ကြမ်းတမ်းခက်ထန်ခြင်းတို့နှင့်
ပြည့်စုံနေသည့်ဘဝလမ်းတွင်
ပျော်ရာမှာမနေ၊ တော်ရာမှာ
နေရသည့်လူ့ဘဝအကြောင်းကို
...န်းစာများဖြင့် ဖတ်ရှုရမည့်..

www.burmeseclassic.com

www.burmeseclassic.com

တုန်စိမ်းသည်တစ်ဦးပင်ဖြစ်သူ ဒေါ်ဝင်းကြည်တကားခေါင်းကိုတစ်ချက်လှမ်းကြည့်လိုက်မိရာ ကားသမားနှင့်အတူ အခြားခရီးသည်တစ်ယောက်ကိုသာ တွေ့ရသဖြင့် သူတ ကားခေါင်းနားသို့သွားပြီး ကားသမားတို့ လှမ်းပြောလိုက်သည်။

"ဟဲ့ - ဇင်မင်းမောင် - ငါ့ - ကားခေါင်းထဲတလိုက်ခဲ့လို့ရမလား"

"မရတော့ဘူး - ဒေါ်ကြည်ဝင်း၊ မရတော့ဘူး၊ လူပြည့်နေပြီ"

"မပြည့်သေးပါဘူးတဲ့၊ ဟိုမှာ နင့်ဘေးမှာတစ်ယောက်တည်းရှိသေးတာ၊ ငါလိုက်လို့ရသေးပါတယ်"

"အာ - မရတော့ပါဘူးဆို၊ အဲဒီနေရာက မိုးမိုးနိုင်အတွက် ချန်ထားတာ၊ ဟိုမှာ ပြောရင်းဆိုရင်း သူလာနေပြီ"

ဇင်မင်းမောင် စကားဆုံးချိန်မှာပင် မိုးမိုးနိုင်ဆိုသူ ကောင်မလေးက ကားခေါင်းပေါ်သို့ တက်လာသည်၊ ပြီးလျှင် အရင်ရောက်နှင့်နေသော ခရီးသည်အမျိုးသမီးကို ကျော်၍ မိုးမိုးနိုင်က ဇင်မင်းမောင်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဒေါ်ဝင်းကြည်က မျက်နှာကိုတစ်ချက်မဲ့ကာ ကားနောက်ခက်သို့သာ ပြန်လှည့်လာခဲ့ရသည်၊ ထို့နောက် လူစုံသည်နှင့် ကားက စတင်ထွက်ခွာလေသည်။

ကားဘီး စလိမ့်ပြီဆိုသည်နှင့် ဒေါ်ဝင်းကြည်က သူနှင့် ပူးကပ်ထိုင်နေကြသူများကို ပြန်၍ဖောက်သည်ချလေပြီ၊

"တုန်စိမ်းသည်ချင်းတူတာတောင် ကားသမားကတော်တော်မျက်နှာလိုက်တယ်"

"ဘာဖြစ်လို့လဲ - ဒေါ်ဝင်းကြည်ရဲ့"

"ဘာဖြစ်ရမလဲ၊ ငါ့ကျတော့ ခေါင်းထဲ လိုက်လို့မရဘူးတဲ့၊ ဟိုကောင်မကျတော့ နေရာပေးတယ်"

"ဘယ် ကောင် မ တုံး . . . ဒေါ်ဝင်းကြည်"

"ဟိုကောင်မပေါ့၊ မိုးမိုးနိုင်ပေါ့"

ဤတွင် အခြားတုန်စိမ်းသည်တစ်ယောက်က ဒေါ်ဝင်းကြည်ကို ဝင်ပြောလိုက်သည်၊

"တော်က ဒီကားနဲ့လိုက်တာမကြာသေးဘဲ၊ ဒီအကြောင်းဘယ်သိမလဲ၊ ကားခေါင်းထဲက တစ်နေရာအတွက် ဇင်မင်းမောင်က မိုးမိုးနိုင်ကိုအပိုင်စား ပေးထားတာ ကြာလှပေါ့၊ နောက်ကို အဲဒီနေရာအတွက် ကားသမားကို ယောင်လို့မှ သွားမတောင်းလေနဲ့၊ သဘောပေါက်လား"

ဒေါ်ဝင်းကြည် အသံတိတ်သွားသည်၊

⅄⅄⅄

သိန်းတိုးက ပဲအိတ်များကို ကတ္တားပေါ်သို့ တင်လိုက်၊ အလေးချိန်ကို မှတ်လိုက်၊ ထို့နောက်အောက်သို့ပြန်ချလိုက်နှင့် အလုပ်ရှုပ်နေလေသည်၊ သူ့ပတ်ပတ်လည်တွင် ပဲအိတ်များက တောင်ပုံရာပုံ စုပုံလျက်ရှိသည်၊ ကတ္တားဖြင့် ချိန်ပြီးသော ပဲအိတ်များကိုတော့ မချိန်ရသေးသော ပဲအိတ်များနှင့် သီးခြားစီ ခွဲထားသည်၊

ထိုအချိန်တွင် မစိန်သန်းက ပန်းသန့်တစ်ချပ်ကိုကိုင်ကာ သိန်းတိုးအပေါ်သို့ရောက်လာသည်၊

"ဟဲ့ - သိန်းတိုး၊ ဒီမှာ နင့်အဆာပြေစားဖို့ ငါပဲခြမ်းသုပ်လာတယ်၊ နားလိုက်ဦး၊ စားလိုက်ဦး"

"စားပွဲပေါ်တင်ထားခဲ့ - ရီးစိန်သန်း၊ ဒီမှာ တျွန်တော် မအားသေးဘူး"

သိန်းတိုးက ထိုသို့ပြန်ပြောပြီး ကတ္တားကိုသာ အာရုံစိုက်နေသည်၊ မစိန်သန်းက လက်ထဲမှပန်းကန်ကို စားပွဲပေါ် အသာချထားလိုက်သည်၊ ထို့နောက် -

"သိန်းတိုး - ပဲအိတ်တွေကို ဝိသာပြည့်မပြည့်ဆိုတာလောက်ပဲကြည့်မနေနဲ့ဦးနော်၊ ပဲတွေ သန့်၊ မသန့်ဆိုတာလဲ သေသေချာချာကြည့်ဦး၊ တချို့က ငါ့ဆီက လာယူတဲ့အချိန်လောက်သာ ပြုံးပြုံးပြုံးပြုံးနဲ့နေကြတာ၊ ငါ့တိုလည်းမြန်မေးရရောစေတနာကသိပ်ပါကြတာတော့တ်ဘူး၊ တော်ကြာ - သူတို့ပေးတဲ့ပဲတွေတအမှိုက်တသောသောနဲ့ ဖြစ်နေဦးမယ်"

ဟုပါးစပ်မှပြောကာ သိန်းတိုးအပေါ်သို့ ဖျတ်ခနဲ ကပ်လာသည်၊ ပြီးလျှင် သိန်းတိုးကို ကျော်၍ ကတ္တားပေါ်မှ ပဲအိတ်ဆီသို့ လက်လှမ်းလိုက်သည်။ ပဲအိတ်၏ထောင့်စွန်းနေရာတိုအသာဖြကာ အတွင်းမှ ပဲလက်တစ်ဆုပ်ခန့် နှိုက်ယူလိုက်သည်၊ ထိုအခိုက်အတန့်တွင် မစိန်သန်း၏ကိုယ်လုံးက သိန်းတိုးကျောပြင်ကို ဖိပွတ်လိုက်သလို ဖြစ်သွားတော့ မစိန်သန်း၏ ဖောင်းကြွအိစက်သောကိုယ်အထက်ပိုင်းအထိအတွေ့ကြောင့်

www.burmeseclassic.com

သိန်းတိုးဖိန်းခနဲဖြစ်သွားရသည်။ ထို့ပြင် မစိန်သန်းထံမှ ကိုယ်နံ့သင်းသင်းနှင့် ဆံပင်နံ့ပြင်းပြင်းကိုပါ တစ်ပါတည်း ရှူရှိုက်လိုက်ရလေရာ သူ့ရင်တစ်ခုလုံး ပြောင်းဆန်သွားရတော့သည်။

"ဒီပဲချိုလောက်ဆို မဆိုးလှပါဘူး။ အချိုက တော်တော်စိတ်ပုပ်ရှိကြတယ် တဲ့"

မစိန်သန်းက ရေရွတ်နေသည်။ ထို့နောက် လက်ထဲမှပဲကို အိတ်ထဲ ပြန်ထည့်ကာ ထိုနေရာမှ ထွက်ခွာသွားသည်။ သောက်ရေအိုးစင်နားရောက်တော့ မစိန်သန်းက ရေတစ်ခွက် ခပ်သောက်သည်။ ထိုအချိန်တွင် ပါးစပ်က သာရေကိုသောက်နေသော်လည်းမျက်စိကမူလကာကိုယ်လုံးနှင့်ကြွက်သားများ အထင်းသားမျက်နှာထောင်သည်ဖြစ်သော သိန်းတိုး၏ကိုယ် ကာယအပေါ်သို့သာ တွေ့မြင်သိမြင်နေသည်။

သိန်းတိုးကတော့ ဝါအိတ်တွေကို ထမ်းလာပြီ တင်လိုက်၊ ပြန်ချလိုက်နှင့် သူ့အလုပ်သူဆက်လုပ်နေသည်။ အတန်ကြာသော် လမ်းဝဆီမှ ကားတစ်စီး မောင်းဝင်လာသောအသံကို သူ ကြားလိုက်ရသည်။ သူ သမင်လည်ပြန်လှည့်အကြည့်၊ လမ်းအတိုင်းမောင်းဝင်လာနေသောကုန်စိမ်းကားကိုတွေ့လိုက်ရသည်နှင့် သူ့မျက်နှာတစ်ခုလုံးဝင်းခနဲဖြစ်သွားရသည်။

⅄⅄⅄

လဆန်း(၃)ရက်ညမို့ ဆန်းစသော်တာ၏ အလင်းရောင်က ကောင်းကင်၌ မှိန်ပျပျသာ ထွန်းလင်းလျက်ရှိသည်။ ထိုအားနည်းသောအလင်းရောင်ကြောင့် လက်ဖက်ရည်သောက်နေကျ စဉ့်အိုးကြီးများမှာ အားရပါးရဝင်းနိုင်၊ ပြောင်နိုင်ခြင်းမရှိဘဲ ဖျော့တော့စွာ ညှိုးကုပ်နေကြရလေသည်။

စည်းပြီးသားချည်ပေါင်ရွက်၊ ကန်စွန်းရွက်များက ကွပ်ပျစ်ပေါ်တွင် အပုံလိုက်၊ အထပ်လိုက် ဖြစ်နေသည်။ မိုးမိုးခိုင်က ရေဇလုံထဲမှရှုံးပတီသီးများကိုမွှေနှောက်၍ ဆေးကြောနေသည်။ မျက်နှာချင်း၌ ထိုင်နေသော သိန်းတိုးက မိုးမိုးခိုင်၏ မျက်နှာဖွေးဖွေးလေးကို မချင့်မရဲ စိုက်ကြည့်ရင်း အားလျော့သောလေသံဖြင့် ပြောလိုက်သည်။

"ဒီအတိုင်းသာဆိုရင် ငါလည်း သူရင်းငှားဘဝက မကျွတ်နိုင်၊ နင်လည်း ကုန်စိမ်းသည်ဘဝက မကျွတ်နိုင်နဲ့ ဒီဘဝ တို့နှစ်ယောက် နီးမှ နီးနိုင်ပါဦးမလားဟ - မိုးမိုးခိုင်ရ"

"နင်ကလည်းဟာ၊ တအားကိုစိတ်ဓာတ်ကျတတ်တာပဲ။ ယောကျ်ားလေးလုပ်တဲ့နင်က ဒီလောက်စိတ်ဓာတ်ကျနေမှတော့ ငါက ဘယ်လိုနေရတော့မလဲ"

"ငါစိတ်ဓာတ်ကျတာကိုပဲ နင်ကမြင်တယ်။ စိတ်ဓာတ်ကျစရာ မကောင်းလို့လား။ တစ်နေ့လာလည်း အလုပ်၊ တစ်နေ့လာလည်း အလုပ်ပဲ။ အလုပ်တွေနဲ့ချည်းလုံးထွေးနေရတာ၊ ရည်းစားတွေရယ်လို့ နင်နဲ့ငါ ဘယ်မှာ ကောင်းကောင်း တွေ့ရှိန်ရလို့လဲ"

"ဒါကတော့ဟာ၊ ဘယ်တတ်နိုင်ပါ့မလဲ။ ကိုယ့် ဘဝအခြေအနေကကို ဒီအတိုင်း ဖန်တီးလာတဲ့ဥစ္စာ"

"မထူးတော့ဘူးဟာ၊ ဖြစ်ချင်ရာဖြစ်၊ နင်နဲ့ငါ နိုးပြေးကြရအောင်။ ဘယ့်နှယ်လဲ - မိုးမိုးခိုင်"

"အမလေး၊ မလုပ်လိုက်ပါနဲ့။ ဒီလိုလုပ်ဖို့ကတော့ တွေးတောင် မတွေးဝံ့ပါဘူး။ ပြောမယ့်သာ ပြောတာပါ သိန်းတိုးရယ်။ နင်ကိုယ်တိုင်ကရော ဒီလိုလုပ်ဝံ့လို့လား၊ မိုက်ဝံ့လို့လား။ ဒီစကားမျိုးတွေ လာပြောမနေစမ်းပါနဲ့"

သိန်းတိုးက နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်လိုက်သည်။ သက်ပြင်းတစ်ချက်ကိုပါ ဟင်းခနဲ ချလိုက်သည်။ တကယ်တော့လည်း မိုးမိုးခိုင်ပြောသောစကားက အမှန်တွေပင်ဖြစ်သည်။ သူ့ပါးစပ်ကသာ မရဲဘဲကျွဲမြီးပြလိုက်ခြင်းဖြစ်သည်။ လက်တွေ့အားဖြင့်မူ ထိုသို့လုပ်ဝံ့သော သတ္တိမျိုးက ခြေတစ်ပြားစာမျှပင် သူ့တွင် မရှိ။ မရှိအောင်လည်း သူ့ကို ချည်နှောင်ထားသော၊ ဆဲငင်ထားသော နှောင်ကြိုးတွေက သူ့နောက်တွင် အစင်းစင်း အရှောင်းရှောင်း ရှိနေသည်။

ပြောကြစို့ဆိုလျှင် သူသာမဟုတ်၊ မိုးမိုးခိုင်တွင်လည်း ထိုနည်းအတိုင်းသာ။ သို့ကြောင့်ပင် သူတို့နှစ်ဦးအတွက် သမီးရည်းစားတွေ့ဆုံခန်းသို့ ရောက်တိုင်း စကားတွေကို ရောက်ချင်ရာ ရောက်၊ ပေါက်ချင်ရာ ပေါက်၊ ပြောချင်ရာ ပြောခဲ့ကြသော်လည်း နိဂုံးပိုင်းတွင်မူ အခေ... တွေ၊ အနှွမ်းတွေ၊ အလွမ်းတွေ၊ အဓွေး... တွေနှင့်သာ အဆုံးသတ်ကြရမြဲ။ သည်ညတွင်လည်း ထိုပုံစံအတိုင်းပင်။

မာလကာကိုင်းကြားမှ လဈေး... ကလေးကို သိန်းတိုး မော့ကြည့်နေ... မှာပင် အိမ်တွင်းမှ ချည့်နဲ့နေသော အသံ... လေးတစ်ခုက ပျံ့လွှင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရေ - မိုးမိုးခိုင်၊ ဒီခဏလာပါဦးကွယ်။ အမေ့ဆေးထုပ်ကလေး ရှာမတွေ့လို့၊ လာရှာပေးပါဦး"

"ဟုတ်ကဲ့ အမေ - လာပြီ၊ လာပြီ"

မိုးမိုးခိုင်က ပြန်ထူးလိုက်သည်။ လက်ကိုပါ ကပျာကယာ ဆွဲလိုက်သည်။ ထို့နောက် ထိုင်ရာမှ ထလိုက်သည်။ သိန်းတိုးကပါထရပ်လိုက်သည်။ ထိုစဉ်မှ "ငါပြန်တော့မယ်ဟာ၊ နွားစာ ထည့်ပေးရဦးမယ်" ဟု မိုးမိုးခိုင်ကို ပြောလိုက်သည်။ မိုးမိုးခိုင်က "အေး - အေး" ဟု ပြန်ပြောကာ အိမ်ပေါ်သို့ တက်သွားသည်။

သိန်းတိုး ပြန်ထွက်လာတော့ မိုးမိုးခိုင်အစ်ကို ကျော်ကြီးနှင့် ခြံပေါက်ဝမှာဝင်ဆုံမိသည်။ ကျော်ကြီးထံမှ အရက်နံ့တွေ ထောင်းထောင်း ထနေသည်။ ခေါင်းငိုက်စိုက်ရလာသောကျော်ကြီးက တစ်ချက်မော့ကြည့်သည်။ သိန်းတိုးမှန်းသိသည်နှင့် ဘာမှမပြောဘဲ အိမ်ထဲ ဆက်ဝင်သွားသည်။ သိန်းတိုးကလည်း ဆက်လျှောက်လာခဲ့သည်။

⅄ ⅄ ⅄

သည်တစ်ခါတော့ဒေါ်ဝင်းကြည်က ကားခေါင်းထဲတွင် နေရာရသွားသည်။ သို့သော် ထိုနေရာက မိုးမိုးခိုင်နေရာကိုတော့မဟုတ်။ မိုးမိုးခိုင်၏နေရာကိုလည်း ဇင်မင်းမောင်က မည်သူ့ကိုမျှ အဝင်ခံလိမ့်မည်မဟုတ်၊ ကားခေါင်းထဲတွင် ခရီးသည်နှစ်ယောက် တင်လေ့ရှိသည်။ မိုးမိုးခိုင်နေရာကိုတော့မဟုတ်။ မိုးမိုးခိုင်၏နေရာကိုလည်း ဇင်မင်းမောင်က မည်သူ့ကိုမျှ အဝင်ခံလိမ့်မည်မဟုတ်၊ ကားခေါင်းထဲတွင် ခရီးသည်နှစ်ယောက်တင်လေ့ရှိသည်။ မိုးမိုးခိုင်နေရာမှအပ ကျန်တစ်နေရာစာအတွက် ကြုံရာလူက ဝင်စီးနိုင်သည်။ ယနေ့အတွက်ဒေါ်ဝင်းကြည်က သူများထက်ဦးအောင် ဝင်နိုင်သဖြင့် ခေါင်းထဲတွင် နေရာရသွားခြင်းဖြစ်သည်။

ခေါင်းထဲတွင် စီးရခြင်းက ပိုပြီးဖိမ်ရှိ ပိုပြီးသက်သာတာအမှန်ပင်ဖြစ်သည်။ သို့နှင့် ကားထွက်သည်ဆိုလျှင်ပင် ဒေါ်ဝင်းကြည်ကနောက်မှီပေါ်ခေါင်းတင်ကာ အသာမှိန်းပြီး လိုက်ပါလာခဲ့သည်။ ဇင်မင်းမောင်နှင့် မိုးမိုးခိုင်တို့ကတော့က တော့ရွာတွင်းလမ်းမှသည်လမ်းချောပေါ်သို့ကားရောက်သည်နှင့် တစ်ဦးနှင့်တစ်



စကားကို အမှုတန်းမပြတ်တန်း ပြောဆိုလာခဲ့ကြသည်။

"ဘယ်လိုလဲ - မိုးမိုးခိုင်၊ နင့်အဖေ အမှုကိစ္စက ပြတ်ခါနီးပြီလား"

"မနီးသေးပါဘူး - ကိုဇင်မင်းမောင်ရယ်။ အဝေးကြီးရှိပါသေးတယ်။ အမှုက လို့ကို မပြီးနိုင်ဘူးဖြစ်နေတယ်"

"အေးဟာ၊ အမှုဆိုတာ အဲလိုပဲ၊ ဖြစ် တော်တော်နဲ့မပြီးတော့ဘူး။ ဒီကြား နင့်အဖေဖြစ်တဲ့အမှုက ကျွန်းအမှုဆိုတော့ပိုဆိုးတာပေါ့။ ဒါထက် - နင့်အဖေရဲ့ ရှေ့နေကရော သေသေချာချာ လျှောက်လဲပေးဘူးတဲ့လား"

"လျှောက်လဲပေးပါတယ်။ မိတဲ့ ကျွန်းတွေက ကိုယ်ပိုင်မဟုတ်ဘူး။ ပိုင်ရှင်က အငှားတိုက်ပေးဖို့ခေါ်လို့ အဖေက လှည်းအငှားလိုက်ခဲ့တာပါဆိုတဲ့ အကြောင်းသေသေချာချာ လျှောက်လဲပေးပါတယ်။ ဒါပေမဲ့ - လောလောဆယ် ပစ္စည်းပိုင်ရှင်လုပ်တဲ့သူက ထွက်ပြေးနေတဲ့အပြင် ပစ္စည်းတွေကလဲ ကိုယ့်လှည်းပေါ်မှာပဲ အမိခံရတာဆိုတော့ ဘယ်လိုမှကို ရုန်းမထွက်သာဘဲ ဖြစ်နေတယ်။ ကျွန်မတော့ အရှုပ်ထဲက အဖေ့အတွက် ကတစ်မျိုး၊ ရောဂါသည် အမေ့အတွက် ကတစ်မျိုးနဲ့ စိတ်တောင် နောက်ချင်မိ

“ ဆွဲကြိုးကလေးက ဝင်းဝင်း
တောက်လျက်ရှိသလို မိုးမိုးခိုင်၏
မျက်လုံးများကလည်း အာသာငမ်းငမ်း
တောက်ပ၍နေလေသည်။ ဇင်မင်းမောင်က
ပြောင်ရှင်းလျက်ရှိသော မိုးမိုးခိုင်၏
လည်တိုင်ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။
တကယ်တော့ လည်တိုင်ကိုသာမကဘဲ
မို့မောင်းချွန် ထွက်နေသော မိုးမိုးခိုင်၏
ရင်အုံကိုပါ သိမ်းကျုံးကြည့်သွား
ခြင်းသာဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဒီကြားထဲအစ်ကိုတွေ၊ မောင်တွေ တလည်းတစ်ယောက်မှအားမကိုးရဘူး၊ အရက်သမားတွေချည်းပဲ"

မိုးမိုးခိုင်၏ ညည်းသံအဆုံးတွင် ခေတ္တစကားပြတ်သွားသည်၊ ဖင်မင်းမောင်က ရှေ့ကို အာရုံစိုက်ပြီး ကားကို မောင်းနေသည်၊ နွားအုပ်တစ်အုပ်ကို ကျော်၍ လမ်းရှင်းသွားပြီဆိုတော့မှ သူက မိုးမိုးခိုင်ကို လှမ်းပြောလိုက်သည်၊

"မိုးမိုးခိုင် – အဲဒီအတ်ရှိဘုတ်ပေါ်က အိတ်ထဲကို နှိုက်ကြည့်လိုက်စမ်း၊ အထဲမှာ မနေ့က ဒါ လွှင်လွှင်မြင့်ပန်းထိမ်က ရှေးလာခဲ့တဲ့ ပစ္စည်းဘူးကလေးရှိတယ်"

မိုးမိုးခိုင်က ဖင်မင်းမောင်ပြောသည့်အတိုင်း အိတ်ထဲကို လှမ်းနှိုက်လိုက်သည်၊ ပစ္စည်းဘူးလေးကိုစမ်းမိသည်နှင့် အပြင်သို့ ထုတ်ယူလိုက်သည်၊

"ဒီဘူးလေးလား၊ ကိုဖင်မင်းမောင်"

"အေး – ဟုတ်တယ်၊ ဖွင့်ကြည့်လိုက်စမ်း၊ အထဲမှာ ပစ္စည်းရော ဘောက်ချာပါပါတယ်၊ ဘောက်ချာထဲမှာ ပစ္စည်းနဲ့ တာ သုံးသိန်းနဲ့ ဘယ်လောက်လဲမသိဘူး၊ ငါ မေ့နေလို့၊ နင် ဖတ်ကြည့်စမ်း"

မိုးမိုးခိုင်က ဘူးကို ဖွင့်လိုက်သည်၊ အထဲတွင် အသည်းပုံလော့ကက်သီးကလေးနှင့် ဆွဲကြိုးတစ်ကုံးကို တွေ့ရသည်၊ မိုးမိုးခိုင်က ဘောက်ချာကို ဖြန့်၍ ဖတ်လိုက်သည်၊

"သုံးသိန်းရှစ်သောင်းနဲ့ နစ်ထောင်တဲ့ – ကိုဖင်မင်းမောင်၊ ဒါ – ငါးမူးသားထင်တယ်နော်"

"ဟုတ်တယ်၊ ငါးမူးသားပဲ၊ ငါ့အစ်မအတွက် လုပ်လာတာ၊ အဲဒါ မနေ့က ဘူးကိုပြကြည့်တော့ လော့ကက်သီးကို မကြိုက်လို့တဲ့ဟ၊ လော့ကက်သီးအပေါ်တာနဲ့ ပြန်လဲပေးပါဆိုလို့ ပြန်ယူလာခဲ့တာ"

"ဟုတ်လား၊ ဘာဖြစ်လို့မကြိုက်တာလဲမသိဘူး၊ ဒီလော့ကက်သီးလေးက လှသားပဲဟာ"

မိုးမိုးခိုင်က ဆွဲကြိုးလေးကို ရှုစိုက်ကြည့်ရင်း ပြောသည်၊ ဆွဲကြိုးကလေးက ဝင်းဝင်းတောက်လျှက်သလို မိုးမိုးခိုင်၏မျက်လုံးများကလည်း အာသာငမ်းငမ်း တောက်ပ၍နေသည်၊ ဖင်မင်းမောင်ကပြောင်ရှင်းလှရှိသော မိုးမိုးခိုင်၏လည်တိုင်ကို ချက်ငဲ့ကြည့်လိုက်သည်၊ တကယ်လည်တိုင်ကိုသာမကဘဲ မို့ဖောင်းထွက်နေသော မိုးမိုးခိုင်၏ရင်အုံသိမ်းကြုံးကြည့်သွားခြင်းသာဖြစ်သည်။

"မိုးမိုးခိုင် – အဲဒီဆွဲကြိုးကို နင် မရချင်ဘူးလား"

"ဘာပြောတယ်"

ဖင်မင်းမောင်စကားကြောင့် မိုးမိုးခိုင်အလန့်တကြားဖြစ်သွားသည်၊ ဖင်မင်းမောင်ကိုလည်း အံ့အားသင့်စွာ မော့ကြည့်လိုက်သည်၊ ဖင်မင်းမောင်က ရှေ့ကိုသာ မျက်နှာမူထားရင်း သာမန်လေသံမျိုးဖြင့် ပြန်ပြောလိုက်သည်၊

"ဟုတ်တယ်၊ နင့်လည်ပင်းပြောင်ပြောင်ပေါ်မှာ အဲဒီဆွဲကြိုးလေးသာ နေရာယူလိုက်လို့ကတော့ နင် ဒီထက် ပိုလှသွားမှာပဲ၊ ငါကလဲ နင်သာ လှမယ်ဆိုရင် ဆိုဖြည့်ဆည်းပေးဖို့ အသင့်ပါပဲ၊ ငွေမဲ့ – ငါတောင်းထားတဲ့အဖြေကို တော့ နင်က ပေးဖို့လိုတာပေါ့၊ နင်သာ အဖြေပေးကြည့်၊ အဲဒီဆွဲကြိုး အခုနင့်ကို ပေးပစ်လိုက်မယ်၊ ငါ့အစ်မအတွက်က ပြီးတော့မှ ထပ်လုပ်ပေးလိုက်မယ်၊ ဘယ့်နှယ်လဲ၊ ငါ မပေးရဲဘူး ထင်နေသလား"

ဖင်မင်းမောင်စကားက မိုးမိုးခိုင်ကို တွေသွားစေသည်၊ ငိုင်သွားစေသည်၊ တော့ လှုကိုပါ ငြိမ်သွားစေသည်၊ ထို မိုးမိုးခိုင် မလှုပ်နိုင်၊ မရှားနိုင်ဖြစ်သွားသည်ကို အခွင့်ကောင်းယူ၍ပင် ဖင်မင်းမောင်ထံမှ စကားလုံးများက တရစပ်ဝင်ဆက်ဝင်လာသည်၊

"ဒီ ဆွဲ ကြိုး လော့ ကက် က တော့ အသေးအဖွဲ့ပေါ့ဟာ၊ နင်သာ ငါ့ကိုယူမယ်ဆိုလို့ကတော့ ငါ့မှာရှိသမျှ နင့်အတွက်ချည်းပဲပေါ့၊ ဒီမယ်မိုးမိုးခိုင်၊ ငါ ရှယ်ယာဝင်ထားတဲ့ရေနံတွင်းက မနေ့ကပဲ ဆီစပေါက်ပြီသိလား၊ တွင်းက အခြေအနေ တော်တော်ကောင်းတယ်၊ အဲဒီတွင်းက ရမယ့်ငွေနဲ့ ငါစုထားတဲ့ငွေ ပေါင်းပြီး ကျန်တဲ့ကားဖိုးငွေကို ချေလိုက်ရင် ဒီကားလည်း ငါပိုင်တဲ့ကား လုံးလုံး ဖြစ်သွားပြီ၊ ဒီတော့ နင် စဉ်းစားပေါ့ဟာ၊ ဘယ်သူက ကိုယ့်ဘဝကို တင့်တောင့်တင့်တယ်နဲ့ လုံလုံခြုံခြုံထားပေးနိုင်မလဲဆိုတာ ကိုယ့်ဘာသာ ချင့်ချိန်ကြည့်ပေါ့"

▲ ▲ ▲

ဈေးခေါင်းကွဲသည်နှင့် တုန်စိမ်းသည်များက မိမိတို့၏ တောင်းများ၊ ခြင်းများ၊ အိတ်ခွံများကို သိမ်းဆည်းကာ ပြန်ရန်ပြင်ကြလေသည်၊ ထိုအချိန်တွင် ဖင်မင်းမောင်၏ကားက ရောက်မလာသေးရာ ဈေးသည်များမှာ ဈေးအနီးရှိ သစ်ပင်ရိပ်များတွင် သုံးလေးယောက်တစ်တွဲ

www.burmeseclassic.com

လေးယောက်တစ်တွဲစီ စုထိုင်၍ ကား စောင့်နေကြလေသည်။ ဤတွင် အစု တစ်စုတွင်ပါဝင်သော ဒေါ်ဝင်းကြည်က သူ့အစုမှ လူများကို ဟိုနစ်ယောက်နှင့် ပတ်သက်သောအကြောင်းများအား ဖောက်သည်ချ၍နေပြန်လေသည်။

"ဒီအထိုင်းဆိုရင်တော့ ဖင်မင်း မောင်တ တိုကောင်မတို့ ရေရေအောင် အတိုင်းချိုင်တော့မယ့်ပုံပဲအေ့၊ သိလား။ ဒီယောင်မ တစ်နေ့မဟုတ် တစ်နေ့ ပြို တော့မှာသေချာတယ်။ ဒါမနက်က ကား ခေါင်းထဲမှာ အိပ်ချင်ဟန်ဆောင်ပြီး သူ တို့ပြောတာ နားထောင်နေတော့ ဖင်မင်း မောင်တ တိုကောင်မတို့နည်းအမျိုးမျိုးနဲ့ ချူနေတာပဲ"

ဒေါ်ဝင်းကြည်စကားအဆုံးတွင် အခြားအမျိုးသမီးတစ်ယောက်တပါဝင် ထောက်လိုက်သည်။

"ချူနေတာက ကြာလှပါပြီ။ ဖင်မင်းမောင်က မိုးမိုးနိုင်ကို ကားခေါင်း ထဲကနေ နေ့တိုင်းတင်ပေးမယ့်ကားခကျ တော့ယူတာမှမဟုတ်ဘဲ။ ပြီးတော့ - သူ့ အမေ ပန်းနာသည်ကြီးအတွက် ပိုက်ဆံ လိုတာမျိုးကအစ မိုးမိုးနိုင်က ဖင်မင်း မောင်ဆီကပဲ မကြာမကြာ ငွေလှည့်ယူ နေရတဲ့ဥစ္စာ"

ဒုတိယမြောက်အမျိုးသမီးကပါ ပြောလာပြန်သည်။

"ဖင်မင်းမောင်လိုကောင်မျိုးက မိန်းမကျမ်းကျေနေတဲ့ကောင်မျိုးပဲဟာ။ မိန်းမတစ်ယောက်ကိုဘယ်လိုဝင်ရမယ် ဆိုတာ ကျွမ်းပြီးသားပေါ့၊ အထူးသဖြင့် မိုးမိုးနိုင်လို ပင်ကိုက အားနည်းချက်ရှိ ထားတဲ့သူမျိုးကိုတော့ သူကပိုလို့တောင် ပိုင်သေး"

ဒေါ်ဝင်းကြည်အလှည့် ရောက်လာ ပြန်သည်။

"တကယ်ဆို မိုးမိုးနိုင်မှာ ရည်းစား ရှိနေတာကို ဖင်မင်းမောင်က သိနေတာ ပဲ။ သစ္စာရှိရှိနဲ့ ရှောင်နေဖို့ကောင်းတယ်။ အေးလေ - သူ့ရဲ့ ဒုတိယမယား မတင် ကြည်ကိုတောင် ကိုဖိုးလုံးကြီးလက်ထဲ ကနေမရရအောင်နိုက်ယူထားသေးတာ ပဲ၊ သစ္စာရှိဖို့အကြောင်းတော့ ပြောမနေ တော့ပါဘူး။ နောက်တစ်ခုက မိုးမိုးနိုင် ကလဲ ဆင်းရဲသူ့ရည်းစား သိန်းတိုးကလဲ ငမွဲ၊ သူတို့ချင်း နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ရ မှာကိုကြောက်နေကြတဲ့အခြေအနေက လည်းဖင်မင်းမောင်လိုကောင်မျိုးအတွက် ကြားလေသွေးဖို့ ပိုကောင်းသွားစေတာ ပေါ့"

ထိုစကားကို ဒုတိယအမျိုးသမီးက ဆက်လိုက်သည်။

"သူလို မိန်းမဝါသနာကြီးတဲ့သူက မိုးမိုးနိုင်လိုကောင်မမျိုးကို ဘယ်လက် လွှတ်ခံပါ့မလဲ။ သူ ပထမဆုံးယူတဲ့မိန်းမ၊ ညောင်ကိုင်းက မလှရှော့ကို ကြည့်ပါ လား။ နာမည်ကသာ ရှော့တာ၊ လူက တစ်ကိုယ်လုံး ငါးကျည်းခြောက်ပဲဟာ။ မလှရှော့ ပိုက်ဆံရှိလို့ ဒီကောင်က ယူ လိုက်တာ၊ မလှရှော့ကိုလည်း ချိုင်လို့ အားရရော၊ ဘယ်မှာလဲ မလှရှော့ကြီးကို ပစ်ထားခဲ့ပြီး မတင်ကြည်နဲ့ ဆက်တာပဲ မဟုတ်လား။ မတင်ကြည်ကတကယ်လှ တဲ့မိန်းမ၊ တကယ့်လုံးကြီးပေါက်လှ။ အဲဒီ မတင်ကြည် ကားတိုက်ခံရလို့ သေပြီး ကတည်းက ဒီကောင် မိုးမိုးနိုင်နား ဆက် တပ်တာပဲလေ။ မိုးမိုးနိုင်က အပျိုလည်း အပျို၊ ပြီးတော့ တောင့်ကလည်းတောင့် ဖြန်ဆိုတော့ ဒီအစာကိုသူက ဘယ်လက် လွှတ်ခံပါ့မလဲဟယ်"

ဤသို့သူတို့တစ်ယောက်တစ်လှည့် စီပြောဆိုနေကြစဉ်မှာပင် ဖင်မင်းမောင် ၏ကားက ရေနံလုပ်ကွက်များဘက်မှ ဈေးဘက်သို့ ကွေ့မောင်းလာသည်ကို သူတို့အားလုံး မြင်လိုက်ကြရသည်။ ကားကိုမြင်သည်နှင့် ပြောလက်စစကား ကို သိမ်း၍ ထိုင်ရာမှ ထရပ်လိုက်ကြ သည်။ အခြားဈေးသည်များကပါ တောင်း ဆွဲသူဆွဲ၊ ခြင်းဆွဲသူဆွဲဖြင့် အသင့်ပြင် ထားလိုက်ကြသည်။

မကြာမီ ကားက သူတို့ရှေ့သို့ ထိုး ဆိုက်လာသည်။ ကားပေါ်သို့ အသီးသီး တက်လိုက်ကြသည်။ ကားခေါင်းထဲတွင် ကားသမားအပြင် မိုးမိုးနိုင်နှင့် အခြား အဘိုးကြီးတစ်ယောက်တို့ဖြင့် နေရာ ပြည့်နေလေပြီ။ လူစုံသည်နှင့် ကားက စထွက်လေသည်။

⅄ ⅄ ⅄

"ဟဲ့သား - မောင်သိန်းတိုး အိပ်မှာ ဆန်ကုန်နေပြီနော်။ ခုနေတာတောင် မမယ်စိန်တို့အိမ်ကနေ အမေ လှချော ထားရတာ"

"ဟုတ်ကဲ့ - အမေ - ဟုတ်ကဲ့။ ဒေါ်သင်းနုတို့ဆိုင်မှာ ဆန်ရောက်ထားနဲ့ ကျွန်တော် တစ်အိတ်ဆွဲခဲ့ပါ့မယ်။ လော လောဆယ် လေးလေးမယ်စိန်တို့ဆီက ပဲ လိုသလောက် ယူချက်နေဦးပေါ့"

မိခင်ဖြစ်သူကို စကားပြန်လိုက်ပြီး နောက် သိန်းတိုးက အိမ်အောက်သို့ ဆင်းရန်ပြင်သည်။ ဤတွင် သူ့အောက်





www.burmeseclassic.com

www.burmeseclassic.com

မှ ညီဖြစ်သူ ဆယ်တန်းကျောင်းသား ကျော်မိုးလွင်က သူ့ရှေ့တွင် ခြေစုံလာရပ် လိုက်သည်။

"ကိုကြီးသိန်းတိုး၊ ကျွန်တော်တို့ ကျောင်းစာအုပ်ဖိုးတွေကို လာမယ့် သောကြာနေ့ အပြီးသွင်းပေးရမယ်တဲ့၊ အတန်းပိုင်ဆရာမက မှာလိုက်တယ်ဗျ"

"ဟုတ်လား။ အေးပါ၊ အေးပါ။ အဲဒီနေ့မှာတော့ ပါရအောင် လုပ်ပေးပါ့မယ်"

ညီဖြစ်သူကိုပြော၍အပြီး အလတ်မ ထိုမှစကားသံက သူ့နောက်ဘက်မှ ထွက်ပေါ်လာပြန်သည်။

"ကိုကြီးသိန်းတိုး၊ ညီမလေးကို ကျောင်းစိမ်းဝတ်စုံ တစ်စုံလောက် ဝယ်ပေးဦး။ အခုလောလောဆယ် ကျောင်းသွားရင်ဝတ်ဖို့ ညီမလေးမှာ ဝတ်စုံတစ်စုံပဲရှိတယ်၊ ကျန်တာတွေက အရမ်းဟောင်းနေပြီ"

အလတ်မ၏ စကားအဆုံးတွင် ခပ်လှမ်းလှမ်းတွင်ရပ်နေသော နို့သွာကောင် မအသံတပါ တစ်ဆက်တည်း လိုက်ပါလာသည်။

"ကိုကြီးသိန်းတိုး၊ ကျွန်တော့်ထမင်းချိုင့်က တိုင်းကျိုးသွားပြီဗျ။ ဒီအန်ချိုင့်ကြီးအစား စတီးချိုင့်လေးတစ်လုံးလောက်တော့ ကျွန်တော့်ကို ဝယ်ပေးပါဦး"

"အေးပါကွာ - အေးပါ။ မင်းတို့အတွက် အစ်ကိုကြီး လုပ်ပေးပါ့မယ်၊ ချက်ချင်းကြီးတော့ မလုပ်ကြနဲ့ဦး။ ခဏတော့ စောင့်ကြဦးပေါ့"

နစ်ယောက်စလုံးအတွက် တစ်ခါတည်းပြောထားခဲ့သည်၊ ထို့နောက် အိမ်အောက်သို့ ဆင်းလိုက်သည်၊ ဤတွင် သနပ်ခါးအဖွေးသားနှင့် ကျောင်းလွယ်အိတ်ကိုလွယ်ထားသော ညီအထွေးဆုံး အောင်မွေးက သူ့ကို လှေကားရင်းမှနေ၍ လက်ဝါးဖြန့်လျက် စောင့်ကြိုနေလေသည်။

"ကိုကြီးတိန်းတိုး၊ တားတားကို မုန့်ဖိုးပိုက်ဆံပေးဦး"

ထိုအကောင်ကို မျက်မှောင်ကြုတ်၍ ငုံ့ကြည့်ရင်း အိတ်ကပ်ထဲ လက်နှိုက်ကာ အကြွေတချို့ကို ပေးထားခဲ့ရပြန်သည်၊ ထို့နောက် ခေါင်းကုတ်ရင်းနှင့်ပင် အလုပ်ဆင်းရန်အတွက် မစိန်သန်းအိမ်ဘက်သို့ ထွက်လာခဲ့တော့သည်။

▲▲▲

မစိန်သန်းက ခပ်လှမ်းလှမ်းမှ သိန်းတိုးလာနေသည်ကိုမြင်လိုက်သည်နှင့် ထဘီရင်လျားပေါ်မှ ခြုံလွှမ်းထားသောတဘက်ကိုအောက်သို့ဆွဲချလိုက်သည်၊ ပြီးလျှင် လုပ်လက်စ သနပ်ခါးလူးသောအလုပ်ကို ဆက်ပြီးလုပ်နေလိုက်သည်။

မကြာမီ သိန်းတိုးက သူ့ရှေ့သို့ရောက်လာသည်၊ ခုံတန်းပေါ်သို့လည်း ဝင်ထိုင်လိုက်သည်၊ မစိန်သန်းက သိန်းတိုးမျက်နှာကို တစ်ချက်အကဲခတ်၍ ပြောလိုက်သည်။

"ဒီနေ့ အိမ်လာတာ နောက်ကျလှချည်လား။ နို့ - နင့်မျက်နှာကြီးကလည်း ညှိုးလို့ပါလား။ နေရောကောင်းရဲ့လား"

"နေလို့က ကောင်းပါတယ် - ဒေါ်စိန်သန်းရ၊ အိမ်က ကိစ္စဝိစ္စတွေအတွက် စိတ်ရှုပ်လာလို့ပါဗျာ"

သိန်းတိုးက ညည်းသံဖြင့် ပြောသည်၊ မစိန်သန်းက သိန်းတိုးကို တစ်ချက်ဝင့်ကြည့်ကာ ပြန်ပြောလိုက်သည်။

"ဘာလဲ၊ ထုံးစံအတိုင်း နင့်ညီ၊ ညီမတွေက အပူကပ်လိုက်ကြပြန်ပြီလား။ သူတို့ကိုတော့ အဆိုးမဆိုပါနဲ့ဟာ၊ ဒီကျောင်းနေရွယ်လေးတွေက ဘာမှသိကြသေးတာမှမဟုတ်ဘဲ၊ ပြီးတော့ သူတို့က နင်တို့အဖေ ဆုံးပြီးကတည်းက နင့်ကိုပဲ အစ်ကိုကြီးအဖေအရာဆိုသလို တစ်လျှောက်လုံး အားကိုးလာကြတဲ့ဥစ္စာ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ - ကျွန်တော်လည်း မျက်နှာက ပူလှပြီဗျ။ ထစ်ခနဲရှိ ဒေါ်စိန်သန်းဆီကချည်းပဲ လာလာယူနေရတယ်။ ခုလည်း အိမ်မှာ ဆန်ပြတ်နေပြီ၊ ကလေးတွေကလည်း တစ်ယောက်တစ်မျိုး ပူဆာနေကြပြန်တယ်"

"ဒါကို အားမနာပါနဲ့၊ နင့်အိမ်မှာသာ အဆင်ပြေအောင်စီမံ၊ လိုအပ်တဲ့အခေါ် အခဲကိုအရှိန်မရွေးလာပြောပါလို့ ပါပြော ထားတဲ့ဥစ္စာ"

"အခက်အခဲတွေက ပေါ်လို့ဆုံးတော့ဘူး၊ ပိုက်ဆံလည်း ယူရပေါင်းများပြီ၊ အလုပ်နဲ့သာ ဆပ်ရမယ်ဆိုရင် ဘယ်တော့မှ ကျေတော့မှာလည်း မဟုတ်ပါဘူး"

"ဟဲ့၊ သိန်းတိုးရဲ့၊ နင်က ဒါတို ဒီစကားမျိုး ပြောနေရသေးလား။ ငါက နင့်ကို အလုပ်ရှင်နဲ့ သူရင်းငှားပုံစံမျိုး ဆက်ဆံနေလို့လား၊ ပြောစမ်းပါဦး - ဟဲ့ကောင်ရဲ့"

စကားနာထိုးလိုက်ခြင်းနှင့်အတူ မစိန်သန်းက မျက်စောင်းတစ်ချက်ကိုပါ လှမ်းထိုးလိုက်သည်၊ သိန်းတိုးက မြူးယောင်ယောင် ဖြစ်သွားသည်၊ သို့သော် မစိန်သန်းက ကျောက်ပျဉ်ပေါ်သနပ်ခါး ကိုယူကာ သူ့ရင်အုံအပေါ်ပိုင်းအား ဖွတ်





www.burmeseclassic.com

www.burmeseclassic.com

ဈေးလိမ်းလူးလျက် ရှိသည်မို့ ကြည့်ရင်းနှင့်ရင်ဖိုလာကာ မျက်နှာကိုပင်ဘက်လွှဲနေလိုက်သည်။

"ကဲ၊ ပြော၊ အခု ဗိုက်ဆာ ဘယ်လောက်လိုသလဲ"

"ငါးသောင်းလောက်ဆို ရပါပြီ မိုးစိန်သန်း"

မစိန်သန်းက ထိုင်ရာမှ ထပြီး အတွင်းသို့ ဝင်သွားသည်။ မကြာမီပင် ပြန်ထွက်လာသည်။ လက်ထဲ၌ငွေစက္ကူများကို ဆုပ်လာသည်။

"ကဲ၊ ရော့။ နင့်အိမ်ကို သွားပြန်ပေးလိုက်။ ပြီးရင် ပြန်ခဲ့ဦး။ နွားတွေက လွှတ်ရန်ရောက်နေပြီ"

ပိုက်ဆံကို လှမ်းယူပြီး သိန်းတိုးနေရာမှ ထထွက်လာခဲ့သည်။ အပူတစ်ပူ ထောအေးချမ်းလေပြီဟုလည်း စိတ်ထဲတွင် ပေါ့ပါးသွားမိသည်။ မစိန်သန်းကိုလည်း ကျေးဇူးတင်လိုက်မိသည်။ ပြောရလျှင် မစိန်သန်းအပေါ်ကိုက သူ ကျေးဇူးတင်ရပေါင်း များလှပါပြီ။ အိမ်က အစက် အခဲမှန်သမျှအတွက် မစိန်သန်းကိုချည်း အားကိုးနေရသည်ပဲ၊ မစိန်သန်းက စုဆိုးမ၊ လင်သေသွားသည်မှာ ကြာလှပေပြီ။ အသက်အရွယ်ကတော့ သိန်းတိုးတို့အဒေါ်အငယ်အရွယ်နှင့်မတိမ်းမယိမ်းခန့် ရှိလိမ့်မည်။ သို့ကြောင့် သိန်းတိုးတာ မစိန်သန်းကို ရီးစိန်သန်းဟုပင် ခေါ်ခဲ့သည်။ ပြီး - မစိန်သန်းမှာက လက်ငုတ်လက်ရင်းတွေများလှသည်၊ ယာကောင်းမြေကောင်းတွေနှင့် နိုင်းနွားနိုင်းကျွဲတွေက မစိန်သန်း၌ များစွာပင်ရှိသည်၊ ငွေတိုးပေး၊ ရွှေပေါင်ခံအလုပ်မျိုးကိုလည်း မစိန်သန်းက လုပ်သေးသည်။ သိန်းတိုးက မစိန်သန်းအိမ်တွင်မနက်လာ၊ ညပြန် သူ ရင်းငှားအလုပ် လုပ်နေသည်မှာ အတော်ကြာခဲ့ပြီ၊ တစ်ပြန်တစ်လှည့်အားဖြင့် နှစ်စဉ် ပဲတွေ၊ နှမ်းတွေ အလျှံပယ်ရအောင် လုပ်ကိုင်ပေးနေသော သိန်းတိုးကို မစိန်သန်းကလည်း အထူးအားကိုးသည်။ ကျားကျားလျားလျားနှင့် အားကောင်းမောင်းသန် သိန်းတိုးကို မစိန်သန်းက လက်လွှတ်မခံနိုင်။

ထိုသို့ မစိန်သန်းက သိန်းတိုးကို လက်မလွှတ်နိုင်ရခြင်းမှာ အစကတော့ ရိုးရိုးသာဖြစ်သည်၊ နောက်ပိုင်းရောက်မှ ခပ်ဆန်းဆန်း ဖြစ်လာခြင်းဖြစ်သည်။ ထိုသို့မစိန်သန်း တဖြည်းဖြည်းဆန်းလာခြင်းကို သိန်းတိုးကလည်း ကောင်းကောင်းသိသည်၊ သိသည်နှင့်အမျှ ထိုမိန်းမကြီးကို ကြောက်မိခြင်းနှင့်အတူ သူ့မှာ ဟိုလိုရှောင်လိုက်၊ သည်လိုရှောင်လိုက်နှင့် တစ်ရှောင်တည်း ရှောင်နေရသည်၊ သို့သော်မစိန်သန်း၏ငွေထုပ်ကြီးကိုတော့ သိန်းတိုး မည်သို့မျှ မရှောင်နိုင်၊ တည့်တည့်သာ ဝင်တိုးနေရသည်။ ထိုသို့ ဝင်တိုးစေရန်လည်း သူ့အိမ်အခြေအနေတပင် အတင်းတွန်းပို့နေခြင်းဖြစ်သည်။

သိန်းတိုး မိုးမိုးခိုင်ကို သိပ်ချစ်သည်။ ချစ်သောကြောင့်လည်း နီးချင်သည်။ နီးရဖို့အရေးက အိမ်အခြေအနေပေါ်မှာ မူတည်သည်။ အိမ်အခြေအနေ မြန်မြန်ကောင်းမှဖြစ်မည်။ လက်ရှိအနေအထားက ကိုယ်ဖြစ်ချင်တာနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ သူရော မိုးမိုးခိုင်ပါ အိမ်ထောင့်တာဝန်တွေ ဖိစီးပြီး ကြာလေနစ်လေ၊ ရှုန်းလေမြုပ်လေ ဆိုသကဲ့သို့ ဖြစ်နေကြရသည်။ သို့နှင့်ပင် ချစ်သူနှင့် ပို၍ဝေးသွားမည့်အဖြစ်ကို စိုးထိတ်ပူပန်ရင်း သိန်းတိုး မကြာခဏဆိုသလို ချစ်အားငယ်နေမိရခြင်းလည်း ဖြစ်တော့သည်။

⅄ ⅄ ⅄

နောက်တစ်လခန့်အကြာ၊

ညခြမ်းတစ်ခု၏ မှောင်ရီပိုးတဝါး အချိန်လောက်တွင် သိန်းတိုးနှင့် မိုးမိုးခိုင်တို့က ရွာလယ်ဇရပ်အနီးတွင်မမျှော်လင့်ဘဲ ဆုံတွေ့မိလိုက်ကြသည်။ အမှန်တော့ သူတို့နှစ်ယောက်ကကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် အိမ်မှ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

တွေ့တွေ့ချင်းပင် သိန်းတိုးက စကားစလိုက်သည်။

"ဟင်၊ မိုးမိုးခိုင်။ နင် ဘယ်သွားမလို့လဲ။ မိုးချုပ်လှပြီ"

"ငါ အရှေ့ပိုင်းက ဒေါ်ငွေခင်တို့အိမ် သွားမလို့ဟ။ နင်ကရော ဘယ်သွားမလို့လဲ"

"ငါလဲ ဘကြီးဝိုင်းမောင်တို့ အရှေ့ဘက်ကို သွားမလို့ပဲ။ နင်က ဒေါ်ငွေခင်တို့အိမ်ကို ဘာကိစ္စလဲ"

"ငါလား - ဟို - အင်း - တခြားတော့ မဟုတ်ပါဘူးဟာ၊ အဖေ့တိစ္စအတွက် ငွေလိုလို့သွားရှာမလို့ပါ။ အဲဒီကိစ္စအရေးကြီးနေတာနဲ့ ငါ ဒီနေ့ မော်ရေးတောင် မလိုက်ဖြစ်ဘူး"

"အေးဟာ၊ ငါလဲမထူးပါဘူး။ ဘကြီးဝိုင်းမောင်တို့ဆီ ငွေလေးဘာလေး နည်းနည်းပါးပါး သွားချေးကြည့်မလားလို့။ အိမ်က ကျောင်းသားတွေက ငါ့ကို အပူထတ်တက်လာပြန်ပြီဟ၊ စိတ်ညစ်ပါတယ်ဟာ"

ထို့နောက်စကားပြတ်သွားသည်။

www.burmeseclassic.com

တစ်ယောက်ကိုတစ်ယောက် ဝေးကြည့်နေမိကြသည်။ နှစ်ယောက်စလုံး၏ကိုယ်လက်မျက်နှာ အမူအရာအားလုံးတို့ကမူ ရှုပ်လက်သွက်လက်ခြင်းမရှိသလို၊ ရွှင်ပျကြည်သာခြင်းလည်း မရှိကြပါပေ။ ရင်တွင်းမှ ပူပင်သောကများဖြင့်သာလျှင် ကိုယ်စီကိုယ်င လေးလံထိုင်းမှိုင်းနေမိကြသည်။ ထို့နောက်တွင် သူတို့က သမီးရည်းစားများ ဖြစ်ကြပါလျက် သမီးရည်းစားနှင့် ဝပ်ဆိုင်သော စကားတစ်လုံးတလေကိုမျှ မဆိုဖြစ်၊ မပြောဖြစ်ကြဘဲ အကြိမ်အလှန်နှုတ်ဆက်ကာခြောက်ကပ်ထစ်ခွဲခွာသွားလိုက်ကြလေသည်။

▲▲▲

နေ့လယ်ခင်းအားကြီးအချိန်ရောက်သည်နှင့်မိုးမိုးနိုင်က ဈေးတောင်းများနှင့်အတူ စုရပ်တွင် ဇင်မင်းမောင်၏ကားကို ထိုင်စောင့်နေလေသည်၊ စုရပ်တွင် အခြားဈေးသည်လေးငါးဦးခန့်ပါရောက်ရှိနေသည်၊ မကြာမီ ဟွန်းသံပေးကာ ဇင်မင်းမောင်၏ကားက ရောက်ရှိလာသည်။ ဈေးသည်များက မိမိတို့၏ခြင်းများ တောင်းများကို ကားပေါ်သို့ထိုးတင်ကြသည်။ ထို့နောက် အားလုံး ကားပေါ်ရောက်သည်နှင့် ကားက ဆက်လက်ထွက်ခွာခဲ့သည်။ အမှန်တော့ ဇင်မင်းမောင်၏ကားက ကန်တိုကြီးမှ စတင်ထွက်ခွာလာခြင်းဖြစ်သည်။ ဇင်မင်းမောင်က ကန်တိုကြီးသားဖြစ်သည်။ ကန်တိုကြီးနှင့် မိုးမိုးနိုင်တို့ရွာ ရွှေရှပ်က နှစ်မိုင်သာသာမျှ ဝေးသည်။ ဇင်မင်းမောင်က နံနက်တိုင်း ကန်တိုကြီးမှ ဈေးသည်များအပါအဝင် မိုးမိုးနိုင်တို့လို လမ်းမှတက်သော ဈေးသည်များကိုပါ စုပေါင်းတင်ဆောင်ပြီး မော်ဈေးသို့ သွားခြင်းဖြစ်သည်။

ကားထွက်ပြီးမကြာမီပင် ဇင်မင်းမောင်က သူ့ဘေးမှ မိုးမိုးနိုင်ကို စကားစလိုက်သည်။

"မနေ့ကနင်ဘာဖြစ်လို့ဈေးမလိုက်တာလဲ"

"မနေ့ကလား၊ အိမ်မှာ ကိစ္စလေးတစ်ခုပေါ်နေလို့ မလိုက်ဖြစ်တာ"

"ဘာကိစ္စလဲဟ၊ တော်တော်အရေးကြီးလို့လား"

ဇင်မင်းမောင်၏အမေးကို ပြန်ဖြေရန် ပြင်လိုက်ပြီးကာမှ တစ်စုံတစ်ခုကို သတိရလိုက်ပြီး မိုးမိုးနိုင် ပြန်နှုတ်ဆိတ်သွားသည်။ ဇင်မင်းမောင်ကိုအကြောင်းစုံဖွင့်ပြောရမည့်အရေး ဝန်လေးသွားမိသည်၊ တကယ်တော့ အိမ်မှာ ပေါ်နေသောကိစ္စက သူပြောလိုက်သလို ကိစ္စလေးမဟုတ်၊ ကိစ္စကြီးဖြစ်သည်။ အချုပ်ခံနေသော သူ့အဖေအတွက် ရှေ့နေခအပါအဝင်အခြားစရိတ်စကများအတွက် အရေးပေါ်ငွေလိုနေခြင်းဖြစ်သည်။ ဖခင်ဖြစ်သူ၏အမှုက အခြေအနေကောင်းသည့်ဘက်သို့ရောက်နေပြီဟု ရှေ့နေကပြောသည်။ သို့ကြောင့် ဤလို အပ်နေသောငွေကိုသည်ရက်ပိုင်းအတွင်း မဖြစ်မနေ ရှာပေးဖို့လိုသည်ဟုလည်း တစ်ပါတည်း မှာလိုက်သည်။ လိုသောငွေကလည်း (၅)သိန်းခန့်ဖြစ်သည်။

ထိုငွေရရှိရေးအတွက် မနေ့က ဈေးမလိုက်ဘဲ သူ တစ်နေကုန် လုံးပန်းနေခြင်းပင်ဖြစ်သည်။ သို့သော် နေသာကုန်သွားသည်၊ သူလိုချင်သောငွေကို မည်သည့်နေရာကမျှ ဆွဲ၍မရခဲ့။ ရွာအရှေ့ပိုင်းက ဒေါ်ဌေးခင်တို့အိမ်မှာ သူ နောက်ဆုံးသွားခဲ့သောအိမ်ပင်ဖြစ်သည်။ သူတို့ပိုင်သာရွှေးတစ်ကွက်ကို အပေါင်ထားပါရစေဟု ပြောသည်ကိုပင် ဒေါ်ဌေးခင်နှင့် အဆင်မပြေခဲ့၊ စုတလောငွေကပြတ်နေပြီ၊ တခြားမှာ လက်လွှန်နေလို့ဟုသာ ဒေါ်ဌေးခင်က ပြန်ညည်းပြခဲ့သည်။ အမှန်မှာ ဒေါ်ဌေးခင်က တမင်လက်မခံချင်သောကြောင့်သာ ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။ မိုးမိုးနိုင်အပေါင်ထားမည့် ယာကွက်က မြေအတန်ငယ်ညံ့သည်။ ဆိုရလျှင် (၅)သိန်းဆိုသောငွေနှင့် မည်သို့မျှမတန်။ ထိုမတန်သောမြေကိုပင် အပေါင်ခံထားလျှင် ဆင်းရဲသော မိုးမိုးနိုင်တို့က ပြန်မရွေးနိုင်ခဲ့လျှင် သေချာပေါက် အခက်တွေ့ရမည်။ သို့ကြောင့် ထိုမယုံကြည်မှုကြောင့်ပင်အပေါင်မခံလိုက်ခြင်းဖြစ်သည်။ မိုးမိုးနိုင် ဘာမှမတတ်နိုင်။ ခေါင်းငုံ့လက်လျှော့၍သာ အိမ်ပြန်လာခဲ့ရသည်။

ယခုသူ့အခက်အခဲကိုဇင်မင်းမောင်အား ပြောပြလိုက်ရမည်လားဟု စဉ်းစားမိသည်။ သို့သော် လက်တွေ့ထုတ်ပြောလိုက်ဖို့ကျတော့ သူ မဝံ့မရဲဖြစ်နေမိပြန်သည်။ တကယ်တော့ သူ့ငွေလိုသည့်အခါတိုင်း ဇင်မင်းမောင်ထံမှသာ ဆွဲလှဲပြီးယူသုံးနေကျဖြစ်သည်။ အကြိမ်ပေါင်းလည်း မရေတွက်နိုင်တော့ပြီ။ လောလောဆယ်ပင် ဇင်မင်းမောင်ကိုပြန်ဆပ်ရန် ကျန်သောငွေကို စုပေါင်းလိုက်မည်ဆိုပါက သိန်းဂဏန်းတော့ ကျော်မည်မှာမုချ။ ယခုမိမိအရေးပေါ်လိုအပ်နေသောငွေကို ဇင်မင်းမောင်ထံမှပင် အကူအညီတောင်းမည်ဆိုပါကလည်း ရနိုင်ချော





www.burmeseclassic.com

www.burmeseclassic.com

အလွန်ရှိသည်၊ ထိုသို့ ရနိုင်မှန်းလည်း မိုးမိုးခိုင်သိသည်။ သို့သော်…ထိုသို့သော် တအလွန်ပင်ခက်လှသည်။ ဇင်မင်းမောင်မှာ မိမိကို သဲကြီးမဲကြီးလိုက်နေသူ၊ မရအရဖွတ်လိုက်နေသူဖြစ်သည်။ မိမိတွင် ချစ်သူရှိသောအဖြစ်ကို သိနေပါလျက်နှင့် အခွင့်အရေးတွေ၊ မက်လုံးတွေ ဖုံးအောအောတော တရစပ် ဆွဲဆောင်နေသူ၊ သိမ်းသွင်းနေသူလည်းဖြစ်သည်၊ ဤကိစ္စတွင်မိမိက အပျိုဖြစ်သလို၊ သူကလည်း လူလွတ်တစ်ဦးပင်ဖြစ်ပေရာ သူ့အပေါ် အထူးတလည် အပြစ်ဆိုသင့်သည်တော့မဟုတ်။ မိမိကသာ တာဝန်သိသိ၊ သတိရှိရှိနှင့် ရှောင်ရှားနေဖို့၊ ရှောင်ရှားတတ်ဖို့ လိုသည်၊

ယခင်က ဇင်မင်းမောင်ထံမှ မကြာခဏ အကူအညီယူခဲ့ရသော်လည်း ထိုကိစ္စများက အသေးအဖွဲကလေးများသာဖြစ်သည်၊ ယခုကိစ္စလို ကြီးကြီးမားမား မဟုတ်။ ခုတစ်ကြိမ် ဇင်မင်းမောင်ထံမှ ငွေယူရဦးမည်ဆိုပါက ထိုငွေကများပြားလွန်းလှသည်။ ထိုသို့ငွေထုပ်ကြီးလှခြင်းတပင် ဇင်မင်းမောင်၏ ဆွဲအားကို ပို၍တောင်းသွားစေမည်မှာမုချ။ တစ်နည်းအားဖြင့် ကျယ်လည်းကျယ်၊ ကြီးလည်းကြီးသောညွှတ်ကွင်းအတွင်းသို့မရှောင်သာ သက်ဆင်းကျရောက်သွားနိုင်သော အနေအထားက ရှေ့တွင် စောင့်ကြိုလျက် ရှိသည်။ ထိုတွက်ဆချက်များကြောင့်လည်း မိုးမိုးခိုင်က ဝန်လေးတွန့်ဆုတ် ဖြစ်နေမိရခြင်းပင်၊

ကားက ခပ်မှန်မှန်ပင် ပြေးလွှားလျက်ရှိသည်။ မိုးမိုးခိုင်က ရှေ့ကိုသာ အငေးသား မျှော်ကြည့်နေမိသည်၊ ယနေ့ ကားခေါင်းထဲတွင် မိုးမိုးခိုင်မှလွဲ၍ အခြားသူမပါ။ ဇင်မင်းမောင်ကကားခကို ရှိုးရှိုးတန်း တစ်ထောင်၊ ကားခေါင်းတွင်းမှ နှစ်ထောင် သတ်မှတ်ထားသည်၊ သို့ကြောင့် ဈေးသည်များက အလွန်ကားကျပ်သောရက်များတွင်သာ ကားခေါင်းကို ဝင်လုလေ့ရှိကြသည်၊

ဇင်မင်းမောင်က မိုးမိုးခိုင်ကို အကဲခတ်လိုက်၊ ရှေ့ကိုကြည့်လိုက်နှင့်ကားကို မှန်မှန်မောင်းလျက်ရှိလေသည်၊

⅄ ⅄ ⅄

သိန်းတိုးက မားစက်ကို မှန်မှန်နင်းကာ ပြောင်းရိုးစင်းလျက် ရှိလေသည်။ ပြောင်းရိုး ပါးပါးနုပ်နုပ်ကလေးများက မားစက် အောက်မှ သည် အောက်ခံတောင်းအတွင်းသို့ လျှောခနဲ၊ လျှောခနဲ ကျဆင်းလျက်ရှိသည်။ မကြာမီ အလှူမှပြန်လာသော မစိန်သန်း အိမ်ထဲလှမ်းဝင်သွားသည်ကို သိန်းတိုး လှမ်းမြင်လိုက်သည်၊ သူက မားစက်ကို မျက်ခြေပြတ်ခံ့ဝံ့ဘဲ အာရုံစိုက်ပြီး ဆက်နင်းနေလိုက်သည်၊ တအောင့်အကြာတွင် အိမ်တွင်းမှ မစိန်သန်းအသံက အပြင်သို့ ပျံ့လွင့်လာသည်၊

"သိန်းတိုးရေ - ဒီခဏ လာပါဦးတော့"

"ဟုတ်ကဲ့၊ ရီးစိန်သန်း၊ ခဏလေး"

သိန်းတိုးကပြန်ထူးသည်၊ ထို့နောက် လက်ထဲတွင် ဆုပ်ထားသောပြောင်းရိုးကို မားစက်အောက်သို့ ဆုံးအောင် ထိုးသွင်းလိုက်သည်၊ ပြီးတော့မှ မောင်းတံပေါ်မှ ခြေထောက်ကိုချကာ မစိန်သန်းဆီသို့ လျှောက်သွားလိုက်သည်၊ မစိန်သန်းရှေ့ရောက်သည်ဆိုလျှင်ပင် မစိန်သန်းက စကားစသည်၊

"ဟဲ့ - သိန်းတိုး၊ နင့်ညီက နင့်ကို စက်ဘီးပူဆာနေလို့ဆို"

"ဟင် - ရီးစိန်သန်းက ဘယ်လိုလုပ်သိသလဲ"

"အမယ် - ငါအကုန်သိပြီးပါပြီနော်၊ ငါ အလှူသွားရင်း မနက်ကပဲ နင့်ညီနဲ့ လမ်းမှာတွေ့တာ၊ ဘာတဲ့၊ သူက ကျူရှင်တက်ရမယ့် ဆရာမအိမ်က အဝေးကြီး စက်ဘီးဝယ်ခိုင်းတာဆို၊ ဟုတ်လား"

"အင်း၊ ဟုတ်ပါတယ်၊ ဒီကောင်က ကျပ်နိုးက ဆရာမ ဒေါ်သင်းသင်းဦးဆီမှာ ကျူရှင်တက်နေတာဗျ၊ ရီးစိန်သန်းရေ။ ခု သူ့ဆရာမက ကျပ်နိုးကနေ လက်ဝဲတိုကို ပြောင်းသွားပြီ၊ အဲဒါ လက်ဝဲတ ဒီကနေဆို လေးမိုင်လောက်ဝေးတော့ ဘယ်လိုမှ ခြေကျင်သွားလို့မဖြစ်နိုင်ဘူး၊ အဲဒါနဲ့ ဒီကောင်က ကျွန်တော့်ကိုစက်ဘီးပူဆာတော့တာပဲ"

ပြောပြီး သိန်းတိုးက အပြင်ဘက်သို့ လှမ်းကြည့်ကာ ငိုင်တွေနေသည်၊ ညီဖြစ်သူ ပူဆာသော စက်ဘီးဖိုးက သေးသေးမဟုတ်၊ အကောင်းစားဆိုပါက သိန်းကျော်ခန့်ရှိသည်၊ သူ မစိန်သန်းဆီ ခဏခဏ ငွေယူနေရသည်ကို မျက်နှာပူလှပြီ၊ အားလည်း နာလှပြီ၊ သို့နှင့် မနေ့ညနေပိုင်းကတော့ ဘကြီးပိုင်းမောင်ဆီသွားကာ ငွေခဏသွားလှည့်မိသည်၊ သို့သော် သူ အဆင်မပြေခဲ့ပါ၊ ငွေမရခဲ့ပါ၊ သည်မနက်တွင် ညီတော်မောင်လုပ်သူက စက်ဘီးကိစ္စကိုပင် တကျီကျီ ထပ်ပူဆာနေပြန်သည်မို့ သူ စိတ်ညစ်ခဲ့ရသေးသည်၊ ယခု သည်ကောင်ကို မစိန်သန်း

www.burmeseclassic.com

နှင့် လမ်းမှာအတွေ့ သည်ကိစ္စကိုပင် မိတ္ထူစေဖြစ်အောင် ပေးလိုက်ဟန်တူလေသည်။

"ဒါဖြင့် အဲဒီကိစ္စကို နင် ဘယ်လိုလုပ်မလဲ"

"ဘယ်လို လုပ်ရမလဲ။ တတ်မှ မထောက်နိုင်ထား၊ ဝယ်မပေးဘဲ နေလိုက်ရုံပေါ့"

"ဟဲ့၊ အဲဒီလိုတော့ မလုပ်ပါနဲ့ဟဲ့၊ ငါ့ဆီက ယူပြီး ဝယ်ပေးလိုက်ပါ၊ နင်ကလဲ"

"တော်ပြီဗျာ၊ တော်ပြီ၊ မယူဘူး၊ ခြိမ်းချောက်ချင်ရာ ဖြစ်စေတော့"

"အမယ်၊ သူတာဝဲ မာနိုင်ရသေးတယ်လို့၊ နင်မယူချင်နေပေါ့၊ ငါက သာ တောင်နေနိုင်သေးတယ်"

မစိန်သန်းက မျက်စောင်းထိုး၍ အပြော၊ သိန်းတိုးက စိတ်တွေတွေနှင့် ထိုင်ရာမှ ထထွက်လာခဲ့သည်။ မားစက်နားအရောက်တွင် "ငါ မနေ့ညနေက မိုးမိလာလို့သိပ်နေမကောင်းချင်ဘူး၊ ခဏ ခွေးထုတ်လိုက်ဦးမယ်၊ မိုးရွာလာရင် လှမ်းထားတဲ့ချင်းတက်တွေ ရုတ်ဖို့ မေ့နေဦးမယ်နော် – သိန်းတိုး၊ မိုးက ညို့နေတာ" ဟုမစိန်သန်း၏လှမ်းအော်ပြောသံကို သူ ကြားရသည်။ တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ မားစက်ကိုသာ ဆက်နင်းနေလိုက်သည်။

အလုပ်ပြန်ဝင်၍ (၁၅)မိနစ်မျှ မကြာသေး၊ မိခင်ဖြစ်သူက ခြံဝင်းထဲဝင်လာသည်ကို သိန်းတိုးလှမ်းတွေ့လိုက်ရသည်။ မိခင်ဖြစ်သူကသူ့ဆီသို့တန်းတန်းမတ်မတ် လျှောက်လာသည်၊ အနီးရောက်သည်နှင့် ချက်ချင်းပင် စကားဆိုလိုက်သည်၊

"ဟဲ့၊ မောင်သိန်းတိုး၊ ငါ ပြောစရာရှိလို့ နင့်နောက်ကို လိုက်လာတာဟဲ့"

"ဘာကိစ္စလဲ – အမေ၊ အမေ ဘာပြောချင်လို့လဲ"

"တခြားမဟုတ်ပါဘူး၊ နင့်ညီအတွက် ဘယ်ကမှ ငွေရှာလို့မရရင် အိမ်က ကျွန်းခုတင်ကြီး ထုတ်ရောင်းလိုက်ရမလားလို့ပါ၊ အခု ဝယ်ချင်တဲ့သူက အိမ်မှာ ထပ်ရောက်နေပြန်ပြီ"

"ဟာ၊ အဲဒါတော့ မလုပ်ပါနဲ့၊ အမေ မရောင်းပါနဲ့ဗျာ၊ ကျွန်တော် ဒီပြင့်နေရာက ရှာကြည့်ပါဦးမယ်"

သိန်းတိုးက ချက်ချင်းပင် ကန့်ကွက်စကား ဆိုလိုက်သည်၊ မိခင်ဖြစ်သူ၏ အသံတိုတ်ကာ ခပ်ငေးငေးဖြစ်သွားသည်၊ အိမ်မှာရှိသော ကျွန်းခုတင်မှာ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သည်။ လက်ရာကပင် ရှေးလက်ရာမျိုးဖြစ်သည်၊ ထိုပစ္စည်းကို လိုချင်သူများက ဈေးကောင်းပေးကာ လာလာဝယ်နေကြသည်၊ ပြီး ... ထိုပစ္စည်းက မိဘများ အိမ်ထောင်ဦးကတည်းက ပစ္စည်းဖြစ်သည်၊ အမှတ်တရပစ္စည်းဖြစ်သည်၊ သို့ကြောင့် မိမိတို့အိမ်၏ တစ်ခုတည်းသောဂုဏ်ဆောင်ပစ္စည်းကို သိန်းတိုး မည်သည့်နည်းနှင့်မျှ မရောင်းချလို၊

"အေးပါလေ၊ ဒါဖြင့်လည်း အမေ ပြန်တော့မယ်၊ အိမ်မှာလည်းဝယ်ချင်တဲ့သူက အဆင်သင့် ရောက်နေတာမို့ ပြီးသားကို အမေက လာပြောတာပါ"

ထိုသို့ပြောပြီး မိခင်ဖြစ်သူက ပြန်ထည်ထွက်ခွာသွားသည်၊ သူက မားစက်ကို ဆက်နင်းနေရာ မကြာမီ ပြောင်းရိုးအားလုံး စင်းပြီးသွားသည်၊ ထိုခဏ၌ မိုးအုံ့ဆိုင်းလာသည်၊ မိုးဖွဲကလေးများပါ ကျစပြုလာသည်၊ သူ ကပျာကယာ အပြင်ထွက်၍ ချင်းတက်ဖျာကို အစနှစ်ဘက်မှကိုင်ကာ အတွင်းသို့သိမ်းယူလိုက်သည်၊ ထို့နောက် သူ အိမ်တွင်းသို့ဝင်ကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်၊ ရေနွေးသောက်ရင်းပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်၊ မတတ်နိုင်၍ လိုနေသောငွေကို ဆုံးစံအတိုင်း မစိန်သန်းထံမှသာ ယူရတော့မည်ဟူ၍ တစ်ပါး အခြားလမ်းမရှိ၊ ညီတော်မောင်၏ ပညာရေးက အရေးကြီးသည့်ကာလအတွင်းသို့ရောက်ရှိနေသည်၊ ထို့မှတစ်ပါး အခြားလမ်းမရှိ၊ ညီတော်မောင်၏ ပညာရေးက အရေးကြီးသည့်ကာလ အတွင်းသို့ ရောက်ရှိနေသည်၊ ထို အတောအတွင်း ညီတော်မောင်အား အစစ အရာရာ ချောမောစေလိုသည်၊ ဖြောင့်ဖြူးစေလိုသည်၊

သို့နှင့်ပင် သိန်းတိုးက မစိန်သန်း၏ အခန်းဝ၌သွားရပ်ကာ ချောင်းတစ်ချက်ဟန့်ပြီး အသံပြုလိုက်မိသည်၊

"ရီးစိန်သန်း – ရီးစိန်သန်း"

အတွင်းမှ တုံ့ပြန်သံ မကြားရ၊ သိန်းတိုးက ပြန်ခေါ်သည်၊

"ရီးစိန်သန်း၊ ဗျို့ – ရီးစိန်သန်း"

"ဘာတုံးဟဲ့၊ ဒီလောက်တောင်ခေါ်နေတာ၊ ဒီမှာ အိပ်မလို့လုပ်နေတဲ့ဥစ္စာ အင်း – ကျွတ် – ကျွတ် – တစ်ကိုယ်လုံးတောင် လည်း ကိုက်ခဲနေလိုက်တာ"

"ကျွန်တော် အိမ်ခဏပြန်ဦးမယ်ဗျ၊ ဟို – ဟိုဒင်း – စက်ဘီးဖိုးက ရီးစိန်သန်း ထုတ်ပေးမှာလား၊ ပေးမယ်ဆို ကျွန်တော် တစ်ခါတည်း ယူသွားချင်လို့"





www.burmeseclassic.com

www.burmeseclassic.com

သိန်းတိုးစကားကြောင့် မစိန်သန်း တအိမ်ရာထဲမှနေ၍သရော်ပြုံးပြုံးလိုက်သည်၊ ပြီး–ညည်းသံတစ်ဝက်နှင့်ပင် ပြန်ပြောလိုက်သည်၊

"အမျိုးမျိုးပဲ၊ ယူမှာဖြင့် လာယူ၊ ရော့–သော့၊ သေတ္တာထဲမှာ ကိုယ့်ဘာသာ ဖွင့်ယူ၊ ငါ မထချင်ဘူး၊ အမလေး– ကျွတ်–ကျွတ်"

မစိန်သန်းတသော့ကိုခြေရင်းဘက်သို့လှမ်းပစ်ချပေးလိုက်သည်၊ သိန်းတိုး တခေါ်းစောင်းကာအတွင်းသို့တစ်ချက် ထဲကြည့်လိုက်မိသည်၊ ထိုအခါသော့နှင့်အတူ သော့အနီးမှ မြင့်မားလှသော မစိန်သန်း၏ တင်ပါးကြီးများကိုပါ မှုးတွဲ ပြီး မြင်လိုက်ရသည်၊ ရင်ထဲတွင် ယား သွားသည်၊ သွေးတိုးနှုန်းကပါ ဒိန်းခနဲ ဆောင့်တက်သွားသည်၊ သူ မဝံ့ မရဲဖြင့် အပေါ်သို့ လှမ်းတက်လိုက်သည်၊ သော့ကိုပါ အသာကောက်ယူလိုက်သည်၊ ပြီးလျှင် နံရံဘေးမှ သံသေတ္တာကြီးကို သော့ဖြင့် ဖွင့်လိုက်သည်၊

"သေတ္တာဘယ်ဘက်ထောင့်မှာ ပိုက်ဆံအိတ် တွေ့တယ်မဟုတ်လား၊ အဲဒီမှာ တစ်ထောင်တန် နှစ်အုပ် တွေ့ လိမ့်မယ်၊ နင်လိုသလောက်ယူသွား"

"ဟုတ် – ဟုတ်ကဲ့ – ရီးစိန်သန်း"

❝စောင်ကို တင်းတင်းခြုံထားရင် သူ အိပ်ပျော်တော့မလို ဖြစ်နေချိန်တွင် သူ့ကိုယ်ပေါ်မှ ရုတ်တရက်ဖြစ်ပေါ်လာသော အထိအတွေ့တစ်ခုကြောင့် သူ လန့်သွားသည်။ စောင်ကို ဖယ်၍ မျက်လုံးကိုဖွင့်ကာ သူ့ကိုယ်ပေါ်သို့ ငုံ့ကြည့်လိုက်မိသည်။ ဤတွင် သူ ထိတ်လန့်သွားရတော့သည်။ အကြောင်းမှာ စောစောကမှ ကားခေါင်းထဲ ဝင်လာသော ဇင်မင်းမောင်က သူ့လက် တစ်ဖက်ကို မိမိကိုယ်ပေါ်မှာ မိမိရရကြီး တင်ထားလို့ပါကလား။



မစိန်သန်းပြောသည့် အတိုင်း ပိုက်ဆံအိတ်အတွင်း၌တစ်ထောင်တန် နှစ်အုပ်ကို တွေ့ရသည်၊ သူ တစ်အုပ်ယူ လိုက်သည်၊ ထို့နောက် ပိုက်ဆံအိတ်ကို နေရာတွင်ပြန်ထားလိုက်သည်၊ သေတ္တာ အဖုံးကိုချကာ သော့ကိုပါပြန်ပိတ်လိုက် သည်၊ ထိုအချိန်တွင် ညည်းသံတစ်ဝက် နှင့် ပြောလာသော မစိန်သန်းအသံက စောင်ခြုံထဲမှ ထွက်ပေါ်လာသည်၊

"အမလေး – ကျွတ် – ကျွတ် – ကိုက် လိုက်တာ၊ ဟဲ့၊ သိန်းတိုး – ငါ့ကိုတစ်ချက် နှစ်ချက်လောက် တက်နင်းပေးစမ်းပါ အုံး"

ထိုစကားကြောင့် သိန်းတိုး တုန်ခနဲ ဖြစ်သွားသည်၊ သူ လှည့်ကြည့်လိုက် တော့ သူ့ကို ကျောပေးထားသော မစိန် သန်းကိုယ်ကာယကြီးက သူ့အနီးမှာပင် ရှိနေသည်၊ သူ့ရင်ခုန်နှုန်းက မြင်းပြေး သကဲ့သို့မြန်စပြုလေပြီ၊ အသက်ရှူနှုန်း ကပါ ဖားဖိုကဲ့သို့ ဖြစ်စပြုပြီ၊ သည်တစ် ကြိမ် အိုး ဩစရာကောင်းလှသည်မှာ မစိန်သန်း၏ခိုင်းစေချက်ကိုသူမလိုလား စိတ်ဖြစ်ပေါ်လာခြင်းမရှိသလို၊ငြင်းပယ် ရှောင်ကွင်းလိုစိတ်လည်း သူ့တွင်မဖြစ် ခဲ့တော့၊

သူ ကတုန်တယင်နှင့်ဝင် ထိုင်ရာမှ ထလိုက်သည်၊ ထို့နောက်တဆတ်ဆတ် တုန်နေသောခြေတစ်ဖက်ကိုမစိန်သန်း ကိုယ်ပေါ်သို့ လှမ်းတင်လိုက်သည်၊ ဖြစ် ချင်တော့ ထိုအချိန်မှာပင် မစိန်သန်းတ သူ့ကိုယ်လုံးကို နေရာအရွှေ့ သိန်းတိုး ကလည်း ခြေထောက်ကိုအလှမ်း၊ နှစ် ယောက်သား ချိန်သားမကိုက်ဖြစ်သွား ရာမှ သိန်းတိုး ချော်လဲသွားတော့သည်၊ ထိုခဏတွင် ဝုန်းခနဲပြုတ်ကျလာသော သိန်းတိုးမှာ ဂွမ်းပုံကြီးပေါ် ကျရောက် သွားသည့်အလား အိစက်သော မစိန် သန်းကိုယ်လုံးကြီးနှင့် မိမိရရကြီး ဝဝေ ဆက်သွားတော့သည်၊

ထိုအချိန်တွင်မိုးက တဖွဲဖွဲရွာနေရာ မှ သဲသဲမဲမဲ ရွာချလိုက်သည်၊ မိုးသဲလာ ခြင်းနှင့်အတူ ဝန်းကျင်တစ်ခုလုံး မှုတ် ခြည်းပင် မည်းမှောင်သွားတော့သည်၊

⅄ ⅄ ⅄

မိုးက သဲသည်ထက် သဲလာသည်၊ မိုးနှင့်အတူ လေကပါ လိုက်ပါလာသည် မိုးမိုးပေါက်တွေက ရှေ့ဘက်ကရော၊ ဘေး ဘက်ကပါ တဖျန်းဖျန်း ပက်ဝင်ရိုက်ခတ် နေတော့သည်၊ မိုးမိုးနိုင်က သူ့ဘေးမှ

www.burmeseclassic.com

တားမှန်တို့ အပေါ်သို့ လှည့်ဝင်ပြီး ပိတ်လိုက်သည်။ သည်တော့မှ မိုးပေါက်ရန်မှ အေးတာ လုံလုံခြုံခြုံဖြစ်သွားသည်။

တားက လမ်းဘေးတစ်နေရာတွင် ထိုးရပ်ထားခြင်းဖြစ်သည်၊ မော်စျေးမှ အပြန် လမ်းခုလတ်၌ ကားဘီးပေါက်သွားသဖြင့် ထိုကဲ့သို့ ထိုးရပ်ထားခြင်းဖြစ်သည်။ အရေးထဲ ကားဘီးက အပိုပါမလာခဲ့၍ ကားဘီးလှရန်အတွက် စပယ်ယာက တစ်ကိုမြို့သို့ပြန်သွားသည်။ စပယ်ယာ ပြန်လာသည်အထိ သည်နေရာမှာပင် သူတို့ စောင့်နေကြရခြင်း ရှိသည်။ မိုးမိုးနိုင်က စောင်ပါးလေးတစ်ထည်ကိုထုတ်ကာ အပေါ်မှခြုံ၍ အသာမှိန်းနေလိုက်သည်။ ကားနောက်ပိုင်းမှ ခရီးသည်များသည်လည်း တစ်ဦးနှင့်တစ်ဦး ပူးကပ်ကာ မိုးအေးအေးနှင့် ဝေ့နေကြလေပြီ။

တအောင့်ကြာသော် ကားတံခါးဖွင့်သံ ကြားရသည်။ မိုးမိုးနိုင်က မျက်လုံးဖွင့်ကြည့်လိုက်ရာ ဇင်မင်းမောင် ထီးကို ပိတ်၍ကားခေါင်းထဲဝင်လာတာကိုတွေ့ရသည်။ စောစောက ခပ်လှမ်းလှမ်းရှိ လက်ဖက်ရည်ဆိုင်တွင် သွားထိုင်နေဟန်တူသည်။ မိုးမိုးနိုင်က ဇင်မင်းမောင်ကို ဘာမှလည်းမမေး၊ ဘာမှလည်း မပြောတော့ဘဲ မျက်စိကိုသာ ပြန်မှိတ်ထားလိုက်သည်။ ပြောရလျှင် သူမသည်သူ့ကိုမျှ စကားမပြောချင်၊ ပြောလိုစိတ်လည်းမရှိ၊ သူစိတ်ညစ်နေသည်။ အလွန်အလွန်ကို စိတ်ညစ်နေသည်။ ဖခင်ဖြစ်သူအတွက် ငွေပေးနိုင်ပါမည့် အရေး ကမ်းကုန် လမ်းကုန်အောင် သူ ကြိုးစားခဲ့သမျှ တစ်ခုမှ အဆင်မပြေ၊ တစ်ခုမှ မအောင်မြင်၊ မော်စျေးကွဲပြီးနောက် သူ့ဦးလေး ကိုမြလှိုင်ထံ သူ ရောက်သွားသေးသည်။ ကိုမြလှိုင်က မော်ထဲတွင် ရေနံတူးနေသူဖြစ်သည်။ အဖေ့ကိစ္စအတွက် အကူအညီရလိုရငြား ကိုမြလှိုင်ကို ပြောကြည့်သေးသည်၊ မထူးပါ။ ဘာမှမရခဲ့ပါ။ သို့နှင့် ကိုမြလှိုင်၏ ရေနံကျင်းမှ ပြန်လာပြီးကတည်းက သူ စိတ်ညစ်နေခြင်းပင်ဖြစ်သည်။

ခုတော့ သူ လူလည်း ပန်းပြီ၊ စိတ်လည်းပန်းပြီ။ တစ်ကိုယ်လုံး အားလျော့နုန်းချည့်၍လည်း နေမိသည်၊ သူက သည်အကြောင်း၊ သည်ကိစ္စနှင့်ပတ်သက်ပြီး ဘာမှမတွေးချင်၊ မတွေ့ချင်တော့သလိုဖြစ်နိုင်က ခေါင်းထဲမှပါအပြီး ခါထုတ်ပစ်လိုက်ချင်မိသည်။ သို့နှင့်ပင် မိမိစိတ်ကို အတတ်နိုင်ဆုံး မေ့ပျောက်နိုင်အောင် ကြိုးစားကာ စောင်ခြုံပြီး မှိန်းနေလိုက်မိခြင်းဖြစ်သည်။



သို့သော် စောင်ကို တင်းတင်းခြုံထားရင်း သူ အိပ်ပျော်တော့မလိုဖြစ်နေချိန်တွင် သူ့ကိုယ်ပေါ်မှ ရုတ်တရက်ဖြစ်ပေါ်လာသော အထိအတွေ့တစ်ခုကြောင့် လန့်သွားသည်။ စောင်ကိုဖယ်၍ မျက်လုံးကိုဖွင့်ကာ သူ့ကိုယ်ပေါ်သို့ ငုံ့ကြည့်လိုက်မိသည်။ ဤတွင် သူ ထိတ်လန့်သွားတော့သည်။ အကြောင်းမှာ စောစောက ကားခေါင်းထဲ ဝင်လာသော ဇင်မင်းမောင်က သူ့လက်တစ်ဖက်ကို မိမိကိုယ်ပေါ်မှာ မိမိရရကြီး တင်ထားလို့ပါကလား။

"ဟင်၊ ကိုဇင်မင်းမောင်၊ ဒါဘာလုပ်တာလဲ"

သူ ဗလုံးဗထွေး ပြောလိုက်သည်။ သို့သော် ဇင်မင်းမောင်က တုတ်တုတ်မျှ မလှုပ်၊ လက်ကို လည်း ပြန်မရုတ်၊ မိုးမိုးနိုင်က ဒေါက်ဆတ်ဆတ်ပြောလိုက်ရသည်။

"ဒါဘာလုပ်တာလဲလို့ ကျွန်မ ပြောနေတယ်နော်၊ ကျွန်မကို ဒါမျိုးမလုပ်နဲ့၊ ကျွန်မ မကြိုက်ဘူး"

"နင့်ကို ငါဘာလုပ်လို့လဲ၊ နင်လိုချင်တာ ပေးနေတဲ့ဥစ္စာ၊ ငါ့လက်ထဲကို သေသေချာချာ ကြည့်လိုက်ပါဦး"

လူကိုမကြည့်ဘဲ ဇင်မင်းမောင်က အေးတိအေးစက်ပြောသည်။ သည်တော့မှ ဇင်မင်းမောင်လက်ထဲကို သေသေချာချာ ကြည့်မိတော့သည်။ ဟုတ်သားပါလား။ ဇင်မင်းမောင်လက်ထဲမှာက ငွေစက္ကူအုပ်တွေ၊

"နင် ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ ငါအကုန်သိပြီးပြီ မိုးမိုးနိုင်၊ နင့်အဖေအတွက် နင် ခေါင်းတော်အောင် ငွေလိုက်ရှာနေတာရော၊ နင့်ဦးလေး ကိုမြလှိုင်ဆီကို နင် နောက်ဆုံး သွားခဲ့တာကိုရော ငါ သိပြီးပြီ။ တိုတိုပဲ ပြောမယ်ဟာ၊ ခုငါ့လက်ထဲမှာနင်လိုချင်တဲ့ ငွေ(၅)သိန်းရှိတယ်၊ နင် ယူချင်သပဆိုရင် ယူလိုက်၊ မယူချင်ဘူးဆိုရင်လဲ ငါ ပြန်သိမ်းလိုက်မယ်၊ ကဲ - ယူမလား၊ မယူဘူးလားပြော"

ဇင်မင်းမောင် စကားဆုံးသည်နှင့် မိုးမိုးနိုင်က ဝင်းပသောမျက်နှာဖြင့် ငွေစက္ကူအုပ်များကို ငုံ့ကြည့်နေမိသည်။ စောစောက လူတစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနေသမျှ ရုတ်ခြည်းပင် ကြတ်ပျောက်ငှက်ပျောက်ဖြစ်သွားတာ ဝမ်းသာစိတ်နှင့်အတူ ရင်ထဲမှပါ တဒိတ်ဒိတ်လှုပ်ဖြစ်နေမိသည်၊ ထို့နောက်တွင် တုန်ရီ

www.burmeseclassic.com

သောအသံဖြင့် "ယူ – ယူမှာပေါ့၊ ကိုဇင်မင်းမောင်ရယ်"ဟု သွက်လက်စွာ ပြန်ပြောမိလျက်သား ဖြစ်သွားတော့သည်။

သည့်နောက်တွင် မိုးမိုးခိုင်က ဇင်မင်းမောင်ပေးသောငွေကို ယူပြီး သော်လည်းသူ့တိုယ်ပေါ်မှဇင်မင်းမောင်၏လက်တို့မှုပြန်ဖယ်ရကောင်းမှန်း မသိတော့ခြင်းသည်လည်းကောင်း၊ ဇင်မင်းမောင်တလည်း ထိုပုံစံအတိုင်း သူ့လက်ကိုဆက်၍သာတင်ထားတော့ခြင်းသည်လည်းကောင်း ထိုခဏ၏ ထူးခြားချက်များပင် ဖြစ်လေတော့သည်။

▲ ▲ ▲

မိုးလည်းကုန်၊ ဝါလည်း ကျွတ်လေပြီ၊ ဝါကျွတ်ကျွတ်ချင်းပင် ရွှေရုပ်တော ရွာအတွင်း၌ မင်္ဂလာဆောင်များက ဖေါ် ပေါက်လာသည်။ ရှေးဦးစွာ ပေါ်ပေါက်လာသော မင်္ဂလာဆောင်များအနက် သိန်းတိုးနှင့် မစိန်သန်းတို့၏ မင်္ဂလာဆောင်နှင့် ဇင်မင်းမောင်နှင့် မိုးမိုးခိုင်တို့၏မင်္ဂလာဆောင်တို့က ထိပ်ဆုံးမှနေရာယူလျက် ရှိသည့်အဖြစ်ကိုမူ အထူးဖော်ပြစရာ မလိုပါတည်း။ ■

⇨ ရဲမြတ်တင်

## ဆံပင်နက်စေသော

- ဆူးသန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှ ယူ၍ မီးရှို့ပြာချ၊ ထိုပြာကို အုန်းဆီနှင့် ရော၍လိမ်းပါ။ ဆံပင်များ နူးညံ့ပျော့ပျောင်း၍ ဆံပင်နက်မှောင်ကာ ဆံဝင်သန်သည်။
- ဆံပင်ဖြူလျှင် ကြိတ်မှန်ရွက်၊ နမ်းနက် ဆတူ အမှုန့်ပြု၊ တစ်လပြည့်အောင်စား၍ နွားနို့ကိုမှီဝဲလျှင် ဆံကေသာ နက်မှောင်၍ အင်အားပြည့်ဖြိုးလာမည်။





ဒေါင်းပစ်သောမုဆိုးအချို့
ဒေါင်းသာမက အခြားတိရစ္ဆာန်များကိုပါ ပစ်ခတ်ပုံကို ရင်ခုန်စွာ ဖတ်ရှုရမည့် ..



"ဒိုးဇ၀"

တောင်ညိုအနောက် ဆင်တောင် ကြေမျှောင်ရိုးချောင်မှဒေါင်းဖိုဒေါင်းမတို့၏အိပ်တန်းဆင်းအော်သံ၊ မြူးသံ ကြား လိုက်ရ၏။

"မုဆိုးတောင်း ဒေါင်းချောင်း" ဟု ဆိုသည့်အတိုင်း မုဆိုးတောင်းများအဖို့ ဒေါင်းရဖို့အတွက် လေအောက်ကိုက် တစ်ရာငါးဆယ်မှအသံလုံလုံကြား၍ချောင်း ရ၏။

ဒေါင်းတို့ညည်သည် အာရုံငါးပါး အနံ့ခံကောင်း၏။ ပါးနပ်လှ၏။ အရှင် ဖမ်းယူနိုင်ရေးအတွက် မလွယ်ကူပါ၊ ဒေါင်းဖိုတို့အား ဒေါင်းမဖြင့် "တည်" ကာ ဖမ်းယူသောဓလေ့သည် နှစ်ပေါင်းများ စွာကပင် မုဆိုးများ ကျင့်သုံးခဲ့ကြ၏။

ဗုဒ္ဓဘုရားအလောင်းသည်ပင် ဘ၀ များစွာ ကျင်လည်ခဲ့ရသဖြင့် ဒေါင်းဘ၀ ရောက်ခဲ့ရ၏။ ဘုရားလောင်း ဒေါင်းမင်း သည် ဒေါင်းဘ၀မျိုး၌ ဖြစ်လင့်ကစား ဒေါင်းမင်းဖြစ်ကာ အလွန်သတိကောင်း သည်။

နံနက် နေထွက်၍ အိပ်တန်းဆင်း ပြီး ဆိုပါက ဂါထာကို ရွတ်ဆိုပြီးမှ အိပ် တန်းဆင်းလေ့ရှိ၏။

ဤသို့ပင်အိပ်တန်းတက်သောအခါ တွင်လည်း ဂါထာကိုရွတ်ဆိုပြီးမှအိပ်တန်း တက်လေ့ရှိသဖြင့် ရန်သူမျိုးအပေါင်းမှ ဘေးကွာရှင်လန်းခြင်း ဖြစ်ရ၏။

သို့သော်ဤမျှသတိထားကာဘုရား အလောင်း ဒေါင်းမင်းဖြစ်စေကာမူ မုဆိုး ၏ဒေါင်းမနှင့်မြူ၍ဖမ်းသော် ရွတ်ဆိုနေ ကျဂါထာတော်ကို မေ့ကာ သတိလစ်ပြီး မုဆိုး၏ ညွှတ်ကွင်းတွင် အဖမ်းခံရ ကြောင်း ငါးရာငါးဆယ်ဇာတ်တော်တွင် ဘုရားရှင် ဟောတော်မူခဲ့ပေ၏။

ယခု ကျွန်ုပ်နှင့် မုဆိုးကြီး ဦးဖဝေး နှာနေမုဆိုးကိုတင်တို့သည်တောင်ညိုမှ နေ၍ မျှောင်ရိုးချောင်ဆီသို့ ခြေလှမ်း များ မှောင်ကြောလမ်းအတိုင်း သွက် သွက်လှမ်းနေကြ၏။

မျှောင်ရိုးချောင်တွင် ဒေါင်းများရှိ သည်မှာ မဆန်းပါ။ ထိုချောင်တွင် စမ်း ချောက်များရှိပြီး ကန်စွန်းနှင့် တောငှက် ပျော အလေ့ကျ စပါးတောကွက်နှင့် ကတွတ်ပင်၊ သမြေပြင် စသည့် စားပင် များ ရှိပါသည်။

တောအမဲ ကလေးများထဲ တွင် တောဝက်နှင့်ချေ၊ ဒရယ်၊ ဆတ်များတွေ့ ရတတ်ပြီး တောဝက်များသည် ကတွတ် သီး၊ ကတွတ်ဥများကို အလွန်ကြိုက် သဖြင့် ထိုစားပင်များအောက်တွင် အမြဲ တွေ့ရတတ်ပါလေသည်။

ကျွန်ုပ်တို့လိုချင်သည်မှာဒေါင်းတစ် ကောင် အရှင်ရဖို့ဖြစ်ပါသည်။ မှန်သည်။ ကျွန်ုပ်၏မိတ်ဆွေ သစ်တောအုပ်ကြီးတာ ရန်ကုန်သစ်တောဝန်ထံသို့လက်ဆောင် ပေးရန်အတွက် ကျွန်ုပ်တို့မုဆိုးအဖွဲ့အား ဒေါင်းတစ်ကောင်ရှာပေးရန် တာဝန်[illegible] ထားပါသည်။

ဒေါင်းတစ်ကောင် အရှင်ရဖို့ အတွက် မုဆိုး ကိုတင်တ ကျောလွယ် ခြင်းထဲတွင် သူ့မိတ်ဆွေထံမှ ယူလာ သော ဒေါင်းမတစ်ကောင် ပါလာ၏။ ထို ဒေါင်းမဖြင့်မြူကာ ကျောကွင်းဖြင့် ဖမ်း ယူရန်ပင် ဖြစ်သည်။

ဤသို့ပင် နှစ်ပေါင်းများစွာက ဥဒေါင်းမင်းအား ဖမ်းယူသောနည်း အတိုင်း ယခုလည်း ဖမ်းယူရန် ကျွန်ုပ်တို့ သဘောတူခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်မှာ တစ်ရက်တည်းနှင့် ခေါင်းထီးတစ်ကောင်ရဖို့ မလွယ်ပါ။ နှစ်ရက်သုံးရက် အချိန်ယူကာ ခေါင်းမကလေးအား နေ့စဉ် သတ်မှတ်ထားသောနေရာတွင်ထားကာ "တည်" ၍ ဖမ်းယူရမည်ဖြစ်သည့်အတိုင်း နံနက် ငါးနာရီကပင် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

▲ ▲ ▲

နေရောင်သည် နှင်းမြူများအတွင်း ထိုးဖောက်တွန်းမြူလာပါသည်။

လေတဟဲ့ဟဲ့တိုးတိုက်နေ၏။ နှင်းစွင့်များ လေနှင့်အတူ လွင့်ပါးလျက်ရှိနေရှာသည်။

ကျွန်ုပ်သည် အမဲလေးများပစ်ခတ်ဖမ်းယူရန်အတွက် စပရင်းဖီး(လ်)ရိုင်ဖယ်ပါခဲ့သလို ဦးဖဝေးမှာ ဒသသမ(၄၀၅) ရိုင်ဖယ်နှင့် မုဆိုး ကိုတင်တွင် ဒူးလေးကြီးတစ်လက် ပါရှိပါသည်။

"ဝီး-ဝီး-ဝီး"

မုဆိုး ကိုတင်၏ နောက်ကျောခြင်းထဲမှ ခေါင်းမကလေး၏အသံ ဖြစ်ပါသည်။ ကျွန်ုပ်က ကိုတင်အား -

"ဗျို့ ကိုတင် - ခင်ဗျားခေါင်းမက ဝီး-ဝီး-ဝီး-နဲ့ဘယ်လိုလဲဗျ။ ကြက်ဆင်ကြီးတွန်နေတာပဲ။ ခေါင်းထီးက ဒီအသံကြားတာနဲ့ ခပ်ဝေးဝေး ထွက်ပြေးနေပါဦးမယ်"

ကျွန်ုပ်၏စကားကြောင့် ကိုတင်ရော ဦးဖဝေးပါ ရယ်လိုက်ကြပါသည်။

ကိုတင်က -

"ဗိုလ်လေးရေ - သူက ဒီလောက်ပဲ အသံပေးနိုင်မှာပဲ။ ဒါပေမဲ့ - ခေါင်းထီးတွေက သူ့အသံကိုရော အနံ့ကိုရော တစ်မိုင်လောက်က ဖမ်းယူနိုင်တယ်ဗျ။ ခေါင်းထီးတွေအဖို့ ရန်ကုန်က အဆိုတော်တစ်ဦး ရောက်လာသလား လာပြီး ရစ်ကြမှာ မလွဲဘူး"

ကိုတင်၏စကားကြောင့် ကျွန်ုပ်မှာ တဟားဟား ရယ်လိုက်မိပါသည်။

လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မိတ်ဆွေကြီးတစ်ဦး မွေးနေ့ပွဲအတွက် ဝက်ဝံနှင့် ခေါင်းများ ရရှိရေးအတွက် ကျွန်ုပ်နှင့် ရဲဘော်အချို့အတူ အညီပေးခဲ့ရပါသည်။

ထိုမိတ်ဆွေကြီးသည် ဒေသခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကျွန်ုပ်တို့ စစ်ခြင်းတပ်နှင့် အလွန်ရင်းနှီးလှပါသည်။

သူ၏မွေးနေ့ပွဲမှာ ဟင်းအမျိုးပေါင်း (၃၆)မျိုး ပါဝင်လျက် ကုန်ကျစရိတ် အနည်းဆုံး သောင်းချီ အကုန်ခံ ကျွေးမွေးသော ညှော်ခံပွဲတစ်ခုပင် ဖြစ်ပါသည်။ ခေါင်းဆောင်ကြီး၏ အနွယ်များမှာ တရုတ်ပြည် ယူနန်ဖူးမှ ဆင်းသက်လာသော မင်းမျိုးမင်းနွယ်တစ်ဦးဟု သိရပါလေသည်။

ဟင်းအမျိုးပေါင်း (၃၆)မျိုးတွင် ဝက်ဝံနှတ်ခမ်းသားနှင့် ခေါင်းသား အစရှိသောအသားများအပြင်ပင်လယ်ထွက်ငါးမန်း၊ မိကျောင်းသားကအစ သူ၏အပည့်များက ကြိုတင်ကာ လနှင့်ချီ၍ စုဆောင်းဝယ်ယူထားသဖြင့် ဤတစ်ကြိမ်သာ ထူးထူးခြားခြား စားသောက်ခဲ့ရပါ၏။

ကျွန်ုပ်နှင့်ရဲဘော်နှစ်ဦးသည်ခေါင်းဆောင်ကြီးမွေးနေ့ပွဲအတွက် နန်းမော တောင်တန်းတွင် ဝက်ဝံနှင့် ခေါင်းများ ရရှိရေးအတွက် အမဲလိုက် ထွက်ခဲ့ကြပါသည်။

ကျွန်ုပ်တို့အဖို့ ဝက်ဝံနှင့် ခေါင်းပင် ဓာတ်စိုင်နှင့် ပြောင်များ ရလျှင်လည်း ပစ်ယူမည် ဖြစ်ပါသည်။

နံနက်စောစောပင် လမ်းပြတစ်ဦး အကူအညီဖြင့် တောင်ခြေသို့ ရောက်ခဲ့ကြပါသည်။

နှင်းပင်လယ်ထဲတွင် ကျွန်ုပ်တို့တစ်တွေ ခရီးနှင်လျက်ရှိနေရာ မြင်ရသော အရာဝတ္ထုတိုင်း နှင်းဖုံးထားသော သစ်ပင်သစ်တောများသာ ဖြစ်ပါ၏။

တစ်နာရီကျော်ကျော်မျှ တောင်ကြောများပေါ်တွင် ခရီးနှင်ရင်းက တောင်ကုန်းတစ်ကုန်းပေါ်တွင် ခေတ္တနားလိုက်ကြပြီး ထင်းခြောက်များစု၍ မီးများ ဖိုလိုက်ကြပါသည်။ ထိုအခိုက် -

"ဗိုလ်လေးရေ–သူက ဒီလောက်ပဲ အသံပေးနိုင်မှာပဲ။ ဒါပေမဲ့–ခေါင်းထီးတွေက သူ့အသံကိုရော အနံ့ကိုရော တစ်မိုင်လောက်က ဖမ်းယူနိုင်တယ်ဗျ။ ခေါင်းထီးတွေအဖို့ ရန်ကုန်က အဆိုတော်တစ်ဦး ရောက်လာသလား လာပြီး ရစ်ကြမှာ မလွဲဘူး။



www.burmeseclassic.com

"အိုးဝေ - အိုးဝေ"

တောင်ကြောအထက် တောင်က ပြန်ဆီမှ ခေါင်းတွန်သံ ပေါ်ထွက်လာပါသည်။

ရဲသော်နှစ်ဦးပြေးထွက်သွားပါလေသည်။ လမ်းပြက -

"ဗိုလ်ကြီး - ဒီခေါင်းဟာ ခေါင်းအိုကြီးတစ်ကောင်ဖြစ်ရမယ်"

လမ်းပြက ပြောသဖြင့် ကျွန်ုပ်က -

"အာကြောင့် အသံကြားတာနဲ့ ခေါင်းအိုလို့ ဆိုတာလဲ"

"အသံက လေးပြီး အသံတစ်ခုနဲ့ တစ်ခုကွာလွန်းတယ်။ အာခေါင် ဖလှတ်သံပါနေတယ်။ ဒီခေါင်းဟာ မြေပြင်ဆင်းပြီးရင် ပြန်းခနဲ မပျံနိုင်ဘူး"

ထိုအခိုက် -

"နိုင်း - နိုင်း"

သေနတ်သံနှစ်ချက်တိတိ ကြားလိုက်ရလေသည်။

"ဗိုလ်ကြီး - ခေါင်းကိုပစ်ရင် ဘယ်မှာ တောင်းတောင်းစားရတော့မလဲ"

လမ်းပြက ပြင်းထန်သောရိုင်ဖယ်ဖြင့် ပစ်လိုက်သဖြင့် ခေါင်း၏ အသည်းနှလုံးများ ကြေမွသွားမည်ဟု ပြောလိုက်ခြင်းဖြစ်ပါသည်။

မကြာမီ ရဲသော်နှစ်ဦး ခေါင်းတစ်ကောင်နှင့် ကျားသစ်တစ်ကောင် ထမ်းလာကြ၏။ ခေါင်းမှာ ခေါင်းကြီးဖြစ်၏။ အရှင်လတ်လတ်ဖြစ်သည်။

"ဗိုလ်လေးရေ - ကျွန်တော်တို့က ခေါင်းကြီးကို ပြေးဖမ်းမယ်လုပ်တုန်း ဒီကျားသစ်က ခေါင်းကို ခုန်အုပ်လို့ ပစ်ထည့်လိုက်ရတယ်။ ခေါင်းကြီးတောင် လက်သည်းနဲ့ ကုတ်မိလို့ ဒဏ်ရာနည်းနည်း ရသွားသေးတယ်"

ကျွန်ုပ်တို့အဖို့ ရျက်ချင်းလိုပင် ခေါင်းကြီးတစ်ကောင်နှင့် ကျားသစ်တစ်ကောင် ရလိုက်ပေပြီ။ လမ်းပြကလေး၏ စကားအရ ခေါင်းကြီးမှ ခေါင်းအိုတစ်ကောင်ပင် ဖြစ်သော်လည်း အမွေးအတောင်များကား ရွှေရောင်တောက်လျှက် ရှိပါ၏။

ထိုစဉ် နေခြည်များ ထိုးကျလာပါသည်။ ကျားသစ်မှာ မကြီးလွန်း မငယ်လွန်းပါ။ ရဲသော်နှစ်ဦးအား အရေခွံကို အထိအနိုက် မရှိစေပဲ အဖျက်နိုင်းကာ အသားများကို မီးခဲတွင် တံစို့ထိုး၍ ကင်ထားလိုက်ပါသည်။ ကျားသစ်ရေအား နေရောင်တွင် လှန်းထားလိုက်၏။

အသားမီးကင်အနံ့သည် မွှေးပျံ့စွာ ထွက်ပေါ်လာပါသည်။

ထိုအခိုက် တောတိုးသံတစ်သံကို ကြားလိုက်ရပါသည်။ မည်သည့်အမဲကောင် ဖြစ်ပါသနည်း။

▲ ▲ ▲



လမ်းပြသည် ခေါင်းကြီးအားပါလာသည့်ဆန်များကို ကျွေးနေရာမှ - "အားလာပြီ - လာပြီ" ဟု အော်လိုက်၏။

လမ်းပြအရှေ့မှာတောင်ပေါ်တက်ရာတွင် ထမင်းထုပ်မပါလျှင် ဆန်များ ယူသွားတတ်သလို ကျွန်ုပ်တို့ လမ်းပြကလည်း ကျွန်ုပ်တို့စားဖို့အတွက်ပါ ဆန်ဝါးလုံးခန့် ယူလာသည်။

သူသည်ဝါးတစ်လုံးခုတ်ယူပြီး ဆန်ကို ရေဆေး၍ဝါးဆစ်ပိုင်းတွင်း ထည့်ပြီး ရေနှင့်အတူ မီးရှို့ထားလိုက်ပါသည်။

ဗိုသောဆန်ကိုခေါင်းအားကျွေးနေစဉ် သူက အော်လိုက်ခြင်းဖြစ်ပါသည်။

ထိုသတ္တဝါသည် အဝါရောင်လည်းမဟုတ်၊ အဖြူရောင်လည်း မဟုတ်သော သစ်တုံးကြီးတစ်တုံးကဲ့သို့ တရွေ့ရွေ့ တရွရွနှင့် ဖက်ကြီးချုံများ အတွင်းမှ ခေါင်းထောင်ကြည့်လိုက်၏။

"ရှူး - ရှူး"

ကျွန်ုပ်တို့သည် ရိုင်ဖယ်ပြောင်းဝများအား ထိုသတ္တဝါ၏ဦးခေါင်းပိုင်းအား ညွှန်လိုက်ကြ၏။

"ဘာ - ကောင်ကြီးလဲဗျ"

လမ်းပြကလေးအား မေးလိုက်ရသည်။

"အဲဒါ သစ်ဥစားကင်းခြေများကြီးခေါ်တယ်။ စားလို့ သိပ်ကောင်းတယ်။ အသားကင်နံ့ကြောင့် ထွက်လာတာပဲ"

ကင်းခြေများကြီးသည် တရွေ့ရွေ့ လှုပ်နေရာမှ ထွက်ပြေးတော့၏။ မီးရထားကြီး ပြေးနေသကဲ့သို့တည်း။

"ဒိုင်း"

"ဒိုင်း"

ကျွန်ုပ် ဒသမ ၄၇၅ မွေ့နမ်ရိုင်ဖယ် ကျည်သည် ဦးခေါင်းထိသွားပြီး ရဲသော်ထွန်းမြိုင်၏ ရိုင်ဖယ်ကျည်က လည်ပင်းနေရာထိသွား၏။ သို့သော် လည်ပင်းဟူ၍ မရှိသောသတ္တဝါပင်။

ကင်းခြေများကြီး လှုပ်နေသေး၏။ မသေသေးပဲ ရှိ၏။ လမ်းပြကလေးက နှုတ်ခမ်းပိုင်းကို ဓားဖြင့် ဖြတ်လိုက်မှ ငြိမ်သွား၏။

"ဒီအကောင်ကြီး တစ်ရက်စာ[illegible] ခံပါတယ်နော်"

"ခံပါတယ်၊ ဗိုလ်ကြီး"

ကျွန်ုပ်၏မိတ်ဆွေ ဓွေ့ခွန်[illegible] မွေးနေ့တွင် ဟင်းတစ်ခွက် တောင်ကောင်းဖြစ်ပါစေတော့ စေတနာထား[illegible] ခြင်း ဖြစ်ပါသည်။ ရဲသော်တလေး[illegible] ကိုကင်းခြေများကြီးအား တောဆင်[illegible] ကြီးများဖြင့် ပတ်ကာ ခြင်းထဲသို့ ထည့်စေလိုက်ပါသည်။

ဝါးဆစ်ဖြင့် မီးဖုတ်ထား[illegible] ထမင်းများက ကောက်ညှင်း[illegible] တောက်ကဲ့သို့ ကျက်[illegible]။ ကျွန်ုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တလည်း ပေါင်မုန့်ခြောက်၊ အမဲခြောက် များပါသေးသည်။

ထိုအခိုက် ...

ပုံပါးတောင်ရှာမှ ရွာသားငါးဦးခြင်းများခြင့် တောင်ပေါ် တက်လာ၏။ သူတို့မှာ ဓိတ်ခွေကြီး၏ ထဝည့်များ ဖြစ်ကြသဖြင့် ကျွန်ုပ်တ ခေါင်းနှင့် တင်းခြေများကြီးကို သူတို့၏လက်တို့ အပ်လိုက်ပါသည်။

"ခင်များတို့ ရွာသားဆယ် ဦးလောက် သေနတ်သံ နားထောင်ပြီး ပုံပါးနဲ့ နန်းမောတောင်ကြားတို့ သွားမယ်၊ အဲဒီမှာ ဝက်ဝံနဲ့ တောနွား (စိုင်ရယ်၊ တောကျွဲရယ်၊ တောင်ပေါ်မှာ လှည့်လည်ကျက်စားနေတဲ့ ဆင်တစ်အုပ်ရှိနေတယ်လို့ သိရတယ်။ ခင်များတို့ ခေါင်းဆောင်ကြီး ခွေးနေ့ပွဲတက်မယ့် အမျိုးသားတွေအတွက် တောနွား တောကျွဲနဲ့ ဆင်နစ်ကောင် ပစ်သုမယ်။ ရိုင်ဖယ်သံကိုသာ နားထောင်ပေတော့"

ကျွန်ုပ်၏စကားကို ခေါင်းတညိတ်ညိတ် နားထောင်ပြီး -

"ဟုတ်ကဲ့ - ဟုတ်ကဲ့ - ခမ်းဆေးကြီးကိုလည်း အကြောင်းကြားလိုက်ပါ့မယ်"

သူတို့ခေါ်သော ခမ်းဆေးသည် သူတို့ခေါင်းဆောင်ကြီးအား အမြတ်တနိုး ခေါ်လိုက်ခြင်းပင်။

ကျွန်ုပ်တို့အဖို့မိတ်ဆွေကြီး ခွေးနေ့ပွဲအတွက် ဟင်းအမည်မျိုးစုံ ဖြိုင်ယံ ပုံပါးနှင့် နန်းမောတောင်ကြားဆီသို့ စားသောက်ပြီးသည်နှင့်ခရီးထွက်ခဲ့ပါသည်။ လမ်းပြက -

"စိုလ်ကြီး - ဟိုတောင်ကြားဒေသမှာရန်သူတွေရှိတယ်။ သူတို့တပ်တွေက နယ်စပ်တစ်လျှောက် ဖြန့်ထားတယ်၊ ရွာတွေမှာလည်း သူတို့လူတွေရှိတယ်"

ကျွန်ုပ်က -

"ငါက မင်းတို့ ခေါင်းဆောင်ကြီးအတွက်တောင် အသေခံပြီး အမဲလိုက်ခဲ့သေးတာပဲ၊ ဘာကြောက်စရာရှိသလဲ"

ယင်းသို့ကျွန်ုပ်ကပြောလိုက်သဖြင့် ပုံပါးရွာကား အမျိုးသားမှာ မျက်လုံးများ ဝင်းလက်သွားပါလေသည်။

တောင်ကြောလမ်းဟူ၍ မည်မည်ရရမရှိချေ၊ တောကျွဲများသွားသောလမ်းနှင့် စိုင်များဖြတ်သောလမ်းအတိုင်းသာ ကျွန်ုပ်တို့ လိုက်ခဲ့ကြရ၏။

အချိန်မှာ နံနက်(၁၀)နာရီ၊

ထိုအခိုက် ...

ဝေါ ...

ရုတ်တရက် ကောင်းကင်ပြင်မှ အသံကြီးတစ်သံကို ကြားလိုက်ရပါသည်။

ကြည့်လိုက်ရာ ယူနန်တွင် တပ်ချထားသည့် အမေရိကန်ကျားပျံလေတပ်မှ တိုက်လေယာဉ်နစ်စင်း ဗုံးကြဲလေယာဉ်နစ်စင်းပျံသွားသည်ကို တွေ့လိုက်ရလေသည်။ ကျားပျံလေတပ်သည် ထားရွှီး၊ သိန္နီမြို့များအား ဗုံးကြဲတိုက်ခိုက်ကြပေမည်။

ထိုစဉ် ကျွန်ုပ်တို့၏ရှေ့တွင် သစ်ပင်ကြီးများ လှုပ်ယမ်းသွားကာ သစ်ပင်အချို့ ဒုန်းခနဲ လဲကျသွားသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်တို့ရှေ့မှာပင် ချုံကြီးတစ်ချုံတိုးလျက် ဆင်ရိုင်းကြီးသုံးကောင် ပေါ်ထွက်လာပါသည်။

ခေါင်းဆောင်ဆင်ကြီးသည် ကျွန်ုပ်တို့အားမြင်လိုက်သည်နှင့် နာမောင်းကို မြှောက်ကာ "ကျီ"ခနဲ အော်လိုက်ပါသည်။ သူတို့၏မျက်လုံးများသည် ကျွန်ုပ်တို့အား မှုန့်မှုန့်ညက်ညက် ချေပစ်လိုသော မုန်းတီးသည့် မျက်လုံးအကြည့်မျိုးသာ ကြည့်လျက် ရှိကြပြီး ဝေါခနဲ တိုက်ခိုက်ရန် ပြေးသွားကြ၏။

"ပစ် - ပစ် - မျက်လုံးနဲ့ နားရွက်ကြား ထိတ်ပစ်ကြပေ့"

ကျွန်ုပ်သည် ချက်ချင်းပင် ဒသမ (၄၇၅) မဂ္ဂနမ်ရိုင်ဖယ်ဖြင့် ပထမဆုံး ဦးဆောင်ပြေးလာသည့် ဆင်ရိုင်းကြီးကို မျက်လုံးနှင့် နားရွက်ကြား ပစ်ချလိုက်ရ၏။

"ဒိုင်း"

ဒသမ (၄၇၅) မဂ္ဂနမ်ရိုင်ဖယ်ကျည်မှာသည် ဆင်ရိုင်းကြီး၏ ဘယ်မျက်လုံးနှင့် နားရွက်ကြား ဖောက်ထွင်းသွားပြီး ဝုန်းခနဲ ပစ်လဲကျသွားတော့၏။

လက်ဖြောင့်ရဲဘော် ထွန်းမြိုင်နှင့် ကိုကြီးတို့ကလည်း ဒသမ (၃၀၃) ဗြိတိသျှ ရိုင်ဖယ်ဖြင့် ပစ်လိုက်ကြ၏။ နစ်ကောင်စလုံး ချက်ကောင်းထိ၍ တုန်ခါကာ တဖြည်းဖြည်း ရှေ့လက်ဖြင့် ဒူးထောက်ကာ လဲကျသွားတော့၏။

ကျွန်ုပ်တို့သည် ထိုနေရာတွင် တစ်နာရီခန့် စောင့်နေစဉ် မိန်းမရော ရွာသားများပါ လူနစ်ဆယ်ခန့် ရောက်လာကြသည်၊ သူတို့သည် ဒေသခံများ ဖြစ်ကြသည်၊ ကျွန်ုပ်က ဆင်စွယ်ကို ကျွန်ုပ်တို့ တပ်စခန်းသို့ပို့ရန် မှာကြားလျက် ခရီးဆက်ခဲ့ရပါသည်။

ရှေ့ခရီးသည် အလွန်အန္တရာယ်များလှပါသည်။ ပုံပါးနှင့် နန်းမောတောင်ကြားမရောက်မီ စမ်းချောင်းတစ်ချောင်း





www.burmeseclassic.com

www.burmeseclassic.com

နှင့် ရေတံခွန်အထက် တောင်ပေါ်သို့ တက်ခဲ့ရာ လူရိပ်အချို့တောင်ပေါ်မှ ဆင်းလာသည်ကို တွေ့လိုက်ရ၏။

သေသေချာချာကြည့်လိုက်သော အခါ ရန်သူစစ်တပ်များဖြစ်နေတော့၏။ အလျှင်အမြန်ပင် တောင်ကမ်းအောက်သို့ နွယ်ကြိုးများဖြင့် ဆင်းခဲ့ပြီးလျှင် ဖော့ကျတ်လိုက်ဂူတစ်ဂူအတွင်းသို့ ဝင်လိုက်ကြရသည်။

ထိုဂူအတွင်း ဝင်လိုက်သည်နှင့် ကျွန်ုပ်တို့ မျက်လုံးများ ပြူးကျယ်သွားရတော့၏။

"ဝူး–ဝူး"

မှန်သည်၊ သားသည် အမေဝက်ဝံကြီးတစ်ကောင်သည် ကလေးအား နို့တိုက်လျက်ရှိနေ၏။ ဝက်ဝံမကြီးသည် ကျွန်ုပ်တို့အား မျက်တောင်မခတ် စိုက်ကြည့်လျက်ရှိ၏။ သူ၏ရင်ခွင်ထဲမှ ဝက်ဝံကလေးသည်ဝမ်းဗိုက်နှင့်မျက်နှာတွင် အဖြူကွက်များနှင့်အလွန်ကြည့်၍လှပါ၏။

ကျွန်ုပ်တို့မှာအဘယ်မှာ သူတို့သားအမိအား ရက်စက်နိုင်ပါမည်နည်း။

ထိုအခိုက်၊

ဂူဝမှ ညိုမည်းသောသတ္တဝါကြီး တစ်ကောင်မှာ ဆန်ကောထက်ကြီး သော ပျားသလက်ကြီးကိုင်ကာ ပေါ်လာ

လျက် ကျွန်ုပ်တို့လူစုကို မြင်သောအခါ တစ်ချက်သွားဖြဲ၍ အော်လိုက်၏။

"ဂလူး–ဂလူး"

ဤအချိန်တွင် တောင်ကြောပေါ်မှ ရန်သူများ၏အသံ ပေါ်လာလေသည်။ ဝက်ဝံကြီးသည် ကျွန်ုပ်တို့က မည်သို့မျှ ရန်မမူမှန်း သိသောကြောင့် အတွင်းသို့ ဝင်လာပြီးလျှင် ဝက်ဝံမကြီးနှင့် သားငယ် အား ဖဲ့လာသော ပျားသလက်အား ချကျွေးလိုက်ပါ၏။

ကျွန်ုပ်တို့ကလည်း အချိန်အတော် ကြာ ထိုင်နေကြသလို ဝက်ဝံမကြီးနှင့် ဝက်ဝံအထီးတို့ကလည်း ရန်တုံ့မမူပဲ ရှိနေ၏။

ထိုနေရာသည် ဝက်ဝံမိသားစုနေထိုင်သော ကျောက်ကမ်းပါး၏ ဂူတစ်ဂူမှန်း သိရတော့သည်။

ကျွန်ုပ်က ရဲဘော်ထွန်းမြိုင်အား ရန်သူများအား စောင့်ကြည့်ခိုင်းလိုက်ပါသည်။

ရန်သူစစ်သားများသည်ကင်းလှည့် စစ်သားများဖြစ်ပြီး မကြာမီ တောင်ပေါ်သို့ တက်သွားကြောင်း သတင်းပို့လာပါသည်။

ကျွန်ုပ်တို့ကလည်း ချက်ချင်းပင် ဝက်ဝံ ဂူထဲမှ ထွက်လာကြရာ ဝက်ဝံ မောင်နှံတို့က မျက်လုံးပြူးကြည့်လိုက်



ရန်မူသောအရိပ်အယောင်မပြတော့၊ ထဲမှ ပါလာသော မုန့်ခြောက်ထုပ်များ ကို ကျွန်ုပ်က ဂူထဲတွင် ထားပစ်ခဲ့ရာ ကျွန်ုပ်တို့ တောင်ကမ်းပါးယံအပေါ် ရောက်သောအခါ ဝက်ဝံအထီး၏ အော်သံကို ကြားလိုက်ရပါသည်။

ကျွန်ုပ်တို့ မိတ်ဆွေကြီး၏ ညှော်ခံပွဲတွင်စားသောက်ဖွယ်မျိုးစုံ ညှော်ခံခဲ့သော်လည်း ဝက်ဝံနှတ်ခမ်းသားတော့ မပါရှိပဲ ဆတ်နှုတ်ခမ်းသားဖြင့် အစားထိုးကာ ညှော်ခံခဲ့ပါ၏။

(စော်ဘွားကြီးနှင့် ဂျပန်တပ်မ( ) မှဗိုလ်ချုပ်ကြီး၊ ဗိုလ်မှူးကြီးနှင့် တပ်ဗိုလ်များအပြင် မြန်မာစစ်တပ်မှ တပ်ရင်းမှူး၊ တပ်ဗိုလ်များ၊ ဒေသခံ ဂုဏ်သရေရှိ လူကြီးများ၊ မြို့စားများအထိ ညှော်ခံပွဲသည် အထူးပင် မြိုင်ဆိုင်လှပါ၏။

ထိုစားသောက်ပွဲကြီးပြီးသောအခါ တွင်ကားညဉ့်တစ်နာရီကျော် နှစ်နာရီခန့် ရှိလေပြီ။

အားလုံး ပြန်သွားသောအခါတွင် မိတ်ဆွေကြီးက ကျွန်ုပ်အားသူ၏အတွင်း ခေါ်သွားလျက် လှောင်အိမ်ဖြင့် ထား သော ဒေါင်းကြီးကို ပြလိုက်၏။

"ခင်ဗျားကို ကျေးဇူးတင်ပါတယ် ဗိုလ်စိန်တင်၊ ဒီဒေါင်းကိုပို့လိုက်ကတည်း က ကျုပ်ဇနီး သိပ်ဝမ်းသာသွားပါတယ်၊

သူ့ရဲ့အကြောင်တွေ မလျှပ်နိုင်တဲ့ရောဂါ လည်း ပျောက်သွားတဲ့အတွက် မသတ် တော့ပဲ ကျုပ်ဇနီးကို ကျုပ်မွေးနေမှာ လက်ဆောင်ပေးလိုက်ပါတယ်"

မင်္ဂလာရှိသောစကားပင်တည်း။

ဝမ်းသာခြင်းသည် ရောဂါသယတို့ သက်သာစေသည် မဟုတ်ပါလော။

⅄ ⅄ ⅄

ယခုတစ်ကြိမ် ကျွန်ုပ်တို့သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဒေါင်းတစ်ကောင်ရရှိရေးအတွက်အဝံမှ မြို့နယ် ထူးကြီးတောင်တန်းမှ မျှင်ဝါး တောင်နှင့်တောင်ညိုကိုဖြတ်၍ရွှေမျှောင် ရှိးရှောင်ဆီသို့ လာခဲ့ကြ၏။

နေခြည်များ၊ နှင်းမြူများအတွင်းမှ ထိုးဖောက်ကာ စီးဆင်းလာခဲ့၏။

"ဂီး–ဂီး–ဂီး"

ကိုတင်၏ ကျောလွယ်ခြင်းထဲမှ ဒေါင်းမကလေး၏ အော်သံက ပေါ်လာ၏။ အသံကတိုးညင်လှသည်။ အလွန်ပင် တိုးညင်းလှသော်လည်း တောတောင်ထဲ တွင် ကျယ်လောင်လှ၏။

ထိုအခိုက် မနီးမဝေးဆီမှ ဒေါင်း အော်သံ ပေါ်ထွက်လာပါသည်။

ကိုတင်က–

"ဟုတ်ပြီဗျို့–အလွန်နီးစပ်ပါတယ်၊ ငမျှောင်ရှိးရှောင်အနီး ရောက်ရင်ချိုသေး



www.burmeseclassic.com

www.burmeseclassic.com

မှာပဲသူတို့ထားကြည့်မယ်၊ ဗိုက်တို့တော့ အဝေါ်က ဆင်ထားမယ်၊ ဝင်လာတာနဲ့ ဗိုက်တူလာမှာပဲ"

ချောင်ရိုးချောင်အနီးတောင်ကမ်းပါးတန်စွန်းများနှင့် ကတွတ်ပင်၊ တောငှက်ပျော၊ မြက်စိမ်းတောအနီးတွင် ခေါင်းမကလေးအား စပါးတွေး၍ မြေကျောက်တွင်ကြီးတလေးချည်ပြီး လွှတ်ထားလိုက်၏။

ကိုတင်က ဝင်လာသောခေါင်းကိုအားဗိုက်တွင်ကြိုးအုပ်ခမ်းဆီးရန် ချိုကြီးအပေါ်တွင်စီစဉ်ထားလိုက်၏။ မြက်တောထဲမှ ကြီးတို့ တိုက်လိုက်သည်နှင့် ဗိုက်တွန်တာ အုပ်ကျလာမည်တည်း။

ကျွန်ုပ်တို့သည်လေအောက်တောင်ကုန်းများပေါ်တွင် နေရာယူထားလိုက်ကြသည်။ မျက်ခြေပြတ်စောင့်၍အကဲခတ်ကြည့်ပါသည်။

ခေါင်းမကလေးသည်အစာစားရင်းက ခေါင်းမော့၍ တွန်လိုက်၏။

သည်တစ်ခါ "အိုး-ဝေ" မဟုတ်၊ "အာ-ဝေ" ဟူသောအသံ ပေါ်ထွက်လာပါသည်။

တဖြည်းဖြည်း နေဝန်းမြင့်လာသည်၊ နေခြည်များ သစ်ရွက်သစ်ကိုင်းများကြားမှ ထိုးကျလာ၏။

ယခုအထိ ဘာမှမထူးခြားသေး၊ စောင့်ရသည်မှာ ပျင်းစရာကောင်းလှ၏။

ကျွန်ုပ်တို့အဖို့ ခေါင်းမကလေးအတွက် အခြားရန်သူများက ရန်မူလာမည်ကိုလည်း အထူးသတိထားရလေသည်။

နံနက်ဆယ်နာရီကျော်သောအခါတွင် လျှပ်တစ်ပြက် ချိုးတိုးသံ ကြားရ၏။ တစ်ချိန်တည်းမှာပင် တစ်ပင်မှတစ်ပင် ပျံလာသော တောင်ပံခတ်သံ ပေါ်ထွက်လာလေသည်။

တစ်ခဏအတွင်း မြေပေါ်သို့ခေါင်းတစ်ကောင်ဆင်းလာသည်ကိုတွေ့လိုက်ရလေသည်၊ လှလိုက်သည့်ခေါင်း၊ တွေ့ရပြန်တော့ ခေါင်းမင်း။

ခေါင်းမင်းမျိုးကိုရဖို့မလွယ်၊ အလွန်ရှားသောခေါင်းမျိုးဖြစ်သည်၊ ကျွန်ုပ်တို့ခေါင်းမကလေးမှာ ခေါင်းကလေးခါ၍ ခါ၍အသံတစ်ချက်ပြုလိုက်သည်၊ ခေါင်းမင်းက ခေါင်းမကလေးအနား ပြေးလာပြီးလျှင် အသံပြုလိုက်စဉ်အသင့်ထောင်ထားသော ဗိုက်ကွန်ကြီးသည် အောက်သို့ ဝုန်းခနဲ ပြုတ်ကျလာတော့၏။

"မိပြီ-မိပြီ"

မုဆိုးကိုတင်က ပြောလိုက်စဉ်ဝုန်းခနဲ အသံတစ်သံ ကြားလိုက်ရပါသည်။

ဦးဖဝေးက -

"ဟာ-ကျားသစ်"

ကျွန်ုပ်သည် ခေါင်းများအပေါ် ခုန်ဆင်းလာသည့်ကျားသစ်ကို ဆိုင်းမနေပဲ စရင်းဗိ(လ်)ရိုင်ဖယ်ဖြင့်ပစ်ထည့်လိုက်ပါသည်၊

"ဒိုင်း-အာဝု"

"အာ-ဝု"

ကျားသစ်သည် သစ်ပင်တစ်ပင်မှ ခုန်ဆင်းလာသော်လည်း ကျွန်ုပ်က အလုံးထိုးပစ်ချလိုက်သောကြောင့်လမ်းတစ်ဝက်မှာပင် လွင့်ထွက်သွားပါ၏၊

ကော်ဒိုက်ယမ်းနံ့များ ထောင်းခနဲသွားလေသည်၊

ကျွန်ုပ်နှင့် ဦးဖဝေး၊ ကိုတင်တို့ အလျင်အမြန် ပြေး၍ တောင်ကုန်းအလေးမှ ဆင်းသွားစဉ် ကျွန်ုပ်သည် နောက်ထပ် သတ္တဝါတစ်ကောင်ကို လျှပ်တစ်ပြက်ပင် ပစ်ချလိုက်ရပါ၏၊

"ဒိုင်း"

"ခွီး"

ကော်ဒိုက်ယမ်းငွေ့များအောက်တွင် ဝက်ကြီးချုံများ တိုးလာသည့် ထိုသတ္တဝါမှာ ကတွတ်ပင်ခြေရင်းတွင် လိမ့်ထွက်သွားပါတော့၏၊

ထိုသတ္တဝါကား ကျားသစ်ကဲ့သို့ပင် ခေါင်းများ ဆွဲစားရန် ရောက်လာသော ခွေးလောက်နီးပါးရှိသည့် အင်တာခေါ် ကြောင်ကြီးများကဲ့သို့ ကြီးမားသည့် ကြောင်မြင်းကြီး ဖြစ်ပါသည်၊

ထို သတ္တဝါများသည် သားစားသတ္တဝါများဖြစ်ပြီး ကျွန်ုပ်တို့မတားတွယ်လိုက်ပါက ခေါင်းနှစ်ကောင်စလုံး သေမည်မှာ သေချာလှပါ၏၊

ခပ်စောစောက ကျွန်ုပ်ပစ်လိုက်သောကျားသစ်မှာ မသေသေး၊

"ဝူး-ဝဲ-ဝူး-ဝဲ"

ကျားသစ်သည် လက်ပြင်တွင် ဒဏ်ရာရကာ လျှိုရိုးဘေး ဝပ်နေ၏၊ ကျွန်ုပ်က နောက်ထပ်ကျည်တစ်တောင့်ကို ကျားသစ်၏ နာခေါင်းအထက် ဝပ်သွင်းလိုက်ရသည်၊

"ဒိုင်း"

"ဂရူး"

ကျားသစ် ပစ်လဲကျကာ ငြိမ်သွားတော့၏၊ ကျားသစ်ကို သေသေချာချာ ကြည့်လိုက်ရာ ကျားသစ်အထီးတော့တပဲ ကျားသစ်မဖြစ်တာ ခြောက်တောင်နီးပါး ရှိပါသည်၊

ကျွန်ုပ်တို့ လိုချင်သော ခေါင်းတစ်ကောင်အပြင် ကြောင်မြင်းနှင့်ကျားသစ်ကိုပါ အဆစ်ရလိုက်သဖြင့် အမြန်ခရီးအတွက် ပျော်ရွှင်စွာ ပြင်ဆင်လိုက်ရပါသတည်း၊

⇨ မြဝတီ

www.burmeseclassic.com



တရုတ်ကျူးကျော်စစ်တွင်
တရုတ်သူရဲကောင်း ကာမဏီနှင့်
မွန်သူရဲကောင်း သမိန်ဗရမ်းတို့၏
စီးချင်းထိုးတိုက်ပွဲ
အသက်လုပွဲကို ဖတ်ရှုရမည့် ..

ချစ်ကောင်း

တို့ဟူသည် စစ်မြေပြင်၌သာ ပျော်မွေ့တိုက်ခိုက်ရင်း မိမိ၏ဂုဏ်အင်္ဂါများကို တိုးပွားသည်ထက်တိုးပွားစေရန်အတွက် သတ္တိ၊ စွမ်းရည်၊ အရည်အသွေးများအမြဲတစေထက်မြက်တောက်ပြောင်နေစေရမည် ဆိုသည်ကို ကျွန်ုပ် နားလည်ပါသည်။ စစ်တို့၏ သဘောမှာ အနိုင်အရှုံးရှိသကဲ့သို့ ကျဆုံးခြင်း၊ ရှင်သန်ခြင်းတို့သည်လည်းရှိရမည့်အပြင်ကံအကြောင်းမလှသဖြင့် တစ်ဖက်ရန်သူ၏လက်ထဲသို့သုံ့ပန်းအဖြစ်နှင့်လည်းကျရောက်ချင်ကျရောက်သွားလိမ့်မည်မှာ မမွတာပင်။

ကျွန်ုပ်သည် ဟံသာဝတီ၏ သူရဲကောင်းပီပီ သုရှင်ရာဇာဓိရာဇ်၏လက်ရုံးပမာ အားကိုးအားထားရသော တပ်မိုလ်တစ်ဦးဖြစ်ပါသည်။ နှစ်ကာလ ရှည်လျားစွာ ဖြစ်ပွားလျက်ရှိသော ဟံသာဝတီနှင့် အင်းဝစစ်ပွဲတွင် သုရှင်ရာဇာဓိရာဇ်၏ အစွယ်နှစ်ချောင်းကဲ့သို့ဉာဏ်ရည်ဉာဏ်သွေး အစွမ်းသတ္တိတို့ ထက်ပုသော

တစ်ခင်းကြီး သမိန့်ဗြာဒွ နှင့် တပ်ဗိုလ်လွှန်အိမ်တို့ တွယ်လွှန်အနိစ္စရောက်ကြပြီးနောက်မှ သုရှင်၏ လက်ဝဲလက်ျာအားကိုးရသော သူရဲကောင်းများအနက် ကျွန်ုပ်သည်အောင်ပွဲများနှင့်ကျော်ကြားလာသောသူရဲကောင်းတစ်ဦးဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ၊ သို့သော် ...။

ဤမျှအချိန်ကာလ၌ ကျွန်ုပ်သည် အင်းဝ၏အကျဉ်းသားသို့မဟုတ်သုံ့ပန်းတစ်ဦးဖြစ်နေပေပြီ။ အင်းဝမြည့်ရှင် ဘုရင်မင်းခေါင်၏ နရသိန်ဆိုသော ထောင်ထဲ၌ ဆယ်နှစ်နီးပါးခန့်ပင် ကြာအောင် ကျွန်ုပ် ရောက်ရှိနေပါသည်။ အကျဉ်းသားဆိုသော်လည်း ဘုရင်မင်းခေါင်ကိုယ်တော်တိုင်က သူရဲကောင်းများအား ချစ်မြတ်နိုးတတ်သူဖြစ်သဖြင့် ကျွန်ုပ်အား နရသိန်ထဲ သံခြေချင်းခတ်၍ ချုပ်နှောင်ထားသည်မှအပ အစားကောင်း အဝတ်အစားကောင်းတို့ဖြင့် ကောင်းမွန်စွာထားရှိပေးစေခြင်းကြောင့် ရန်သူပင်ဖြစ်လင့်ကစား ဘုရင်မင်းခေါင်အပေါ်ကျွန်ုပ်အလွန်တရာ ကျေးဇူးတင်လျက် ရှိနေသည်မှာ အမှန်၊ သို့သော် နရသိန်ထဲ၌ မည်မျှပင် ကောင်းမွန်စွာနေထိုင်ရသည်ဆိုသော်လည်း ကျွန်ုပ်သည် စစ်မြေပြင်တို့၌သာ ပျော်မွေ့လေ့ရှိသူပီပီ ဆင်မြင်း၊ ဓားလှံ၊ လေးမြားတို့နှင့်ဤမျှ နှစ်ကာလကြာမြင့်သည့်တိုင် ကင်းကွာနေရခြင်းအတွက်မူ ကျွန်ုပ် အဘယ်မျှ ကိုယ်နှမ်းစိတ်ကြေဖြစ်နေလိမ့်မည်ကို ပြောမပြတတ်အောင်ပင် ရှိပါသည်။

"ဟဲ့-သမိန့်ဗရမ်းငယ်၊ ယခုငါ့လက်ထဲမောင်မင်းရောက်နေပြီမဟုတ်လော။ အကယ်၍ငါ့ထံတွင် သူရဲကောင်းတစ်ဦးအဖြစ် စားထမ်းရွက်မည်ဆိုပါက မောင်မင်း၏ အရှင်သခင် ဘုရင် ရာဇာဓိရာဇ်ချီးမြှင့်မြှောက်စားသည်ထက် အောက်မကျစေဘဲ ငါ ချီးမြှင့် မ,စတော်မူမယ်"

"မှန်ပါ-ကျွန်ုပ်သည် အရှင်သခင်တစ်ဦးတည်း၏ သစ္စာကိုသာ ခံယူထားသူဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့အရှင်သခင်တစ်ဦးတည်း၏ ထီးရိပ်မှလွဲ၍ တစ်ပါးအရှင်များ၏ ထီးရိပ်အောက်သို့ ခိုလှုံစားလိမ့်မည် မဟုတ်ပါ၊ အကြိမ်တစ်ရာ၊ တစ်ထောင် မေးမြန်းတော်မူလျှင်လည်း ကျွန်ုပ်ထံမှ ဤအဖြေတစ်မျိုးတည်းသာ ရမည်ဖြစ်ရာ အရှင့်အနေနှင့် ကျွန်ုပ်အား ကျွန်ုပ်၏အရှင်သခင် ရာဇာဓိရာဇ်ထံ ပြန်ပို့လိုလျှင်ပြန်ပို့ပါ။ သို့မဟုတ် နောင်တွင် ဟံသာဝတီ သို့ ထွက်မပြေးစေရန် အတွက်ကျွန်ုပ်အား ကွပ်မျက်လိုက်ညည်ဆိုလျှင်ပင် ကျေနပ်စွာ ခံယူတော်မူပါဘုရား။

ကျွန်ုပ်အားဖမ်းဆီးရမိစဉ်ကာဥပါယ်တံမျဉ်ဖြင့်ကျွန်ုပ်သည်အင်းဝဘုရင်ထံ၌ သူရဲကောင်းအဖြစ် အမှုထမ်းဟန်ပြပြီး အခါအခွင့်ရသည်နှင့် တစ်ပြိုင်တည်း အင်းဝစစ်သည်တို့အား လုပ်ကြံထိုးခုတ်လျက် ဟံသာဝတီပြည်သို့ ပြန်ပြေးမည်ဆိုပါက လွတ်မြောက်နိုင်လိမ့်မည်ကို ယုံကြည်လျက်ရှိသော်လည်း ကောင်အစဉ်အဆက်စကားတို့အရသမိန်ချမ်း ကောက်ကျစ်စဉ်းလဲပြီဆိုသည့် အမည်းစက်တစ်စက်အဖြစ် အစွန်းအထင်းမခံလိုသည်မှာကျွန်ုပ်တို့၏သူရဲကောင်းစိတ်ဓာတ်၊ သူရဲကောင်းတို့၏သစ္စာပင် မဟုတ်ပါလော။

ဤကဲ့သို့ အင်းဝနရသိန်ထဲ ကျွန်ုပ်ရောက်ရှိရသည်မှာ ကျွန်ုပ်၏ ပေါ့ဆမှားယွင်းမှုကြောင့်သော်လည်းကောင်း၊ စစ်ရှုံးရန်သူ့ထံ အညံ့ခံဒူးထောက်၍သော်လည်းကောင်း နရသိန်ထဲသို့ ရောက်ရှိနေရခြင်းမဟုတ်ပါ။ သုရှင်ရာဇာဓိရာဇ်၏ ဟံသာဝတီသို့စစ်ပြန်လည်ရုတ်သိမ်းရာ၌ကျွန်ုပ်သည် နောက်ခံတပ်ဗိုလ်အဖြစ် အင်းဝတပ်အား ရှုပ်ရှုပ်ချွံချွံ တိုက်ရင်းချိုလင့်မထားသောအကြောင်းတစ်ခုကြောင့် အင်းဝစစ်သည်တို့၏ လက်ထဲသို့ ကျရောက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

"သေအောင်အန္တရာယ်မြင်လျှင်စည်းစိမ်သမ္ပတ္တိကိုစွန့်ရမည်၊ တပ်ကိုနတ်ပြန်ပြီးအရှင်မင်းကြီးသည် မုတ္တမသို့သွား၍သုံးလခန့် စံနေတော်မူပါ၊ ဇာတာတော်သန့်၍ အန္တရာယ် ကင်းသည့်အချိန်ရောက်လျှင် မင်းရဲကျော်စွာနှင့် စစ်ခင်းပါက မုချနိုင်ပါလိမ့်မည်"

တလွဲမြစ်နှင့် တလည်းဆီးတို့၌ ဘုရင်မင်းခေါင်၏ သားတော်-မင်းရဲကျော်စွာသည်တပ်အင်အားထုထည်နှင့် ဟံသာဝတီတပ်အား ချေမှုန်းရန် အဓိုင်အမာ စခန်းချနေစဉ် ဟံသာဝတီတပ်သည်လည်း တလည်းဆီးအောက်နားတွင် ရပ်နားတော်မူလျက်ရှိသည်။ ဟံသာဝတီသုရှင်ရာဇာဓိရာဇ်၏ဇာတာတော်အား ပုဏ္ဏားဟူးရားတို့ တွက်ချက်ကြည့်ရာ၌ ဇာတာတော် မသန့်သဖြင့် အင်းဝတပ်အား ဆက်လက်တိုက်ပါက မုချရှုံးလိမ့်မည်ကို ဟောကြားကြရာ သားတော်ကြီးဖြစ်သူ ဗညားကျန်းသည် ခမည်းတော် ရာဇာဓိရာဇ်အား အတန်တန် နားချလျှောက်ထားခြင်းဖြစ်သည်။ သုရှင်သည် သားတော်ကြီး လျှောက်ထားသည့်အတိုင်းတပ်ရုပ်လိုသော်လည်းရှိသော်လည်း တပ်ရုပ်ချိန်တွင်တပ်ချင်း

www.burmeseclassic.com

အလွန်နီးကပ်လျက်ရှိသော အင်းဝတံခါးကြီးမှ၍ လိုက်လာပါက ဟံသာဝတီတပ်ဖရီဖရဲနှင့် ပျက်သုဉ်းသွားလိမ့်မည်ကိုလည်း စိုးရိမ်တော်မူလျက် ရှိသည်၊ နောက်ဆုံးတွင် ဘုရင်သည် ရွာစစ်၏ ဝရိယာယ်ကို အသုံးချလျက် ကြည်းကြောင်းမှ အင်အားလုထည်ဖြင့် ဟန်ပြလျက် ရေကြောင်းအတိုင်းပင် ဆုတ်ခွာရန် ဆုံးဖြတ်ခဲ့သည်၊

ဤအစီအမံအတိုင်းပင် ညဦးနက်ပိုင်းချိန်သည်နှင့် ဘုရင်ရာဇာဓိရာဇ်သည် ဥပါဒ်ကောင်းမကောလျှံ၊ သမိန်အဝန်နိုင်တို့ တွင်တဲ့သော သူရဲနှစ်ယောင်၊ လေ့အစီးလေးဆယ်တို့ဖြင့် မြစ်ကြောင်းအတိုင်း ရန်ဆင်းသွားကြသည်နှင့်ကြည်းကြောင်းမှ ဆုတ်ခွာဟန်ပြရမည့်တပ်ကိုလည်း ညောာဘုန်းတာ ကြည်းတပ်ဗိုလ်မင်းအဖြစ်လည်းကောင်း၊ ရာဇမနုက ရှေ့ပြေးမင်းအဖြစ်လည်းကောင်း၊ ကျွန်ုပ်ကလည်း နောက်ခံတပ်မင်းအဖြစ်လည်းကောင်း ခေတ္တစခန်းချရာတဲနန်းတို့အား မီးတိုက်လျက် နည်းဗျူဟာကျနစွာ ဆုတ်ခွာခဲ့ကြပါသည်၊ သုရင်၏ ရွာစစ်ဝရိယာယ်ကို စိုးစဉ်းမျှ ရိပ်စားမိခြင်းမရှိသေးသော မင်းရဲကျော်စွာ၏အင်းဝတပ်ကြီးသည် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ် ကြည်းကြောင်းမှ အမှန်တကယ်ဆုတ်ခွာသွားပြီဟု ထင်သည်နှင့် သူ၏ ရေတပ်တော်ကြီးအား ကြည်းကြောင်းအဖြစ် ပြောင်းလဲစေပြီး ကျွန်ုပ်တို့နောက်သို့ တရကြမ်းလိုက်လာကြရာမှ ကျွန်ုပ်နှင့် ဗညားကျန်းတပ်တို့အား မီလာကာ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားကြပါတော့သည်၊

ကျွန်ုပ်သည် ဆင်ဖြူတော် ဆဒ္ဒန်ကို စီးလျက် မင်းရဲကျော်စွာ၏ အင်အားကြီးမားလှသော ရှေ့ပြေးတပ်အား သရဲသဘက်ကဲ့သို့ အတင်းဝင်ရောက် လုံးထွေးတိုက်ခိုက်ရာ ညအမှောင်ထဲဖြစ်၍ နှစ်ဖက်စစ်သည်များ အကျအဆုံးများသည်ကို တွေ့နေရသည်၊ ထိုသို့အသေအကြေ တိုက်ခိုက်ကြရင်းက ကျွန်ုပ် စီးသော ဆင်ဖြူတော် ဆဒ္ဒန်သည် တွင်းနက်ကြီးတစ်ခုထဲ ပြုတ်ကျသွားရာမှ ပြန်မတက်နိုင်တော့ခြင်းကြောင့် အင်းဝစစ်သည်များ ဝိုင်းဝန်းဖမ်းဆီးသဖြင့် ကျွန်ုပ်သည် အင်းဝ၏ အကျဉ်းသားသုံ့ပန်းအဖြစ် ရောက်ရှိခဲ့ရခြင်းပင် ဖြစ်သည်၊

သူရဲကောင်းများအား ချစ်မြတ်နိုးတတ်သော ဘုရင်မင်းခေါင်သည် ကျွန်ုပ်အား မည်ကဲ့သို့ပင် ကောင်းမွန်စွာ ထားရှိစေကာမူ အကျဉ်းထောင်ဟူသည်မှာ လူတစ်ယောက်၏ ကိုယ်စိတ်နှစ်ပါး လွတ်လပ်မှုမှန်သမျှကို ပခြုပ်ထဲ ရောက်ရှိနေသော ငှက်ကဲ့သို့ လှုပ်ချင်တိုင်း လှုပ်၍မရစေရန် စီရင်ထားခြင်းသာ ဖြစ်ပါသည်၊ ရွှေပခြုပ်၊ ပတ္တမြားပခြုပ်ထဲသို့ ထည့်ထားသည်ဆိုစေဦး စိတ်စေရာ ကိုယ်က လိုက်ပါခွင့် မရှိရုံသာမက မြင်ပလေတိုင်ပင် ရှုရှိုက်ခွင့်မရနိုင်သော ဘဝသည်မည်မျှပင်ပန်းဆင်းရဲလိမ့်မည်မှာ ပြောစရာပင် လိုလိမ့်မည်မထင်ပေ၊ ဤကဲ့သို့သော ဆင်းရဲဒုက္ခအပေါင်းကို ကျွန်ုပ် ခံစားရလျက်ရှိသည်မှာ ဆယ်နှစ်နီးပါးပင် ရှိခဲ့ပြီမဟုတ်ပါလော၊

⅄ ⅄ ⅄

တရုတ်တပ်ကြီး အင်းဝသို့ ချီတက်လာပြီဆိုသော သတင်းစကားသည် ကျွန်ုပ်ရှိရာ နရသိန်ထဲသို့တိုင် ပျံ့လွင့်လျက်ရှိပေပြီ၊

တရှောင်းပြည်မှ ကေရာဇ်မင်းသည်ပင် တရုတ်နိုင်ငံ၌ ထီးနန်းစည်းစိမ်သမ္ပတ္တိကို ခံစားနေရလျက်နှင့် အဘယ်သို့သောအကြောင်းကြောင့် အင်းဝသို့ စစ်ချီလာရသနည်း၊ တရုတ်နှင့် အင်းဝတို့ အချင်းများ၊ အငြင်းပွားကြသည့် သတင်းများလည်း ကျွန်ုပ် မကြားဘူးခဲ့၊ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ခဲ့မှ မင်းကေရာဇ်အချင်းချင်းစစ်ပွဲဖြစ်ပွားရန် အကျိုးကိစ္စရှိလိမ့်မည်မဟုတ်ပါ၊ ယခု တရုတ်တပ်ကြီး ချီလာရခြင်း၏ အကြောင်းရင်းကား အဘယ်သို့သော ကိစ္စဖြစ်မည်ကို ကျွန်ုပ် မတွေးတတ်အောင်ပင် ခံစားရလျက် ရှိပါသည်၊

"တရုတ်ကေရာဇ်မင်းဆီမှာ ကာမဏိလို့ခေါ်တဲ့ လူစွမ်းကောင်းတစ်ယောက် ရှိတယ်တဲ့၊ သူမတုအောင် လက်ရည်ကောင်းပြီး ဓားခုတ်၊ လှံထိုး၊ မြင်းစီးရာမှာ ပြိုင်ဘက်တင်းတဲ့သူလို့လည်း ပြောကြတယ်၊ ကာမဏိဟာ လူမဟုတ်၊ နတ်ဘီလူးလို့တောင် ပြောဆိုကြတာကွ"

နရသိန်စောင့် ရဲမက်တို့မှတစ်ဆင့် ကျွန်ုပ် ကြားနေရသော သတင်းစကားဖြစ်သည်၊ အဆိုပါတရုတ်လူစွမ်းကောင်းကာမဏိ၏ လက်ရည်အစွမ်းတို့ ကိုယ်တော်တိုင် စမ်းသပ်ကြည့်ရှုလိုသော စိနဘုရင်သည် မှူးမတ်များ၏ လျှောက်တင်ချက်အရ သူရဲကောင်း အလွန်ပေါများသည်ဆိုသော အင်းဝသို့ ချီတက်လာကာ ၎င်း၏ လူစွမ်းကောင်းကာမဏိနှင့် စီးချင်းထိုးမည့်ပြိုင်ဘက်အား ရှာဖွေသည်ဟုလည်း ဆိုကြပါသေးသည်၊





www.burmeseclassic.com

ကောရာဇ်မင်းတို့အတွက်မူ စစ်ပွဲဆိုသည်မှာ အရေးတကြီး ဆန်းကြယ်သော ကိစ္စတစ်ရပ် မဟုတ်ပေ။ စစ်အင်အားတည်ဆောက်ရာ၌ စိတ်ချနိုင်မှု ရရှိပြီဆိုလျှင်ပင် စစ်ထိုးရမည့်မြို့ဘက် နိုင်ငံများသို့အကြောင်းတစ်စုံတစ်ရာပြလျက် ထိုးစစ်ဆင်လေ့ရှိကြသည်မှာ ထုံးတမ်းစဉ်လာတဲ့သို့ဖြစ်နေပါသည်။ ဟံသာဝတီနှင့်အင်းဝတို့၏ရှည်ကြာလှပြီဖြစ်သည့် သူတစ်ပြန် ကိုယ်တစ်လှည့် စစ်ပွဲများကို ကြည့်လျှင်ပင် သိနိုင်ပါသည်။ ဓားနှင့် ဓားမိုးတို့ ကင်းကွာလျက်မရှိသလို ရှင်ဘုရင်နှင့် စစ်ပွဲသည်လည်း အမြဲတစေ နှီးနွှဲလျက်ရှိနေတတ်သော လက္ခဏာတစ်ရပ်ဟုပင် ဆိုရမည်လား မသိတော့ပေ။ ထို့ကြောင့်လည်း စိနဘုရင်သည် သူ၏လူစွမ်းကောင်း ကာမဏိ၏ လက်ရည်အစွမ်းတို့မျက်မြင်ကိုယ်တွေ့ကြည့်ရှုလိုခြင်းဖြင့် စစ်ချီလာသည်ကို ယုတ္တိတန်လှသော အကြောင်းပြချက်ဆိုကာ မှတ်ချက်ချ၍ရမည် မဟုတ်ပေ။ တိုက်ကြွက်ကောင်းရထားသောသူသည် မိမိတိုက်ကြွက်၏အစွမ်းကို သိလိုခြင်းကြောင့် နယ်လှည့်ဘက်ရှာ၍ ခွပ်လှည့်ပေးခြင်း ဥပမာနှင့် ခြားနားခြင်းမရှိဟု ဆိုပါက ပို၍မှန်ကန်လိမ့်မည် ထင်ပါသည်။

စိနဘုရင်၏ စစ်အင်အားသည် ကြောက်ခမန်းလိလိ များပြားလှသည်။ ဝဿန္တမိုးဥတုတွင် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် တောအလုံးကို ရေတွေဖုံးလွှမ်းသွားသလိုပင် ဖြစ်တော့သည်။ အထက်မှ အောက်သို့စီးဆင်းလာသော တောင်ကျရေအား တားဆီးမရသကဲ့သို့ စည်မောင်း၊ တံပိုး၊ ခရာသံများ သောသောညံလျက်ချီတက်လာသော တရုတ်တပ်ကြီးသည် ယနုဆိုလျှင် အင်းဝပြည်အနီး၌ပင် စခန်းချတပ် တည်ထားပြီးလျှင် ကျွန်ုပ်တို့၏အရှင် ဘုရင်မင်းခေါင်ထံသို့ လက်ဆောင်ပဏ္ဏာများနှင့်တကွ ရာဇသံပါ ပို့လိုက်ပြီဆိုပါသတော။ ရာဇသံထဲတွင် ကာမဏိနှင့် အင်းဝသူရဲကောင်းတို့ မြင်းစီး၍ တစ်ဦးချင်း စီးချင်းထိုးစေရမည်။ အကယ်၍အင်းဝဘက်က ရှုံးပါက အင်းဝပြည်အား ကြည်သာစွာဖြင့် သူ့လက်သို့ ပေးအပ်ရန်၊ အကယ်၍ သူ့လူစွမ်းကောင်း ကာမဏိရှုံးလျှင် ၎င်းတို့ တရုတ်တပ်ကြီးသည် နောက်ကြောင်းပြန်လှည့်မည်ဟု ဆိုထားသေးသကိုး။

နရသိန်စောင့် ရဲမက်အချင်းချင်း ပြောဆိုကြရာမှ ကျွန်ုပ်ကြားသိခြင်းများ ဖြစ်သည်။ ထို့ပြင် -

"ကျုပ်တို့ရဲ့အရှင် ဘုရင်မင်းခေါင်ဟာ ညီလာခံမှာ တရုတ်လူစွမ်းကောင်းနှင့် စီးချင်းထိုးဝံ့မည့်သူ ရှိသလောဟု မေးမြန်းတော်မူရာ မှူးမတ်ဗိုလ်ပါအားလုံးတို့ တုပ်တုပ်မျှမလှုပ်၊ ခေါင်းငုံ့ငြိမ်သက်နေကြတယ်လို့ဆိုပါတယ်။ ညီလာခံခဲတာနဲ့ အရှင်မင်းကြီးဟာ မြို့တွင်းသို့ မောင်းကြေးနင်း လှည့်ခတ်စေရာမှာ တရုတ်လူစွမ်းကောင်း ကာမဏိနှင့် စီးချင်းထိုး အနိုင်ရရှိသူကို မဟာဥပရာဇာ အရာသို့ ပေးသနားတော်မူမည်ဖြစ်ပြီး သမီးတော်နှင့်လည်း ထိမ်းမြားပေးမည် ဖြစ်တဲ့အကြောင်း ကြေညာသွားတာ ကြားရတယ်"

ရဲမက်တို့ထံမှ စစ်အကြောင်းစကားသံကြားရုံမျှနှင့် ကျွန်ုပ်၏ တစ်ကိုယ်လုံးရှိအကြောများ ပြိုင်းပြိုင်းထောင်ထလာကာ သွေးများပါ ဆူပွက်လာပြီးနောက် ကျွန်ုပ်ခြေလက်ဆန့်တန်း၍ရုတ်တရက် ထရပ်လိုက်ရာ ခြေအစုံ၌ခတ်ထားသော သံကြိုးချင်းအသံပင်လျှင် တချွင်ချွင်နှင့် ဆူညံသွားပါသေးသည်။

တရုတ်လူစွမ်းကောင်း ကာမဏိအား စီးချင်းထိုးဝံ့သော လူစွမ်းကောင်းများ အင်းဝတွင် တစ်ဦးမျှပင် မရှိတော့ပြီလော။ ရှိလျှင်လည်း ကာမဏိနှင့် စီးချင်းထိုးရာတွင် အနိုင်ရရှိရန်ဆိုသည်မှာ အလွန်တရာမလွယ်ကူလှဟု ကျွန်ုပ်ထင်သည်။ အဘယ်ကြောင့်ဆိုသော် အင်းဝသည် ဟံသာဝတီနှင့် အကြိမ်ကြိမ် စစ်ပွဲများ ဆင်နွှဲခဲ့ရာတွင် နစ်ပရိစ္ဆေဒ နည်းတော့သည်မဟုတ်ပေ။ ရှိသည့် သူရဲကောင်းအနည်းအကျဉ်းမျှတို့ကလည်း စစ်ပန်းကာ ဒဏ်ရာဒဏ်ချက် ဗရပွနှင့် လက်ရည်တုံ့စစ်ပန်းလျက် ရှိကြသည်မှာ သေချာသည်။ အစွမ်းထက်လှသော သူ့ရဲကောင်းများသည်လည်း အဓိပ္ပာယ်မဲ့လှသော စစ်ပွဲများ၌ ဇီဝိန်ကြွေကာ မြန်းတီးခဲ့ကြသည်မှာ မနည်းတော့။ ချိုကျိုး နားရွက်ပဲ့မျှသာ ရှိတော့သည့် သူရဲကောင်းအနည်းအပါးထဲတွင် ကာမဏိနှင့် စီးချင်းထိုးအနိုင်ယူရန် ဆိုသည်မှာ အိပ်မက်ထဲ၌ပင် လုံးဝဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။

အင်းဝဘုရင် မင်းခေါင်၏ အားအကိုးရဆုံး လက်ရုံးတစ်ဆူဟု ဆိုရသည် ဖြစ်သော သားတော်မင်းရဲကျော်စွာလည်း မရှိတော့ပြီ။ လွန်ခဲ့သော ဆယ်နှစ်နီးပါးခန့်ကပင် မင်းရဲကျော်စွာသည် သုရှင်ရာဇာဓိရာဇ်နှင့် ဆင်ချင်းစီးချင်းထိုးရာ၌ သေအရက်များ အလွန်အကျွံ သောက်သုံးထားခြင်းကြောင့် ချေနိုင်

www.burmeseclassic.com

ဆိုသော ဆင်ပေါ်မှကျပြီး ခါးကျိုးသွားရာမှ ဟံသာဝတီတပ်၏ လက်ရဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းဒဏ်ရာဖြင့် အနာသည်းကာ အနိစ္စရောက်ခဲ့ကြောင်း သတင်းကိုပင် နရသိန်ထဲမှနေ၍ ကျွန်ုပ် ကြားသိခဲ့ရပြီဖြစ်သည်။

ဗွေ့တွေ့တာလ၌ ဖြစ်ပေါ်နေသော အခြေအနေများအားသုံးသပ်ကြည့်မည် ဆိုလျှင် စိန့်ပြည့်ရှင် ကေရာဇ်မင်းသည် သူ၏လုစွမ်းကောင်းတာမဂ်္ဂနှင့် စီးချင်း ထိုးဝံ့သူမရှိပါက ကြွက်သားလေး စွန်သုတ်သကဲ့သို့ အင်းဝအားအလွယ်တကူ သိမ်းယူလိမ့်မည်မှာ သေချာသည်။ တိုင်းတစ်ပါး လက်အောက် ကျွန်သဘောက် ဘဝနှင့် ရဟန်း၊ ပုဏ္ဏား၊ ရှင်လူ ပြည်သူ အပေါင်းတို့သည် ကြီးစွာသော ပူပင်သောကဖြစ်ကြလိမ့်မည်မှာ ကေန်မလွဲပေ။ ထိုမျှမကသေးပါ၊ စိန့်ပြည့်ရှင် ကေရာဇ်မင်းသည် အင်းဝအား ရရှိရုံမျှနှင့် တင်းတိမ်အားရလိမ့်မည်မဟုတ်ဘဲ ဟံသာဝတီသို့တိုင် စုန်၍ စစ်ပြုလိမ့်ဦးမည်ကိုလည်း ထည့်တွက်ရပေဦးမည်။ အင်းဝသည် ဟံသာဝတီ၏မုခ်ဝသဖွယ် ဖြစ်နေသည်မဟုတ်ပါလော၊ သို့ဆိုလျှင်



"ချပ်ဝတ်တန်ဆာ အထပ်ထပ်နှင့် မျက်လုံးနှစ်လုံးသာ ပေါ်သည့် ခေါင်းဆောင်းကြောင့် မားချက် လုံချက်နေရာသို့၍ ရွေးတစ်စေ့မျှ မတွေ့ရသေး။ ထိုစဉ် ကျွန်ုပ်၏ လက်တလောအတွေးထဲ၌ တာမဂ်္ဂ ခြေပြောက်လက်ပြောက် ပြလာစေမည့် အကြံအစည်တစ်ခု ပေါ်လာပါသည်။

အင်းဝပျက်လျှင်ပင် ကျွန်ုပ်သည်လည်း ဟံသာဝတီသို့ မည်သို့မျှ ပြန်မရောက်နိုင်တော့ကြောင်းကို အလိုအလျောက် တွေးစားမိလိုက်ပါတော့သည်။

ကျွန်ုပ်သည် လောလောဆယ် အင်းဝနရသိန်ထဲသို့ ရောက်ရှိနေသော်လည်း ဟံသာဝတီ၏ သူရဲကောင်းဖြစ်သည်နှင့်အညီ လုစွမ်းကောင်း တာမဂ်္ဂအား ကြောက်ရွံ့ဖွယ်ရာအကြောင်း စိုးစဉ်းမျှမရှိပေ။ ကျွန်ုပ်သည် နရသိန်ထဲ၌ အချိန်ကာလကြာမြင့်စွာပင် ဒုက္ခဆင်းရဲခံစားနေရရာ ဆင်စီး၊ မြင်းစီး၍ ခြေလက်တို့ကို မဆန့်တန်းရသည်မှာလည်း ကြာလှပါပြီ။ တာမဂ်္ဂအား စီးချင်းထိုး၍ ကျွန်ုပ် အနိုင်ရရှိပါက အရှင်နှစ်ပါး၏အမှုတို့ ပခုံးနှစ်ဖက်ဖြင့် ထမ်းသလို ဖြစ်လာလိမ့်မည်။ စီးချင်းထိုးဝံ့သူမရှိ၍ အင်းဝအား ရရှိပြီးနောက် တရုတ်ကေရာဇ်၏ တပ်ကြီးဟံသာဝတီသို့ ဆက်၍စုန်မည်ကို ကျွန်ုပ် မလိုလားပါ။ ထို့ကြောင့် တရုတ်လုစွမ်းကောင်း တာမဂ်္ဂနှင့်မြင်းစီး၍ တစ်ဦးချင်း၊ စီးချင်းထိုးရန် ကျွန်ုပ် တာဝန်ယူမည်ဖြစ်ကြောင်း မင်းချင်းများထံဆင့် ဘုရင်မင်းခေါင်ထံ လျှောက်တင်ခိုင်းလိုက်မိပါတော့သည်။

ကျွန်ုပ်နှင့် တရုတ်လုစွမ်းကောင်း တာမဂ်္ဂတို့ မြင်းစီး၍ တစ်ဦးချင်း စီးချင်းထိုးရမည့်နေ့သို့ ရောက်ပေပြီ။

အင်းဝမြို့မုခ်ဝအရှေ့ဘက် တံခါးနားတွင် ကျယ်ပြန့်သော စစ်ကွင်းကြီးအား စီမံထားရာ ကွင်းတစ်ဖက်၌ မဏ္ဍပ်ကြီးများ၊ ဇရပ်ဆောင်များ ဆောက်လုပ်ကာ လှပတင့်တယ်စွာ တင်းတိမ်ကာခြင်း၊ ဗိတာန်မိုးခြင်း၊ အလံတံခွန်များ တလွှားလွှားဖြင့် အင်းဝပြည့်ရှင် ဘုရင်မင်းခေါင် ကိုယ်တော်တိုင်နှင့် မှူးကြီးမတ်ရာ သေနာပတိများ နေရာယူထားကြသကဲ့သို့ အခြားတစ်ဖက်၌လည်း စိန့်ပြည့်ရှင် ကေရာဇ်နှင့် သူ၏တပ်မင်းတပ်ဗိုလ်များက ခမ်းနားစွာ နေရာယူထားကြသည်တို့ တွေ့ရသည်။

စိန့်ဘုရင် တပ်တော်ဘက်မှနေ၍ ရွှေဖြင့်ပြီးသော ချပ်ဝတ်တန်ဆာအထပ်ထပ်ဝတ်ဆင်ထားလျက် မြင်းစီးချင်းထိုးရာ၌ အသုံးပြုသော လက်နက်များ လွယ်ပိုးကာ မြင်းကို အသားကျစီးပြီး ထွက်လာသော တာမဂ်္ဂသည် နေရောင်အောက်၌ ရွှေလူဝံကြီးတစ်ကောင်အလား ဖိတ်ဖိတ်တောက်ပလျက်။ တရုတ်တပ်ဘက်မှ အားပေးအော်ဟစ်သံများ တဝိုးဝိုးရာ

www.burmeseclassic.com

သံများ မိုးလုံးညံ့သွားသည်မှာ တော်ရုံနှင့် မစဲပေ။

ကျွန်ုပ်သည်လည်း မိန်ညို့ကြက်သွေးရောင်၊ ရွှေရည်ထိုးခါးစည်း၊ ရွှေဖြင့်မွမ်းမံထားသော ခေါင်းပေါင်းကို ပေါင်းလျက် ရွှေဆွဲကြိုး၊ ရွှေလက်ကြပ်၊ ရွှေတောင်ဝေးတောင်၊ နဝရတ်တိုးသွယ်လက်စွပ်တို့အားဝတ်ဆင်ထားပြီး ဓားရှည်ကိုလွယ်ပိုး လုံတိုတိုင်တာ နတ်စစ်သည်တစ်ဦးကဲ့သို့ ကွင်းလယ်သို့ ဝင့်စားစွာထွက်လာချိန်တွင် အင်းဝဘက်မှ အားပေးသံများသည်လည်း တော်လဲသံကြီးအလား မိုးပြိုလုမတတ် ဆူညံလျက်၊

ကျွန်ုပ်စီးသည့်မြင်းကလည်းအင်းဝတစ်မြို့လုံးမှ စိတ်ကြိုက်ရွေးချယ်ထားသော မြင်းဖြစ်ရုံသာမက အသားကျစွာလေ့ကျင့်စီးထားပြီးဖြစ်သောကြောင့် လူနှင့် မြင်းတို့ဝင်လျှင် စိတ်ချင်းဆက်သွယ်ကြလျက် ကျွန်ုပ် အလိုရှိသည့်အတိုင်း စေလိုရာစေရန်သာ ရှိပါတော့သည်။

လောလောဆယ် ကျွန်ုပ်အနေနှင့် အရေးတကြီး လုပ်ဆောင်ရမည့်ကိစ္စမှာ ငါးအခြေးခွဲပမာ သံချပ်တန်ဆာတို့ဖြင့် တာကွယ်ထားသော ကာမဏီ၏ ခန္ဓာကိုယ်တွင် ဓားဖြင့်ခုတ်၊ လှံဖြင့်ထိုးရမည့် အချက်အချာကျသော အားနည်းချက်နေရာအား ရှာဖွေရန်ပင် ဖြစ်သည်။ သို့သော် ချပ်ဝတ်တန်ဆာ အထပ်ထပ်နှင့် မျက်လုံးနှစ်လုံးသာ ပေါ်သည့် ခေါင်းဆောင်းကြောင့် ဓားချက်၊ လှံချက်နေရာဆို၍ ရွေးတစ်စေ့မျှမတွေ့ရသေး၊ ထိုစဉ် ကျွန်ုပ်၏ လက်တလောအတွေးထဲ၌ ကာမဏီ ခြေမြှောက်လက်မြှောက် ဖြစ်လာစေမည့်အကြံအစည်တစ်ခုပေါ်လာပါသည်။ ထို့ကြောင့် စီးချင်းမထိုးကြမီတွင် ပရိသတ်များ အားရကျေနပ်စေရန် အတွက် ဓားရေး၊ လှံရေးပြရင်းမြင်းစီး၍ ကစ်နပြကြရန် ကာမဏီအားတောင်းဆိုသည်ကို သူကလည်း သဘောတူခဲ့ပါသည်၊ ထိုသို့ နှစ်ဖက်သူရဲကောင်းနှစ်ဦးစစ်ရေးပြကြစဉ် ကျွန်ုပ်သည်ကာမဏီ၏ ချိုင်းကြားနှစ်ဖက်၌ ချပ်ကြိုးအဆက်ပြတ်၍ ဟနေသည့် နေရာကို လည်းကောင်း၊ သူ၏လည်ကိုအထက်သို့မော့၍ ကစဉ်လျော့ရဲလျက်ရှိသော ချပ်ကြိုးများကိုလည်းကောင်း စွဲမြဲစွာ မှတ်သားထားလိုက်ပြီး ဖြစ်ပါသည်။

စီးချင်းထိုးပွဲစသည်နှင့်ကာမဏီ၏မြင်း မောပန်းကာ ခြေကျလာစေရန်အတွက် ပရိယာယ်အမျိုးမျိုး အသုံးပြုလျက် ရှောင်တိမ်းယောင်ပြပြီး ကျွန်ုပ်၏မြင်းအား ကြောက်ရွံ့ဟန် နောက်ပြန်၍ ဒိုင်းဝိုင်းပြေးစေခြင်း၊ တစ်ဖန် ရုတ်ချင်းလှည့်လာသူအားအပြင်းအထန်ထိုးခုတ်တော့မည့်ဟန်ဖြင့် ဝက်ခေါင်းတိုးစီးဝင်ရာမှ အနားရောက်သည်နှင့် စစ်ကွင်းအား ပတ်၍ ရှောင်ပြေးခြင်းများကို အကြိမ်ကြိမ် လုပ်လိုက်သည်နှင့် ကာမဏီ၏ မြင်းသည် အင်အားလျော့လာသလို ကာမဏီ၏ဒေါသသည်လည်းအဆုံးစွန်အထိ မြင့်မားလာကြောင်း သတိထားလိုက်မိသည်။

သူ၏သံမဏီရောင် တောက်ပလျက်ရှိသော တရုတ်ဓားပြားကြီးအား လေထဲ တဝင့်ဝင့်မြှောက်လျက် ကျွန်ုပ်ထံ ဦးတည်လာချိန်တွင် ကျွန်ုပ်သည်လည်း လှံကိုလေထဲမြှောက်ကစားရာမှ သူ့အား ရင်ဆိုင်ထိုးရန် အဟုန်ပြင်းစွာ မြင်းကို စီးဝင့်လိုက်ပါသည်။ အဖြစ်အပျက်မှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှပင် ကြာလိမ့်မည်မထင်ပေ။ ဓားပြားကြီးအားခုတ်ပိုင်းရန် ကိုင်မြှောက်ထားသော ကာမဏီ၏ ချိုင်းကြားနေရာ ချပ်ကြိုးအဆက်ပြတ်လျက်ရှိသော ထိုးကွက်ကျဉ်းကျဉ်းအကွက်ကလေးထဲ ကျွန်ုပ်၏ လှံများကို စွံ့ခနဲ ထိုးသွင်းလိုက်ရာ သူ၏ကိုယ်ကြီး ဟန်ချက်ပျက်၍ တစ်ဖက်သို့ စောင်းကျလာစဉ် လည်ဝင်းနေရာအား တိခနဲ ခုတ်ပိုင်းပြီး ထက်ပိုင်းပြတ်ကျလာသော ကာမဏီ၏ဦးခေါင်းမြေသို့ မရောက်မီ သံချွန်းဖြင့် ဈိတ်ယူလျက် သံခြင်းထဲသို့ ထည့်လိုက်ပြီးသား ဖြစ်သွားပါတော့သည်။

ခန့်ပေါက်အော်ဟစ်အားပေးလျက်ရှိသော အင်းဝစစ်သည်ရဲမက်တို့၏အသံများသည် စစ်ကွင်းတစ်ခုလုံးလျှံတာဝက်ဝက်ကွဲမျှ ဆူညံလျက် ရှိသည်။ ကျွန်ုပ်သည် မြင်းပေါ်မှ ဆင်းလျက် ကာမဏီခေါင်းပြတ်ကြီးထည့်ထားသော သံခြင်းအား အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်၏ ခြေတော်ရင်းသို့ ဆက်သနေစဉ်မှာပင် စိန့တေရာဇ်မင်းသည်လည်း ခတ္တိယမင်းပီပီ သူ၏ကတိသစ္စာအတိုင်း တရုတ်တပ်ကြီးအား နောက်ကြောင်းပြန်လှည့်စေလျက် ချက်ချင်း ချီတက်တပ်ဆုတ်သွားပြီဖြစ်ပါသည်။

"ငါ၏ အင်းဝနိုင်ငံသည် စိန့ဘုရင်ခြေဖဝါးအောက်၌ မှုန့်မှုန့်ညက်ညက်ကြေမွပြီး ရတနာ့ရှင်လူ ပြည်သူတို့၏မျက်ရည်၊ သွေး၊ အသက်တို့ မြေသို့ မသက်စေရန်အတွက်ကယ်ခဲ့သည်

www.burmeseclassic.com

မှာ တစ်ဦးတည်းသော သူရဲကောင်းသခိန်ဇရမ်းပင်ဖြစ်ပေတော့သည်။ ငါ၏ထီးဖြူနန်းလျှာ တည်တံ့ခိုင်မြဲအောင်လည်း သခိန်ဇရမ်းတစ်ဦးတည်းကသာ ဖွမ်းဆောင်ပေးနိုင်ခဲ့သည်မှာ အထင်အရှားပင်ပေတည်ပါလော။ ဤမျှကြီးမြတ်မှာ ရှုန်းစားအတွက်ဆောင်ပေးခဲ့သော သခိန်ဇရမ်းအား ငါသည် ငါပေးထားသောပေါ်သမိုင်းငါ၏ရာဇဓိတာသမီးကညာကို အစ်နှင်း၍ မဟာဥပရာဇာအဖြစ် ထားတော်မူသည်"

တရှုတ်တပ်ကြီး ဆုတ်ခွာသွားပြီးသည့်နောက်တစ်နေ့၌ပင် အင်းဝဘုရင်မင်းခေါင်သည် ညီလာခံကျင်းပလျက်ကျွန်ုပ်အား ရိုးမြင့်မြောက်စားမည့် သူ၏ကတိအတိုင်း ဝမ်းမြောက်ဝမ်းသာ မိန့်ကြားခဲ့ပါသည်။ မင်းမှာသစ္စာရှုမှာကတိတောနှင့်ညီပါစေ့တော့သာ ဆိုရပေတော့ည်။ သို့သော် ကျွန်ုပ်သည် ဟံသာဝတီသို့ ပြန်ရောက်လိုသည့်ဆန္ဒမှတစ်ပါးဘုရင်မင်းခေါင်မြှောက်စားသည့်ယသသဝတ္တိအား လိုလားသည်မဟုတ်ပေ။ ရင်းမြင်အင်းဝနိုင်ငံကြီး တည်တံ့ခိုင်မြဲစေလျက် ကိတ္တိယသသကျော်စောခြင်းဖြင့်အေးငြိမ်းစေလိုသည်သာမက မြို့သူမြို့သား ရဟန်းပုဏ္ဏားများအားလုံး ချမ်းသာသုခနှင့် ပြည့်စုံစေလို၍သာ ဖြစ်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဘုရင်မင်းခေါင်သည် ကျွန်ုပ်အား ဟံသာဝတီသို့ပြန်လွှတ်လိမ့်မည်မဟုတ်ပေ။ အင်းဝနှင့် ဟံသာဝတီစစ်ပွဲများ မပြီးဆုံးသေးခြင်းဖြစ်ရာ ကျွန်ုပ်ကဲ့သို့ သူရဲကောင်းတစ်ဦး ဟံသာဝတီသို့ ပြန်လည်ရောက်ရှိသွားပါက နောင်လာမည့်စစ်ပွဲများတွင်အင်းဝဘက်မှ အရေးတော်မသာနိုင်သည်ကို ဘုရင်မင်းခေါင် နားလည်ထားလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။

"ခတ္တိယမင်းတစ်ပါးဖြစ်သည့် ငါသည် အသက်ထက် သစ္စာကို အဆတစ်ရာမက ချစ်သည်။ မဟာဥပရာဇာအရာနှင့် ငါ့သမီးကညာကို ဆုလာဘ်အဖြစ် မင်းကိုပေးမည်ဟု ငါ နှုတ်ကတိရှိခဲ့သည်။ မင်းလက်မခံလိုသည်ကိုအဲ့သော်လည်း ငါ့ကတိကို မပျက်ပါစေနှင့်။ နောင်တွင် ပြည်သူပြည်သားများက သခိန်ဇရမ်းသည် အင်းဝနိုင်ငံ၏ ထီးဖြူနန်းလျှာကိုတည်တံ့ခိုင်မြဲစေရန် တာဝန်ယူ၍ စစ်ထိုးခဲ့သော်လည်း မည်သည့်ဆုလာဘ်မျှ မခံစားရပါတကားဟု၍ စောဒနာစကား ပြောကြားကြပေလိမ့်မည်။ ထိုအခါ သူပုန်သူကန်ထ၍သော်လည်းကောင်း၊ စစ်မက်ဖြစ်ပွား၍သော်လည်းကောင်း ရန်သူကို တာဝန်ယူ နှိမ်နင်းပေးမည့် သူရဲကောင်းရဖို့ ခက်ရှေတော့မည်"

အင်းဝပြည့်ရှင်၏ကတိစကားသည် ကျွန်ုပ်၏ အလိုဆန္ဒနှင့် မည်ကဲ့သို့ပင်ဆန့်ကျင်နေစေကာမူ အကြောင်းပြချက်တို့ ခိုင်လုံလျက်ရှိခြင်းကြောင့် ကျွန်ုပ်လုံးဝငြင်းဆန်နေလျှင်လည်း အကျိုးရှိမည်မဟုတ်တော့ပေ။ ထွက်ပြေးပြန်လျှင်လည်း ကျွန်ုပ်၏ သစ္စာတရား ပျက်ပြားပေလိမ့်မည်မဟုတ်ပါလော။

"အရှင်မင်းကြီး၏နှုတ်ကတိအတိုင်း ကျွန်ုပ် နာခံပါတော့မည်၊ အရှင်မင်းကြီးထံမှ ခြွင်းချက်နှစ်ရပ်ကို ကျွန်ုပ် တောင်းခံလိုပါသည်၊ ပထမအချက်သည် ကျွန်ုပ်သည် တစ်ပါးနိုင်ငံသား ဖြစ်ရုံသာမက အင်းဝနရသိန်စံ အကျဉ်းသား ဖြစ်ခဲ့ဖူးသည်ကို ဖိနှိပ်လို၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်အား "ကျွန်" ဟု မခေါ်စေရ၊ ယင်းသို့ ကျွန်ုပ်အား "ကျွန်" ဟူ၍ ခေါ်သံကြားရပါကျွန်ုပ်သည်ဟံသာဝတီသို့ အလိုအလျောက် ပြန်နိုင်ခွင့် ရှိစေရည်၊ ဒုတိယအချက်သည် မည်သည့်အချိန်ကာလမဆိုအင်းဝသို့ရာဇဓိရာဇ်သည် စစ်ချီလာခဲ့ပါမူ ကျွန်ုပ်သည် မည်သည့်ဘက်ကိုမှ စစ်မပြုလိုပါ၍ကြားနေခွင့်ပြုနိုင်စေရမည်..."

ကျွန်ုပ်၏ တောင်းဆိုချက်နှစ်ရပ်အား အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်သည်အသာတကြည်ပင်သဘောတူခွင့်ပြုတော်မူသဖြင့် နိုင်ငံချင်းမတူ၊ ဘာသာစကားချင်း ကွဲပြားလျက်ရှိသော ကျွန်ုပ်သည်အင်းဝနိုင်ငံ၏မဟာဥပရာဇာအရာ၌ ဘုရင်မင်းခေါင်၏ သမီးကညာ ရာဇဓိတာနှင့် ထိမ်းမြားလျက် စည်းစိမ်သမ္ပတ္တိများ ခံစားနေရုံသာ ရှိပါတော့သည်။

⅄ ⅄ ⅄

စစ်ပွဲများ မရှိတော့ပြီးနောက် ငြိမ်းအေးချမ်းသာလျက် ရှိခြင်းကြောင့်ရတနာပူရအင်းဝပြည်ကြီးသည်သာကောရဟန်းပုဏ္ဏားတိုင်းသူပြည်သားတို့သုခချမ်းသာအဝဝကိုခံစားလျက်ရှိကြသကဲ့သို့ ကျွန်ုပ်သည်လည်း အင်းဝပြည့်ရှင်ရွှေနန်းသခင် ဘုရင်မင်းခေါင်၏ သမီးတော်နှင့် ပေါင်းသင်းလျက်မဟာဥပရာဇာအဖြစ် စည်းစိမ်များ ခံစားလာခဲ့သည်မှာ သားယောက်ျားတစ်ပါးပင်မွေးထွန်းကားခဲ့ချေပြီ။

www.burmeseclassic.com

ဘုရင်မင်းခေါင်သည် မြေးတော်အားအလွန်ချစ်ခင်တော်မူပါသည်။ မြေးတော်အား ကိုယ်တော်တိုင် ချီပိုးလျက် အဝတ်တန်ဆာအမျိုးမျိုးပေး၍ ဆင်မြန်းစေတော်မူသည်။ မြေးတော်လေး အသက်တစ်နှစ်ပြောက်၍လမ်းလျှောက်တတ်စအရွယ်၌ ဘုရင်မင်းခေါင်သည် မြေးတော်ကိုချီလျက် ညီလာခံ ထွက်လေ့ရှိသည်အထိ ချစ်မြတ်နိုးတော်မူပါသည်။

ညီလာခံတစ်နေ့၌မြေးတော်သည် တလေးအရွယ်သာဖြစ်၍ လူကြီးသူမ မှန်လည်း မသိသေး၊ စကားလည်း နားမလည်၊ ဘိုးတော်၏ ပေါင်ပေါ်ထိုင်ရင်း အငြိမ်မနေဘဲဆော့ကစားရာမှဘိုးတော်၏ဝန်းတစ်ဖက်ကို ကိုင်၍ထကာ အခြားလက်တစ်ဖက်ဖြင့် ဘိုးတော်၏ ဆံတောအားကိုဆောင့်ဆွဲလိုက်သည်မှာမြန်ဆန်လှသည်။ ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရုတ်တရက် နာကျင်သွားဟန်တူသော ဘုရင်မင်းခေါင်၏ နှုတ်တော်မှ စကားသံ လွှတ်ခနဲ ထွက်သွားသည်ကို ညီလာခံတစ်ခုလုံးကောင်းစွာကြားလိုက်ရပါတော့သည်။

"ဟယ် - စိတ်ကြမ်းခက်ထန်သည့် ဒီကျွန်သားကတော့ ကြာလျှင် မင်းရဲ့ကျော်စွာ၏နေရာကို ယူဦးတော့မည်ဗဲ"

ဘုရင်မင်းခေါင်၏ နှုတ်တော်မှ "ကျွန်" ဆိုသောစကားတစ်လုံး ရုတ်ခြည်း ကြားရသည်ဆိုလျှင်ပင် အပါး၌ ခစားလျက်ရှိသော ကျွန်ပ်၏ ရင်ထဲ ဝမ်းနည်းသလိုခံစားမိလိုက်သည်။ တစ်ဖက်မှ ကြည့်လျှင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖွယ်ရာဆိုလျှင် မှားမည်မဟုတ်ပေ။ ကျွန်ုပ်တောင်းဆို၍ဘုရင်မင်းခေါင် နှုတ်တော်မှ ကတိပေးခဲ့သော အချက်နှစ်ရပ်အနက်မှ ပထမအချက်အား သူ ဖောက်ဖျက်သကဲ့သို့ဖြစ်သွားပြီကိုး။ သို့ဆိုလျှင် ဟံသာဝတီသို့ အလိုအလျောက် ကျွန်ုပ် ပြန်ခွင့်ရသလိုပင် ဖြစ်သွားပြီဟုသာ ဆိုရပေတော့မည်။

ဟံသာဝတီသို့ပြန်ရန် လမ်းစ ပေါ်လာပြီဖြစ်သော်လည်း သံယောဇဉ် ငြိတွယ်ပြီဖြစ်သော မင်းသမီးနှင့် သားငယ်တို့ကို ရာသက်ပန် ခွဲခွာရတော့မည်ဖြစ်၍ဝမ်းနည်းသလိုလိုပင်၊ သို့သော်အင်းဝ နရသိန်ထဲ ရောက်ရှိရိန်မှစ၍ ကျွန်ုပ်ကြံရွယ်သောဟံသာဝတီသို့ပြန်ရန်ဆိုသည့် ဆန္ဒသည် အလိုအလျောက် ပြည့်ဝလာပြီဖြစ်ရာ သာမက သစ္စာတရားနှင့်ပတ်သက်လျှင် ဆံချည်တစ်မျှင်မျှ ရွေ့လျားဖောက်ပြားခြင်းမရှိစကောင်းသောသူရဲကောင်းတို့၏ စိတ်အင်အားက ကျွန်ုပ်အား ဆောင်းဆိုခဲ့သည့် ကတိစကားအတိုင်း ဟံသာဝတီသို့ ပြန်ရန်သာ တိုက်တွန်းနေသကဲ့သို့ ရှိပေပြီ။

▲ ▲ ▲

အလွန်မှောင်မိုက်သောလှသုတိတ်ဆိတ်ရိန် ညကာလဖြစ်သည်။ သူရဲကောင်းတို့၏ဝတ်ရုံကို ဆင်မြန်းထားသော ကျွန်ုပ်သည် လုံ၊ ဓားတို့ကိုလွယ်ပိုးလျက် ကာမဏိနှင့် စီးချင်းထိုးရာတွင် ကျွန်ုပ်စီးသောမြင်းနီမန်ကျည်းစေ့ရောင်ကို ရွေးကာကြိုး ဆင်လိုက်ပါသည်။ အင်းဝဘုရင်မင်းခေါင်နှင့် ကျွန်ုပ်၏ ချစ်မယားတို့အတွက် စာတစ်စောင်စီရေးသားကာ ထားခဲ့ပြီးဖြစ်သဖြင့် ညဥ့်နက်၍ လူခြေတိတ်ဆိတ်ရိန်တွင် မင်းသမီးနှင့် သားတော်လေးတို့ အိပ်မောကျနေကြစဉ် ကျွန်ုပ်သည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ မြို့ပြင်သို့ အပြင်းနှင်ခဲ့ရပါတော့သည်။ မြင်းနောက်၌လွင့်မျောကျန်ရစ်ခဲ့ကုန်သော ဖုန်မှုန့်လုံးကြီးများနည်းတူ ကျွန်ုပ်၏ သံယောဇဉ်အငွေ့အသက်များသည်လည်းတဖြည်းဖြည်းလွင့်ပြယ်ကွယ်ပျောက်သွားလိမ့်မည်မှာ စေ့န်မလွဲတော့ပေ။ ။

(ဝန်ခံချက်။ ။မွန်ယဉ်ကျေးမှုအထောက်တန်းအရာရှိ နိုင်ပန်းလှုတည်းဖြတ်ပြီး မြန်မာနိုင်ငံတော် သုတေသနအသင်းမှ ၁၉၅၈ - ခုနှစ်တွင် ထုတ်ဝေသည့် "အကြိုကမြဲလွိရာဇာဓိရာဇ်" မှ ကောက်နုတ်ဘာသာပြန်၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ။စာရေးသူ)

⇨ မင်းရွှေသိန်း (ခင်းကျွန်း)

## နားကိုက်

- မြန်မာကုက္ကိုရွက်ကို အရည်ညှစ်၍ မီးဖြင့် နွေးပြီး နားတွင် ထည့်ပါ။
- တောင်မရိုးအစေးကို နှမ်းဆီဖြင့်ရော၍နားကျပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# အိုင်အိုကျော်စိန်ပင်းနဲ့ တကာတော့စိန်မှောင်

ကျော်မြင့်ကျော်



မသမာသူတစ်စုက ပြည်ပ ထွက်မည့်သင်္ဘောတွင် စိန်များကို ခိုးထုတ်ရန် ဉာဏ်နီဉာဏ်နက် ကြံစည်၍ လှုပ်ရှားသော်လည်း နောက်ဆုံးတွင် ..

ရာဇဝင်လူဆိုးတစ်ယောက်မှာ ထူးခြားတဲ့စရိုက်လက္ခဏာတွေရှိသလိုသူ့နောက်ကို လိုက်တဲ့စုံထောက်တွေမှာလည်း အလားတူစရိုက်လက္ခဏာတွေ ရှိမှာပဲ၊ ရှိကြတာပဲ၊ ပိုချင်တောင် ပိုဦးမယ်ဆိုတဲ့ ဒဿနဆိုင်ရာတွေးတောချက်တစ်ခုကို အရှိန်ပိုရှိခဲ့လို့ တွေးတောစဉ်းစားခဲ့မယ်ဆိုရင် ဒါက စိတ်ဝင်စားဖို့ကောင်းပါတယ်။

နှစ်ဦးနှစ်ဖက် ဉာဏ်ပြေးတာချင်း အတူတူ၊ ဥပဒေဘက်တော်သားတွေမှာတော့ ဖြတ်ထိုးဉာဏ် ပိုပြီးပြေးရပါတယ်။ ဒီမှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တာတွေထက် ပိုတဲ့ တခြားထူးခြားတဲ့အခြေအနေတွေလည်း ရှိပါတယ်၊ သူတို့မှာ နာမည်တွေ၊ မျက်နှာပြင်တွေ၊ အကျင့်စရိုက်တွေ အတွက်တင် အကန့်အသတ်မဲ့ မှတ်ဉာဏ်တွေ ရှိရမှာ မဟုတ်ပဲ၊ တောက်တိုမည်ရ သူတို့ ဦးနှောက်ထဲ ဝင်လာတာတွေနဲ့ပတ်သက်လို့လည်း မှတ်မှတ်သားသား ရှိရမှာ ဖြစ်ပါတယ်၊ ဆိုလိုတာက



www.burmeseclassic.com

www.burmeseclassic.com

တော့ဘာကိုမှနမော်နမဲ့သဘောမထား ခဲ့ပါဘဲ၊ ဘာမဟုတ်တဲ့ တောင်ပို့လေး တစ်ခုတတောင်ကြီးတစ်လုံးစာလောက် မြင်သာနာတတ် သွားတတ် တာတွေ လည်း ရှိပါတယ်၊ နာရီ(၆၀)လောက် တွေ့ကြုံလာခဲ့ရသမျှတွေအပေါ် (၆) ဆယ့်နှစ်လောက်အတွင်း ဆုံးဖြတ်ချက် ချတတ်သူလည်း ဖြစ်ဖို့လိုပါတယ်၊ အောက်မှာ ရေးပြထားတဲ့ ဇာတ်လမ်း လေးကို ဖတ်ကြည့်ကြရအောင်…၊

ᐃ ᐃ ᐃ

"တတ်တူးစိန်မောင်" ဆိုတာက အထက်မှာ ရေးခဲ့တဲ့ အရည်အချင်းတွေ ထဲက အနည်းဆုံး တစ်ချက်လောက်နဲ့ တော့ကိုက်ညီသူဖြစ်ပါတယ်၊ သူ့နာမည် တစ်ိန်မောင်၊ ဒါပေမဲ့ - လက်မောင်းတွေ၊ လက်ချံတွေမှာ ဆေးမင်ကြောင်ရုပ်တွေ ထိုးထားတာကြောင့် သူ့ကို "တက်တူး စိန်မောင်" လို့ ခေါ်ကြတာ များတယ်၊ ("တက်တူး" ဆိုတာ ခုခေတ်ကျမှခေတ် စားတယ်လို့ ထင်ရပေမယ့် ဟိုအရင် ကတည်းက ရှိခဲ့ပါတယ်၊ ဆေးထိုးရာမှာ ရှေးရိုးနည်းနဲ့ ခေတ်မီနည်း ကွာတာ လောက်ပဲ ရှိပါတယ်၊ အဲဒီအချိန်က "တက်တူး" ထိုးတဲ့လူအနေလောက်မများ သေးပါဘူး၊ စကားချပ်) သွားလေရာ ရောက်လေရာအရပ်မှာ မိတ်ဆွေ အပေါင်းအသင်းထားတတ်သူဖြစ် တယ်၊ ရန်ကုန်မှာသာမက နယ်တွေမှာ လည်းသူ့အပေါင်းအသင်းတွေရှိတယ်၊ သူက ရန်ကုန်မြို့ထဲက မထင်မရှားရပ် ကွက်တစ်ခုမှာ နေတယ်၊ ဒါက မထူး ဆန်းပါဘူး၊ သူ့အထာနဲ့ သူ ပေါ့၊ နေလောင်ထားတဲ့မျက်နှာ၊ ပြာနမ်းနမ်း မျက်လုံးနဲ့ ခပ်ပျော့ပျော့နေတတ်တဲ့သူ တစ်ယောက်၊ လူတွေရဲ့မျက်စိအောက် ကနေ မကြာခဏ ပျောက်ပျောက်သွား တတ်ပြီး လူဆိုးကြီး "မိုးမောင်" ဆိုတာ ကိုအားကျလို့လားမသိ "စိုးမောင်" ဆိုတဲ့ နာမည်နဲ့ ရံဖန်ရံခါ ဥပဒေချိုးဖောက် တတ်သူတစ်ယောက်ရယ်လို့ မသိကြ တာကတော့အတော်ထူးဆန်းပါတယ်၊ အဘိုးကြီး ချာလီဆိုရင် သေရာပေါက် မသိတဲ့အထဲမှာ ပါတယ်၊

တစ်နေ့ စိုးမောင်ပဲပြောပြော၊ စိန် မောင်ပဲပြောပြော အဲဒီလူက ရွှေဘုံသာ လမ်းထဲမှာအချိန်မြန်းဖို့ရောက်နေခိုက် ဦးချာလီရဲ့အလုပ်ခန်းထဲမှာစကားပြော ပြောရင်း အချိန်ဖြုန်းဖို့အကြံနဲ့ ဝင်သွား တယ်၊ အကြံအဖန်တစ်ခုတစ်ခု လုပ်လို့ ရင်လည်း လုပ်မယ့်သဘော၊ ဦးချာလီ ရဲ့အလုပ်ခန်းထဲ ဝင်သွားရင် ဘာပဲပြော ပြော တစ်စုံတစ်ခုတော့ ထူးထူးခြားခြား သိရမှာပဲဆိုတာကို သူက သိနေတယ်၊

အလုပ်ခန်းထဲ ရောက်တော့ ဦးချာလီက -

"ဒီနေ့ ဒီကာလတွေမှာ ငါ့မှာ လုပ် ရာအလုပ် သိပ်မရှိလှဘူးကွာ" လို့ သူ့ရဲ့ မျက်မှန်ကိုင်းကိုသုတ်ရင်း ပြောလိုက် တယ်၊ "ဒီနေ့ကာလမှာ ဘယ်သူကမှ တန်ဖိုးကြီးတဲ့ ကျောက်မျက်အစစ်တွေ နဲ့ မလုပ်ကြတော့ဘူး၊ ဒါကိုကြည့်၊ ဒီအလုပ်နဲ့တင် အချိန်အတော်ကုန်သွား တယ်"

သူက အရောင်တောက်နေတဲ့ စိန် ကြိုးတစ်ကုံးကို လုပ်နေတယ်၊ တောက် တောက်ကွေ့ကွေ့ ငွေကြိုးထဲမှာ စိန်ကို မြှုပ်ထားတယ်၊ ကြိုးအဆုံးမှာ အုံးသြ ဖွယ်ရာစီခြယ်ထားတဲ့နှလုံးသားပုံလည် ဆွဲတစ်လုံး ထည့်ထားတယ်၊ မြင်လိုက် ရတဲ့မြင်ကွင်းက ဒုစရိုက်သမားတစ် ယောက်အဖို့ လှယက်ချင်စရာ၊ သွားရေ ယိုစရာပဲ၊ ဒီလိုအဖြစ်မျိုးကို "တက်တူး စိန်မောင်" တို့က ကျွမ်းကျင်ပြီးသား၊ ဒီအတွက်ကြောင့်လည်း ဦးချာလီရဲ့ အလုပ်ခန်းထဲကို လာခဲ့တာ ဖြစ်တယ်၊

ဦးချာလီရဲ့အလုပ်ခန်းဆိုတာက ရွှေဘုံသာလမ်းထဲက သေးသေးမှောင် မှောင်ဆိုင်ခန်းကျဉ်းလေး၊ သူ့ရဲ့လက်ရာ မြောက်လှတဲ့ကျောက်မျက်ရတနာတုပ ပြုလုပ်မှုတွေကြောင့် ရန်ကုန်တစ်မြို့လုံး မှာ လူသိများနေခဲ့တာဖြစ်တယ်၊ ငွေဝန်း ထိမ်၊ ရွှေပန်းထိမ်ဆရာတစ်ယောက် အဖြစ်နဲ့ အမြဲအလုပ်ရှုပ်နေသူဖြစ်တယ်၊ သူ့လက်ရာတွေကြောင့် ရွှေဘုံသာလမ်း က ရတနာကုန်သည်တွေကြားမှာ ရေ ပန်းစားခဲ့တာဖြစ်တယ်၊ တစ်ခါတစ်ရံမှာ အဖိုးတန်လှတဲ့ ကျောက်မျက်တွေ အရောင်တောက်တောက်ပပနဲ့ သူ့ရဲ့ရှာ ဖုံးထဲမှာ ရှိနေတတ်တယ်၊

အဲလိုကျောက်မျက်ရတနာတွေဆို ရင် စုံထောက်တစ်ယောက်ရဲ့ မျက်စိ အောက်မှာတင် အလုပ်လုပ်ရတာဖြစ် တယ်၊ ပွဲလမ်းကြီးတွေမှာ သိပ်ကို အဖိုး တန်တဲ့ ကျောက်မျက်တွေနဲ့ ပွဲထုတ်ရ တော့မယ်ဆိုရင် ဦးချာလီဆီမှာ အဲဒါမျိုး တစ်ထေရာတည်းတူတဲ့ ပစ္စည်းတစ်ခု လုပ်ပေးဖို့အလုပ်အပ်လေ့ရှိကြပါတယ်၊ သေးသေးဖွဲ့ဖွဲ့ လူမှုရေးပွဲလမ်းတွေမှာ ဥစ္စာဓနကြွယ်ဝတဲ့မင်းဆိုးရာဇာတတော် တွေက သူတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မှုရင်းရတနာပစ္စည်းတွေကိုသိမ်းတာ စီခဲ

www.burmeseclassic.com

သေတ္တာထဲမှာ လုံလုံခြုံခြုံ သိမ်းထားပြီး ဦးရာလီရဲ့လက်ရာတွေကို ဝတ်စားပြီး အတင့်ရဲစွာနဲ့ ပွဲလမ်းတက်တတ်ကြပါတယ်။

"မြနန်းနွယ်ကြိုး" ကို ဦးရာလီက အတင့်ရဲစွာ ချောက်ပြီး အံဆွဲထဲ ပြန်ထည့်လိုက်တယ်။ လွန်ခဲ့တဲ့တစ်လလောက်က ဆန်စက်သူဌေးကြီး ဦးဘောဝ လာအပ်သွားတာ။ ပြီးခါစပဲ ရှိသေးတယ်။ သူလည်း ကြောခင်က ခေါ်လီခံလိုက်ရတယ်။ ကျုပ်ကိုအပ်တော့ ကြိုတင်ငွေ (၂၅၀)ကျပ်တော့ လက်ခ စရန်သဘော ရလိုက်ပါတယ်။ ဒါတို့ စောင့်ကြည့်နေရတာကလည်း ကျုပ်အတွက်ဒုတ္ခပဲ။ လည်ဆွဲကတခြား ဝရွှည်းတွေနဲ့ ရောပြီး ရောင်းပြီးသား။ ဘယ်သူဝယ်တာလဲ၊ ကျုပ်လက်ရာကို သူလိုချင်းသလား၊ အဲဒါတော့ ကျုပ်မသိဘူး။

"တက်တူးစိန်မောင်" တစ်ဖြစ်လဲ "စိုးမောင်" ရဲ့အတွေ့အကြုံအရတော့ သူ့အတွက် "ခွင်" ပဲ။ ပြောရိုးပြောစဉ်အရိုးအရ ပြောတဲ့ပွဲမျိုးမဟုတ်တာကတော့ သေချာတယ်။ ဘယ် "ခွင်" မှာ ဘယ်လိုဝင်ရမှာလည်းဆိုတာကို သူကြံတွေးလို့ မရဖြစ်နေတယ်။ လွန်ခဲ့တဲ့ရက်တချို့မှာတော့ ဆန်စက်သူဌေးကြီး ဦးဘောဝရဲ့ အိမ်နဲ့ပိုင်ဆိုင်သမျှတွေ ရောင်းမယ့်အကြောင်း သတင်းစာထဲ ပါလာတာကိုတော့ သူ သတိထားလိုက်မိတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့အသေးစိတ်တော့ သူမသိဘူး။ မသိဆိုဆန်စက်သူဌေးကြီးဦးဘောဝဆိုတဲ့ လူမျိုးက "တက်တူး စိန်မောင်" ရဲ့ဘယ်လိုမှမပတ်သက်နိုင်ဘူးလို့ယူဆထားတဲ့ အတွက်ဖြစ်တယ်။ "တက်တူးစိန်မောင်" ဆိုတာက လူကောင်းအသွင်နဲ့ ကျင်လည်သူတွေကြားမှာ သိထားတဲ့လူ။ "ဦးမောင်" ဆိုတာက ဒုစရိုက်လောကကျင်လည်သူတွေက သိထားတဲ့လူ။ စရိုက်နှစ်မျိုးနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ကျင်လည်နေသူဆိုတော့ ဒီအသိုင်းအဝိုင်းက သီးခြားဖြစ်နေသရွေ့ သူ့ဘဝအမှန်ကို သိသူက ခပ်ရှားရှား ဖြစ်နေတယ်။

သူ့ရဲ့ရဲတင်းလှတဲ့လတ်လတ်ဆတ်ဆတ်တချို့သတင်းတွေကရန်ကုန် "အေလီးမေးလ်" သတင်းစာထဲမှာ ရက်ဆက်ဆိုသလို ပါနေခဲ့တာဖြစ်တယ်။ သူ့ရဲ့ ဥပဒေကျူးလွန်ခံရတဲ့သားကောင်တွေကို စစ်ဆေးမှု၊ ရှာဖွေမှုတွေကနေ သူ့ရဲ့ သတင်းတိုလီမုတ်စတွေပေါ်လာခဲ့တယ်။ သူက အပြစ်ပေး အရေးယူခံရမှုကနေ လွတ်နေတယ်။ "တက်တူးစိန်မောင်" ရဲ့ ဘဝအခြေအနေတွေဟာ အဲဒီကာစလို့ ပြောင်းလာခဲ့တယ်။ သူ့ရဲ့မှင်နဲ့ မောင်းနဲ့ တန်မပျက် ရုပ်ဖျက်နေမှုတွေကလည်း ကြိုးတန်းလမ်းလျှောက် ဆို သလို အန္တရာယ်များလာခဲ့တယ်။

အဲဒီအခြေအနေတွေကနေ လုံးဝ ပြောင်းလဲပစ်လို့တော့ ရမှာမဟုတ်ပါဘူး။ ရာဇဝတ်သားတွေလားရာ နယ်နိမိတ်ဆိုတာက ရှိပြီးသားပါ။ "တက်တူးစိန်မောင်" က အဲဒီလမ်းကို မြန်မြန်လျှောက်နေတယ်။ မြို့ရွာတွေမှာ သူက ကျူးလွန်ခဲ့တဲ့အမှုတွေက ဆက်စပ်ပတ်သက်မှုတွေ ရှိနိုင်ပါတယ်။ ရန်ကုန်မှာ တချို့က ဒီဇာတ်လမ်းတွေကို သိပ်ပြီး သိလှတာ မဟုတ်ပါဘူး။ "တက်တူးစိန်မောင်" တစ်ဖြစ်လဲ "စိုးမောင်" ရဲ့လျှို့ဝှက်ချက်တချို့ကလည်း သတင်းစာထဲမှာ ခေါင်းစည်းဖြူဖြူပြဲပြဲတွေနဲ့ ပါခဲ့တာဖြစ်တယ်။ တချို့ကတော့လည်း ကိုယ်နဲ့ သက်ဆိုင်လှတော့ မေ့မေ့ပျောက်ပျောက် ဖြစ်ချင်လည်း ဖြစ်ကြမယ်။ သူ့အတွက် မကောင်းကျိုးပေးဖို့အခါအခွင့်စောင့်ဆိုင်းနေသူတွေကတော့ အင်းစိန်တစ်ခုထောက်ဌာနပဲဖြစ်တယ်။ နေသေးသပ၊ ရှုံ့ထဲက ချိုသွေးလို့ တမြမြဖြစ်နေတယ်။

ရက်တစ်ရက်မှာတော့ "တက်တူးစိန်မောင်" တည်းတဲ့နေရာကို အသွလတ် ဦးထုပ်ဆောင်းထားတဲ့ လူတစ်ယောက် ရောက်လာတယ်။ တက်တူးစိန်မောင်ဆိုတာကလည်းတစ်ကိုယ်ရေတစ်ကာယနေရာအတည်တကျရှိတာမဟုတ်၊ သူတည်းတဲ့နေရာတနေလှမ်းကြည့်လိုက်ရင် ဗန္ဓုလပန်းခြံကို လှမ်းမြင်နေရတယ်။ အလည်အပတ်လာသူက အသက်ခပ်ကြီးကြီး၊ ဆံပင်ဖြူဖြူနဲ့လူ၊ လူကြီးလူကောင်းတစ်ယောက်ပုံပန်းနဲ့ပဲ၊ အတင်းဝါးတဲ့ရုပ်လုံးတွေနဲ့၊ စကားပြောတော့လည်းလတ်လွတ်စပယ်မပြောဘဲ သတိထားပြီးပြောနေတဲ့ပုံ၊ သူ့ဟန်ပန်ကတော့ အထင်ကြီးစရာ၊ သူ့ကိုယ်သူ ရှေ့နေတစ်ယောက်ဖြစ်တဲ့အကြောင်း ထုတ်ပြောတယ်။

"လိုရင်းတို ရှင်းပြောရရင်တော့ ဦးစိန်မောင်ရေ၊ ကျုပ်အနေနဲ့တာဝန်များကို ပေးလိုက်မယ့် ရှိတ်ပိတ်ထားတဲ့ အထုပ်ကလေးကို လိပ်စာမှာ ပါတဲ့ အတိုင်း "ဘုံဘေမြို့" ကိုသယ်သွားပေးဖို့ လာပြောတဲ့ လုပ်ပိုင်ခွင့်အပ်နှင်းခံရတဲ့ လူတစ်ယောက်ဆိုပါတော့" လို့ သူက စပြောတယ်။ ခင်ဗျားအတွက်တုန့်ပြန်စရိတ်နဲ့ အကျိုးအမြတ်လည်း ပေးရမှာ

www.burmeseclassic.com

ငွေ(၂၀၀၀)ဆိုရင် မနည်းလောက်ဘူးထင်ပါတယ်။ သွားလာစရိတ်က သီးခြားပေါ့။

ဦးစိန်မောင်က စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း မျက်နှာကြက်ဆီ မီးခိုးတွေ မှုတ်ထုတ်လိုက်တယ်။

"ဦးလေးပြောတာအထုပ်ထဲ ဦးစိန်မောင် အထဲမှာ ဘာပါသလဲဆိုတာကိုတော့ ခင်ဗျားကို ဖွင့်ခွင့်ပေးမှာတော့ဘူး။ ဒီကျည်ဆံ အစတော်များသွားပြီ။ ဒီလို ပစ္စည်းမျိုး စိတ်ချရလက်ချ ပို့ပေးမယ့်လူရယ်လို့ ခင်ဗျားကို ကြီးကြီးစားစား ရှာထားရတာ။ ဒီလိုအရေးကြီးတဲ့အထုပ်က အလုပ်သစ်နဲ့ အလစ်သုတ်ပြီး ခိုးတာလည်း ခံရနိုင်တယ်။ ဒီအထုပ် ဟိုဘက်ကို အောင်အောင်မြင်မြင် ရောက်သွားပြီဆိုရင် နောက်ထပ်လည်း အပိုဆုရဦးမှာပါ။ ခင်ဗျားရဲ့အတိုင်းဆောင်မှုမှာ ကျုပ်တို့ တလည်း ဘေးကင်းလုံခြုံအောင် တစ်ဖက်တစ်လမ်းက လုပ်ပေးမှာပါ"

"စိုးမောင်တစ်ဖြစ်လဲ" ဦးစိန်မောင် တစ်စဉ်းစားတယ်။ ကုန်သွယ်ရောင်းဝယ်ရမှာ တရားမဝင် ဆေးဝါးဆိုရင် ဘယ်နေရာကိုမှ သယ်သွားလို့မရတာကို သူ သိတယ်။ ဒါပေမဲ့ - ဒါကို ပြောင်းပြန် ပြန်စဉ်းစားရင်း ဖြောင့်ဖြောင့်မတ်မတ်နဲ့ တာဝန်ပေးတာမျိုးဆိုရင် -

"ကျုပ်ကို ခင်ဗျားက ယုံကြည်တယ်ဆိုတဲ့သဘောလား" လို့ မေးလိုက်တော့ ရွှေမှန်ဆိုသူက ခပ်ယဲ့ယဲ့လေး ပြုံးလိုက်တယ်။

"ကျုပ်တို့က ခင်ဗျားရဲ့ စွန့်စားမှုကို ဝါသနာပါတဲ့ စိတ်ဓာတ်ကို အားကိုးတာပါ"

"ဘယ်တော့သွားစေချင်တာလဲ"

"ကျွန်တော်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်ဆိုတဲ့ သဘောမျိုး မှတ်ယူလို့ရမလား"

"မလုပ်သင့်ဘူးလို့ ကျုပ် မမြင်ပါဘူး"

"ခင်ဗျား လေယာဉ်နဲ့ သွားရမှာ။ ညနေကျရင် ကျွန်တော် ခင်ဗျားကို အဲဒီအထုပ် လာပေးမယ်။ အဲဒီနောက်မှာတော့ ခင်ဗျားတစ်ဦးတည်းရဲ့တာဝန် ဖြစ်သွားပြီ"

ရွှေမှန်ဆိုသူက ပြောပြီးပြန်သွားတော့ မည်ဟန် ပြင်လိုက်သည့် အခါ ဦးစိန်မောင်က တံခါးနားအထိ လိုက်ပို့တဲ့အခါ -

"ဦးစိန်မောင် - ခင်ဗျားကို ကျုပ် အရိပ်အမြွက် ပြောပြခဲ့လို့ရမလား။ ဆိုးသွားခိုက်မှာ အဲဒါကို ဖွက်ပြီးယူသွားရမှာ ခင်ဗျားအတွက် တာဝန်ကြီးလိမ့်မယ်" လို့ သူက ထပ်ဖြည့်ပြောလိုက်တယ်။

▲▲▲

ညနေ(၆)နာရီမှာ သူ ပြန်လာပြီး (၄)လက်မ ပတ်လည် (၂)လက်မထုရှိတဲ့ အညိုရောင်စက္ကူနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ် လာအပ်သွားတယ်။ ကတ်ထူဘူးထဲမှာ ထည့်ထားတာ ဖြစ်တယ်။ "တက်တူးစိန်မောင်" က အထုပ်ကိုသူ့လက်ထဲမှာအကြိမ်များစွာ တဆဆ လုပ်ကြည့်နေတယ်။ ဒါက သိပ်လေးလှတာမဟုတ်သလို သိပ်ပေါ့လှတာတော့လည်းမဟုတ်ဘူး။ အထဲမှာပါတဲ့ ပစ္စည်းနဲ့ တိတ်သက်လို့တော့ အရှိန်အဝေါ် ကြာကြာ ဝေဝေဝါးဝါးဖြစ်နေတယ်။

စပ်စပ်စုစုလုပ်လိုမှုကတော့ "တက်တူးစိန်မောင်" ခေါ် "စိုးမောင်" ရဲ့ အားနည်းချက်ပဲဖြစ်တယ်။ သူ့ရဲ့ ဘဝစည်းစိမ်အတွက် အလုပ်လုပ်ရမှာလည်း အခုထိပဲ မစောင့်မရဲဖြစ်နေခဲ့တယ်။ ထူးထူးဆန်းဆန်းကိစ္စတစ်ခုခု သူ ကြုံလာရပြီဆိုရင်လည်း စကားသည်းခံပြီး အခြေအနေ စောင့်ကြည့်ဖို့ သူမ အောင့်အည်းနိုင်ဘူး။ ထူးထူးဆန်းဆန်းတစ်ခုကြုံလာချင်နိုင်တိနိုင်ကျွတ်ကျွတ် စူးစမ်းဖို့ရာ ဆွဲဆောင်မှုတွေကို အလျှော့ပေးလိုက်မယ်ဆိုတဲ့စိတ် သူ့မှာ မရှိဘူး။

သူ့ကို ပေးသွားတဲ့အထုပ် ဘေးကင်းလုံခြုံဖို့ဆိုတာထက် အထုပ်ထဲမှာ ဘာမသိ ညာမသိ ထည့်ထားသော ပစ္စည်းနဲ့ သူ စွန့်စားတာဝန်ယူရမယ့်အပိုင်းကိုတော့ သူက စဉ်းစားတယ်။ မနက်မိုးလင်းတဲ့အထိ သူ့ရဲ့စပ်စုလိုတဲ့စိတ်ကို တိုက်ထုတ်နိုင်သေးတယ်။ နောက်တော့ သူ့အတွက် ပိုကောင်းတဲ့အတွေးဝင်လာတယ်။ မိုးလင်းစာစားပြီးတဲ့နောက်မှာတော့ သူက အထုပ်ကိုဖွင့်လိုက်တယ်။ ချိတ်ပိတ်ထားတာတွေကို ကြားပါးပါးလေးနဲ့ မထိမခိုက်အောင်ရှ စိုက်ပြီး ခွာလိုက်တယ်။ ဒီလိုလုပ်နိုင်လိုက်တဲ့အပေါ် သူ့ကိုယ်သူ အတော်ကျေနပ်သွားတယ်။ လုပ်စရာရှိတာတွေ သူ ဆက်လုပ်တယ်။

အထုပ်ကိုဂရုတစိုက်ပြန်လည်ထုပ်ပိုးပြီးတဲ့နောက် မင်္ဂလာဒုံလေယာဉ်ကွင်းကို ကားနဲ့ ထွက်လာခဲ့တယ်။ သူ အခုလို ဖွင့်လိုက်တာကို ဘယ်သူမှတော့ သိနိုင်မှာမဟုတ်ဘူး။ သူက အဲဒါကို စာအုပ်တစ်အုပ်ထဲမှာ အတွင်းက ပုံနှိပ်စာရွက်တွေကို ဖြတ်ထုတ်၊ အခေါင်းလုပ်၊ ပြီးတော့ - အဲဒီအထဲထည့်လိုက်တယ်။ ကြိုး

www.burmeseclassic.com

ရရုံရမယ့်အကွာအဝေးအတွက် သူ့အသင့် ပြင်လိုက်တယ်။

သူ့ရဲ့လက်ဆွဲအိတ် "ဘွတ်ကေ့စ်" ကိုပြန်လည်စစ်ဆေးကြည့်လိုက်တယ်၊ ပြီးတော့ ဆေးဝတ်ဝန်းကျင် ဟိုဟိုဒီဒီ ကြည့်ရင်း စိတ်ရှည်လက်ရှည် စောင့်နေလိုက်တယ်။ သူ့လိုပဲစိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေတဲ့အသားဆပ်လတ်လတ် ပြုံးထောင်နိုင်စွမ်းရှိတဲ့မိန်းကလေးတစ်ယောက် သူ့ဆီ လျှောက်လာတယ်၊ သူကသူ့ရဲ့စီးကရက်ဘူးထဲကစီးကရက် ကို ထုတ်လိုက်တယ်၊ မိန်းကလေးက သူ့ဆီ လျှောက်လာပြီး "မီး – တစ်ခြစ် လောက်" လို့တောင်းတယ်၊

ဦးစိန်မောင်က မီးခြစ်ထုတ်ပေး လိုက်တယ်။ မိန်းကလေးက သူမရဲ့လက် ဆွဲအိတ်ထဲက စီးကရက်ဘူးကိုယူလိုက် ပြီး သူ့ကိုတစ်လိပ်ပေးလိုက်တယ်။

"ဒီတွင်းမှာဒီလိုပဲတာရှည်တာမျှော် စောင့်ရသလား" သူမက မေးလိုက် တယ်။

"ကျုပ် ခရီးသွားတိုင်း အမြဲတမ်း ဒီလိုပဲ" လို့သူကပြန်ပြောတော့သူမက ပြုံးလိုက်တယ်။

"ကျွန်မတို့ ခရီးစဉ် တူရဲ့လား မသိ ဘူး"

"မသိဘူးလေ၊ ကျုပ်က ဘုံဘေ သွားမှာ"

"ဒါဆို – ကျွန်မက ဘုံဘေကနေ ခရီးဆက်ရဦးမှာ"

ဦးစိန်မောင်က သက်ပြင်းချလိုက် တယ်။

"ကျွန်မနဲ့ ခရီးသွားဖို့ စိတ်မပါလို့ လား"

သူက စီးကရက်မီးခိုးမှုတ်ထုတ် လိုက်တယ်၊ မိန်းကလေးက သူ့ကို မထိတထိ ကြည့်လိုက်တယ်။

"မီးခိုးအရသာက ပါးစပ်ထဲမှာ ခါးသက်သက်ဖြစ်နေတယ်"

ဒီတစ်ကြိမ်မှာတော့ ဆေးလိပ်မီးခိုး ကိုပါးစပ်ထဲမှာအသာငုံထားရင်းတဖြည်း ဖြည်းချင်း မှုတ်ထုတ်လိုက်တယ်၊

"ကျွန်မတို့ အပြင်ခဏ ထွက် လျှောက်ကြမလား၊ ကျွန်မတော့အတော် ကို ညောင်းလာပြီ"

လို့ မိန်းကလေးက ပြောတော့ –

"ဒါကောင်းတဲ့စိတ်ကူးပဲ" လို့ဦးစိန် မောင်က ပြန်ပြောလိုက်တယ်၊

ကျောက်လမ်းတစ်လျှောက် သူမနဲ့ အတူ လေးလေးတွဲ့တွဲ့နဲ့ လမ်းလျှောက် လာခဲ့ကြတယ်၊ လေယာဉ်ကွင်းထဲမှာ ခရီးသွားကြဲပါးနေပြီး မခြောက်သွေ့စဘူး



ခြောက်သွေ့နေတယ်၊ ရှေ့ခပ်လှမ်းလှမ်း အဆောက်အအုံရဲ့နံဘေး ကားတစ်စီး ထဲကလူ(၂)ယောက်ကထွက်ဖို့ကြိုးစား နေတယ်၊ ခပ်လှမ်းလှမ်းက ကားတစ်စီး က လမ်းမကနေ ဂိတ်ထဲကို ဝင်လာဖို့ တွေ့နေတယ်၊


"ခင်ဗျား ကျုပ်ကို ဘာလို့ မူးယစ် ဆေးထည့်ထားတဲ့စီးကရက် ပေးရတာ လဲ" သူ ဟန်မပျက် မေးလိုက်တယ်၊ မိန်းကလေးက သူ့ဘက်လှည့်ပြီး သူ့ရဲ့ မျက်လုံးတွေဆီ စိုက်ကြည့်ပြီး ခဏကြာ တော့ သူ့ပခုံးပေါ်ကို ကျော်ပြီးကြည့် လိုက်တာ တွေ့ရတယ်။

"ကျုပ် နားမလည်နိုင်ဘူး၊ ခင်ဗျား ဘာလုပ်ချင်တာလဲ၊ ရှင်းပြပါလား"

ဦးစိန်မောင်က စီးကရက်ကို ပစ်ချ လိုက်ပြီး နင်းချေလိုက်တယ်။

"ဒီမယ်၊ ကျုပ်လိုတတ်တူးစိန်မောင် ကို မနေ့တစ်နေ့ကမှ မွေးလာတဲ့လူလို့ ထင်ရင် သိပ်မှားသွားမယ်၊ ဒီစီးကရက်နဲ့

"မိန်းကလေးရဲ့လက်က သူမရဲ့ ပါးစပ်ဆီ ရောက်သွားတယ်။ တစ်ခဏ တော့ ဦးစိန်မောင် စိတ်ရှုပ်သွားတယ်။ အဲဒီနောက် သူက လှည့်ထွက်ဖို့ ပြင်လိုက် တယ်။ သူမက သူ့ရဲ့ပုခုံးကို ကျော်ပြီးကြည့် နေတယ်။ ဒါပေမဲ့–ဦးစိန်မောင် လှည့်ကြည့် ချိန် မရလိုက်ဘူး။ တောင့်တင်းနေတဲ့ သံအိတ်လိုအရာတစ်ခုက သူ့ကျောက်ကုန်းဆီကို အရှိန်ပြင်းပြင်းနဲ့ ကျလာတယ်။ ချက်ချင်း ဆိုသလို သူ့ကိုယ်ခန္ဓာမှာ အားမရှိသလို ဖြစ်သွားပြီး သူ့အကြောအချဉ်တွေ ပျော့တွဲလာပြီး လဲအကျ ...



www.burmeseclassic.com

လှည့်တွက်တွေကမင်းမမွေးခင်ကတည်းက ကျုပ်လုပ်လာခဲ့တာ ရိုးနေပြီ"

မိန်းကလေးရဲ့လက်က သူ့မရဲ့ပါးစပ်ဆီ ရောက်သွားတယ်၊ တစ်ခဏတော့ ဦးစိန်မောင် စိတ်ရှုပ်သွားတယ်၊ အဲဒီနောက် သူက လှည့်ထွက်ဖို့ ပြင်လိုက်တယ်၊ သူတော သူ့ရဲ့ ဝန်းကို ကျော်ပြီး ကြည့်နေတယ်၊ ဒါပေမဲ့ – ဦးစိန်မောင် လှည့်ထွက်ကြည့် ချိန် မရလိုက်ဘူး၊ တောင့်တင်းနေတဲ့ အဲဒီတ်လို အရာ တစ်ခုက သူ့ဇက်ပိုးဆီကို အရှိန်ပြင်းပြင်းနဲ့ ကျလာတယ်၊ ချက်ချင်းဆိုသလို သူ့ကိုယ်ခန္ဓာမှာ အားမရှိသလိုဖြစ်သွားပြီး သူ့အကြောအချဉ်တွေ ပျော့တွဲလာပြီး လဲအကျ သူ့လက်ထဲက "ဘွတ်ကေ" က ခါွင့်ပြီးအထဲက စာအုပ်တွေ မြေကြီးပေါ် ပွင့်ကျသွားတယ်၊ အဲဒီနောက်မှာတော့ သူ့အတွက်တ အရာရာ မှောင်မည်းသွားတော့တယ်၊

▲▲▲

ဘာပရိဘောဂမှမရှိတဲ့ရုံးခန်းကျဉ်းကျဉ်းသေးသေးကြမ်းပြင်ပေါ်သူရောက်နေတယ်၊ သူ့ကို အပေါ်က ဆီးပြီး ကုန်းတိုင်းကိုင်းနဲ့ ကြည့်နေသူက အင်းစိန်စုံထောက်ဌာနက "အိုင်အိုကျော်စိန်ဝင်း" ဆိုတာကို သူသိလိုက်တယ်၊

"ဒီရိုက်ချက်ရဲ့ တရားခံလက်သည်က ခင်ဗျားလား၊ ခင်ဗျားဒီလောက်ကြမ်းလိမ့်မယ်လို့မထင်ဘူး" နာနေတဲ့ဇက်ပိုးနဲ့ ဦးခေါင်းကို ပွတ်ရင်း မေးလိုက်တယ်၊

"ကျုပ်လက်ချက်မဟုတ်ပါဘူး၊ ဒါပေမဲ့ – လုပ်တဲ့လူကိုတော့ မိထားပြီးပါပြီ၊ ခင်ဗျား တရားစွဲမယ်ဆိုရင်ပေါ့၊ "ဂရိတ်မောင်စိန်" ဆိုတဲ့ လူကိုတော့ ခင်ဗျားသိမှာပါ" လို့စုံထောက်အိုင်အိုက ပြန်ပြောတယ်၊

"ဘာလဲ – ဟိုမိန်းကလေးနဲ့ အဖွဲ့တွေလား၊ သူတို့အကြောင်း ကျုပ်သိနေခဲ့တယ်၊ ဒါက ပထမဆုံးအကြိမ် တွေကြုံတာပဲ၊ ဆေးလိပ်တိုက်ပြီးအိပ်ပျော်သွားအောင်လုပ်တာ၊ စိတ်ကူးက ဘာလဲ" သူက အဲ့ကိုကြိတ်ရင်း မေးလိုက်သည်၊

"ခင်ဗျား ဒီအကြောင်းကို ပြောစေချင်လို့ စောင့်နေတာ" အိုင်အိုက ပြောလိုက်တယ်၊ ခင်ဗျားကိုလှဲချဖို့လုပ်တော့ ကျုပ်တို့ ကားမောင်းဝင်လာရုံပဲ ရှိသေးတယ်၊ သူတို့ဘယ်သူတွေလည်းဆိုတာ ကျုပ်တို့က သိနေပါတယ်၊ "ပင့်ကူနက်" ဂိုဏ်းဝင်တွေပဲ၊ သူတို့က စိန်ထည်တွေ နောက်လိုက်နေကြတာ၊ ကျုပ်တို့သိချင်တာက ခင်ဗျား သူတို့နဲ့စပြီး အလုပ်ဖြစ်ခဲ့တာကို သိချင်တာ"

"ကျုပ်တော့ ခေါင်းစားသွားပြီ"

အိုင်အိုကျော်စိန်ဝင်းက တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ပြောလိုက်တယ်၊

"ပင့်ကူနက်ဂိုဏ်းကလူတွေက ခင်ဗျားကို မထေမဲ့မြင်လုပ်သွားတာ၊ ဒိုက်းခေါင်းဆောင်ကမနေ့ကပဲစိန်ထည်တွေယူပြီး ထွက်ပြေးသွားပြီ၊ သူတို့အဖွဲ့က အလုပ်ကြီးတစ်ခု လုပ်တော့မယ် သတင်းရထားလို့ စောင့်ကြည့်နေတာ၊ အခု ခင်ဗျား ဘာပြောမလည်း ကြားချင်တယ်၊ ခင်ဗျား မပြောခင် တစ်ခုတော့ သတိပေးလိုက်မယ်"

"တစ်မိနစ်လောက်ဗျာ" လို့ပြောပြီး ဦးစိန်မောင်ကစီးကရက်ဘူးကို ထုတ်ပြီး သူ့ကို လှမ်းပေးလိုက်တယ်၊ သူလည်း တစ်လိပ်ယူပြီး မီးညှိသောက်လိုက်တယ်၊

"ကျုပ်လိုက်မကောင်း အကြောင်းမလှလို့ ကျော်စောသတင်းဝင်ဖြစ်နေရတဲ့လူဆိုတော့ ကျုပ်က သူတို့အကြောင်း မသိဘူးလို့ ပြောရတာ ခင်ဗျားခေါင်းထဲဝင်ဖို့ အချိန်အတော်ယူရမယ်လို့ မျှော်လင့်ထားပါတယ်၊ သူ့အဖွဲ့ထဲက ဖြစ်မယ်ထင်တယ်၊ လူတစ်ယောက် ကျုပ်ဆီလာတော့ သူ့ကိုယ်သူ ရှေ့နေလို့ပြောတယ်၊ ချိတ်ပိတ်ထားတဲ့ အထုပ်တစ်ထုပ် ဘုံဘေက စိန်သူဌေးတစ်ယောက်ဆီ ပို့ပေးဖို့နဲ့ ဂရုတစိုက် လုပ်ပေးစေချင်တဲ့ အကြောင်းပြောပြီး လာအပ်သွားတယ်၊ ကျုပ်က တာဝန်ယူလိုက်တယ်၊ ဒါလောက်ပါပဲ၊ အထုပ်ထဲ ဘာပါတယ်ဆိုတာတောင် ပြောမပြဘူး"

"အင်း – ဟုတ်ပါပြီ" အိုင်အိုက အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်တယ်၊

"တကယ်လို့ ခင်ဗျား သယ်သွားတဲ့ အထုပ်ထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပထမတန်းစား စိန်ထည်တွေ ခင်ဗျား သယ်သွားပါလို့ ပြောရင် ခင်ဗျားမှာ အကြီးအကျယ် အံ့အားသင့်သွားရမယ့်တိုင် ဖြစ်မယ်လို့ ကျုပ်ထင်တယ်၊ မဟုတ်ဘူးလား"

"ဒီလောက်တောင်ပဲလား"

ဦးစိန်မောင်က ပြောတယ်၊

အိုင်အိုကျော်စိန်ဝင်းတ လှည့်ကြည့်လိုက်တော့ တံခါးဝမှာ အရပ်ဝဝ အရပ်စားနဲ့ အစောင့်တစ်ယောက်ရပ်နေတာတွေ့ရတယ်၊ အခန်းရဲ့အလယ်က စားပွဲပေါ်မှာ စာရွက်အညိုရောင်ခံ အလယ်က တစ်ရှူးပေါ်မှာ လက်ခပ် ထနေတဲ့ ကျောက်မျက်ပုံ တစ်ပုံက အရောင်တဖျတ်ဖျတ် ထွက်နေတာ တွေ့ရတယ်၊





www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ပါဦး – ဦးစိန်မောင်၊ ဒါက ခင်များသယ်လာတဲ့ပစ္စည်းတွေမဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါတွေဟာ ကျွန်တော် ခင်ဗျားကို ပြောသလောက် တန်ရဲ့လားဗျာ"

ဦးစိန်မောင်က အံ့အားသင့်သွားသည်။

"အရကြောင်းနဲ့တို့တော့ အင်းစိန်ထောင်ဌာနရောက်မှ ပြောကြတာပေါ့ဗျာ"

⅄ ⅄ ⅄

ဦးစိန်မောင်ပါလာသည့်ကားထဲတွင် သူနှင့်အတူစီးလာသည့်မိန်းကလေးနှင့် သူမသိသည့် လူစိမ်း(၂)ယောက်ကို ပါထင်၍ ခံလာခဲ့ကွင်းမှ အင်းစိန်သွားလမ်းပေါ်တွင်ကားတာမြေနေသည်။ လမ်းဘေးတစ်ဖက်တစ်ချက် တဲအိမ်လေးတချို့တွေ့ရသလို သစ်ပင်အုပ်တချို့ကိုလည်း တွေ့ရသည်။

"တိုရောက်ရင်တော့ ဦးစိန်မောင်တို့ လူစုံတက်စုံ တွေ့ရမှာပါ" ဆိုင်အို တော်စိန်ဝင်းက စကားစလိုက်သည်။

"ဖြစ်ရပ်ကတော့ အတော်စိတ်ဝင်စားဖို့ကောင်းတယ်။ ဦးစိန်မောင်ရေ၊ ခင်ဗျားကတော့ ဖတ်လမ်းအလယ်ကကရတဲ့လူဆိုပါတော့၊ ဒီတော့ ခင်ဗျားက အသေးစိတ်သိမှာမဟုတ်ဘူး။ ဒီလိုဗျ"

"သူဌေးဦးဘောဂက သူ့ဘဏ်ကြေးတွေအတွက် ဒေဝါလီခံရတော့ သူ့အတွင်းပစ္စည်းတွေကို လူမသိ၊ သူမသိ ထုခွဲတယ်ဆိုပါတော့၊ ဒါကို အတွင်းသိလူတစ်ယောက်က ထုခွဲပေးမယ်ဆိုပြီး လိမ်လုသွားပြီးနောက်တော့ ဆုံးသွားတယ် ဆို ပါတော့ ဗျာ၊ ပထမတော့ ဦးဘောဂကလည်းကြွေးမဆပ်ချင်တော့ လုပ်ငန်းတွေ ရှုံးကုန်ပြီဆိုပြီး ဒေဝါလီခံလိုက်ပေမယ့် နောက်ဆုံးရှိသမျှပစ္စည်းတွေအဆုံးခံလိုက်ရတော့ဖြစ်ချင်ရာဖြစ်စေ တော့ဆိုပြီး ရဲဌာနမှာ လာပြီး အမှုဖွင့်သွားတယ်၊ သူလည်းအခုတော့လိမ်လည်မှုဖြစ်နေပြီပေါ့ဗျာ၊ ဒါကို တစ်ဖက်နိုင်ငံထုတ်သွားတော့မယ်ဆိုတဲ့သတင်းရထားတော့ ကျုပ်တို့လည်း ကျော်စောသတင်းဖြစ်နေတဲ့လူတွေ စောင့်ကြည့်ရပြီပေါ့ဗျာ – မဟုတ်ဘူးလား"

ကားလေးက အရှိန်အတိုင်း ပြေးနေသည်။

"တက်တူး စိန်မောင်"တဲ့တော့ ခံလိုက်ရလေခြင်းဟု ခံစားမိလိုက်တယ်၊

အဲဒီမှာတင် "ဂရိတ်မောင်စိန်"အဖွဲ့နဲ့ ခင်ဗျား လှုပ်ရှားနေပြီဆိုတာ သတင်းရတော့တာပဲ၊ ခင်ဗျားကလည်း လည်လှ ပြီဆိုပြီး "အင်"တွေ ထည့်တယ်၊ မူလတုန်းက ခင်ဗျားကို ပို့ပေးပါလို့ ပြောတာတွေက "အင်"တွေ ...။

တကယ့် အစစ်တွေက ခင်ဗျားလက်ထဲမှာ မရှိသလို၊ ဂရိတ်မောင်စိန်အဖွဲ့လက်ထဲမှာမရှိဘူး။ တကယ့်အစစ်တွေကို တခြားမထင်မရှားသူတစ်ယောက်နဲ့ ထုတ်ဖို့ စီစဉ်ထားတာ သိလိုက်ရတယ်၊

ဒီလူကိုလည်း အိန္ဒိယထွက်မယ့် သင်္ဘောမှာ လိုက်မယ့်ခရီးသည်တွေထဲကနေ ကျုပ်တို့ဆိပ်ကမ်းမှာ အချိန်မီ ဆွဲထားလိုက်နိုင်ပါပြီ၊ ကျန်တဲ့ကွင်းဆက်တွေ အသေးစိတ် သိချင်ရင် ခင်ဗျားတို့ လူစုံတက်စုံ တွေ့ကြတော့၊ ဆွေးနွေးကြည့်ကြတာပေါ့ဗျာ"

မကြာခင် ပုလိပ်ဌာနက ကားလေးကအင်းစိန်စုံထောက်ဌာနဝင်းကြီးထဲကို ချိုးဝင်သွားပါတော့တယ်၊

⇨ ကျော်မြင့်ကျော်

## နားရောဂါ

➢ ဟင်းဂလာနားကျစ်ဆီကို သုံးပါ။

➢ ဆင်တုံးမန္တယ်ကို ထုချေ၍ ကြက်သီးနွေးမှု ပြုတ်ပြီး ထိုပြုတ်ရည်ကို နား၌ဆေးကြောပေးခဲ့သော် နားတွင်းရှိ အညစ်အကြေးများ ကင်းစင်၍ နားကိုက်နားရောဂါများ ပျောက်၏။



www.burmeseclassic.com

www.burmeseclassic.com







**ဦးကျော်ညွန့်**သည် အိမ်ရှေ့မှာ ထင်းပေါက်ရင်းရှိသည်။ ထင်းခေါက်ရသည့်အတွက် ကျနေသည့် ချွေးစက်များကို လက်ဖမိုးနှင့်သုတ်ရင်း ကနားသည်။ နားရင်းနှင့် အိမ်ဆီသို့ကြည့်သည်။ အိမ်ထဲမှာ သားအငယ်ကောင် ကျောက်ခဲသည် ဝမ်းလျားမှောက်ရင်း အိပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်အော်လို့ပင် နိုးမည်မထင်။ ချွေးတလုံးလုံးနှင့်အိပ်နေသည့်ကျောက်ခဲဆီ တစ်ချက်ကြည့်ကာအိပ်အနောက်ဘက်ခြမ်း၌ အဖီချထားသည့် မီးဖိုချောင်ထဲရှိ ဖနီးဖြစ်သူ မမြိုင်ဆီ ကြည့်သည်။ မမြိုင်သည်မီးဖိုချောင်ထဲမှာမီးနိုးတလုံးလုံးနှင့် ထမင်းဟင်းချက် ဆဲ ၊ ထမင်းအိုးက ကျက်သွားပြီ။ ဟင်းအိုးတစ်အိုးတည်နေခြင်းပင်။

မမြိုင် တည်နေသည့်ဟင်းသည် အခြားမဟုတ်။ မနေ့ကတည်းက ထွက်ရင်းရှာလာသည့် ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းဖြစ်သည်။ ချဉ်ရည်ဟင်းချက်ပြီးပါက ငါးပိရည်ချော်တစ်ခွက် ဖျော်မည်။ ပြီးပါက ရေမီးသီးဖြုတ်မည်။ ဟင်းက သုံးခွက်၊ ချဉ်ရည်သောက်တစ်ခွက်၊ ငါးပိဖျော်ရည်နှင့် အတို့အမြုပ် ဒါပဲ။

ဦးကျော်ညွန့်သည် ပေါင်လုံးခန့်ရှိ ထင်းများကိုခွဲရင်းပေါက်ရင်းနှင့် ဖနီးဖြစ်သူထံ ကြည့်ရင်း ဆက်ပေါက်သည်။ ပုဆိုးကို တိုတိုဝတ်ပြီး အပေါ်အင်္ကျီမပါဘဲထင်းပေါက်နေသည့်ဦးကျော်ညွန့်၏ ဝိန်ရှည့်သည့် ကိုယ်ခန္ဓာသည် တုန်ခါနေသည်။

နံရိုးအပြိုင်းပြိုင်း၊ အကြောတွေအပြိုင်းကြီး ထနေသည့် ဦးကျော်ညွန့်ကိုယ်ခန္ဓာသည် အကျည်းတန်လွန်းလှသည်။ သိပ်ပြီးမတောင့်တင်းတော့သည့် လက်နစ်ဇက်သည် ပျော့အိတွဲရွဲကာ ရွဲကျနေသည်။ ရွတ်တွပြီး ရှုံ့တွတွပြုနေသည့် ဦးကျော်ညွန့်တစ်ကိုယ်လုံး၏ အကျည်းတန်မှုက ပေါက်ဆိန်ကို မမှု၊ ပေါင်လုံးခန့် ထင်းဖြတ်ပြီးသားထင်းတွေကို သတိမပြုအား၊ စိတ်ကိုတင်းရင်း ပေါက်နေရသည်။

တစ်မြန်နေ့က ဖနီးဖြစ်သူ မမြိုင်ထင်းပေါက်ခဲ့သည်။ လူမြင်လို့တော့ မကောင်း၊၊ ထင်းချောင်းများကို ဓားဖြင့်ခုတ်ရာ ဖြတ်ရာ ခွဲရာတွင် တော်သေးသည်။ မမြိုင် ဓားနိုင်ပါသေးသည်။

သို့သော်ပေါက်ဆိန်ကျတော့မနိုင်။ မိခင်ဖြစ်သူမိန်းမသားက ပေါက်ဆိန်နှင့် ထင်းပေါက်နေသည်ဆိုပါက လူမြင်မကောင်း။ လင်သားဖြစ်သူလည်းသိက္ခာကျ။ သားသမီးရှိရင်လည်း သားသမီးအရှက်ရစေပြီး လူကဲ့ရဲ့စရာဖြစ်ပေမည်။

ဒီတော့ - ဘာပဲဖြစ်ဖြစ် မမြိုင်ကတော့ ထင်းပေါက်ခဲ့သည်။ အလျင်ရက်တွေက ဦးကျော်ညွန့် ထင်းပေါက်ပေးသည်။ မမြိုင် အားကိုးချည်ဆို လျှင် ဦးကျော်ညွန့်ကိုသာ အားကိုးမည်၊ ဦးကျော်ညွန့်အားထားမည်ဆိုရင်လည်း မမြိုင်ကိုသာ အားထားမည်။ သားနှစ်ယောက် အပေါ်ကို အားမကိုး၊ အားထား၊ ကြည့်လေ ...။

သူတို့လင်မယားမှာ သားနှစ်ဦးရှိသည်၊ ရင်၌လွယ်ပြီးမွေးသည့် သားနှစ်ယောက်၊ အကြီးကောင်က နောက်တိုး၊ အငယ်ကောင်က ကျောက်ခဲ၊

နောက်တိုးကအိမ်ထောင်ကျပြီးလို့ သူ့အိမ်ထောင်နှင့်သူ၊ ကျောက်ခဲက အိမ်ထောင်မကျသေး၊ မိဘနှစ်ပါးနှင့် အတူနေ၊ အိပ်စားနှစ်ချက်ကိုသာ သိသူ၊ ပြီးတော့ - ထန်းရည်နှင့်၊ အရက်ကိုသာ ....တ်သူ၊အပေါင်းအသင်းကိုသာမက်သူ၊ အိမ်အလုပ်ဆိုရင် သုံးရေတစ်ပုံးမဆွဲပါ၊ ထင်းတစ်ချောင်း မခွဲဖူးဘူး၊ မိဘနှစ်ပါး မီးဖိုချောင်းကူဖို့၊ တောလိုက်ဖို့ဆိုတာဝေလာဝေး၊ မိဘနှစ်ပါးချေးဖို့ ရေငင်ပေးတာမျိုး၊ အဝတ်အစား လျှော်ပေးတာမျိုး ...ာအိပ်မက်ပင် မက်မည်မထင်။

ထိုနေ့ကမမြိုင်ထင်းပေါက်ခဲ့သည်၊ အားကိုးမရ၊ အားထားမရသည့် ပေါက်ဆိန်ကို အရိုးတုတ်သည်၊ ပေါက်ဆိန်အသွားကကြီးသည်၊ အသွားရော အရိုးပါဆိုတော့ လေးသည်။ ပထမ သုံးလေး...က်တော့အချက်ကျကျ ဟုတ်နေသေးသည် ထင်းကတော့ မကွဲ၊ ကွဲလိုကွဲငြား ကြိုးစား၍ အားတင်းပေါက်နေသည့် မမြိုင်၊ မမြိုင် စိတ်ထဲမှာ ဒီထင်းချောင်းကွဲကို ကွဲရမည်ဟု ယုံကြည်ဆဲ။

သို့သော် ...

မမြိုင်တစ်ယောက်ပေါက်အားလွန်ပြီး ခြေသလုံးကို ပေါက်ဆိန်အရိုး ဖြတ်ရိုက်ခြင်းခံရသည်။ တကယ်တော့မမြိုင်သည် သုံးလေးချက် ဆင့်ပေါက်ရသည်ဆိုတော့ နောက်ပိုင်း လက်ပန်းကျလာသည်၊ နောက်တစ်ချက် ပေါက်ဆိန်ကို မြှောက်ပြီး ထင်းတုံးပေါ်အချ ပေါက်ဆိန်အသွားက ထင်းတုံးဘေး ကျသွားပြီး ပေါက်ဆိန်သည် ခြေထောက်ဆီ ပြန်လှည့်လာသည်၊ တော်ပါသေးသည်၊ မမြိုင်ကံကောင်းသည်၊ ပေါက်ဆိန်အရိုးက ရှည်တော့ ပေါက်ဆိန်အသွားနှင့် မထိမိ၊ ခြေသလုံးကိုပေါက်ဆိန်အရိုးနှင့် ခွပ်ခနဲ မြည်သည်အထိ ရိုက်မိသည်၊ မမြိုင် ဖင်ထိုင်လဲကျသွားခဲ့ရှာသည်။

နာကျင်သည့်ဒဏ်ကိုခံရင်း ခြေသလုံးကိုနှိပ်နေရရှာသည်၊ ထင်းတုံးကတော့ မကွဲ၊ လူကတော့ ထိခိုက်မိသွားသည်၊ သွေးတော့ မထွက်၊ သို့သော် အရိုးပေါ်မှာ အညိုကွက်ကြီး ဖြစ်သွားသည်၊ လဲကျခဲ့ရာသို့ တော်တော်ကြာ

www.burmeseclassic.com

ကြာထိုင်နေပြီးမှ အိမ်ထဲပြန်ဝင်ခဲ့သည်။ ထိုအချိန် မှ သားဖြစ်သူ ကျောက်ခဲ ရောက်လာသည်၊ ပရုတ်ဆီနှင့် ဒဏ်ရာ နေရာအား နှိပ်နယ်နေသော်လည်း အမေ ဘာဖြစ်သလဲ မမေး၊ အမေ ဘာဖြစ်သလဲ၊ မစုံစမ်း။ မှုးမှုးနှင့်ပြန်လာပြီး ထမင်းစားသည်၊ စားပြီးတော့ အဝတ်လဲ ထား ထွက်သွားသည်၊ အဝတ်တွေကို ခုတင်ပေါ်မှာ ချွတ်ထားခဲ့တော့ ရှင်းရ လင်းရသူက မိခင် မမြိုင်ပဲ မဟုတ်လား။

ဦးကျော်ညွန့် တောက ပြန်လာ တော့ ဇနီးဖြစ်သူအဖြစ်ကို သိသည်၊ စိတ်မကောင်းဖြစ်ရသည်၊



"နောက်ဆိုရင် ဘယ်တော့မှ ပေါက်ဆိန်မကိုင်နဲ့၊ တော်ပါသေးရဲ့ ပေါက်ဆိန် အသွားနဲ့ ခြေသလုံးထိလျှင် ... ဟင်း ..."

သက်ပြင်းချခဲ့သူက ဦးကျော်ညွန့်၊ ဒီတော့ - ဒီကနေ့ ထင်းစိုက်စရာမရှိ၊

ထင်းပေါက်နေရသူက ဦးကျော်ညွန့်၊ အရက်မူးပြန်လာသူက သားဖြစ်သူ ကျောက်ခဲ၊ ချက်ရပြုတ်ရနှင့် အလုပ်ရှုပ်နေသူက မမြိုင်၊

▲ ▲ ▲

"ကျုပ်အထက်ပိုင်းရေနံတွင်းလိုက်မလို့၊ အဲဒါ စရိတ်ပေးဦး"

"မိဘနှစ်ပါးတည်းရှိတာ ဒီမိဘနှစ်ပါး ဘယ်လိုနေတယ်၊ ဘယ်လို လှုပ်ရှားနေရတယ်၊ ဘယ်လိုပူပန်သောက ရောက်နေရတယ်ဆိုတာ မသိဘူး၊ သိအောင်လဲ မစုံစမ်းဘူး။ မင်းက မင်းမိန်းမနဲ့ ကလေးကို အကြောင်းပြ၊ အဆင်မပြေတာကို လေပြေထိုး၊ နောက်ဆုံး ဒီအဖေ ဒီအမေဆီပဲ ခေါင်းလာခွေ့ကြတယ်၊ လက်ဝါးဖြန့်ကြတယ်၊ ကောင်းပါတယ်ကွာ။

ဖခင်ဖြစ်သူရှေ့တရိုတသေ သွားရ မှန်းမသိသော နောက်တိုး၊

အရက်နံ့က တထောင်းထောင်း ထပြီး အိမ်ရှေ့ဆန်ရွေးနေသည့် မိခင်ဖြစ်သူရှေ့ ရပ်ရင်း ပြောသည်၊ မမြိုင် မော့ကြည့်ရင်း ပြောသည်၊ ဦးကျော်ညွန့် ဘာမှမပြောတော့၊ စိတ်ပျက်ပျက်နှင့် ခုတင်ထက် တုံးလုံးလှဲရင်း နဖူးပေါ်လက်တင်ရင်း စဉ်းစားနေသည်၊ ဘာတွေစဉ်းစားနေသည်တော့ မသိ၊ သူ့ကိုယ်သူ နားလည်၊

"ဘယ်တော့ သွားမှာလဲ - လူလေးရဲ့"

"နှစ်ရက် သုံးရက်နေရင် သွားမယ်၊ ရွာလယ်က ကောင်တွေနဲ့ သွားမှာ၊ ရေနံတွင်းလို့တဲ့၊ အဲဒါ လူလာခေါ်တယ်"

"ဩော် - လတ် တလော တော့ အမေ့လက်ထဲ မရှိသေးပါဘူးကွယ်"

"ဟာဗျာ - ကျုပ်က အမေ့အားကိုးနဲ့ လာတာ"

"ဟုတ်ပါတယ်၊ ဘယ်သားသမီး ဆိုမိဘကိုအားကိုးကြတာပါပဲ၊ မိဘက သားသမီးအပေါ်မှ အားမကိုးတာ၊ လူလေးကို အပြစ်မပြောပါဘူး"

မမြိုင်က ပြုံးရင်းပြောကာ စပါးလုံး ရွေးထားသည့် ဆန်ဗန်းကို မြေပြင်မှာ ချသည်၊ သားကြီးကို ကြည့်သည်၊ သားဖြစ်သူ မျက်လုံးတွေက ရဲနေသည်၊ ပါးစပ်က အရက်ပေါင်းနံ့က တထောင်းထောင်း၊

မမြိုင်ခမျာ အရက်ပေါင်းနံ့နံ့သည်ဟု မပြောခဲ့၊

"အမေ လှည့်ပတ်ပြီး ကြံပါဦးမယ်"

"အမေရာ - ဦးပြာတို့ဆီ အိမ်မြေ ပေါင်ထားတာရှိတယ်လေ၊ အဲဒါငွေထပ်ယူပြီးပေးပေါ့"

နောက်တိုး စကားကြောင့် မမြိုင် ပြုံးသည်၊ ဩော် - ပေါင်ထားသည့်မြေ ပေါ်က ငွေထပ်ယူရမည်တဲ့လား။

နောက်တိုးက ပြုံးကြည့်ဆဲ၊

"ကဲပါ - အမေ - ကြံပါ့မယ်"

ပြောရင်း ဆန်ဗန်းကိုယူပြီး အိမ်ထဲ ဝင်သည်၊

"မိဘနှစ်ပါးတည်းရှိတာ ဒီမိဘနှစ်ပါး ဘယ်လိုနေတယ်၊ ဘယ်လိုလှုပ်ရှား နေရတယ်၊ ဘယ်လိုပူပန်သောကရောက် နေရတယ်ဆိုတာမသိဘူး၊ သိအောင်လဲ မစုံစမ်းဘူး။ မင်းက မင်းမိန်းမနဲ့ ကလေး ကို အကြောင်းပြ၊ အဆင်မပြေတာကို လေပြေထိုး။ နောက်ဆုံးဒီအဖေ ဒီအမေ





www.burmeseclassic.com

www.burmeseclassic.com

ဆီပဲ ခေါင်းလာခွေ့ကြတယ်၊ လက်ဝါး ဖြန့်ကြတယ်၊ ကောင်းပါတယ်ကွာ"

ဦးကျော်ညွန့်က မမြိုင်နောက်က မတော့မနပ်နှင့် ကပ်ပါသွားသည့် နောက်တိုးတို့ ပြောသည်၊ ဖခင်ပြော တော့ နောက်တိုးက မလှုပ်။

ဝင်ပြောသူက မမြိုင်။

"တဲ-တဲ-ထမင်းဟင်းတွေ ချန် ထားတယ်စားချင်စားသွားလေ၊ လူလေးအိမ် သာချက်လဲ၊ စိတ်ထဲမရော နေကောင်း လား မြေးလေးရော"

မမြိုင်က အကြောင်းအရာများကို ဆက်ရင်း ပြောသည်။

"သိပ် နေမကောင်းဘူး"

"တဲ့-မနေ့က အနောက်ဘက်အိမ် မှာ ရယ်ရင်းမောရင်းနဲ့တောင် တွေ့ခဲ့ပါ သေးတယ်"

မမြိုင်က စိုးရိမ်မှုနှင့် မေးသည်၊ တကယ်တော့ ဖနီးဖြစ်သူ မတွတ်မက နေကောင်းပါသည်၊ လိမ်ပြောလိုက်ခြင်း ပင်။

မမြိုင်ရော ဦးကျော်ညွန့်ရော တကယ်နေမကောင်းဟု ထင်နေသည်။

"မင်းမိန်းမ တကယ် နေမကောင်း တာလား"

"ဟင် - ဟုတ်လား"

ဦးကျော်ညွန့်ရော ဒေါ်မြိုင်ပါပြိုင်တူ မေးလိုက်ကြသည်၊ နောက်ဆုံး ဘာဖြေ ရမှန်းမသိ၊ မဖြေချင်တော့ စကားကို လမ်းကြောင်းလွှဲသည်။

"ကျုပ် စရိတ်ရမယ်၊ မရဘူးဆိုတာ"

"အမေ ပြောပြီးပြီပဲ၊ အမေ ရှာထား လိုက်ပါ့မယ် ဆိုနေကွယ်"

"ကျုပ် သွားမယ်"

"အင်း - အင်း"

နောက်တိုး ထွက်သွားသည်။

ဒီတော့မှ ဦးကျော်ညွန့်သည် ခုတင် ပေါ်မှ ဆင်းသည်၊ မမြိုင်သည် ထမင်း ဟင်း ကျက်ပြီမို့ ထမင်းခူးသည်၊ နေ လည်၊ ဝင်တော့မည်၊ ထမင်းဝိုင်းမှာ နှစ် ဦးအတူစားသည်၊ စကားမပြောဖြစ်၊ သူတို့စိတ်က သားကြီးနှင့် သားငယ်ဆီ မှာ။

တစ်ဦးတလေမှ ထွန်းထွန်းတား ကား မရှိခဲ့သည့်သားတွေ၊ သားကျိုး သမီးကျိုး မပေးခဲ့သည့် သူတို့ဘဝ။

ဩော် - သံသရာခရီးလမ်းပေါ်မှာ မိဘတွေအပေါ် မကောင်းခဲ့သည့် ပြစ်မှု ဝဋ်ကြွေးကိုလက်ရှိဘဝ၌ပေးဆပ်နေရ သည်ဟု တရားနှင့်ဖြေရင်း ရှိနေကြရ သည်၊ သူတို့ထမင်းစားအပြီး ကျောက်ခဲ ရောက်လာသည်။

"ဖေ့ - ဖေ့ - အမေ - အမေ - ထမင်းစားမယ်"

ကျောက်ခဲသည် အိမ်ထဲသို့ ဒယီး ဒယိုင် ဝင်လာရင်းပြောသည်။

"မင်းမှာ ခြေလက် မပါဘူးလား၊ မင်းမှာအိမ်ဝင်၊ မိဘ မရှိဘူးလား၊ ဟင်၊ ပြောစမ်း၊ အိမ်ရှိ ဝင်းရှိတဲ့ သူဆိုရင် အချိန်နဲ့အခါနဲ့ပြန်၊ ထမင်းစား၊ အလုပ် လုပ်စရာရှိတာလုပ်၊ နေ့လယ်ပြန် ထမင်း စား၊ ပြန်ထွက်၊ ညနေမိုးချုပ်မှပြန်၊ ပြီး တော့ - မိဘနှစ်ပါးကို ရှိတယ်လို့လဲ မထင်၊ ဟင်းဟင်း - မိဘလုပ်တဲ့သူက ထမင်းခူးကျွေးရ၊ ငါ မပြောချင်ဘူး"

ဦးကျော်ညွန့်က ပြောသည်၊ ဝေါက် သည်၊ ဖခင်ဖြစ်သူက ပြောတော့ ကျောက်ခဲ ပြန်မပြော၊ ဒါပေမဲ့ - ဖခင် ဝေတနာစကား၊ မေတ္တာစကားကို နား ထဲမသွင်း။

"နားငြီးတယ်"

"အဟမ်း - အဟမ်း"

ဒါ ကျောက်ခဲ စကား၊ ကျောက်ခဲရဲ့ တိုးမကျယ်စကား၊ မိခင်ဖြစ်သူက တော့ သားငယ်စကားကို ဖခင်ဖြစ်သူ ကြားမှာစိုး၍ သားဖြစ်သူ စကားပြောစဉ် အတွင်း ချောင်းဆိုးဟန်ပြသည်။

"ကဲ - လာ - အမေ ထမင်းခူးထား ပြီးပြီ"

ကျောက်ခဲကို ဆွဲခေါ်လာပြီး ထမင်း ဝိုင်းမှာ ထိုင်စေသည်၊ အရန်သင့်ခူးထား သည့် ထမင်းဟင်းများကို ချပေးသည်၊ ပြီးတော့ - ဖခင် မသိအောင် ကြော်ထား သည့် ဘဲဥကြော်တစ်ချပ်ကို ချပေးသည်။

"စား - ဒါ - ဘဲဥကြော်"

"ခင်ဗျား ယောကျ်ားကြီးက လေ ကြောတို့ ရှည်တယ်"

"တော်စမ်း - ဒါ သားအဖေကွယ့်၊ သားဖြစ်သူမဟုတ်ရင် ပြောမှာ ဆူမှာပဲ၊ မပြောစေချင်ရင် မဆူစေချင်ရင် အိမ် အလုပ်လုပ်၊ အိမ်ကပ်၊ အရက်ထန်းရည် မသောက်နဲ့ပေါ့"

"တော်စမ်းပါဗျာ၊ သွား - အလကား နားငြီးတယ်"

"ဟင်း၊ အင်းအင်း၊ မင်းတို့ညီအစ်ကို နှစ်ယောက်နဲ့တော့ အမေ ရင်လေး တယ်၊ ကျောက်ခဲရယ်၊ ရင်လေးတယ်"

မိခင် ဖြစ် သူ ၏ စကား ကြောင့် ကျောက်ခဲ မျက်စောင်းခဲသည်၊ မျက် စောင်းခဲအပြီး ထမင်းနှင့် ရေညှိဟင်း

www.burmeseclassic.com

တွေ၊ ငါးပိရည်ဖျော်တွေကို လှုးဖပ်နယ်ပြီး မစားဘဲ ပစ်ထားခဲ့သည်။

ကျောက်ခဲလက်ထဲမှာတော့ အမေပေးသည့် ဘဲဥကြော်ကိုယူပြီး ပလုတ်ပလောင်းစားပြီး နတင်ထက်အိပ်နေရျပြီးအတော်ကြာမှ ဦးကျော်ညွှန့်က ပြောသည်။

"နှင့်သားပြောတာတွေ ငါအားလုံးကြားတယ်"

"တင် —"

"ဟုတ်တယ် - နှင့်သားနစ်ယောက်ထဲတော့ တီရွှာန်ကောင်တွေပါဟား၊ ငါနားလည်ပါတယ် - မယ်မြိုင်"

"ကျုပ်တို့ ကံပေါ့တော်"

"အင်း - ကံပဲ ပုံရရှာပေါ့ မယ်မြိုင်၊ ငယ်ငယ်ကတည်းက ချစ်လွန်းလို့ အလိုလိုက်ခဲ့တာ၊ အရှိန်တုန်းက အလိုလိုက်ခဲ့တာတွေ ကြီးလာပြီ အရိုးရင့်လာပြီဆိုတော့ မနိုင်တော့ဘူးလေ၊ ပြောမရ ဆိုမရဖြစ်နေပြီ၊ ဖြစ်ခဲ့ပြီ၊ ငါကတော့ မနိုင်လို့ရှိရင် လွှတ်ချဆိုတဲ့ စကားအတိုင်း ဒီနှစ်ကောင်ကို မပြောချင်တော့ဘူး"

"ဟုတ်ပါ့၊ ဒါပေမဲ့ - ကျုပ်က စီးပွားရေးကျသွားတာကိုပဲ စိတ်ညစ်နေတာ"

"ဟေ့ - ငါက နစ်ခုစလုံးအတွက် ပူတာ၊ ဒီကောင်တွေ မလိမ္မာတာက တစ်ကြောင်း၊ စီးပွားရေးကျတာက တစ်ကြောင်း"

ဦးကျော်ညွှန့်အသံက အနည်းငယ်မာသွားသည်၊ မမြိုင်တစ်ယောက် ခပ်ညည်းညည်းလေး ပြောသည်။

"အင်း - ဒါလဲ ဟုတ်တာပဲ"

"ဘာဟုတ်တာလဲ၊ ငါတို့ စီးပွားရေးအဆင်မပြေတာ၊ တောင်သူဖျက်ခဲ့တာမင်းသားတွေ အသုံးမကျလို့၊ ကိုယ့်အလုပ် ကိုယ်မလုပ်ကြလို့"

ဦးကျော်ညွှန့်စကားကြောင့် သက်ပြင်းချသွားသူက မမြိုင်။

"အင်း - ဟင်း"

ㅅ ㅅ ㅅ

တကယ်တော့ ကုန်းကြီးရွာတွင် အိမ်ခြေ ခြောက်ရာခန့်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းသည်ကလွဲလို့ စီးပွားရေးအဆင်ပြေကြသည်၊ ကုန်းကြီးရွာအဓိကစိုက်သည်မှာ ငရုတ်အပြီး ပဲအမျိုးမျိုး စိုက်ကြသည်။ အဓိကမှာမြေပဲနှင့်ပဲစင်းငုံသာဖြစ်သည်။ ပြောရလျှင် ငရုတ်၊ နှမ်း၊ ပဲစင်းငုံနှင့် မြေပဲ။

ကုန်းကြီးရွာ၏ သုံးပုံနစ်ပုံသည် တောင်သူတွေဖြစ်ပြီး တစ်ပုံသည် လက်လုပ်လက်စားဖြစ်သည်၊ လက်လုပ်လက်စား စာရင်းထဲမှာ ဦးကျော်ညွှန့်တို့မပါ၊ ပါသည်က တောင်သူစာရင်းထဲပါသည်၊ ဦးကျော်ညွှန့်၏ စီးပွားရေးလုပ်ငန်းများမှာ နွားတစ်ရှဉ်းလုပ်ဖြစ်သည်၊ ငရုတ်စိုက်မြေနစ်ကေ၊ နှမ်းမြေပဲနှင့်ပဲခင်း၊ နှမ်းချမြေက ခြောက်ကေ၊ စုစုပေါင်း ရှစ်ကေရှိသည်၊ ကိုကျော်ညွှန့် လုပ်ကိုင်နိုင်စဉ်၊ အကျိုးပေးစဉ်၊ ကံကောင်းစဉ်ကတော့ ဘယ်ပျိုးကြဲကြဲ ဘယ်လိုပဲမိုးပဲရွာရွာ တစ်ဆုပ်ကြဲ တစ်လှည်းဝင်ခဲ့ သည့်အတွက် အဆင်ပြေသည်၊ မြေယာတွေက မြေဆီမြေနစ်ကောင်း၊ မိုးက မှန်၊ ပျိုးကသန်၊ ဒီတော့ - ကြဲချင်ရာကြဲ၊ စိုက်ချင်ရာစိုက်၊ ပျိုးချင်ရာပျိုး၊ ပက်ချင်ရာ ပက်၊

တွေးကြည့်တော့ -

ဦးကျော်ညွှန့်မိဘတွေကစီးပွားရေးမဆိုး၊ တောင်သူနစ်ရှဉ်း လုပ်ခဲ့သည်၊ သွေးချင်းမောင်နှမ လေးဦးရှိသည့် ဦးကျော်ညွှန့်၊ ဦးကျော်ညွှန့်က မွေးချင်းထဲမှာ အကြီးဆုံး။ ဦးကျော်ညွှန့်သည် ရှစ်တန်းအထိသာ အတန်းကျောင်းနေခဲ့ရပြီးနောက် ကျောင်းထွက်ခဲ့ရသည်၊ အရပ်သားဖြစ်ခဲ့ပြီးနောက် တောထွက်ရသည်၊ တောလိုက်ရသည်၊ မျိုးကြဲ ပျိုးကြဲရသည်၊ ပျိုးသိမ်းချိန်သိမ်း လုပ်ရတော့သည်၊

နောက်တော့ မမြိုင်နှင့် မေတ္တာမျှပြီး လက်ထပ်ခဲ့ကြသည်၊ တကယ်တော့ ဦးကျော်ညွှန့် မိဘတွေက သားကြီး ဦးကျော်ညွှန့်ကို အခြားတောင်သူကြီးတစ်ဦး၏သမီးနှင့် သဘောတူသည်၊ လက်ထပ်စေချင်သည်၊ ဒီတော့ မမြိုင်နှင့်ဖြစ်နေသည်၊ ချစ်နေသည်ဆိုတော့ မိဘတွေက ဖျက်သည်၊

သို့သော် ဦးကျော်ညွှန့်က လက်မခံ၊ ဖျက်မရ၊ နားမထောင်ခဲ့၊ မမြိုင်မှမမြိုင်။ အချစ်ကိုသာ ကိုးကွယ်သည့်သူ၊

နောက်တော့ ပြောမရ၊ တားမရသည့်အဆုံး၌ ဦးကျော်ညွှန့်မိဘများက မမြိုင်နှင့် ပေးစားခဲ့သည်၊ မိဘတာဝန်ရှိသည့်အတိုင်း ဝတ္တရားမပျက်ခဲ့၊ တင့်တောင့်တင့်တယ် တောင်းရမ်းပေးလိုက်သည်၊ နောက်တော့ မင်္ဂလာပွဲအပြီးပေးသင့်တာ ပေးသည်၊ အိမ်တင်သဘောမျိုး၊ အမွေပေးသည့်သဘောမျိုးနှင့် မြေရှစ်ကေ ပေးသည်၊ နွားတစ်ရှဉ်း ပေးလိုက်သည်၊ မင်္ဂလာဆောင်ပေးအပြီး ဦးကျော်ညွှန့်ကို အိမ်ထောင်ခွဲပေးသည်၊ မမြိုင်ထံ အပြီးထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ညွန့်က လူပါး၊ မင်္ဂလာဆောင်ပြီး မခွဲသေးဘဲ အိမ်ဆောက်ဖို့ မြေတွက်ဝယ်သည်၊ ပြီးမှ အိမ်ဆောက်သည်၊ နောက် စီးပွားရေးခွဲသည်၊ လုပ်ငန်းခွဲသည်၊ သီးခြားဘဝ ထူထောင်သည်၊ မမြိုင်နှင့် အတူနေသည်၊

အဲ - မမြိုင်နှင့် သဘောမတူတာ အကြောင်းရှိသည်၊

ထခြားတုတ်ရှိလား၊

မမြိုင်တ ဆင်းရဲသည်၊ နုံရာသည်၊ ပြောရလျှင် မွဲသည်၊ ဒီတော့ - ဦးကျော်ညွန့်မိဘတွေက သဘောမတူကြခြင်းဝင်၊ ဦးကျော်ညွန့်ကလည်း မမြိုင်မှ မမြိုင်၊ တကယ်တော့ မမြိုင်က လှသည်၊ ယဉ်သည်၊ ယဉ်ကျေးသည်ကိုး၊ ရွာကွမ်းတောင်ကိုင်၊ သို့ကြောင့် သဘောမတူ ခဲ့ခြင်း၊

ဦးကျော်ညွန့်ကတော့ သဘောမတူရင်လည်းနေ၊ မင်္ဂလာမဆောင်ပေးရင်လည်းနေ ယူမည်တဲ့၊ မမြိုင်ကိုယူဖြစ်အောင် ယူမည်၊

သို့ဖြင့် ဦးကျော်ညွန့်နှင့် မမြိုင်တို့ လင်မယား ကံကောင်းပါသည်၊

ဦးကျော်ညွန့်မိဘများက တာဝန်အရ မင်္ဂလာဆောင်ပေးကြ၊ ဘဝရပ်တည်ရေးအတွက် နွားတွေ၊ မြေယာတွေ ပေးခဲ့ပြီးပြီပဲ၊ ဒီတော့ ပူစရာမလိုတော့၊

အိမ်ထောင်ခွဲပြီးအလုပ်ကိုကြိုးစားခဲ့သည့်ဦးကျော်ညွန့်၊ အသုံးအဖြုန်းချွေတာခဲ့သည့် မမြိုင်၊ ဒီတော့ - စီးပွားရေးအဆင်ပြေခဲ့သည်၊ အသက်ရှုချောင်ခဲ့သည်၊

နောက်တော့ သုံးနှစ်အကြာမှာ သားတစ်ယောက် ဖွားမြင်သည်၊ သားကြီး နှစ်နှစ်အရောက် သားငယ်တစ်ဦး ဖွားမြင်ခဲ့သည်၊ သားကြီးအမည်တ နောက်တိုး၊ အငယ်သားက ကျောက်ခဲ၊ နှစ်နှစ်ကြီး နှစ်နှစ်ငယ်ဘဝတွေ၊

သားတွေမွေးခဲ့ပြီဆိုတော့ ပထမဦးဆုံးကြံရသည်က ရှင်ပြုနိုင်ရေး၊ သာသနာ့ဘောင်သို့ တက်နိုင်ရေး၊ ပြီးတော့ ပညာရေးစသည့်အကြောင်းနှစ်ချက်ကို ဦးကျော်ညွန့်တို့ လင်မယား စတွေးပြီး ပူခဲ့သည်၊ နောက်တိုး(၇)နှစ်၊ ကျောက်ခဲ (၅)နှစ်သားအရောက် ရှင်ပြုခဲ့သည်၊ သာသနာ့ဘောင် တက်စေခဲ့သည်၊ အလှူပွဲကြီးအပြီး သင်္ကန်းဝတ်နှင့် ငါးလခြောက်လ ကြာသည်၊

ညီအစ်ကိုနှစ်ဦးစလုံး လူထွက်ကြသည်၊ လူမထွက်လို့လည်း မရပါ။ အတန်းပညာက ရှိသေးသည်မဟုတ်လား၊ ညီအစ်ကိုနှစ်ဦး ရှင်ပြုစဉ်က နောက်တိုးက နှစ်တန်း၊ ကျောက်ခဲက သူငယ်တန်း၊

ရှင်မပြုခင်ကရော ရှင်ပြုအပြီးပါ ဦးကျော်ညွန့်သည် အလုပ်နှင့်လက် မပြတ်ခဲ့၊ မိမိပိုင် မြေယာတွေကို ထွန်ယက်ပြီး ထယ်ထိုးပြီးလျှင် သူများထွန်အငှားခေါ်ပါက လိုက်သည်၊ ထယ်ထိုးအငှားခေါ်ပါက လိုက်သည်၊

နောက်ဆုံး မျိုးကြဲ၊ ပျိုးကြဲနှင့် ပျိုးသိမ်း၊ ပျိုးသိမ်းအထိ လှရောနွားပါလိုက်ခဲ့သည်၊ မိသားစုအတွက် သားနှစ်ယောက် နေရေးအတွက်၊ ပညာရေးအတွက်ကိုး၊ သို့သော် ဦးကျော်ညွန့်ကြိုးစားရကျိုး မနပ်ခဲ့၊ ပင်ပန်းရကျိုး မနပ်၊ အကြီးကောင် နောက်တိုး ရှစ်တန်းအရောက် ကျောင်းထွက်သည်၊ အကြီးကောင် ရှစ်တန်းမှာ ကျောင်းထွက်သလို အငယ်ကောင်ကလည်း ရှစ်တန်း၌ပင် မြွေ့ဘဲ ကျောင်းထွက်ပြန်သည်၊ ကျောင်းထွက်ပြီးနောက် စားဝတ်နေရေးအတွက် နှစ်ဦးစလုံး ခြေလှည့်ခဲ့ကြသည်၊ သောက်တတ်စားတတ်နှင့် အပေါင်းအသင်းများလာသည်၊ စရိုက်စုံလာသည်၊

နောက်ပိုင်း၌ ဦးကျော်ညွန့်သည် စိတ်ပျက်လာသည်၊ စိတ်ညစ်လာသည်၊ မိမိ၏ ပန်းနာရင်ကျပ်ရောဂါနှင့် ဝင်ဝန်းမှုဒဏ်ကာ လက်ရာမပျက်နိုင်စတ်ခဲ့သည် ကာအမြဲလိုလို၊ ဝေဒနာခံစားခဲ့ရတာကြာ ခဲ့ပြီ၊ သားကြီးကျောင်းထွက်သဖြင့် အားကိုးရမည်ထင်ခဲ့သည်၊ အားမတိုးခဲ့ရ၊ သားငယ်ကျောင်းထွက်ပြန်တော့လည်း အားပြုရမည် ထင်ခဲ့သည်၊ အားပြုမရ ပြန်၊ သားနှစ်ယောက်ကတော့ အသောက် အစား မပျက်ခဲ့၊

နောက်တော့ ဦးကျော်ညွန့် အရင်ကလို ဝီရိယမကောင်းနိုင်၊ သတ္တိမကောင်းနိုင်တော့၊ နောက်ပိုင်း၌ ရှိတ် စိုက်မြေနှစ်ကွက်အပြတ်ရောင်းရသည်၊ ဦးကျော်ညွန့် ကျန်းမာရေး၊ ဖနီးဖြစ်သူ မိုက်နာရောဂါ ကုခဲ့တာ၊ နလုံးရောဂါလိုလို၊ သွေးတိုးရောဂါလိုလို ကုခဲ့ရတာ၊ စားတာသောက်တာ မီးဖိုချောင်စရိတ်နှင့် အခြားလူမှုရေးအတွက်ကုန်ကျငွေတွေ၊ ပြီးတော့ - သီးနှံက အရင်နှစ်တွေတလို အထွက်မကောင်း၊ သီးနှံအတွက်တလျှော့၊ ဒီတော့ - အရနှင့်အကုန် အဝင်နှင့်အထွက်က ချိန်ခွင်လျှာ မညီမျှတော့၊ ထို့ကြောင့်ရှိတ်စိုက်မြေနှစ်ကွက်ရောင်း အပြီး နောက်နှစ်၌ နှမ်းမြေပ်စိုက်၊ သဲမြေ

www.burmeseclassic.com

နှစ်တော ရောင်းရပြန်သည်။ ထိုနှစ်၌ပင် အကြီးတောင်နောက်တိုးမဂံလာအောင် ၌ နှစ်တော ရောင်းရပြန်သည်။ နှစ်တောပဲ ကျန်သည့်အချိန် ကျန်သည့်နှစ်တောမှာ အဖြတ်မရောင်းဘဲ ပေါင်လိုက်ရပြီး နွား နှစ်တောင်ပါ ပြုတ်သွားခဲ့သည်။

ကြည့် - သားကြီးက သူ့အိမ်ထောင် နှင့်သူ၊ သီးခြားခွဲနေသည့် သားကြီး၊ သားကြီး မင်္ဂလာပွဲတုန်းက မြေယာ၊ ကျွဲ၊ နွား လက်ခွဲခဲ့ရပေမဲ့ ငွေသာ ထပ်ပြီး တောင်းပေးခဲ့ရသည့်တော့တ်လား။ ယခု သားကြီးနောက်တိုးသားတစ်ဦးရနေပြီ၊ သားတော တစ်နှစ်ပြည့်ပြီးပြီ၊ အငယ် တောင်ကျောက်ခဲကတော့ အိမ်ထောင် ပရသေး။ ဗူဖြင်းသည့်အတွေးတွေကို ကြတွဲ့ရှာ တွေးနေသူတွေက -

ဦးကျော်ညွန့်နှင့် မမြိုင်၊

⅄ ⅄ ⅄

စောစောတုန်းက အကြီးကောင် နောက်တိုးရေနံတွင်းလိုက်မည်၊ ဖနီးနှင့် သားဖြစ်သူကို ဂဏာတာပစ်ပြီး လိုက်ဖို့ ကာပြောသည်၊ စရိတ်ပေးပါဆိုတော့ ဝင်စရိတ်နှင့် လမ်းမှာစားဖို့သောက်ဖို့၊ ဆေးလိပ်၊ ကွမ်းဖိုးကအစ ပေါင်ထား သည့်မြေပေါ်မှ ငွေထပ်ယူ၍ ပေးဖို့ကြိုး ထားသည်၊ နောက်တော့အငယ်ကောင် ကျောက်ခဲပါ လိုက်မည်ဆိုတော့ နှစ်ဦး အတွက် ရှာရပြန်သည်၊ မမြိုင်မှာ နွား တစ်ကောင် ရောင်းစဉ်က ကျန်သည့် ငွေအချို့ထဲမှ ငွေထပ်တောင်းထားရ သည်၊ ငွေတောင်းပြီးလို့ နှစ်ရက်သာ ကြာသည်၊ ခရီးထွက်ဖို့ပြင်ဆင်ကြသည်၊ ရွာက မောင်တိုးဆိုသူနှင့် အနီ ရေနံတွင်း ကိုနေလာတာ သုံးနှစ်ရှိပြီ၊ ရေနံနှင့် ချမ်း သာနေသူဖြစ်သည်၊ အစကတော့ တွင်း အလုပ်သမား၊ နောက်တော့ တွင်းပိုင် တွေ ဖြစ်သွားပြီတဲ့။

သို့ကြောင့် မောင်တိုးနှင့်အတူတူ လိုက်ကြမည့်သူတွေက နောက်တိုး၊ ကျောက်ခဲ၊ မြမောင်နှင့် စိန်ဌေးတို့သာ ဖြစ်သည်၊ လာခေါ်သည့် မောင်တိုးနှင့်မှ ငါးဦး။

"ကောင်းတယ် မယ်မြိုင်၊ ဒီကောင် တွေကိုယ့်ထမင်းကိုယ်ရှာစားရမှ သိမှာ၊ ရွာမှာနေရင်မိဘက ရှာဖွေပေးထားတာ ကို လက်ဆေးစားနေရတော့ ထမင်း တန်ဖိုး၊ မိဘတန်ဖိုး သိတာမဟုတ်ဘူး။ ကိုယ့်ဝမ်းကိုယ် ရှာစားမှ သိမှာ၊ မိဘနဲ့ ဝေးဝေးရောက်မှ သိမှာ၊ စရိတ်ရှာပေး လိုက်"

ဦးကျော်ညွန့်က ပြောသည်၊

မမြိုင်မှာတော့ သားနှစ်ဦးစလုံး ခရီးထွက်မည်ဆိုတော့ သားနှစ်ဦးမမြင် အောင် ရှိုက်ရ၊ မြင်အောင် ငိုပြရနှင့်၊ ကြော် - မိဘဆိုတော့ လိမ္မာလည်းချစ်ရ၊ ဆိုးပြန်တော့လည်း ချစ်ရသည်က မတွော့ပဲလား၊ နောက်ရက်တွေမှာ ခရီး ထွက်ကြသည်၊ ဒီတော့ - သားနှစ်ဦးက များ ထိုင်ပြီး မိဘတွေကို ကန်တော့လေ မလား၊ နှုတ်ဆက်လေမလားထင်ပြီး ဦးကျော်ညွန့်ရော မမြိုင်ပါ စောစောထ သည်၊

သားတွေအတွက် ထမင်းဟင်း ချက်ပေးသည်၊ ထမင်းကြော်စားပြီး လမ်းမှာစားဖို့ ထမင်းထုပ်ပေးလိုက်ရန် ပြင်ဆင်ထားပြီးသား၊ ချွေးမဖြစ်သူက တော့ လင်ဖြစ်သူ နောက်တိုး အပြန်မှာ ငွေထုပ်ကြီးပါမည့် မျှော်လင့်ချက်နှင့်ပြုံး နေသည်၊

"သွားမယ်ဟေ့ - နောက်တိုး၊ ကျောက်ခဲ"

"အေး - လာပြီ"

ဟု နောက်တိုးက ဖြေရင်း ဇနီးဖြစ် သူအား မှာစရာရှိတာ မှာ၊ သားဖြစ်သူ အား ပါးတွေနမ်းပြီး ထွက်သွားသည်၊

"ဟင်း - မဖြစ်လို့ လိုက်သွားရတာ၊ တောင်သူလဲ ပျက်၊ ရှိတဲ့မြေယာ နွားပါ မကျန်အောင် ရောင်းစားပစ်တဲ့ ခင်များ တို့၊ ကျုပ်ချမ်းသာလာရင် အကြောင်း သိမယ်"

ပြောရင်း ထမင်းထုပ်ဆွဲထွက်သွား သည့် ကျောက်ခဲ၊ ခရီးထွက်သွားသည့် အထိ မိဘကို ကန်တော့ဖို့ဝေးစွ၊ ရန်စကားပင် ပြောသွားသေးသည်၊

ကျောက်ခဲက အဲသလိုပြောတော့ ဦးကျော်ညွန့်ရော မမြိုင်ပါ ပါးစပ် အဟောင်းသားနှင့်ငေးရင်း ကျန်ရစ်ခဲ့ သည်၊ ရင်ထဲမှာတော့ သားဖြစ်သူ ပြော သွားသည်ကို ကျေနပ်ပါသော်လည်း မှန်းကျပ်သည့်ဝေဒနာများကို ရင်ဝယ် ပိုက်ရင်း ကျန်ရစ်ခဲ့သည်၊ သားဖြစ်သူ၏ စကားကြောင့် မျက်ရည်ဝဲ ကျန်ရစ်သူက ဦးကျော်ညွန့်နှင့် မမြိုင်ပဲလေ၊

⅄ ⅄ ⅄

သူတို့ငါးဦးအဖွဲ့ ရွာမှထွက်ခဲ့သည်၊ ရွာနှင့် သရက်ခြံရွာအထိ ခြေကျင်လာခဲ့ ကြသည်၊ နှစ်မိုင်ခန့်ဝေးသည့် သရက်ခြံ ကို တစ်နာရီနီးပါး ခပ်မြန်မြန် လျှောက်ခဲ့ သည်၊ သရက်ခြံရွာမှာ မုံရွာမြို့သွားသည့် ကားတွေရှိသည်၊ ပခုက္ကူသွားသော လာ သည့်ကား၊ မြိုင်ဘက်တက်မည့်ကား

www.burmeseclassic.com

တလာသည့် ကား၊ တောကျောင်းကြီး ဝရိမ်သာဘက်ကလာသည့်ကားတွေ ရှိသည်။

သရက်ခြံရောက်တော့ ရေစကြို ကားနှင့် ကြုံသည်။ ရေစကြို-မုံရွာကား နှင့်လိုက်ခဲ့သည်။ လမ်းက ကောင်းသည့် နေရာတောင်းမြင်သည့်နေရာမြင် ကား သည်ပုံမှန်မောင်းနေဆဲ၊ မှန်ရိုးရွာကျော် ချောင်းဦးဝင်ပြီးတော့ ခင်မွန်၊ မုံရွေး၊ ကြေးမုံ၊ နောက် မြေနီရွာ မကြာပါ၊ မုံရွာ တိုဝင်သည်။ မုံရွာကိုရောက်တော့ ကား လေးတွင်းရှေ့မှာ ဆင်းသည်၊ ကားဝင်း ထဲရောက်တော့ ရွှေဘိုမြို့သွားမည့်ကား လတ်မှတ်ဖြတ်သည်။

ကျောက်ခဲတို့ ရွှေဘိုကို ခရီးဆက် ခဲ့ကြသည်၊ ရွှေဘိုရောက်သည်နှင့် ရုံထာရုံကို သွားကြသည်၊ ရထားနှင့် ကန့်လှတို့ ခရီးဆက်ကြရပြန်သည်၊ ကန့်လှရောက်တော့ ခဏနားသည်၊ နားသည်နှင့် ကားစီးကြရပြန်သည်၊ တောင်ကုန်းရွာဟုခေါ်သည့် စက်လှေဆိပ် ကိုရောက်ခဲ့သည်၊

နောက်တိုးရော ကျောက်ခဲပါ စိတ် ကျက်လာသည်၊ ခရီးက ပန်း၊ လမ်းက ကြမ်းလေတော့ အစကတည်းက လက် ကြာခြေကြာမတင်းသည့်သူတို့နှစ်ဦး လမ်းဦပင် လှည့်ပြန်ချင်သည့်ဆန္ဒတွေ ဖြစ်ခဲ့ပေမယ့် မောင်တိုးကို အားနာပြီး လိုက်ခဲ့ရသည်၊

ပင်ပန်းကြမည်၊ ကြည့်လေ၊ ကုန်း ကြောင်းတစ်မျိုး၊ ရထားနှင့်တစ်ဖုံ၊ ကား နှင့်တစ်မျိုးလာခဲ့ရသည့်သူတို့အဖွဲ့၊ ချမ်း သာချင်လို့ လိုက်ခဲ့ကြရပေမယ့် သေချာ သည့်လုပ်ငန်းမဟုတ်၊ ရေနံလုပ်ငန်း၊ ရွှေလုပ်ငန်း၊ ကျောက်လုပ်ငန်း၊ ဒီလုပ် ငန်းတွေက ကံကိုသာ အားထားရမည့် အလုပ်၊

“ငါတော့ပြန်ချင်ပြီ-ကျောက်ခဲရော၊ လိုက်လာတာ မှားပြီထင်တယ်၊ မိတွတ်မနဲ့ကလေးတို့ လွမ်းသလိုလိုပဲ”

“အင်း-ကျုပ်လဲ ကျုပ်အပေါင်း အသင်းတွေကို လွမ်းတယ်၊ သတိရ တယ်။ အရက်မသောက်ရတာလဲ နှစ် ရက်ရှိပြီဆိုတော့”

နောက်တိုးနှင့် ကျောက်ခဲက မြမောင်၊ စိန်ဌေးတို့မကြားအောင် တီး တိုးပြောမိသည်၊ သူတို့နှစ်ဦးကတော့ မောင်တိုးနှင့် ရေနံတွင်းအကြောင်း၊ စီး ပွားရေးအကြောင်း ပြောရင်းရှိသည်၊

ကျောက်ခဲတို့ ညီအစ်ကိုကတော့ မရောက်ဘူးသည့် ဒေသဝန်းကျင်ကို ကြည့်ရင်းငေးနေဆဲ၊ ဆွေးနေဆဲ၊ တောင် ကုန်းတောင်တန်းတွေ၊ ချောင်းတွေ၊ မြစ် တွေ အားလုံးမြင်နေရသည့်မြင်ကွင်းက သူတို့နှစ်ဦးအတွက်တော့ အစိမ်းသက် သက်။

စက်လှေဆိပ်မှတစ်ဆင့် ကူးကြရ သည်၊ ကားလမ်းဆုံးတော့ ရောက်မည် ဟု ထင်ခဲ့သည်၊ မရောက်သေး၊ ပေပင် ချောင်းကို ရောက်ခဲ့သည်၊ မနားကြရ၊ ပေပင်ချောင်းမှနေ၍ဝေးသော် ရွာ၊ ထိုမှ နောင်ကောက်ရွာ ရောက်သည်၊ နောင် ကောက်ရွာရောက်တော့ မိုးချုပ်နေပြီ၊ ခရီးမဆက်ကြ၊ အချိန်ကမရှိပြီ၊ လင့်နေ ပြီ၊ နောင်ကောက်ရွာမှာ ညအိပ်ကြရ သည်၊ နောင်ကောက်လက်ဖက်ရည် ဆိုင်တစ်ဆိုင်မှာ ညအိပ်ကြတော့ ကျောက်ခဲရော၊ နောက်တိုးပါအိပ်မပျော်၊ အိပ်မပျော်သော်လည်းကျွေးမွေးခဲ့သည့် မိဘနှစ်ပါးနှင့်ဆုံးရှုံးသွားသည့်စီးပွားရေး များကိုသတိရခြင်းမရှိ၊ သတိရနေသည် က တခြား၊

နောက်တိုးကသူ့မိသားစု၊ ကျောက် ခဲက သောက်ဖော်သောက်ဖက်အပေါင်း အသင်းတွေ၊ နောက်မနက် ရောက်ခဲ့ပြီ၊

“ကဲ-လမ်းလျှောက်ကြရမယ်နော်”

မောင်တိုးက ပြောသည်၊ ဒီတော့ လက်ဖက်ရည်သောက် မုန့်စားကြပြီး ခရီးဆက်ကြသည်၊ မောင်တိုးတို့လို ရေနံတွင်းတက်သူတွေ တွေ့ရသည်၊ အချို့က မြင်းတွေ၊ ဆိုင်ကယ်တွေနှင့် ရေနံပုံးတွေချိတ်လို့၊ လေးနာရီခန့် လမ်း လျှောက်ကြရသည်၊ လေးနာရီ လမ်း လျှောက်ရတော့ ပိုပြီးစိတ်ပျက်လာသူ တွေက ကျောက်ခဲတို့ညီအစ်ကို၊ မြမောင်နှင့်စိန်ဌေးကတော့အပြုံးမပျက်၊ အပြောမပျက်၊ မောင်တိုးနှင့် လုပ်ငန်း အကြောင်းပြောရင်း အားတက်လာ သရော၊

မကြာပါ၊ လှည်းဂိတ်ကို ရောက်ခဲ့ ကြပြီ၊ လှည်းဂိတ်ရောက်တော့ ခဏနား ကြသည်၊ လှည်းဂိတ်ရောက်သည့်အချိန် က မနက်(၈)နာရီခရီး၊ နောက်ထပ်ခြေ လျင်သွားကြရပြန်သည်၊ နှစ်နာရီခန့် ခရီးဆက်တော့ ညောင်မြစ်ကို ရောက် သည်၊ ညောင်မြစ်ရောက်တော့ မနက် ခင်း (၁၀)နာရီ၊ ညောင်မြစ်မှာ ခဏနား ကြပြန်သည်၊ မနားလို့မရ၊ အားလုံး ညောင်းနေကြပြီ၊ ပြီးမှ-ရေနံမှော်ဆီ လာခဲ့ကြသည်၊

ရောက်ပြီ၊ ကျောက်ခဲတို့လုပ်မည့် ရေနံမှော်က ညောင်မြစ်ရေနံမှော်၊ ညောင်မြစ်ရေနံမှော်မှာ အိတ်ဆုံးပြီတဲ့၊





www.burmeseclassic.com

www.burmeseclassic.com

"ကဲ – ရောက်ပါပြီကွာ၊ ရွေ့ဆက်မသွားကြရတော့ပါဘူး။ ဒါ ငါတို့လုပ်ရမယ့်ရေနံမှော်၊ ငါတို့နေရမယ့်ညောင်မြစ်တောင်၊ ကဲ – နေရာကို သွားကြည့်"

မောင်တိုးက ပြောတော့ အိတ်တွေဆွဲတာ တပင်တပန်း လာခဲ့သည်၊ မကြာခင်ရေနံမှော်ကိုရောက်ခဲ့ပြီ။ ရေနံမှော်ကိုရောက်ပြီဆိုတော့ ချောင်းတွေ၊ တောင်တန်းတွေ၊ တောင်တန်းတွေနှင့် သစ်ပင်ကြီးတွေကို တွေ့ရပြီ၊ မြေပြင်မှာတော့ လူတွေနေသည့်တဲတွေ ဟိုတစ်လုံး၊ ဒီတစ်လုံး တွေ့ရသည်၊ ပြီးတော့ အလုပ်သမားအချို့ကိုလည်း တွေ့ရသည်၊

"တို့မှာကြည့် – မင်းတို့ငါတို့လုပ်ကြရမယ့် ရေနံတွင်းနေရာ၊ အဲဒီနေရာမှာ အလုပ်ဆင်းကြရမယ်"

"ကြော်"

"ဟာ – တောင်ပေါ်ပဲကွ"

မောင်တိုးက ရေနံတူးမည့်နေရာကို ပြသည်၊ ကြည့်လိုက်တော့ တောင်ပေါ်မှာ။ သူတို့အလုပ်သမားတွေနေရမည်က တောင်ခြေမြေပြင်မှာ။

ရောက်စဖြစ်၍ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသေး၊ ရောက်လို့မောနားပြီး တဲထိုးကြရသည်၊ ကျော်ခဲနှင့် မောင်တိုး ညီအစ်ကို နှစ်ယောက်မြမောင်၊ စိန်ဌေးတို့နေမည့်တဲတိုင်တွေ၊ ဝါးတွေ အထောက်အကူပြု၍ မိုးကာနှင့်တဲထိုးကြသည်၊ မကြာပါ၊ တဲဆောက်အပြီး တဲထဲမှာပင် အိတ်တွေထားပြီး နားသည်၊ မောင်တိုးကတော့ ချက်ဖို့ပြုတ်ဖို့ စီစဉ်နေဆဲ၊ နောက်မနက်စာ စား၊ ညနေခင်းရောက်တော့ ညနေစာစား၊ ထိုညက ကျော်ခဲရော နောက်တိုးပါ ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားခဲ့သည်၊ အိပ်မက်ပင် မမက်နိုင်သည်အထိ၊

⅄ ⅄ ⅄

"ဒါက မင်းတို့ သိတဲ့ အတိုင်းပဲ၊ ညောင်မြစ်မှော်၊ ဟိုဘက်ကို ဆက်သွားရင် အင်္ဂါမှော်၊ သဖန်းချောင်းမှော်၊ ချိတ်ချောင်းမှော်၊ သရက်ချောင်းမှော်ဆိုတာတွေ ရှိသေးတယ်၊ နောက်ရက်ဆိုရင် ငါ လိုက်ပြပေးမယ်၊ ငါတို့ ဒီညောင်မှော်က မပွင့်ရင် အဲဒီမှော်တွေ ရွှေ့တန် ရွှေ့ကြရမှာကွ၊ မရောက်မှာတော့ မပူကြနဲ့"

"ဟုတ်ကဲ့"

"ရောက်ဖူးချင်တာပေါ့ကွ"

မြမောင်နှင့် စိန်ဌေးက ဖြေသည်၊ ကျော်ခဲတို့ညီအစ်ကို ဘာမျှမပြော၊ သူတို့အဖွဲ့နေရာ မြေပြန့်မှတစ်ဆင့် ညောင်မြစ်တောင် ပေါ် တက်နေကြသည်၊ တောင်အတက်လမ်းမှာ မောင်တိုးက စကားတွေပြောနေသည်၊ ရှင်းပြနေသည်ကို မြမောင်နှင့် စိန်ဌေးက ဖြေသည်၊ ကျော်ခဲတို့ ညီအစ်ကို နှစ်ယောက်မှာမဖြေ၊ ဝန်းကျင်ကိုကြည့်ရင်းလေးကာ လိုက်ပါလာဆဲ၊ မကြာပါ၊ ရေနံမှော်ဆီ ရောက်ခဲ့ပြီ၊

ရေနံမှော်နေရာမှာတော့ ရေနံတူးသည့်လေးတိုင်စင်မှပြမ်းဆင်ထားသည့်စင်တွေ၊ စက်တွေနှင့် လူတွေကို တွေ့ရသည်၊ နောက်တိုးက လူနှစ်ဦးဆီ သွားပြီး စကားပြောနေသည်၊ လူသစ်အဖြစ် ခေါ်လာသည့် ကျော်ခဲတို့ကိုကြည့်ရင်း ပြောနေသည်၊

အလုပ်အကြောင်း ပြောနေခြင်းဆိုတာ ကျော်ခဲတို့ သိပါသည်၊ စကားပြောအပြီး နောက်တိုး ကျော်ခဲတို့ဆီ ပြန်လာသည်၊

"လာကြဟေ့"

"ဟုတ်ကဲ့"

ပြန်လာရင်း လက်ယပ်ခေါ်သည်၊ ပြီးတော့ မောင်တိုးက –

"ကဲ – သူများလုပ်တာကိုကြည့်ထားကြကွာ၊ ဘာမှမခဲယဉ်းဘူး၊ ကုသိုလ်ကံကောင်းပါစေလို့သာ ဆုတောင်း။ အားလုံး မင်းတို့ ငါတို့လို အလုပ်သမားကြီးတွေဟုတ်လား၊ ငါတို့အလုပ်က မနက်ဖြန်မှစကြမှာတဲ့၊ ဒီတော့ – သူများလုပ်တာတို လိုက်ကြည့်"

"ရတယ်"

"ဟုတ်ကဲ့"

နောက်တိုးနှင့်အတူ ကျော်ခဲတို့လေးဦး ရေနံမှော်အတွင်းရှိ ရေနံတွင်းတူးစင်တွင် စက်နှင့်တူးနေတာ၊ လက်နှင့်ရေနံခပ်နေတာ၊ စက်နှင့် ရေနံခပ်နေတာတွေကို ကြည့်ရင်းရှိသည်၊ ရေနံတူးသူ တူးကြ၊ ရေနံခပ်သူ ခပ်ကြ၊ စကားသံတွေ၊ လေချွန် သံတွေ၊ ရယ်သံတွေ၊ သီချင်းသံတွေ၊ စက်သံတွေက အမြိုက်ညောင်မြစ်တောင်ခြေမှာ ပျံ့လွင့်နေသည်က သာယာဖွယ်အပြည့်၊

နေစောင်းတော့ ပြန်ခဲ့ကြသည်။

ညနေစာအတွက် ဗိုင်းပြီးချက်ပြုတ်ကြသည်၊ ထမင်းအိုးတည်သည်။ ဟင်းကတော့ မုန်ညင်းရွက်၊ မုန်ညင်းချဉ်၊ ဒါ သူတို့အတွက် ဟင်း၊ မုန်ညင်းချဉ်က တစ်ခွက်၊ မုန်ညင်းရွက်စိမ်းတို့ ထိချက် ချက်ကြသည်၊ ဆာပြီမို့တော့ ဘာပဲချက်ချက် စားလိုတောင်းခဲ့ကြ

www.burmeseclassic.com

ညည်တာအမှန်၊ သိပ်ပြီးမစားနိုင်သည်က ကျောက်ခဲနှင့် နောက်တိုး၊

ᐱ ᐱ ᐱ

ထမင်းအိုး ကျက်ခဲ့ပြီ၊ မနေ့က အငါး ချက်အောင်သွားပြီး နောက်တိုးနှင့်အတူ ကျောက်ခဲနှင့် နောက်တိုးတို့ ညီအစ်ကို ရှာဝယ်လိုက်ခဲ့သည်။ ဆန်၊ ဆီ၊ ဆားနှင့် ထုံးစံအတိုင်းမုန့်ညင်းရွက် အစိမ်းဝယ်ခဲ့သည်။ အငါးမှော်က စည်သည်၊ လက် ကတ်ရည်ဆိုင်တွေရှိသည်၊ ဈေးချိုသည်၊

ထုံးစံအတိုင်း မုန့်ညင်းချဉ်နှင့် မုန့်ညင်းရွက်ဝယ်ပြီး ပြန်ခဲ့သည်၊ ဒီကနေ့ ထုံးစံအတိုင်းမုန့်ညင်းရွက်ကိုကြော်ချက် သည်။ အဆာပြေစားပြီး မှော်ပေါ်တက်ဖို့ ခွင်နေကြသည်၊ ထုံးစံအတိုင်း အခြား ထဲမှလူတွေလည်းအဆာပြေစားနေကြ ပြီ၊ စားသူစား၊ မှော်ဆီ သွားသူသွား၊

"တစ်ခါလာလဲဒီမုန့်ညင်းရွက်၊ တစ် ခါလာလဲ မုန့်ညင်းချဉ်"

"ဟုတ်တယ် – အစားဆင်းရဲ၊ အနေ ဆင်းရဲ"

အဆာပြေစားရင်း နောက်တိုးနှင့် ကျောက်ခဲ ညည်းတွားသည်၊ သူတို့ ညည်းသံ၊ သူတို့မျက်နှာတို့က သိမ်ငယ် နေသည်၊ အားငယ်နေသည်၊ မစားချင်၊ စားချင်နှင့် စားရင်းရှိသည်၊ တကယ် တော့ သူတို့ရောက်ခဲ့တာ ရက်(၂၀) ကျော်ခဲ့ပြီ၊ ဟင်းကောင်းဆိုလို့ နှစ်ကြိမ်ပဲ စားရသေးသည်၊ တောဝက်သားတစ် ကြိမ်နှင့် ငါးဟင်း၊ ဒီနှစ်ကြိမ်ပဲ၊

"မောင်တိုး"

"ဘာလဲ – စိန်ဋ္ဌေး"

"ဟိုဘက်တဲမှာ ဟင်းရှိတယ်ကွ၊ ဘာတဲ့ကွာ၊ ခွေးတူဝက်သားတဲ့"

"ဘာ – ခွေးတူဝက်တူ"

စိန်ဋ္ဌေးက စားပြီးသားပန်းကန်ကို ဆေးရင်း နောက်တိုးအား ပြောသည်၊ ပြောရင်း တစ်ဖက်ရှိတဲဆီ မေးငေါ့ပြ တော့ မောင်တိုးနှင့်အတူ ကျောက်ခဲတို့ ညီအစ်ကိုနှစ်ဦးကြည့်မိသည်၊ ကြည့်ရင်း နှင့် အသားရဲ့အမည်ကို ရေရွတ်သည်၊

ဘယ့်နှယ် – ခွေးသားဆိုလျှင် ခွေး သား၊ ဝက်သားဆိုရင် ဝက်သား၊ ဒီလို မဟုတ်၊ ခွေးတူဝက်တူသားတဲ့၊ ဒီခွေးတူ ဝက်တူအကောင်လည်း မမြင်ဘူး၊ ခွေးတူဝက်တူသားလည်း မစားဘူး ချေ၊

"ဟုတ်လား – ဒီအသားက စားရခဲ တယ်ကွ၊ ဒါပေမဲ့ – သာမန် ဝက်သားလို



တော့ မကောင်းဘူး၊ နည်းနည်းတော့ ညှီစော်နံချင်တယ်၊ စိမ်းရွှေရွှေပေါ့ကွာ၊ ပြောရရင် ငါတို့အညာမှာ လိုက်သိုးထား တဲ့ ဝက်ပေါက်ကြီးတွေသေရင် ချက်တဲ့ အခါနံတဲ့အနံ့မျိုးကွ၊ မင်းတို့ အဲဒီအသား စားချင်လား"

မောင်တိုးက မေးသည်၊ စိန်ဋ္ဌေးနှင့် မြမောင်က ခေါင်းညိတ်ပြသည်၊ ကျောက်ခဲက ဟင်းကောင်းကြိုက်သူပီပီ ဟန်မဆောင်နိုင်၊

"စားချင်တာပေါ့ဗျာ၊ မရောက်ဘူး တဲ့ အရပ်ရောက်ခဲ့ပြီ၊ အဲ – မစားဘူးတဲ့ အသား စားချင်တယ်"

"လုပ်လိုက်စမ်းကွာ၊ စားဖူးတယ်ရှိ အောင်"

ကျောက်ခဲစကားအဆုံးနောက်တိုး က အဆင်းဘီးတပ်စကား ဆိုသည်၊ စား သောက်ပြီး မှော်ပေါ် တက်ခဲ့သည်၊ နောက်တိုးက ခွေးတူဝက်တူသားချက် တဲ့တဲရောက်အောင် ဝင်နေခဲ့သည်၊

"မင်းတို့သွားနှင့်၊ ခွေးတူဝက်တူ သားမေးခဲ့ဦးမယ်၊ များရင် ညနေခင်းမှာ ဝယ်ပြီးချက်ရအောင် ..."

"အင်း – အင်း"

"သွားနှင့်မယ်"

မြမောင်၊ စိန်ဋ္ဌေးနှင့်အတူ ကျောက်ခဲတို့ညီအစ်ကိုနှစ်ဦး တောင်ခြေမှတစ် ဆင့် မှော်ပေါ်တက်ခဲ့သည်၊

ဒီတောင်တက် တောင်ဆင်းလမ်း က မနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ အတက်အဆင်းတို့ မကြောက်တော့၊ ရေနံတူးရာကိုလည်း မကြောက်တော့၊ ကျွမ်းကျင်သွားပြီ၊ သို့သော် ထင်သလောက် မပေါက်သေး၊ ရေနံမှော်ရှိရာ တောင်အထက်ပိုင်း ရောက်တော့ ထုံးစံအတိုင်း လုပ်ငန်းစကြ သည်၊ တကယ်တော့ – ရေနံတူးတာတာ သိပ် မလွယ်ပါ၊ သို့သော် မခဲယဉ်းပါ၊ မခဲယဉ်းသလောက် မခက်သလောက် ရဖို့လည်း လွယ်သည်၊ မရရင်လည်း သိကြားမင်း ဆင်းကယ်တောင် ရဖို့ မလွယ်၊ ရမည် လွယ်မည်မထင်၊

တကယ်တော့ ...

ရေနံတွင်းတူးတယ်ဆိုတာ လွယ် သည်၊ ခက်သည်ဟု မဆိုသာ၊ လုပ်တတ် ဖို့နှင့် လေ့လာတတ်ဖို့က အရေးကြီး သည်၊ ပြီးတော့ – စိတ်ဝင်စားမှုနှင့် ကျွမ်း ကျင်မှုလည်းလိုသည်၊ ပထမဦးဆုံး သုံး လက်မ တူးရွင်းချရသည်၊ သုံးလက်မ တူးရွင်းဆိုတာ အခြားအခေါ်တွေ သုံး



www.burmeseclassic.com

www.burmeseclassic.com

သည့်တစ်ဖက်အသွားပါပြီးအခြားဘက်က ချက်နာပြင်ဖွင့်ထားသည့် တူးရွင်းပေါက်၊ သုံးလက်မပတ်လည်အဝိုင်းနှင့် တစ်ပေအရှည်ရှိသည့် သံလုံးကြီးဖြစ်သည်။ သံလုံးအလယ်ကောင်က အပေါက်၊ ထိုအပေါက်သည် ထုတ်ချင်းပေါက်ဖြစ်ပြီး အရှေ့၌တူးရွင်းအသွားလို ထက်သည့်သဘောဖြစ်သည်။

သေးအနားထုက စပါးလုံးထက် ဝက်ရန် ထုသည်၊ ထိုသုံးလက်မတူးရွင်းဝိုင်းကို သံလုံးတစ်ပြီး နှစ်ဦးသုံးဦးက အပေါ်ခအောက်ကို ဆောင့်ချပေးရသည်။ တူးမ်းကျင်သည့်တွင်းကို အလုပ်သမားတစ်ဦးက အခြားသူတွေ တူးရွင်းရသည့်တူးရွင်းထိပ်မှထိုင်နေရပြီးလက် နှစ်ဖက်ဖြင့် ထိန်းပေးပြီး ချက်ကျအောင် ချက်နာအောင် တစ်နေရာတည်း တစ်ထစ်တည်းကျအောင် ထိန်းပေးနေရသည်။

တူးရွင်းချက်ကျအောင် လုပ်ရာ၌ ခြမ်းဆင်ထားရပေသည်၊ တူးရွင်းအသွားနှင့် သံပိုက်သည် အတွင်းကျောက်သားနှင့် မြေသားအတွင်း ရောက်ပြီဆိုပါက ခြမ်းဆင်၊ စက်သီးဆင်၊ ကြိုးဆင်ပြီး တူးရွင်းနှင့် တူးရသည်၊

ခြမ်းဆင်တယ်ဆိုတာ ပထမဆုံး သံတူးရွင်းချထားသည့် ကျင်းဘေးမှာ အကွာအဝေးညီညီ၌တိုင်လေးတိုင်စိုက်ရသည်၊ လေးတိုင်ထူပြီးသည့်နောက်၌ အဲသားတွေ၊ ဝါးတွေနှင့် တန်းပြေးရသည်၊

ပြီးသည်နှင့်တစ်တန်းနှင့်တစ်တန်း၊ တစ်ချောင်းနှင့်တစ်ချောင်း ချည်ရတုပ်ရသည်၊ ခြမ်းဖြစ်သွားသည်၊ ခြမ်းထိပ်၌ ကြိုးတစ်ရသည်၊ ကြိုးကွင်းတစ်အပြီး စက်သီးကွင်း (ရေငင်ရသည့် စက်သီးချိတ်) ချိတ်ရသည်၊ ပြီးသည်နှင့် စောစောက လက်နှင့်တူးထားသည့် တူးရွင်းထိပ်မှာ ကြိုးတစ်ဖက်ချည်၍ စက်သီးကွင်းမှာ ကြိုးသွင်းရပြီး ကြိုးအရှားကို ဝါးမာတုတ်တစ်ချောင်းအခါးမှာအလယ်တည့်အောင်ချည်ကာ ကြိုး၏ ဟိုဘက်သည်ဘက်မှာ လူတစ်ဦးစီ (သို့) နှစ်ဦးစီ ဆွဲပြီး စည်းကျဝါးကျနှင့် ချက်ကျအောင် ဆွဲလိုက်၊ ချလိုက် လုပ်ရသည်၊

သံတူးရွင်းအရှိုးက ရှစ်တောင်ခန့်ရှိသည်၊ ထိုသံရှိုးတစ် သံတူးရွင်းသည် အနက်ပေနှစ်ဆယ်၊ပေသုံးဆယ်နောက် ပေလေးဆယ်ရောက်ပါက တူးရွင်းထိပ်မှာ လူမတိုင်ရတော့၊ ကြိုးအရှားမှ ကျပြီး

ဆွဲပေးရသည်၊ ခြမ်းစင်နှင့် ကြိုးဆွဲ၍ ထုလုံးပေတစ်ရာရောက်ပါက စက်သုံးရသည်၊

စက်က တရုတ်နီ (၁၂/၁၃)မြင်းကောင်ရေစက် ဖြစ်သည်၊ စက်နှင့် ရစ်သီးစုံကိုကြိုးဆွဲပြီး မောင်းထုတ်ရသည်၊ လူအစား စက်နှင့်တူးသည့်သဘော၊

တကယ်တော့လူအားစက်အားနှင့် အနက် ပေသုံးရာလောက် ရောက်ပါက ရေနံပေါက်ပြီ၊ ရေနံပေါ်ပြီ၊

ဒါ အလွန်ကံကောင်းပါမှ၊ ရေနံပေါက်တော့မည်ဆိုလျှင် မြေစာကို နမ်းရ ကြည့်ရသည်က အမော၊ ရေနံပေါက်တော့မည်၊ ပွင့်တော့မည်၊ ထွက်တော့မည်ဆိုလျှင်အပေါ်ရောက်လာသည့်မြေစာ မြေခဲသည် ရေနံချေးအနံ့နှင့် ဂက်စ်အနံ့ ထွက်နေသည်၊ တစ်ခါတစ်ရံဆိုလျှင် မြေစာ၌ ရေနံစိမ်းတွေ ကပ်ပါလာတတ်သည်၊ အချို့တွင်းတွေ ဆိုလျှင် ဂက်စ်ငွေ့တွေ ပန်းထွက်သည်အထိ၊ သို့ကလို ဂက်စ်အငွေ့တွေ ပန်းထွက်လာပြီဆိုရင် ကံကောင်းပြီ၊ တွင်းပေါက် တွင်းအောင်ပြီ၊ မှော်ပေါက်ပြီဟုခေါ်နိုင်သည်၊ တစ်ဝက်အောင်ပြီဆိုသည့်သဘော၊

တကယ်တော့မောင်တိုးတို့တူးနေသည့်ညောင်မြစ်ရေနံမှော်သည် အနက်

ပေတစ်ရာ၊ ပေတစ်ရာ့ခုနစ်ဆယ်ဆိုရင် ရပြီ၊ အောင်ပြီ၊ အဲ့ချိတ်ချောင်းမှော်တ နစ်ရာဝန်းကျင်၊ နှစ်ရာအောက်နှင့် နှစ်ရာ့တစ်ဆယ်၊ နှစ်ရာနှစ်ဆယ်နီးပါး၊ ဒီပေဆိုလျှင် ရေနံအောင်ပြီ၊ ထွက်ပြီ၊ သဖန်းချောင်းကျတော့ ပေသုံးရာ၊ ပေသုံးရာအထိ လူ့အားစက်အားနှင့်တူးကြရသည်၊ အင်္ဂါမှော်ကျတော့ ပေနစ်ရာကျော်၊ နှစ်ရာ့နှစ်ဆယ် သုံးဆယ်၊

ဒီကနေ့ တစ်နေ့လုံး ကျောက်ခဲတို့အဖွဲ့ ရေနံတူးနေကြရသည်၊ မောင်တိုးသည် တူးရွင်းထိပ်မှာ၊ ကျောက်ခဲ၊ နောက်တိုးနှင့်မြမောင်၊စိန်ငွေတို့သည် ကြိုးအရှားက ဝါးမာကိုကိုင်ရင်း တူးရွင်းကိုချလိုက်တင်လိုက်၊တင်လိုက်ချလိုက်နှင့်အားစိုက်လုပ်နေကြဆဲ၊ ရှေ့မှာတော့ မောင်တိုးသည်တူရွင်းကိုကိုင်ရင်းထိန်းရင်းနှင့် ချက်ကျအောင် ချက်မှန်အောင် တူရွင်းထိပ်ကို ထိန်းပေးရင်း ရှိသည်၊

နေစောင်းတော့ အလုပ်နားသည်၊ ကျောက်ခဲတို့အဖွဲ့သာမက အခြားအဖွဲ့တွေပါ နားကြသည်၊ အလုပ်နားပြီး နေရာကို ပြန်ကြသည်၊ နေရာတို့ရောက်တော့ ထမင်းဟင်း ချက်သူချက်၊ ရေချိုးသူချိုး၊ နောက်တိုးနှင့် ကျောက်ခဲတတော့ သူတို့တဲနှင့် မနီးမဝေး ထဲဆီသွား

www.burmeseclassic.com

သည်၊ အရက်သောက်သည်၊ ဒီတဲကို မောင်တိုးကမိတ်ဆက်ပေးထားခြင်းပင်၊ နောက်တိုးတို့ညီအစ်ကိုအရက်သောက်နေဆဲ၊ မြမောင်နှင့် စိန်ငွေးတို့ ထမင်းဟင်း ချက်နေသည်၊

မှောင်တော့ နောက်တိုးတို့ပြန်လာသည်၊ ရေမချိုးတော့၊ အသင့်ပြင်ထားသည့်ထမင်းဝိုင်းမှာဝင်သည်၊ စားသည်၊ ဟင်းခွက်တို့ကြည့်တော့ မုန်ညင်းရွက်၊ ငါးပိချက်၊ တင်းချိုးဒီနှစ်ခွက်၊ နောက်တိုးတို့စားချင်သည့်ခွေးတူဝက်တူသားမပါ၊

"အေးကွာ၊ ခွေးတူဝက်တူသားကရှားတော့ မှုလို့မရဘူးဖြစ်နေတယ်ကွ၊ ရှိတာနဲ့ပဲ စားကြကွာ"

မောင်တိုးက တောင်းပန်သည်၊

"ဒီရွာမှာ မုဆိုးရှိတယ်ဆို ..."

ကျောက်ခဲက မေးသည်၊

မောင်တိုးက -

"ရှိတယ်ကွ၊ ဟိုဘက်တဲက ခွေးတူဝက်သား လာရောင်းသွားတာ၊ အဲဒီ မုဆိုးပဲကွ၊ အမည်က ကိုဒေါင်းစိန်တဲ့၊ ဘာပြုလို့လဲ - ကျောက်ခဲ"

"ကျုပ် အဲဒီမုဆိုးနဲ့ တွေ့ချင်တယ်"

"ဟင် - ဘာပြုလို့လဲ၊ ဘာလုပ်မလို့လဲ"

ကျောက်ခဲစကားအဆုံးမြမောင်က မေးသည်၊

"ကျောက်ခဲက ဖြေသည်၊

"အဲဒီကိုဒေါင်းစိန်နဲ့ တောပစ်လိုက်ချင်လို့ ..."

"ဟင် ..."

"ဟေ ..."

ကျောက်ခဲစကားကြောင့် အားလုံး မျက်လုံးပြူးသွားသည်၊

⅄ ⅄ ⅄

"မိုက်တယ်ဗျာ၊ ကျုပ်အဖေနဲ့အမေက တောင်သူကြီးဗျ၊ နွားတစ်ရှဉ်းလုပ်တောင်သူ၊ ငရုတ်စိုက်၊ မြေပဲချ၊ မြေယာဆိုရင် အများကြီး၊ နောက်ပိုင်းတော့ အဖေက အရက်သမားဖြစ်လို့ အရက်သောက်၊ အမေ ခပ်ပျင်းပျင်းမို့ ဘာမှမလုပ်၊ အခုတော့ မြေယာလဲကုန်၊ နွားတစ်ရှဉ်းလဲ မရှိ၊ ဒါကြောင့် ကျုပ်တို့ညီအစ်ကို ဒီရေနံမြေကို ရောက်လာတာ"

ကျောက်ခဲက ပြောရင်း တောလိုက်ဓားကို ပခုံးမှာထမ်းဆဲ၊ ရှေ့တွင်ရှိ မုဆိုး ကိုဒေါင်းစိန်က နောက်မှာနေရင်း နားထောင်နေသည်၊

ပြီး - ပြောသည်၊

"အေးကွာ - မနေ့ညနေက မင်းအစ်ကိုနဲ့တွေ့တော့လည်း အဲသလိုပြောတာပဲ၊ တောင်သူဖျက်ခဲ့တဲ့အကြောင်းပေါ့"

"တကယ် စိတ်ပျက်တယ်ဗျာ၊ အဲဒါ ဒီလုပ်ငန်းက ငွေစုမိရင်တော့ ပေါင်ထားတဲ့မြေတွေ ယာတွေ ပြန်ရွေးချင်ကြတာ ဗျ၊ ဒါမှ အဆင်ပြေမှာ ..."

"အင်း - အင်း - ကြိုးစားကြတာပေါ့ကွာ"

ဟု ကိုဒေါင်းစိန်က ပြောရင်း လက်ထဲရှိ သုံးပေခန့်ရှိသော နှစ်ဖက်သွားနှင့် အိမ်မှာ ချိတ်ပါသည့် အသားရိုးတပ် ဓားလှံကြီးကို ဘယ်ညာ ပြောင်းထမ်းရင်း ပြောသည်၊ ပခုံးမှာတော့ လွယ်အိတ်ကြီး တစ်လုံး လွယ်ထားပြီး တောလိုက်ဓားကို ပခုံးမှာ လွယ်ထားသေးသည်၊

တကယ်တော့ မနေ့ညတုန်းက ကိုဒေါင်းစိန်နှင့်အတူ ညပိုင်း၌ တောလိုက်ခဲ့သူက ကျောက်ခဲ၊ မနေ့ညက တောငှက်ကြီးတစ်ကောင်နှင့် တောကြောင်ကြီးနှစ်ကောင်ရခဲ့သည်၊ ရသည့်ငှက်ကြီးတစ်ကောင်နှင့် တောကြောင်ကြီးနှစ်ကောင်သည် ထောင်ထားသည့် ထောင်ချောက်မှာ မိနေ၍ရခဲ့ခြင်းပင်၊

သူတို့နှစ်ဦး အမိကထောင်သည့် သတ္တဝါက ခွေးတူဝက်တူသတ္တဝါ၊ အဲ၊ ခွေးတူဝက်တူသတ္တဝါကိုတော့ မမိ၊ တောဝက်လည်း မရခဲ့၊ ရသည့်ငှက်ကြီး တစ်ကောင်ကိုသာ ကိုဒေါင်းစိန်တယူပြီး တောကြောင်ကြီးနှစ်ကောင်ကိုကျောက်ခဲတို့အဖွဲ့စားရန် ပေးခဲ့ခြင်းပင်၊ ဒီတော့ တောကြောင်ကြီးတစ်ကောင်ကို ချက်၊ မနက်ညစားခဲ့ပြီး ကျန်သည့်တစ်ကောင်ကိုတော့ မီးကင်ပြီး ထားခဲ့သည်၊ ခွေးတူဝက်တူသတ္တဝါကို မြင်ဖူးချင်တာကတစ်ကြောင်း၊ အသားစားချင်တာကတစ်ပိုင်းဆိုတော့ ဒီကနေ့ည ကိုဒေါင်းစိန်နှင့် ဆက်ပြီးလိုက်ခဲ့ခြင်းပင်၊

ကိုဒေါင်းစိန်က မောင်တိုးနှင့်ခင်သည်၊ မောင်တိုးကကိုဒေါင်းစိန်နှင့်အတူ ကျောက်ခဲအား တောလိုက်ထည့်ခဲ့ခြင်းပင်၊ ဒီကနေ့ တောလိုက်တာဒုတိယည၊

မနေ့ညက ရွာတွင်းရှိ စီးပွားရေးအခြေအနေ၊ မိဘအခြေအနေကိုမပြောဖြစ်ခဲ့၊ ရေနံတွင်းအကြောင်း ရေနံဓါတ်ချေးနှင့် ရေနံမြေတွေအကြောင်း၊ မြင်းတွေ၊ ဆိုင်ကယ်တွေနှင့် ရေနံမောင်းနိုင်ဝယ်သည့်အကြောင်းနှင့် ရောင်းသည့်အကြောင်းကိုသာ ပြောခဲ့သည်၊

ဒီကနေ့ညကတော့ ကျောက်ခဲက အိမ်စီးပွားရေးကျခဲ့တာ၊ မိဘအကြောင်းတွေ တာတွေ ပြောသည်၊ ပြီးတော့ ခေါင်မြစ်



www.burmeseclassic.com

www.burmeseclassic.com

သူ အရုတ်သမားမို့ မိခင်ဖြစ်သူ အသုံးတော့ခဲ့လို့တဲ့။

ကြည့်စမ်း ...။

ပြောင်းပြန်ပြောသည့် ကျောက်ခဲ၊ လေိမ်သင့်တာကို လိမ်သည့်ကျောက်ခဲ၊ ပြောသင့်တာကို ပြောသည့် ကျောက်ခဲအလုပ်တို့ကြီးစားလုပ်သည့်ကျေးရူး၊ အရာဏ်း ထန်းရည်ဆိုတာ အနံ့တောင်မှ မခံခဲ့သည့်ခေါင်တို့ အသုံးမကျတဲ့သူ၊ ချင်းသူတဲ့၊ နတ်မြင့် စော်ကားခဲ့ပြန်သည်။ မုသားသုံးခဲ့ပြန်သည်။ ကိုဒေါင်းစိန်ကတော့ တကယ်ဟု ထင်နေသည်။

နှစ်ဦးသား စကားပြောရင်း လာခဲ့ရာတောနက်အတွင်းဝင်ခဲ့သည်။ နေရာသည် ရေနံ့မော်နှင့် ဝေးခဲ့ပြီ။ ချောင်းစပ်မှာရောက်နေပြီ။ ငါးခဲထိုး လက်နှိပ်မီးကို ခပ်အုပ်အုပ် ထိုးသည်။ ကျောက်ခဲကလည်း လက်နှိပ်ဓာတ်မီးကို ခပ်ကျဲကျဲ ထိုးနေဆဲ။ ဝန်းကျင်သည် ညအမှောင်၊ တောအမှောင်၊ တောင်အမှောင်ကြောင့် မှောင်နေသည်မို့ အမှောင်ထုသည် ထူထူထဲထဲ၊ နှစ်ဦးသားအမှောင်ထုကိုအားပြုကာ ချောင်းစပ်မှာရှိသည့် အပင်ခြေမှာ ကပ်ထိုင်ထားကြသည်။

"မင်း - ဒီမှာနေခဲ့"

"ဟုတ် ..."

"မီး မထိုးနဲ့နော်"

"ဟုတ်ကဲ့"

ကိုဒေါင်းစိန်က မီးရောင်မထိုးဘဲ အပင်ခြေမှခွာသည်။ ပြီး - ရေစပ်မှာ သွားသည်။ ရေစပ်ရောက်သည်နှင့် လက်နှိပ်မီးထိုးသည်။ သိပ်မကြာပါ၊ ရေစပ်မှနေ၍ ကျောက်ခဲရှိရာ အပင်ခြေကို ပြန်တက်လာသည်။ ကိုဒေါင်းစိန် လှုပ်ရှားမှုက မြန်ဆန်သည်။ ကျောက်ခဲပင် အံ့အားသင့်နေသည်။

"လာဟေ့"

ခေါ်ပြီးသည်နှင့် နှစ်ဦးသား ရေစပ်သို့ ပြန်ဆင်းခဲ့သည်။ ပြီးသည်နှင့် ကိုဒေါင်းစိန်သည် ရေစပ်နှင့် နှစ်တောင်ခန့်အကွာမှ တစ်ပေအကျယ်၊ တစ်ပေအနက်ခန့်ရှိ လေးထောင့်ကျင်း တူးသည်။ ကိုဒေါင်းစိန်လုပ်သမျှအသာထိုင်ကြည့်နေသည်။

ကျင်းတူးပြီးသွားတော့ ကိုဒေါင်းစိန်က အနီးရှိ ဝါးရုံမှ ဝါးမာတစ်လုံးကို ခုတ်သည်။ ရှစ်တောင် ကိုးတောင်ခန့်ဖြတ်သည်။ ပြီးသည်နှင့် ကျင်းနှင့် မနီးမဝေးမှာ ဝါးအရှည်နှင့် ကွေးရအောင် အလောတော်နေရာ၌ ဝါးကိုစိုက်သည်။ ပြီးသည်နှင့် အသင့်ယူသည့်ကြိုးကို ကွင်းလျှောလုပ်သည်။ လုပ်အပြီး ဝါးအဖျားကို ချည်လိုက်သည်။ ကြိုးအဖျားမှာရှိသည့် ကွင်းလျှောကြိုးကွင်းကို တူးထားသည့် ကျင်းထဲချသည်။ ကျင်းထဲမှာ ဝါးခြမ်းပြားလေးတွေခင်းပြီး မောင်းတံသဘောမျိုး လုပ်ထားပြီးသား။ ပြီးမှ ကြိုးကွင်းတင်သည်။ သစ်ရွက်အရှို့ ခင်းသည်။ ပြီးသည်နှင့် အနီးချုံမှ သစ်ခက်တွေ ခုတ်သည်။ ခုတ်ပြီး သစ်ခက်များကို မောင်းတံဆင်ထားသည့် ကျင်း၏ ဟိုဘက်ဒီဘက်မှာ တန်းပြီးချလိုက်သည်။ ကျင်းနေရာကတော့ ချန်ထားသည်။ ဒီချန်ထားသည့်နေရာကတော့ ဝင်ပေါက်သစ်ခက်တွေ တန်းပြီးချထားလိုက်ခြင်းက သတ္တဝါကို တားထားသည့်သဘော။

"တဲ - လာ"

"ဟုတ်"

နှစ်ဦးသား မောင်းတံဆင်သည့်နေရာမှ ထွက်လာခဲ့သည်။ မောင်းတံနှင့် အတော်ဝေးဝေး ရောက်ခဲ့ပြီ။

အပင်ကြီးတစ်ပင်၏ ခွဆုံ၌ တက်ခဲ့သည်။ ထိုအချိန်မှစ၍ မီးရောင်မထိုးတော့၊ စကားလည်း မပြောကြတော့။

သစ်ပင်ကြီး၏ ခွဆုံရောက်တော့ ကိုဒေါင်းစိန်က ကွမ်းထုပ်ကို ထုတ်ပြီး ကွမ်းဝါးသည်။

"ဝါးလေ"

"ဟုတ်"

ကိုဒေါင်းစိန်က တီးတိုးပြောသလို ကျောက်ခဲကလည်း တီးတိုးပြေသည်။ ကွမ်းမြုံ့ရင်းနှင့် တောင်ရောက်ဆင်ရာဆီ ကြည့်နေဆဲ၊ ညအချိန်ရောက်တော့ ငှက်ကြီးတွေ၏မြည်သံ၊ ကြွက်တူရွှေမြည်သံ၊ သာလိကာမြည်သံအချို့တို့ တစ်ခါတစ်ရံ ကြားနေရသည်။

တကယ်တော့ ဒီညောင်မြစ်ဝန်းကျင်ရှိ ညောင်မြစ်တောင်တန်းနှင့် တောင်ရိုးသည် တောထူထပ်သည်။ ချောင်းမြောင်းပေါသည်။ ဒီတော့ ကျားတွေ၊ ဆင်တွေအသံကြားရတတ်သည်။ မနှစ်ပိုင်းက ကိုဒေါင်းစိန် တောလိုက်ရင်း ကျားတစ်ကောင်နှင့် တွေ့ခဲ့သေးသည်။ တောဆင်ရိုင်းတစ်ကောင်နှင့်လည်း ကြုံခဲ့သေးသည်။ ဒီတော ဒီတောင်မှာ အမိက သားကောင်များမှာ တောဝက်။ ချေ။

မှန်သည်၊ ချေနှင့် တောဝက်အပြင် သမင်၊ ဆတ်၊ ဖြူနှင့် သာလိကာ၊ ဒေါင်း၊ တောကြောင်တွေ အတွေ့များသည် မဟုတ်လား။

အဲ - ယခုသူတို့လိုချင်သည့်ဈေးဝက်တူကတော့ ရှိတော့ရှိသည်။ ရှားသည်ဟု ဆိုရမည်။ သို့သော် တွေ့ရပါ

www.burmeseclassic.com

သည်။ လွန်ခဲ့သည့်ဆယ်ရက်အတွင်းက ခွေးတူဝက်တူတစ်ကောင်ရခဲ့၍အသား ခေါ်ပြီး ရေနံမြေမှာ ရောင်းခဲ့သေးသည် မဟုတ်လား။

“မိမှာတွ၊ ဒီရေစပ်မှာ မနေ့ညက ရေအောက်ဆင်းထားတဲ့ ခွေးတူဝက်တူ ခြေရာများကိုတွေ့ရတယ်လေ၊ ဒီကနေ့ည လဲ ဒီလမ်းကြောင်းအတိုင်း လာပြီး ရေ သောက်ဆင်းလိမ့်မယ်”

“ဟုတ်လား”

“အင်း...”

“ဒီရင် တျော့နပ်ပြီဗျာ”

“သေချာပါတယ်ကွ၊ ဟော - ရှူး - တိုးတိုး - အသံတွေ ကြားတယ်ကွ၊ ငြိမ်ငြိမ်နေ လာနေပြီ”

“ဟိုမှာ ရေစပ်မှာ ခွေးတူဝက်တူ အကောင်”

ကိုဒေါင်းစိန်က ရင့်ကျက်သည့် မုဆိုးချက်စိနှင့် လက်ညှိုးထိုးပြသည်။ ကိုဒေါင်းစိန် လက်ညှိုးထိုးပြသည်က ချောင်းစပ်ဆီ၊ ရေစပ်ဆီမှာ၊

ရေစပ်မှာ ထောင်ချောက်၊ ကွင်း လျှောကြိုး ဆင်ထားသည့် ကျင်းတစ် ကျင်း။ ထိုနေရာနှင့် လေးငါးတောင်ခန့် အကွာမှာ သတ္တဝါတစ်ကောင်၊

“အဲဒါမင်း တွေ့ချင်တဲ့သတ္တဝါ”

“ခွေးတူဝက်တူဆိုတာ ...”

“အင်း ...”

အမှောင်ထဲမှ လှုပ်ရှားနေသည့် ခပ်မည်းမည်းသတ္တဝါဆီကြည့်ရင်း ပြော နေကြသည်က နှစ်ကိုယ်ကြား ခပ်တိုး တိုး။

မကြာပါ -

“ဖြောင်း”

“ဝုန်း - ဝုန်း”

“ဂီး - ဂီး - ဂီး”

“ဂီး”

ထောင်ချောက်သုတ်ကိုင်းသံ၊ ကွင်း လျှောဆင်သည့် ကြိုးကွင်းဆန့်သည့် အသံ၊ ကြိုးကွင်းမိနေ၍ ယမ်းလွဲပြီး တဝုန်းဝုန်းနှင့် ချုံတွေကိုလွဲပြီး ရိုက်နေ သံ၊ ပြီး - ခွေးတူဝက်တူသတ္တဝါ၏အသံ တွေ၊

“မိပြီ”

“ဟုတ်လား”

“ဝုန်း”

ကျောက်ခဲကသူတို့နေသည့်တဲရှေ့ အရောက် ထမ်းထားသည့် အကောင် သေကို ပစ်ချလိုက်သည်၊

ပစ်ချလိုက်သည့် အသံနှင့်အတူ ခေါ်သံပြုသည်၊



“အစ်ကိုကြီး နောက်တိုး၊ အစ်ကို နောက်တိုး၊ မောင်တိုး၊ စိန်သောင်း၊ ဟော့ လူတွေ - ဟာ - ဒီလူတွေ မောတာနဲ့ အိပ် လိုက်ကြတာ”

ကျောက်ခဲ၏အသံကြောင့် နောက်တိုးအပါအဝင် မောင်တိုး၊ မြမောင်နှင့်စိန်ဌေးတို့ အိပ်နေရာမှ မျက် တလူးဆန်ပျာနှင့် ထထိုင်သည်၊

ပြီးတော့ - တဲအပြင်သို့ အပြေး ထွက်ခဲ့ကြသည်၊

“ဟင် - ကျောက်ခဲတို့ ရောက်နေ ပြီ”

“ကိုဒေါင်းစိန် - ပြန်လာပြီ”

“သားကောင် ရခဲ့တာနဲ့တူတယ် ကွ”

မြမောင်နှင့် စိန်သောင်းတို့ မောင် တိုးတို့အသံတွေ၊ သူတို့အသံတွေရှေ့မှ ရောက်လာသူက အစ်ကိုနောက်တိုး။

“ပြန်လာကြပြီလား။ ညက (၂)နာရီ အထိ စောင့်ကြသေးတယ်ကွ၊ စကား ပြောရင်းစောင့်ကြတာ၊ စောင့်ရင်းစောင့် ရင်းနဲ့ အိပ်ပျော်သွားကြတာ”

နောက်တိုးက ပြောရင်း မြေပြင်၌ ချထားသည့်အကောင်ကို ကြည့်သည်၊

“ဒါ - ခွေးတူဝက်တူဆိုတဲ့ အကောင်လား”

“ဟုတ်တယ်၊ ဒါ ခွေးတူဝက်တူဆို တဲ့အကောင်ပဲကွ”

နောက်တိုး အမေးကို ဝင်ရောက် ဖြေသူက ကိုဒေါင်းစိန်၊ နောက်တိုးရော ကျောက်ခဲပါ။ ယခုညမှာ ခွေးတူဝက်တူ သတ္တဝါကို မြင်ဖူးကြသလို လူသစ်ဖြစ် သည့်မြမောင်နှင့်စိန်ဌေးမှာလည်း မြင် ဖူးကြရေ။ ဒီတော့ - ကျောက်ခဲနှင့် ကိုဒေါင်းစိန်တို့ ရလာသည့် ခွေးတူဝက် တူသတ္တဝါကိုမြင်ဖူးကြသလိုလူသစ်ဖြစ် သည့် မြမောင်နှင့် စိတ်ဌေးမှာလည်း မမြင်ဖူးကြရေ။ ဒီတော့ - ကျောက်ခဲနှင့် ကိုဒေါင်းစိန်တို့ ရလာသည့် ခွေးတူဝက် တူသတ္တဝါကို လက်နှိပ်ဓာတ်မီးနှင့် ထိုး ကြည့်ရင်းအံ့အားသင့်နေကြသည်။ မြင် လိုသည့် သတ္တဝါ၊ တွေ့ချင်သည့် သား ကောင်က ယခုတော့ ရှေ့မှာ၊ သူတို့ရှေ့ မှာ အသက်ပျောက်နေပြီ၊ မြမောင်က -

“ကျောက်ခဲ - ဒီအကောင်ကိုဘယ် လိုလုပ်ရတာလဲကွ”

“ဟုတ်တယ် - ပြောစမ်း”

မြမောင်နှင့် စိန်ဌေးက အပြိုင်ပြော သည်၊

“ကိုဒေါင်းစိန်ကြောင့် မိတာတွေ၊ ငါ့အစွမ်းအစ မဟုတ်ဘူး၊ ငါ - ကိုဒေါင်း စိန် - ကျုပ်တို့မြန်မာပြည်အလယ်ပိုင်းတ

www.burmeseclassic.com

မြို့ခြန်သားတွေက မေးနေပြီ၊ လုပ်ပါဦး များ၊ ဒီကနေ့ည ဖြစ်ပျက်ပုံလေး"

ကျောက်ခဲက ပြောသည်၊

မောင်တိုးက -

"ကဲ - ကိုကြီးဒေါင်း - လုပ်ပါဦး၊ မှင်ခြွလိုက်၊ ဒါမှ ဒီကောင်တွေ သဘော ပေါက်မှာ နားလည်သွားမှာများ"

ဟု ကိုဒေါင်းစိန်ကို မောင်တိုးရဲ့ တိုက်တွန်းစကားကြောင့် ပြုံးကြသည်၊ ပြုံးရင်း ခွေးတူဝက်တူအကောင်နား ရပ်သည်၊ သူတို့အားလုံးအမှောင်ထဲမှာ ရပ်နေဆဲ၊

"ဒီလိုကွ - ဒီကောင်က ညဆိုရင် ချောင်းစပ်မှာ ရေလာသောက်တယ် လေ၊ ရေသောက်ဆင်းမယ်ဆိုတာသိတော့ ထောင်ချောက်ဆင်ပြီး စောင့်ကြတာပေါ့၊ တိုတိုပြောရရင် နစ်နာရီလောက်မှာ ရေသောက်ဆင်းလာတဲ့ အသံ ကြားတယ်၊ ကြားပေမယ့် ဒို့ပြင် အကောင်ဖြစ်နေမှာ စိုးမိသေးတယ်၊ ဒါပေမဲ့ - အသေအချာကြည့်တော့ ဒီကောင်ဖြစ်နေတာပေါ့"

ကိုဒေါင်းစိန်က ခွေးတူဝက်တူကောင်ကို လက်ညှိုးပြရင်း ပြောသည်၊

"အဲဒီကောင်က ရေသောက် အဆင်း၊ ကြိုးကွင်းလျှောကွင်းထဲအကျ ထောင်ချောက်ထဲ မိတော့တာပဲကွ၊ မိတော့ သုတ်ဝါးမှာ တန်းလန်းကြီးဖြစ်နေတုန်း ဒီဝါးလုံးနဲ့ ပွဲသိမ်းခဲ့ရတော့တာပေါ့"

ကိုဒေါင်းစိန် စကားအဆုံးမှာ ကျောက်ခဲက -

"ထောင်ချောက်က ထုတ်ပြီး၊ ဒီနေရာရောက်အောင် ကျုပ် ထမ်းလာတာ"

ဝင့်ကြွားစွာနှင့် ပြောနေသည့် ကျောက်ခဲကို မောင်တိုးက ပခုံးဖက်ရင်း ပြောသည်၊

"ကဲ ကွာ - ဒီ ခွေးတူ ဝက် တူ အကောင် ရလာလို့ မနက်ဖြန် လုပ်ငန်းနားတစ်နေ့ကုန်နားတော့၊ ဟိုတဲသွားပြီး ကြိုက်သလောက် သောက်တဲ့"

"မနက်ညနေစာတော့ ထမင်းချက်ရမယ်"

စိန်ဌေးက ဝင်ပြောသည်၊

"ဟာ - ရတယ် - ရတယ်၊ ဒီကောင်ကိုကျောက်ခဲ ရှယ်ချက်မယ်၊ ဂွတ်ရှယ်ချက်မယ်"

ကျောက်ခဲစကားကြောင့် ရယ်ကြသည်၊

"ကဲ - ဟင်းကိုင်ကြရအောင်"

ရယ်ရင်း ပြောသူက ကိုဒေါင်းစိန်၊ ကိုဒေါင်းစိန်သည် ပြောရင်းနှင့် ဓားမြင် သည်၊ နောက်တိုးက တဲပြန်ပြီး အက်ထရီမီးထွန်းပြီး ထွက်လာသည်၊

"စိန်ဌေးရ"

"ဗျာ…"

"ကဲ - အိပ်မနေကြနဲ့တော့၊ ရေနွေး အိုးကျိုရမှာနဲ့၊ ဒီတစ်ကောင်လုံး ချက်ရမှာနဲ့ဆိုရင် မိုးလင်းသွားမှာပဲကွ၊ ကဲ - ခင်းက ရေနွေးအိုးတည်ပေး"

"ဟုတ်ကဲ့"

နောက်တိုးစကားအဆုံး စိန်ဌေးနှင့် မြမောင်က ရေနွေးအိုး ကျိုသည်၊ ကိုဒေါင်းစိန်က ဓားသွေးသည်၊ ကျောက်ခဲနှင့် နောက်တိုးမှာ ခွေးတူဝက်တူသတ္တဝါဆိုသည့် ထူးဆန်းသည့်သတ္တဝါကိုကြည့်နေကြသည်၊ မီးရောင်အောက်မှာအဲဒီခွေးတူဝက်တူသတ္တဝါက အထင်အရှား၊ အရှိန်တစ်ဆယ်ကျော် (၁၅) ပိဿာတော့ ထွက်မည်၊ ဒီအကောင်က အကောင်သေး၊ နစ်ကြီးအကောင် ရပါက (၂၀)ကျော်၊ (၃၀)ကျော် ထွက်မည်၊ ကြည့်စမ်း - ခွေးတူဝက်တူသတ္တဝါက သာမန်ဝက်အဖြူညစ်ညစ်အရောင် မျိုး၊ အမွေးက သာမန်ဝက်တွေရှိသည့် အမွေးထက် ကျဲပြီးကြမ်းသည်၊ သန်သည်၊ မျက်စိပေါက်က သာမန်မွေးမြူသည့်ဝက်တွေ၊ တောဝက်တွေထက် ကျဉ်းသည်၊ ရှိုင်းသည်၊ မျက်လုံးအကြည့်က စူးရှသည်၊

အဲဒီခွေးတူဝက်တူသတ္တဝါမှာ ထူးခြားမှုအရှိဆုံးက ခေါင်းသည်ဝက်ခေါင်းဖြစ်ပြီး နောက်ပိုင်းက ခွေးခန္ဓာကိုယ်ဖြစ်သည်၊ ခေါင်းပိုင်းကို ကြည့်တော့ နှုတ်သီးသည် နှာခေါင်းပေါက်နှစ်ပေါက်နှင့် အထက်သို့ အနည်းငယ်လန်သည့် ခပ်ရှည်ရှည်နှုတ်သီးမျိုးဖြစ်သည်၊ သို့သော် နှာခေါင်းအောက်က ပါးစပ်သည် ခွေးပါးစပ်ဖြစ်သည်၊ သွားတွေက ခွေးပါးစပ်ထဲရှိသည့် ခွေးသွားတွေမျိုး၊

ပြီးတော့ - ရှေ့လက်နှစ်ဖက်ကဝက်လက်နှစ်ဖက်၊ ခွာသီးနှစ်လုံးနှင့် သာမန်ဝက်တွေလက်မျိုး၊ နောက် အနီသတ္တဝါ၏နောက်ပိုင်းနှင့်နောက်ခြေထောက်မှာ ခွေးခြေထောက်၊ မှန်သည်၊ သာမန်ခွေးတွေတွင်ရှိသော ခွေးခြေထောက်ပုံစံနှင့် တစ်ပုံစံတည်း၊ အမြီးက ခွေးအမြီး၊ သာမန်ခွေးတွေထက် အမြီးက တိုပြီး တိုသည့်အထဲ ပေါင်နစ်ခုအကြား သွင်းထားသည်၊ ခပ်ကုပ်ကုပ် လုပ်ထားသည့် သဘော၊

ပြီးတော့ - ဒီသတ္တဝါက သာမန်ဝက်တွေလိုခပ်ဖြောင့်ဖြောင့်ဆင်းစင်းတော့ပါ။





www.burmeseclassic.com

www.burmeseclassic.com

သာမန်ခွေးတွေလိုလည်း ကော့ကော့ ကြော့ကြော့မဟုတ်၊ သာမန်ဝက်တွေလို ကြည့်မကောင်း၊ သာမန်ခွေးတွေလို မြင်လို့မကောင်း၊ သာမန်ဝက်တွေ၊ တောဝက်တွေလိုလည်း အသားက စားမကောင်း ခပ်ညှီညှီနံ့သည်၊

ပြီးတော့ - သာမန်ဝက်တွေ ခွေးလို အလျားရှည်၊ အလျားက တိုသည်၊ ခပ်တိုတို ခပ်တုန်းတုန်း ခပ်တွေးတွေး အကောင်မျိုး၊

ယခုတော့ အနီ ခွေးတူဝက်တူ အကောင်က ရှေ့မှာ ရောက်နေပြီ၊ နှစ်ညပြောက်မှာ မိခဲ့သည့်သတ္တဝါ၊ မြင်ဖူးသွားပြီ၊ ကောင်းတာ၊ မကောင်းတာ အပထား၊ စားဖူးတော့မည်၊ ထိုစဉ် စိန်ဌေးက ပြောသည်၊

“ရေနွေးပွက်ပြီဟေ့”

စိန်ဌေး စကားအဆုံး နောက်တိုးက ရေနွေးအိုးကို ယူခဲ့ရန် ပြောသည်၊ ပြီးသည်နှင့် ထင်းချောင်းများကို စီသည်၊ စီပြီးသည့် ထင်းချောင်းများပေါ်သို့ ခွေးတူဝက်တူ သတ္တဝါကို ကျောက်ခဲနှင့် နောက်တိုးတို့ မ,ပြီးတင်သည်၊ မားသွားပြီး ကိုဒေါင်းစိန်သည် ဘက်ထရီမီးချောင်ကို အားပြုပြီး သတ္တဝါကို ဖျက်ဖို့ကြံသည်၊

“ရေနွေးလောင်း”

“ဟုတ် ...”

ကိုဒေါင်းစိန် ပြောတော့ မြမောင်က ရေနွေးလောင်းပေးသည်၊ ဘေးတိုက်ချထားသည့် ခေါင်းပေါ် ဝမ်းဗိုက်ပေါ်နှင့် ပေါင်ပေါ်သို့ ရေနွေးလောင်းချသည်၊ ရေနွေးငွေ့က တထောင်းထောင်း ရေနွေးအပူဓာတ်ကို အားပြု၍ ကိုဒေါင်းစိန်က ဓားဖြင့် ချေးတွေ၊ အမွေးတွေကို ချွတ်သည်၊ မြမောင်ကလည်း ရေနွေးများကို ခပ်မှန်မှန် လောင်းပေးဆဲ၊ အကြိုအကြားတွေထဲရှိ ချေးတွေ၊ အမွေးတွေကို ပြောင်အောင်လုပ်အပြီး ကျန်သည့်နောက်တစ်ဖက်ကို လှန်သည်၊

မြမောင်က ရေနွေးလောင်းပေး၊ ကိုဒေါင်းစိန်က အမွေးတွေ၊ ချေးတွေကို ခြစ်၊ မကြာပါ၊ ခွေးတူဝက်တူဆိုသည့် သတ္တဝါအမွေးတွေ ခြစ်ပြီးသွားပြီ၊ တစ်ကိုယ်လုံး သာမန်ဝက်ဟင်းပေါ်သလိုမျိုး တစ်ကောင်လုံးအဖြူရောင်သမ်းသွားပြီး နောက်တော့ ခြေလက်ကိုင်ပေးသူ ကူကိုင်ပေး၊ ကိုဒေါင်းစိန်က ဟင်းကိုင်ရာမှာ အတက်လိုက်၊ ကိုဒေါင်းစိန်ပဲ ဖျက်သည်၊ ဓားကိုင်ကျွမ်း၊ ဖျက်တာကျွမ်း၊ ခြေလက်တွေ ဖြုတ်အပြီး ရင်ခွဲသည်၊ ရင်ခွဲအပြီး ဗိုက်ထဲက အူတွေ၊ အသည်းတွေ၊ ဝမ်းတွင်းကလီစာတွေကို အိုးထဲ ထည့်ထားသည်၊ ဝမ်းတွင်းမြုံက နှစ်ပိဿာကျော်သည်၊

ဝမ်းတွင်းမြုံထုတ်အပြီး နံရိုးနှစ်ဖက်ကို ခွဲသည်၊ နံရိုးတစ်ချပ်မှ ရှေ့ပိုင်းတစ်လက်ပိုင်းပါ အခြမ်းကို ယူသည်၊

“ကဲ - ငါ ဒါပဲယူမယ်၊ ဒီဟာတွေ ကိုယ့်ဟာကိုယ် ဖျက်ကြ”

သွေးတွေကိုသုတ်ရင်းပြောသည်၊

နောက်တိုးက -

“ကိုဒေါင်းစိန် - ဝမ်းတွင်းမြုံရော ယူလေ”

“တော်ပြီ - နောက်တိုး - ငါက စားဖူးတယ်၊ မင်းတို့က အဖွဲ့များတယ်၊ ခုလို အရှုတ်ကာလဲ ဟိုကောင် ကျောက်ခဲရဲ့ ဒီနိုသကို သဘောကျလို့၊ ကဲ - သွားပြီတော့၊ မလင်းခင် အရောက်ပြန်မှ”

“ဟုတ်ကဲ့”

“လိုက်ပို့ပေးမယ်လေ”

“ရတယ်၊ ဒီတောဒီတောင် ဒီလမ်းက မျက်စိမှိတ်သွားတောင် သွားလို့ရတယ်၊ နေခဲ့ကြ”

“ဟုတ်ကဲ့”

“ပြန်ဦးနော်”

“အေး - ပြန်ပြီ”

ကိုဒေါင်းစိန်က ရှေ့ခြမ်းတစ်ခြမ်းကို ယူပြီးပြန်သွားသည်၊ ဒီတော့ နောက်တိုးနှင့် စိန်ဌေးတို့က ဟင်းဖျက်တော့သည်၊ ဖျက်ဖူးတော့ နှစ်ဦး အပြိုင်ဖျက်သည်၊ ခေါင်းပိုင်းကိုဖျက်၊ ရှေ့ဝက်လက်ပိုင်းကို ဖျက်၊ နောက် ခြေနှစ်ပိုင်းကို ဖျက်ပြီးသည်နှင့် အတုံးတွေ တုံးသည်၊ နောက်တော့ ခေါင်းပိုင်းခုတ်သူခုတ် ဝမ်းတွင်းမြုံကို ကိုင်သူကိုင်၊

ဩော် - အခုတော့ - အသားသတ်သပ် ဖြစ်သွားပြီ၊ အားလုံးကိုင်ပြီးတော့ မိုးစင်စင်လင်းသွားပြီ၊ ဒီတော့ ထမင်းကြမ်း ကြော်သူကြော်၊

ဝက်တူခွေးတူဝမ်းတွင်းမြုံမှ အူတွေ အသည်းတွေကြော်ပြီး အဆာပြေစားနေကြသည်၊ ပြီးပါက ရေနံမော်ဆီတက်ဖို့ ပြင်ဆင်နေကြချေပြီ၊

တဲမှာ ကျန်ရစ်သူက ကျောက်ခဲ၊

▲ ▲ ▲

www.burmeseclassic.com

"ဟုတ်တယ် မယ်မြိုင်၊ ညက ဖါလဲ အိပ်မက်မက်တယ်၊ ငါ့သားနှစ်ယောက် ပြန်လာတယ်တဲ့"

"တော်မက်တဲ့ အိပ်မက်ကို ပြောပါဦးတော်"

မြိုင်အမေးများ၏အသံက တုန်ခါနေသည်၊ အသံတွေ တုန်ခါနေသလို အတွေးထပ်နေသည့် မျက်လုံးနှစ်လုံးက မျက်ရည်တွေ ကျနေသည်၊

"ဒီလို မြိုင်ရဲ့ -အရင်ရက်တွေက ညီအစ်ကိုနှစ်ယောက် ငွေတွေ ပိုက်ပြီး ပြန်လာကြတယ်တဲ့၊ အဲဒီတုန်းက သားနှစ်ယောက်ပြန်လာတော့နဝ်ရောဝါရော အပြေးတြိုကြတယ်၊ သူတို့အနားလဲ ငါတို့ရောက်ရော ရုတ်တရက် ပျောက်သွားပြန်ရော၊ အဲ - နောက်ညမှာလဲ အဲသလိုပဲ သားနှစ်ယောက် ပြန်လာကြတယ်၊ဒီတစ်ခါအရင်ကလိုငွေအိတ်တွေ မပါဘူး၊ဒီအတိုင်းပြန်လာကြရော၊အဲဒါ နင်နဲ့ငါက သားတွေဆီအပြေး သူတို့နား ငါတို့အရောက်မှာဒီနှစ်ယောက် ပျောက်သွားပြန်ရော - နောက်ထပ်"

ဦးကျော်ညွန့် စကားမဆုံး၊ ဆုံးအောင် မပြောခဲ့၊ ပြောလက်စ စကားကို ရပ်ပြီး ဇနီးဖြစ်သူကို ကြည့်သည်၊ မမြိုင်သည် ကိုကျော်ညွန့်၏ ညတိုင်း မက်ခဲ့သည့် အိပ်မက်အကြောင်း နားထောင်ရင်းမျက်တောင်မခတ် ဘာမခတ်ဘဲနားထောင်ရင်းရှိသည်၊ အသက်ရှူဖို့ပင် မေ့နေသလိုပင်၊

ဦးကျော်ညွန့်က ဟင်းခနဲ သက်ပြင်းတစ်ချက် ချပြီး အိပ်မက်အကြောင်း ဆက်ပြောသည်၊

"နောက်ထပ် မက်တာက ဒီလို မမြိုင်ရဲ့ ဒီတစ်ခါအိပ်မက်က ငါ့သားတွေ အတူပြန်လာခဲ့ကြရာတယ်၊ ဒါပေမဲ့ - အရင်တစ်ခါလို ငွေတွေ မပါပြန်ဘူး၊ ပြီးပြီးတော့ - ပုဆိုးအင်္ကျီ မပါပြန်ဘူး"

"ရှင် - ပုဆိုးအင်္ကျီ မပါဘူး"

ဦးကျော်ညွန့်စကား၊ ဦးကျော်ညွန့် အိပ်မက်ကြောင့် မျက်လုံးအပြူးသားနှင့် ပြန်မေးမိသူက မမြိုင်၊

"ဟုတ်တယ် - မမြိုင်၊ နှစ်ယောက်စလုံး ကိုယ်တုံးလုံးကြီးတွေ"

"ရှင် ..."

"ဟုတ်တယ်၊ ကိုယ်တုံးလုံးတွေပြန်လာတော့ နင်နဲ့ငါနဲ့ ဝေးရာအရပ်ကိုပြေးထွက်သွားပြန်တယ်၊ နင်နဲ့ငါက အပြေးလိုက်တော့ မလိုက်ခဲ့ပါနဲ့၊ မလိုက်ခဲ့ကြပါနဲ့လို့ အော်ပြောပြီး အဝေးကြီးကို ပြေးသွားကြတယ်လေ၊ အဲ - မနေ့ညက အိပ်မက်ကကော"

"ဘယ် - ဘယ်လိုမက်လဲ၊ တော်ဘယ်လိုမက် - မက်သလဲ ဟင်"

ဦးကျော်ညွန့် စကားမဆုံးခင် အလောတကြီး ဝင်မေးသူက မမြိုင်၊

"ဟုတ်တယ် - ပထမဆုံး အမှောင်ထုကြီးထဲမှာ ငါ ရပ်နေတယ်၊ မကြာပါဘူး၊ ငါရပ်နေတဲ့နေရာမှာ အလင်းရောင်တွေ လင်းလာတယ်၊ ငါ့ရှေ့မှာ အမှောင်ထုကြီး၊ အမှောင်ထုထဲကနေပြီး အကြီးကောင် နောက်တိုးက စကားပြောတယ်၊ နောက်တိုး အသံကို ငါ မှတ်မိတာပေါ့"

"ဘာ - ဘာ - ကျုပ်သားကြီးက ဘာပြောလဲ၊ ဟို - အငယ်ကောင်ကရော"

"ဘာပြောရမှာလဲ၊ 'အဖေတဲ့၊ ကျုပ်တို့ညီအစ်ကို ပြန်လာတော့မယ်' လို့ နောက်တိုးက ပြောတယ်၊ ငါကလည်း 'အေး - ပြန်ခဲ့လေ၊ ပြန်ခဲ့ပေါ့၊ ငွေမပါရင်နေပါစေကွာ၊ ပြန်ခဲ့' လို့ပြောအပြီး အငယ်ကောင် ကျောက်ခဲက ပြောတယ်"

"ဘာပြောလဲ ဟင်"

"... အဖေတဲ့ - ကျုပ်လဲ ပြန်လာမယ်၊ ကျုပ်တို့နှစ်ယောက်ပြန်လာမယ်" လို့ ပြောပြန်ရော၊ ဒီတော့ ငါက "အေး ပြန်လာမယ်ဆိုရင်နှစ်ယောက်အတူပြန်ခဲ့ကြ၊ ရွာမှာပဲ လုပ်ကိုင်စားကြ၊ မင်းတို့အခု သိပြီမဟုတ်လား၊ မိဘနဲ့ဝေးမှအခု သိပြီမဟုတ်လား၊ မိဘနဲ့ဝေးမှ မိဘမေတ္တာ နားလည်ကြတယ်၊ ကိုယ့်ဝမ်းကိုယ်ရှာစား၊ ကိုယ့်လုပ်အားတို့ ကိုယ်အားကိုးမှ မိဘရှာကျွေးတာ၊ မိဘဆင်းရဲတာတွေ သိပြီမဟုတ်လား" လို့ ပြောခဲ့တယ်၊ အဲဒီအချိန် အမှောင်ထဲက ငိုသံတွေ၊ ရှိုက်သံတွေ ကြားခဲ့ရတယ်"

ဦးကျော်ညွန့်က ပြောစကား ရပ်သည်၊ မမြိုင်က ကြည့်သည်၊

မမြိုင်၏မျက်နှာကို ခပ်ဝါးဝါးမြင်နေရသည်၊

ဪ - ဦးကျော်ညွန့်မှာလည်း မျက်ရည်ဝဲနေပြီကိုး၊

"မကြာပါဘူး၊ သား - သားကြီးနဲ့ အငယ်ကောင်၊ အငယ်ကောင်နဲ့ သားကြီး အမှောင် - အမှောင်ထဲက ထွက်လာကြတယ်လေ၊ ဒါ - ဒါပေမဲ့ - အကြီးကောင် နောက်တိုးရော အငယ်ကောင် ကျောက်ခဲပုံစံ မဟုတ်ဘူး"

www.burmeseclassic.com

"တင် - ရှင် - ဟို - ဟို - လူ - လူ မဟုတ်တော့"

မမြိုင်၏ဝင်ရောက်မေးသည့်စကားတ အသထစ်ထစ် အငေါ့ငေါ့။

"ဟု တ် တယ် - လူ မဟု တ် ဘူး၊ တစ်ဦးက ဝတ်တစ်တောင်၊ တစ်ဦးက ခွေးသစ်တောင်အဖြစ်နဲ့ အမှောင်ထဲက နေပြီး ခေါ်ရှည်ရှည်းလာနေကြ..."

"အမယ်လေး..."

ဦးကျော်ညွန့် စကားမဆုံး၊ မမြိုင်သည် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ပြီးငိုသည်၊ လူသူမသိအောင် ဘေးအိမ်မကြားအောင် ကျိတ်ပြီးငိုနေရသည့် ရင်ထဲကအလုံးသည်အောင့်အည်းဖို့ရခက်ပါဘိတော့၊ မျက်နှာကို လက်အုပ်ရင်း ငိုနေသည်။

မမြိုင်တို့ ဦးကျော်ညွန့် တရားပြပါသည်၊ နားချပါသည်၊ မရပါ၊ မမြိုင် ငိုဆဲ၊ အတော်ကြာမှ မမြိုင်သည် ငိုရင်း ပြောသည်။

"ကျုပ် - ကျုပ်မက်တာလဲ အဲသလိုပဲ၊တော် - မက်ခဲ့တဲ့အိပ်မက်တွေအတိုင်းပဲ"

မမြိုင်၏စကားကြောင့် ပါးစပ်အဟောင်းသားနှင့် အံ့ဩတုန်လှုပ်စွာ



အံ့အားသင့်သွားသူက ဦးကျော်ညွန့်။

"ဘာ..."

ᐃ ᐃ ᐃ

ထိုနေ့ညနေ၌ပင် ရွာကိုပြန်ရောက်လာသူက နောက်တိုးနှင့် ကျောက်ခဲ၊ နောက်တိုး ရောက်လာပြီဆိုတော့ ဇနီးဖြစ်သူ မိတွတ်မနှင့် သားဖြစ်သူ အပြေးရောက်လာသလိုဘေးဝန်းကျင်မှလူတွေရောက်လာကြသည်။

ကျောက်ခဲတို့ညီအစ်ကိုအားလိုက်ပို့သူက မောင်တိုး။

မောင်တိုးသည် အလွန်ဝေးသည့်ခရီးလမ်းမှာ ကျောက်ခဲတို့ညီအစ်ကိုအား ခက်ခဲစွာနှင့် ရွာကိုအရောက်ခေါ်ခဲ့သည်၊ ကြည့်ချောင်မြစ်ရေနံမှော်မှတစ်ဆင့် ရွှေဘိုမြို့အထိ ဒုက္ခများခဲ့သည်။ မော်တော်ကားတွေနှင့်တစ်ဖုံ၊ ဆိုင်ကယ်ငှားလို့တစ်မျိုး၊

ရွှေဘိုရောက်တော့မုံရွာအထိကားနှင့်၊ မုံရွာမှတစ်ဆင့်ရွာနားဆီရောက်မည့်ကားစီးပြီး ရွာနှင့်နီးသည့်ရွာမှာ ဆင်း၊ ထိုရွာမှတစ်ဆင့် လှည်းငှား၍ပြန်ခဲ့၊ ပြန်ပို့ခဲ့ရသည့် မောင်တိုး။

နောက်တိုးနှင့် ကျောက်ခဲတို့ညီအစ်ကို အိမ်ပေါက်ဝအရောက်တွင် ဦးကျော်ညွန့်ရော မမြိုင်ပါ အပြေးကြိုသည်၊ ခေါ်သည်၊ နှုတ်ဆက်သည်၊ သို့သော် နောက်တိုးရော ကျောက်ခဲပါ မိဘနှစ်ပါးအားပြန်ပြီး နှုတ်မဆက်နိုင်၊ ပြန်ပြီး ပြုံးမပြနိုင်၊

တကယ်တော့ - နောက်တိုးရော ကျောက်ခဲပါ ငှက်ဖျားပိုး ဝင်ခဲ့ပြီမဟုတ်လား၊ ဒီတော့ ရင်ထုမနာဖြစ်ခဲ့ရသူက မိဘနှစ်ပါး။

သည်းစိုင် ဖြတ်ကျလုလု ခံစားရသည်က မိဘနှစ်ပါး။

အသွေးအသားတွေ ခန်းခြောက် ဦးနောက်တွေအရည်ပျော်ကျသွားသည်အထိ ခံစားကြရသူတွေက မိဘနှစ်ပါး ပြီးတော့ နောက်တိုး၏ဇနီး မိတွတ်မ၊ နောက်တိုးနှင့် ကျောက်ခဲတို့ ခုတင်တစ်လုံးဆီမှာ တင်လိုက်သည်။

"ဟုတ်တယ်၊ ဟိုမှာ ငှက်ဖျားရောဂါ ရခဲ့တာ၊ အဲဒါ မဆိုတောင်း ဆိုတောင်း ရေနံမှော်မှာ ဆုံးသွားရင်း ဒုက္ခများမှာစိုး တယ်တဲ့၊ ဒီတော့ - ကျုပ်တို့တိုအမြန်ပြန် ပို့ပါဆိုလို့ ကျွန်တော်ပြန်ပို့"

"လူလေးရယ်"

"သားလေးရယ်"

❝ အကယ်၍များ သူတို့နှစ်ဦး စားခဲ့ရ၊ တွေ့ခဲ့ရသည့် ခွေးတူဝက်တူ ဆိုသည့်သတ္တဝါကို ရွာအထိများ သယ်လာပြီး ပြမယ်ဆိုရင် သူတို့ညီအစ်ကို ဆိုးရွားကြောင်းသိသော ရွာကလူတွေက ပြောဇိမ့်မည်။ နောက်တိုးက ဝက်မျိုး ကျောက်ခဲက ခွေးမျိုးဟု ပြောကြမည်က အမှန်။ ခွေးတူဝက်တူသတ္တဝါကို ကြည့်ပြီး သူတို့ညီအစ်ကိုနှစ်ဦးနှင့် ပုံပိုင်းနှိုင်းပြမည်က အမှန်။





www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ညွန့်နှင့်မမြိုင်တို့မောင်တို့၊ အကြောင်းပြရျက်စကားအဆုံးပင့်သက်မရှိက်၊ အသွေးအသားထဲက စိမ့်ထွက်လာသည့် ခေါ်သံနှစ်သံ။

ပြီးသည်နှင့်သားနှစ်ယောက်စုတင်ခေါ်လှဲပြီး မျက်လုံးများပိတ်ထားသည်ကိုကြည့်၍ ငိုကြသည်။ ဦးကျော်ညွန့်တို့ငိုတော့စိတ်ထွက်ပေါက်လည်းပေးနိုင်ပြီ၊ ရှုံ့မဲ့ချငိုလိုက်သည်က အမြိုင်။

မိဘနှစ်ပါးနှင့်ချစ်ဖနီးတို့ငိုကြသည်တို့နောက်တိုးသိပါသည်၊ ကြားပါသည်။ ကျောက်ခဲမှာလည်း မိဘနှစ်ပါး ငိုသံကိုသိပါသည်၊ ကြားပါသည်။

သို့သော် ဘာမှမပြောနိုင်တော့။

မပြောချင်တော့။

ည (၉) နာရီ။ နောက်တိုးနှင့်ကျောက်ခဲတို့ အပြိုင်ဆုံးခဲ့၊ ဝိညာဥ်ချုပ်ခဲ့ရပြီတော။

⅄ ⅄ ⅄

တကယ်တော့ နောက်တိုးနှင့်ကျောက်ခဲ မိဘနှစ်ပါးကို စော်ကားခဲ့သည့်အပြစ်လော။

ဘာကြောင့်နည်း။

ဘာပဲဖြစ်ဖြစ်၊ မိဘနှစ်ပါးအပေါ်တာယက်၊ ဝစီကံ၊ မနောကံကံသုံးပါးနှင့်စော်ကားခဲ့တာ ကြာပြီ၊ အိုကြီးအိုမဖြစ်ခဲ့သည့် ဖခင် တောမထွက်နိုင်သည်ကိုအပြစ်ရှာ၊ ပြီးတော့ဖခင် မလုပ်နိုင်တော့ဘူးဆိုတာ သိလျက်နှင့် ရှိသည့်ယာမြေကို ထွန်ယက်ခြင်းမရှိ။

ဒီတော့အကြွေးတင်၊ အကြွေးတင်တော့ ယာမြေပေါင်၊ မြေယာရောင်း၊ နွားနှစ်ကောင်ပါ ရောင်းရသည်ကို ဖခင်အပြစ်၊ မိခင်အပြစ်ပါဟုဆိုပြီး ရန်သူလိုဆက်ဆံခဲ့သည့်နောက်တိုးနှင့်ကျောက်ခဲ၊ ယခုတော့ ညီအစ်ကိုနှစ်ယောက်အပြိုင် သေခဲ့ကြပြီ။

အကယ်၍များ သူတို့နှစ်ဦး စားခဲ့ရ၊ တွေ့ခဲ့ရသည့် ခွေးတုဝက်တု ဆိုသည့်သတ္တဝါကို ရွာအထိများ သယ်လာပြီးပြမယ်ဆိုရင် သူတို့ညီအစ်ကို ဆိုးရွားကြောင်းသိသော ရွာက လူတွေက ပြောလိမ့်မည်၊ နောက်တိုးက ဝက်မျိုး၊ ကျောက်ခဲက ခွေးမျိုးဟု ပြောကြမည်က အမှန်၊ ခွေးတုဝက်တုသတ္တဝါကို ကြည့်ပြီး သူတို့ညီအစ်ကိုနှစ်ဦးနှင့် ပုံနှိုင်းနှိုင်းပြမည်က အမှန်။

အသုဘချသည့် နေ့၊ ထိုညက ဦးကျော်ညွန့်ရော မမြိုင်ပါ အိပ်မက်မက်ကြသည်။ အိပ်မက်က ဝက်တစ်ပိုင်း၊ ခွေးတစ်ပိုင်းအကောင်မျိုး၊ ခေါင်းက ဝက်ခေါင်း၊ ဝက်နားရွက်၊ ခွေးပါးစပ်၊ ဝက်လက်နှစ်ဖက်၊ နောက်ပိုင်းက ခွေးကိုယ်၊ ခွေးခြေ၊ အမြီးတို၊ အမြီးကုပ်နှင့်၊

သို့ကလိုမက်တော့ သူတို့အရင်က တော်ခဲ့သည့် အိပ်မက်များကို သတိရကြင်းနှင့် ရှုံ့မဲ့ချ ငိုခဲ့ကြသည်အမှန်၊

ပြော - "ဝေဿော်ရောင်[illegible] လူမရောက်၊ ရောက်တဲ့လူ [illegible] တူ" ဟူသည့်စကားအတိုင်း [illegible] သည့်ဝေဿော်မြေနေ[illegible] ပြန်ခဲ့သည့် ကျောက်ခဲတို့ ညီအစ်ကို[illegible] အဖြစ်သည် ...။

⇨ တွင်းကြီးသား တင်ဝင်း[illegible]

## ဆေးမြီးတိုများ

> **ထိခိုက်ရှနာ**
>
> ကုက္ကိုမြစ်ခေါက်ကို အရိပ်ထဲမှာ သွေးစေ၍ အမှုန့်ပြု၊ ဒဏ်ရာတို့ လိမ်းပါ။ အမြန်ပျောက်သည်။
>
> **ထိပ်ကပ်နာ**
>
> ကြိတ်မှန်ရွက်သတ္တုရည်ကို မကြာခဏ ရှူပေးပါ။
>
> **ထုံကျဉ်ကိုက်ခဲ**
>
> ချင်းနှစ်ကျပ်သား၊ ငရုတ်ကောင်း (၁၂)ပဲသား၊ ဆားတစ်ကျပ်သား အမှုန့်ပြု၍ နှမ်းဆီနှင့်ဖျော်လိမ်းပါ။